
www.burmesesclassic.com




ကဗျာဆရာ တင်မိုး (၁၉၃၃ - ၂၀၀၇) ကွယ်လွန်ခြင်း တလပြည့် အမှတ်တရ

www.burmesesclassic.com

www.burmesesclassic.com



ကဗျာဆရာ တင်မိုး (၁၉၃၃–၂၀၀၇)ကွယ်လွန်ခြင်း တလပြည့် အမှတ်တရ

www.burmesesclassic.com

www.burmesesclassic.com

## စာအုပ်မှတ်တမ်း

**စာအုပ်အမည်**
ဖလ်မီးအိမ်သို့ အလွမ်းစာ

**ထုတ်ဝေသည့် ခုနှစ်**
၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ
(ပထမအကြိမ်) အုပ်ရေ ၅၀၀

**တန်ဖိုး**
မေတ္တာလက်ဆောင်

**ထုတ်ဝေသူ**
ကဗျာဆရာ ဦးတင်မိုး မိသားစု
4244 Baldwin Park Blvd
Baldwin Park, CA 91706, USA.
e-mail : contact@utinmoe.com

**မူပိုင်**
ကဗျာဆရာ ဦးတင်မိုး မိသားစု

**ပုံနှိပ်**
**Morris Publishing**
3212 East Highway 30
P.O. Box 2110
Kearney, NE 68847
800-650-7888

**စီစဉ်သူများ**
မိုးမခ ၊ လမင်းတရာ

**ဝိုင်းဝန်းကူညီကြသူများ**
Burma Today,
Burma IT (BIT)Team.

**မျက်နှာဖုံး သရုပ်ဖော်ပုံ**
မောင်ဖိုးထောင်

**သရုပ်ဖော်**
ယဉ်မင်းပိုက်၊ မောင်မောင်အောင်၊
မင်းကျော်ခိုင်၊ ထိန်လင်း၊ ကြိုင်လင်းနိုင်၊
မောင်ရစ်

**စာမျက်နှာဖွဲ့စည်းမှု နှင့် စာအုပ်အလှ**
ကိုဦး၊ မသန္တာ (မိုးမခ)

www.burmesesclassic.com

www.burmesesclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ကျေးဇူးစကား | ၄ |
| ၂။ | ကဗျာဆရာတင်မိုး ကိုယ်ရေးအကျဉ်း | ၅ |
| ၃။ | လူထုဒေါ်အမာ၏ ဝမ်းနည်းစကား | ၇ |
| ၄။ | ကဗျာဆရာတင်မိုး၏ နောက်ဆုံးကဗျာ | ၉ |
| ၅။ | အမှတ်တရ စာ | ၁၃ |
| ၆။ | အမှတ်တရ ကဗျာ | ၈၇ |
| ၇။ | ဝမ်းနည်းမှတ်တမ်း | ၁၃၅ |
| ၈။ | သဝဏ်လွှာ ကောက်နုတ်ချက် | ၂၇၃ |
| ၉။ | နောက်ဆက်တွဲများ | ၂၉၁ |
| ၁၀။ | စာရေးသူ အကျွရာစဉ် အညွှန်း | ၂၉၇ |


www.burmesesclassic.com

## ကျေးဇူးစကား

အဖေ ကွယ်လွန်ပြီးချိန်မှစ၍
ဝမ်းနည်းခြင်းအထိမ်းအမှတ်ပွဲများ ပြုလုပ်ခြင်း၊
ဆွမ်းကျွေးအလှူဒါနပြုကြခြင်း၊ သဝဏ်လွှာများ ပေးပို့ခြင်း၊
ဝမ်းနည်းစကားများ ပြောကြားခြင်း စသဖြင့်
အဖေ့အတွက်ရည်စူး၍ ကူညီပံ့ပိုးကြသူ
မြန်မာပြည် အနယ်နယ်အရပ်ရပ် နှင့် ပြည်ပနိုင်ငံများရှိ
စာပေမိတ်ဆွေများ၊ စာဖတ်ပရိသတ်များ၊ အဖွဲ့အစည်းများ၊
သတင်းဌာနများ၊ မိတ်ဆွေသင်္ဂဟများ အားလုံးကို
ကျေးဇူးအထူးတင်ရှိပါသည်။
အထူးသဖြင့်
အခက်အခဲအကျပ်အတည်းပေါင်းများစွာကိုရင်ဆိုင်၍
အထိမ်းအမှတ်ပွဲများဖြစ်မြောက်အောင်လုပ်ဆောင်ကြရသော
မြန်မာပြည်တန်တလျားမှ အဖေ့အား ချစ်ခင်သူအားလုံးကို
လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူ မိသားစု

www.burmesesclassic.com

www.burmesesclassic.com


# တင်မိုး (၁၉၃၃–၂၀၀၇)

အမည်ရင်း ဦးဘဂျမ်း။

၁၉၃၃ နိုဝင်ဘာ ၁၉ ရက်နေ့တွင် မြင်းခြံခရိုင် တောင်သာမြို့နယ် ကန်မြဲကျေးရွာ၌ အဘ ဦးဘအို၊ အမိ ဒေါ်စံထယ်တို့က ဖွားမြင်သည်။

ဇာဂျမ်း တိုင်းရင်းမြန်မာအလယ်တန်းကျောင်း၊ မန္တလေး ကျောင်းတိုက်ဆရာတော် ဦးအာစရ ကျောင်း၊ ပခုက္ကူ ဦးခင်မောင်ကြီး ကျူရှင်ကျောင်းတို့တွင် တက်ရောက် ပညာသင်ကြားခဲ့ပြီး ဆယ်တန်း စာမေးပွဲကို ၁၉၅၇ ခုနှစ်တွင် ပခုက္ကူခရိုင် ရေစကြို အစိုးရအထက်တန်းကျောင်းမှ မြန်မာစာဂုဏ်ထူးဖြင့် အောင်မြင်သည်။

၁၉၅၇ တွင် မန္တလေးတက္ကသိုလ်၌ စတင် ပညာသင်ကြားသည်။

၁၉၅၀ သီတင်းကျွတ်အထူးထုတ် မန္တလေးမြို့ ပဟိုရ်စည် သတင်းစာတွင် 'ဝါကျွတ်သဘင်' ကဗျာကို 'ကန်မြဲသက်နှင်း' ကလောင်အမည်ဖြင့် ရေးဖွဲ့၍ စာပေလောကသို့ စတင်ခြေချသည်။

၁၉၅၁ အထက်ဗမာနိုင်ငံ စာရေးဆရာအသင်း၏ 'စာဆိုတော်' မဂ္ဂဇင်းတွင် 'ကန်မြဲ နန်းမြင့်နွယ်' ကလောင်အမည်ဖြင့် 'လယ်ထဲက တေးသံချို' ကဗျာကို ရေးစပ်သည်။

၁၉၅၅–၅၈ 'ကိုရင်ဂျမ်း'၊ 'စန်းရောင်' ကလောင် အမည်ခွဲများဖြင့် ရေးသားသည်။

၁၉၅၈ ဖေဖော်ဝါရီမှ စ၍ 'တင်မိုး' ကလောင်အမည်ကို စတင် သုံးစွဲသည်။

၁၉၅၈–၅၉ မန္တလေးတက္ကသိုလ် ကလောင်ရှင်အသင်း ဒုတိယ ဥက္ကဋ္ဌ၊ ၁၉၆၀ တွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။

၁၉၅၉ ဖေဖော်ဝါရီလတွင် မန္တလေးတက္ကသိုလ် ကလောင်ရှင်အသင်း စာစဉ် စာအုပ်အမှတ် ၁ အဖြစ် 'ဖန်မီးအိမ်' ကဗျာစာအုပ်ထုတ်ဝေပြီး ထိုစာအုပ်ဖြင့် ၁၉၅၉ ခုနှစ် စာပေဗိမာန်ဆု ရရှိသည်။

၁၉၆၃–၆၇ အထက်ဗမာနိုင်ငံ စာရေးဆရာအသင်း အမှုဆောင်အဖြစ် တာဝန်ယူသည်။

၁၉၆၅ မန္တလေးတက္ကသိုလ်က ဝိဇ္ဇာဘွဲ့ ရရှိသည်။ ဖန်မီးအိမ် စာအုပ်တိုက်ကို တည်ထောင်သည်။

၁၉၆၆–၆၇ လူထုသတင်းစာ ကဗျာကဏ္ဍ အယ်ဒီတာ အဖြစ် ဆောင်ရွက်သည်။

၁၉၆၇–၈၇ တက္ကသိုလ် ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန၌ စာပြုနှင့် လက်ထောက် အယ်ဒီတာ အဖြစ် အမှုထမ်းသည်။

၁၉၆၇–၈၄ အခြေခံပညာ သင်ရိုးညွှန်းတမ်း၊ မြန်မာစာသင်ရိုး အဖွဲ့ဝင်အဖြစ် ကျောင်းသုံးမြန်မာ ဖတ်စာ စာအုပ်များအတွက် စာမူရွေးချယ်ခြင်း၊ ရေးသားခြင်းများ လုပ်ဆောင်သည်။ ဆရာ ရေးသားသည့် 'က ကလေးငယ် ချစ်စဖွယ်' 'ခ ခရေကုံး မလေးပြုံး' အစရှိ မြန်မာသင်ပုန်းကြီးဖတ်စာ၊ 'မမ ဝဝ ထထက၊ အက ပထမ၊ ကသာ ကပါ မမရာ၊ ညည လသာသာ၊ ညအခါ ငါစာရ မမ ဝဝ



www.burmesesclassic.com

www.burmesesclassic.com


ထထက’ ‘ယုန်ကလေးက နားရွက်ထောင် ပညာရှိယောင်ယောင်၊ ကြောင်ကလေးက လက်သည်းဝှက် ချောင်းလိုက်ရတဲ့ကြွက် ...’ စသည့် ဆိုလွယ်မှတ်လွယ်သော ကလေးကဗျာများမှာ လူသိများထင်ရှားသည်။

၁၉၇၀ ‘ထီးကလေးနဲ့မနီ’ ကဗျာစာအုပ်ဖြင့် အမျိုးသားစာပေဆု ရရှိသည်။

၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တတ်သိပညာရှင်များအဖွဲ့တွင် ပါဝင်သည်။

၁၉၉၁ ပေဖူးလွှာမဂ္ဂဇင်း အယ်ဒီတာချုပ်အဖြစ် တာဝန်ယူသည်။

၁၉၉၁–၉၅ စစ်အစိုးရ၏ ဖမ်းဆီး ထောင်ချခြင်းကို ခံရသည်။

ကိုရင်ဂျမ်းရဲ့ ပန်းလက်ဆောင် (၁၉၅၈)၊ ဖန်မီးအိမ် (၁၉၅၉) စာပေဗိမာန်ဆုရ၊ လှေတစင်းနှင့် သီချင်းသည် (၁၉၆၃)၊ အဖိုးကဝိ ကဗျာများ (၁၉၆၄)၊ အမေ့ကျောင်း (၁၉၆၅)၊ လူလေးကြီးရင် ဘာလုပ်မယ် (၁၉၆၆)၊ ပန်းဈေးခင်း (၁၉၆၇)၊ စိမ်းလန်းသော အိပ်မက် (၁၉၆၉)၊ ပိတောက်မှ သရဖီ (၁၉၆၉) အမျိုးသားစာပေဆုရ၊ ထီးကလေးနဲ့ မနီ (၁၉၇၀)၊ ဆီးသီးသည် မဗျိုင်း (၁၉၇၂)၊ ခုနစ်စင်ကြယ် (၁၉၇၂)၊ နှင်းဆီပွင့်ပေါ် အိပ်ပျော်ခြင်း (၁၉၇၃)၊ ပျိုးခင်းတေးသံ (၁၉၇၃)၊ ပူစီ (၁၉၇၅)၊ ပုဂံကျောင်းက ခေါင်းလောင်းသံ (၁၉၇၇)၊ ကိုရင်ဂျမ်းအစမ်းစာ၊ ကလေးကဗျာပန်းဥယျာဉ် (၁၉၇၇)၊ ကံ့ကော်ရိပ်မှ အိပ်မက်များ (၁၉၉၇)၊ ကန္တာရနှစ်များ (၁၉၉၈) စသည့် စာအုပ်များ ထွက်ရှိသည်။

၁၉၉၉ တွင် ပြည်ပသို့ ထွက်ခွာခဲ့ပြီးနောက် ဗုဒ္ဓနှင့်တွေ့ဆုံခြင်းနှင့် အခြားကဗျာများ (၂၀၀၀)၊ ခွပ်ဒေါင်းအလံခေါ်ရာသို့ (၂၀၀၂)၊ သစ်ရွက်ကြွေလေးပေါ်မှာရေးတဲ့ မှတ်တမ်း (၂၀၀၄)၊ ကဗျာပေါင်းချုပ် ၁၉၉၉ (၂၀၀၄)၊ အညာလမ်းက တမာတန်း (၂၀၀၆) ကဗျာစာအုပ်များ ထုတ်ဝေခဲ့ပြီး ကွယ်လွန်ချိန် အထိ ကဗျာများ ပုံမှန်ရေးဖွဲ့သည်။

၁၉၉၉–၂၀၀၇ ပြည်ပသို့စရောက်ရှိချိန်မှစ၍ ပြည်ပ အခြေစိုက် ဗွီအိုအေ၊ ဘီဘီစီ (မြန်မာပိုင်း)၊ အာရ်အက်ဖ် အေ၊ ဒီဗွီဘီ၊ မိုးမခ၊ ခေတ်ပြိုင်၊ ရောဝတီ အစရှိသည့် မြန်မာအင်တာနက် ရေဒီယို စာနယ်ဇင်းများတွင် စာပုံမှန် ရေးသားခြင်း၊ ကဗျာရွတ်ခြင်းများ လုပ်ဆောင်သည်။

ထိုင်းနိုင်ငံ၊ တောင်ကိုရီးယား၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံ အခြေစိုက် မြန်မာစာပေအင်အားစုများ၊ အဖွဲ့အစည်းများ၏ စာပေရေးရာကိစ္စများတွင် အကြံဉာဏ်ပေးတိုက်တွန်း ကူညီမှုများ အစဉ်တစိုက် လုပ်ဆောင်ပေးခဲ့သည်။ အမေရိကန်ပြည်ထောင်စု ဆန်ဖရန်စစ္စကိုမြို့ အခြေစိုက် ‘မိုးမခ’ ရေဒီယိုနှင့် မီဒီယာတွင် အမှုဆောင်လူကြီးအဖြစ် ဆောင်ရွက်သည်။

၂၀၀၂ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု အခြေစိုက် လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ (Human Rights Watch) မှ Hellman-Hammett Grants ဆုချီးမြှင့်ခြင်း ခံရသည်။

၂၀၀၄ အောက်တိုဘာတွင် နယ်သာလန်နိုင်ငံမှ Prince Claus Awards စာပေဆု ချီးမြှင့်ခြင်း ခံရသည်။

၂၀၀၇ ဇန်နဝါရီ ၂၂ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်မြို့ နေအိမ်အနီး လက်ဖက်ရည်ဆိုင်လေး၌ ကွယ်လွန်သည်။ ❑


www.burmesesclassic.com

www.burmesesclassic.com

သူဆုံးတယ်ကြားလိုက်တော့ နှမြောလိုက်တာ။
သူလိုလူ ၂ ယောက်မရှိဘူး။
တို့ခေတ်မှာ ဇော်ဂျီ၊ မင်းသုဝဏ်ရှိတယ်။
ကဗျာဆိုတာ တယောက်တမျိုး ကောင်းကြတာပဲ။
မောင်တင်မိုးကတော့ ငါ့စိတ်ထဲ သူ့ကဗျာတွေက
အိတယ်၊ ထိတယ်၊ မိတယ်၊
ပိုပြီးတော့ ဗမာဆန်တယ်လို့ ခံစားရတယ်။

အခုအမေက ဘာမှမရေးနိုင်တော့ဘူး။
ကြီးပြီး အသုံးမကျတဲ့လူ (အဘွားကြီး)က သေရမှာ၊
၇၃ နှစ်ရှိတဲ့ မောင်တင်မိုး ဆုံးသွားရှာသတဲ့။
သူ့လို မနေလို့ သေရရင် ကိုယ့်နိုင်ငံမှာပဲ သေစေ့ချင်တယ်
နောက်ဆုံး မြင်ရ၊ တွေ့ရ၊ သဂြိုဟ်ရတာပေါ့။

တင်မိုးရေ သွားတော့နော် ---။

ဘဝတွေရှိကြသေးတယ်ဆိုရင် နောင်ဘဝမှာ
ဆုံကြ၊ တွေ့ကြသေးတာပေါ့နော်။


လူထု ဒေါ်အမာ
(ဇန်နဝါရီ ၂၃၊ ၂၀၀၇)

www.burmesesclassic.com

www.burmesesclassic.com



www.burmesesclassic.com



# သာမန်လူသားတဦးရဲ့ ဆန္ဒ

**တင်မိုး**

အာကရုံ ပါကရုံနဲ့
ဗာလာနံတွေနဲ့
ဝါစာကမာဆန်ဆန် မြိုင်တောလယ်မှာ
လှိုင်ဘောလယ်နေသူ မဟုတ်။

သူ့နေရာနဲ့သူ့နေရာ
ဗဟုသုတ ပဒေသာဖြိုင်ဖြိုင်သီးနေတဲ့
ဂနိုင်ကြီး မြိုင်ကြီးမှာ
ခိုမှီးနေထိုင်သူ ဖြစ်ပါတယ်။

ကျမ်းဂန်အသီးသီးက
လမ်းမှန်နည်းတွေကို
ရှာမှီး ဝေဖန်ရင်း
အနေကန် မရေမရာကို ခွာ
ကေန် အဖြေကို ရှာနေသူသာ ဖြစ်တယ်။

www.burmesesclassic.com

www.burmesesclassic.com


ဘဝရဲ့ အတိမ်အနက်ကို
တခဏနဲ့ ချိန်စက်
အိပ်မက်လို ဝိုးတိုးဝါးတားနဲ့
ကိုးယို့ကားယားကို အဟုတ်မှတ်
ရုပ်ဓာတ် နာမ်ဓာတ် မကွဲမပြားနဲ့
အသည်းတယားယား ဖဲကစားသလို
အလွဲအမှားတွေ လွန်ကျူးနေတဲ့
စာတမူးတန်နဲ့
ချာတူးလန်လည်း မဟုတ်ပါချေ။

အခွင့်အရေး မြက်တစ်ဆုပ်နဲ့
မဟုတ်သည်ကို အဟုတ်ပြော
ဗုဒ္ဓေါ တ ရတဲ့ လူအညွှံစား
ခန့်ညားရိုသေဖွယ်မရှိ
အဂတိလိုက်စားတဲ့ ငမိုက်သားသတ္တဝါ
ပကာသနကို ဇော်ကြီးကျတဲ့
နပ်ချေးတမျှ ရွံစရာ
လူ့ဗလချာ မဟုတ်ပါ။

ဘဝမှာ အနေရိုးပေမယ့်
သဝေထိုးခြင်းလည်း မရှိ။
အသိပညာ အတတ်ကို ရှာပြီး
မြတ်ရာကို ကိုးကွယ်
အမျိုးအနွယ်ကို ချစ်မြတ်နိုး
ရိုးသားမှုကို စံနမူနာယူ
မြန်မာ့ဇမ္ဗူမှာ လူကောင်းတယောက်
ကျောက်ကောင်းတစေ့ ဖြစ်ခွင့်ရရင်
ဘဝမှာ ကျေနပ်
အနေမြတ်တယ်လို့ ယုံမှတ်သူဖြစ်ပါတယ်။


www.burmesesclassic.com

ကိုယ် ကြီးကျယ်ဖို့ထက်
နိုင်ငံကြီးကျယ်ဖို့ အရေးကြီး
ရီးတီးယားတားနဲ့
ဆီးသီးနွားစား နေ့မပါးလိုဘူး
တရားမျှတ၊ လွတ်လပ်မှ ချမ်းသာ
သူ ငါ အားလုံး၊ ညီညာညာ ရုန်းကြမှ
လူလုံးလှလတ္တံ့ဟု
စိတ်နေသန့်သန့်နဲ့
မထိတ်မလန့် နေချင်သူပါ။

ရေမှုတ်ထဲ မိကျောင်းပေါ်သလို
တကိုယ်တော် ကျော်ကြားမှု မလို
ကိုယ်က အစ၊ သူက အားလုံး
ရှင်ပြုံးချမ်းမြေ့၊ ပျော်တဲ့နေ့ကို
မြင်တွေ့လိုစိတ်နဲ့
အတိတ်က အမှားတွေကို ကျော်
ဒိဋ္ဌတရားကို မျှော်ရင်း
ဘုရားပေါ်သို့ ပျော်ပျော်တက်
ဒိုးပတ်ဝိုင်းနဲ့ ပျော်တော်ဆက်ချင်ပါကြောင်း။ ။

တင်မိုး
၂၁၊ ၁၊ ၂၀၀၇
တနင်္ဂနွေ ညဦးအိပ်ရာဝင်

(ဤကဗျာသည် မကွယ်လွန်မီညက ဆရာ နောက်ဆုံး ရေးဖွဲ့ခဲ့သော ကဗျာဖြစ်ပါသည်)



www.burmesesclassic.com





www.burmesesclassic.com

# အမှတ်တရ ၁



www.burmesesclassic.com

www.burmesesclassic.com



www.burmesesclassic.com

# ဧည့်သည်ကြီးရဲ့ အိမ်အပြန်



ကျော်ဝင်း

၂၃ ရက်နေ့ အိပ်ရာကထ ကွန်ပျူတာ စားပွဲထိုင်လိုက်တော့ အီးမေးလ် စာတိုက်ပုံးမှာ ဆရာ တင်မိုးကွယ်လွန်ကြောင်း တွေ့လိုက်ရတယ်။ ကျနော့်ခေါင်းထဲ ချက်ချင်းဝင်လာတာက ဆရာ့ရဲ့စကား။ "ချစ်သူတို့ သက်တမ်းတိုလှ၏" နောက် ကိုယ့်ရပ်ကိုယ့်ရွာ ကိုယ့်ရေကိုယ့်မြေကို သံယောဇဉ် ကြီးသူတစ်ယောက် အိမ်တောင် ပြန်မရောက်နိုင်တော့ဆိုတာကို သိတော့ ကျနော်အတော် ဝမ်းနည်း မိပါတယ်။



www.burmesesclassic.com

www.burmesesclassic.com


ဆရာအကြောင်း ရေးချင်လာတယ်။ သို့သော် ကျနော်က စာရေးဆရာ တယောက် မဟုတ်။ ကဗျာကောဆိုတော့ ကဗျာတပုဒ် စာတပုဒ် ဆုံးအောင် အလွတ်ရသူ မဟုတ်။ ကဗျာတွေတော့ တွေ့ကရာ အကုန်ဖတ်သည်။ ခံစားကြည့်သည်။ အလွတ်တော့ ဘယ်တော့မှ မရ။ ဒါကြောင့် ဆရာက ကဗျာသမား၊ စာသမား ဆိုတော့ ငါရေးရင် ဖြစ်ပါ့မလား။ သို့သော် ဘာပဲ ဖြစ်ဖြစ် ဆရာနဲ့ အမှတ်ရစရာ တိုက်ဆိုင်မှုများ ချရေးမယ်ဆိုပြီး သည်စာကို ချရေးဖြစ်ခဲ့ပါတယ်။

ဆရာနဲ့ လေးငါးကြိမ်ဆုံတာထက် ကြုံဖူး တယ်ဆိုရင် ပိုမှန်ပါတယ်။ ဆရာနဲ့ တဆင့်ခံသာ ကြုံခဲ့ရတာပါ။ အဖေနဲ့ပတ်သက်လို့၊ အစ်မနဲ့ပတ် သက်လို့ အခြားအကြောင်းအရာနဲ့ တိုက်ဆိုင် လို့ ကြုံခဲ့ရာတာတွေချည်းပါ။ သို့သော် ကျနော့် ဆီမှာ အမှတ်ရစရာများ ကျန်ရစ်ခဲ့ပါတယ်။

ပထမဆုံး ဆရာ့တို့အိမ်ကို ၁၉၉၆ ခုနှစ် လောက်က အဖေနဲ့ ရောက်ခဲ့ဖူးခဲ့တယ်။ သွားခဲ့ တဲ့ အကြောင်းအရာ မမှတ်မိတော့ပါ။ ဒါပေမယ့် ကျနော့်ရင်ထဲ ကျန်ခဲ့တာ ဆရာတို့ရဲ့အိမ်ပါ။ အင်းစိန် မင်းကြီးလမ်းက မြောင်းပေါင်ပေါ် မေးတင်ဆောက်ထားတဲ့ တထပ်အိပ်ကလေးပါ။ အိမ်အဝင် မြောင်းဘောင်ပေါ်ကျော်ပြီး သပ်သပ် ရပ်ရပ် ဆောက်ထားတဲ့ သစ်သားတံတားလေးနဲ့ အိမ်ကလေး။ တွေ့သူတိုင်း ချစ်ခင်ကြတဲ့ ကဗျာ ဆရာရဲ့အိမ်။

၉၈ အစောပိုင်းကာလ ဆရာမြ (ဆရာ မြသန်းတင့်) ဆုံးပြီးတော့ တညနေ (နောက်တစ် နေ့ ညနေလို့ ထင်ပါတယ်) ကျနော်တို့အုပ်စုတွေ လှည်းတန်းက မွန်သစ် လက်ဖက်ရည်ဆိုင်မှာ ထိုင်ကြတော့ ဆရာဂျမ်းတို့တတွေ ရောက်နေနှင့် ပါတယ်။ အဲ့ဒီဝိုင်းက သူငယ်ချင်းတစ်ယောက်က မိတ်ဆက်ပေးလို့ဆရာဂျမ်းလို့သိရတော့ ကျနော် တို့အုပ်စုတွေ အဲဒီဝိုင်းနဲ့ အနီးဆုံးမှာ ထိုင်လိုက် ကြပါတယ်။ သူတို့ဝိုင်းမှာ မော်ဒန်လူငယ် ကဗျာ ဆရာအချို့နဲ့ ဆရာဂျမ်းတစ်ယောက် လေပေး ဖြောင့်နေတာပါ။ "ကိုမြသန်းတစ်ယောက်ကွာ ဓာတ်ပူးလေးတစ်လုံးရဲ့ အသက်ကိုကယ်ရင်း သူ့ အသက်ကို ပေးသွားရတယ်"လို့ ဆရာက အရွှန်းဖောက်ပြောပေမယ့် သူ့မျက်နှာကတော့ အုံ့အုံ့မှိုင်းမှိုင်း။ ဆရာမြက ဘာမှ မဟုတ်တဲ့ မတော်တဆမှုကလေးကနေ ဆရာမြအသက်ကို နုတ်ယူသွားတယ်။ "သူရှိရင်ကွာ အများကြီး ဆက်ရေးနိုင် အလုပ်လုပ်နိုင်သေးတယ်။ အစား ထိုးမရတဲ့ ဆုံးရှုံးမှုပါကွာ"လို့ ဆရာက ဆိုခဲ့ တယ်။ ဆရာလည်း ဆရာမြလို အများကြီး ဆက် လုပ်နိုင်ပါသေးတယ်လို့သာ အခု ဆိုရပါတော့ မယ်၊ (ဆရာ မြသန်းတင့် ဆုံးတာ ဓာတ်ပူးရေနွေး

**ဆရာလွမ်းသလို ကျနော်တို့လည်း အိမ်ကို လွမ်းပါတယ်၊**
**ကိုယ့်မြေကိုယ့်ရေမှာပဲ ပျော်ချင်ပါတယ်။**
**ညှော်သည်ကြီးတစ်ယောက် အိမ်ပြန် မရောက်နိုင်တော့ပါ။**
**ညှော်သည်လေးများလည်း အိမ်မပြန်နိုင်သေးပါဘူး ဆရာ။**


www.burmesesclassic.com

www.burmesesclassic.com


ထည့်ဖို့ အိမ်အောက်ထပ်ကိုအဆင်း လှေကား ပေါ်က ခြေချော်ကျပြီး ဦးခေါင်းမှာရတဲ့ ဒဏ်ရာ ကြောင့်ပါ။)

နောက် ၂၀၀၃ မှာ ဘန်ကောက်မှာ ဆုံဖြစ် ကြပါတယ်။ သည်တကြိမ်လည်း ဆရာမိတ်ဆွေ တယောက်က တွေ့ချင်တယ်ဆိုလို့ ဆရာနဲ့ တွေ့ရန် ကြားကချိန်းပေးလို့ ကြုံဖြစ်ပါတယ်။ မာဘွန်ခရောင်းက အမ်ကေမှာ ဆူကီယာကီနဲ့ ဘဲကင်စားကြတယ်။ အဲဒီမှာ တယောက်က ဆရာ ဘာမစားဘူးလဲလို့မေးတော့ "အားလုံး စားတယ်၊ မစားတာနှစ်မျိုးပဲရှိတယ်" အားလုံး က ဆရာ ဘာဆက်ပြောမလဲဆိုတာ အာရုံစိုက် နားထောင်နေကြတယ်။ "ငါ စစ်သားနဲ့ သစ်သားနှစ်မျိုးပဲ မစားဘူး၊ စစ်သားက ရွံလို့၊ သစ်သားကတော့ မာလို့"ဆိုပြီး ပြုံးပြုံး ပြုံးပြုံးနဲ့ ခပ်လေးလေးကြီး ပြောပါတယ်။ အားလုံး ဝါးလုံး ကွဲရယ်ကျတာ ဘေးကဝိုင်းတွေကတောင် ကြည့် ကြတဲ့အထိ။

နောက် ၂၀၀၄ နှစ်ဦးမှာ ဆရာ့ခါတ်ပုံနှစ်ပုံ (တယောထိုးနေတဲ့ပုံ နှစ်ပုံ) ကျနော်လက်ထဲ ရောက်လာပါတယ်။ ပိုင်ရှင်ထံခွင့်တောင်းပြီး ဓာတ်ပုံအကြောင်းနှင့် ကူးယူလိုကြောင်း အခွင့် တောင်းပါတယ်။ သည်ဓာတ်ပုံကို ဆရာမိတ်ဆွေ ကိုအေးဝင်း (လမင်းတရာ) ဆီက တဆင့်ရတာ ပါ။ (ကိုအေးဝင်းရိုက်တာ ဖြစ်ချင်ဖြစ်မှာပါ၊ မသေ ချာပါ။) အဲ့ဒီမှာ မှတ်မှတ်ရရ သူ မြန်မာပြည်ကို လွမ်းကြောင်း၊ ပြန်ချင်ကြောင်း ပြောတယ်။ ထိုသို့ ပြောပြီး ဆရာမျက်ရည်ကျကြောင်း၊ ပြောပြော ဆိုဆို တယောထိုးပြီး သီချင်းဆိုကြောင်းပါ။

အခု နောက်ဆုံး ၂၀၀၆ မှာတော့ ဆရာရဲ့ ရေဝတီအင်တာနက် စာမျက်နှာက ဘဝရုပ်ပုံ လွှာကဏ္ဍအတွက် ကိုဘကောင်းနဲ့ပတ်သက်တဲ့ အချက်အလက်တွေ ရှာဖွေပေးခဲ့ပါတယ်။ သည် တုန်းကလည်း ရေဝတီ မြန်မာပိုင်းအယ်ဒီတာ က တောင်းခံလာတာပါ။ နောက်ထပ်လည်း ကျနော် ပြင်ဆင်ပေးနေရသော ကိုအောင်ထွန်း ကျောင်းသားသမိုင်းစာအုပ်အတွက် အချို့ အချက်အလက်များ ဆရာ့ကို ပြန်မေးခဲ့ပါသေး တယ်။ သည်တကြိမ်လည်း ဆရာ့သမီး မမိုးချို ကတဆင့် အီးမေးလ်မှ ဆက်သွယ်ခဲ့ပါတယ်။ ဆရာဆီက 'တို့ဗမာ' နဲ့ 'ဒို့ဗမာ' မူကွဲမှာ 'တို့ဗမာ' သာ အနက်စွဲဖြစ်ကြောင်းနဲ့ ရေးထုံး အမှန်ဖြစ်ကြောင်း အကြောင်းပြန်ခဲ့ပါတယ်။ ဆရာ့ရေ ဆရာ့ဆီကမေးစရာတွေကျန်နေပါသေး တယ်။ ဆရာ့ရဲ့ဘဝရုပ်ပုံလွှာကဏ္ဍ ကိုဘကောင်း အကြောင်းတောင် မမီလိုက်တော့ပါ။

ကျနော့်မှာ မေးစရာတွေ ကျန်နေသေး တယ်။ ဆရာရောက်ရင် ဆရာက ကျောင်းသား သီချင်းတွေ အတော်များများအလွတ်ရကြောင်း ထောင်ထဲ အတူနေဖူးသူတွေပြောလို့ သိထား ရတော့ ဆရာ သည်တစ်ခေါက်လာရင် အသေ အချာမေးမယ်၊ ပြင်ဆင်စရာတွေ ပြင်ဆင်ထား မယ်လို့ ရည်စူးထားတာပါ။ ဒါပေမယ့် ဆရာ့ကို ကျနော်တို့ မတွေ့နိုင်တော့ပါ။ ဆရာအလာကို မကြိုနိုင်တော့ပါ။

ဆရာလွမ်းသလို ကျနော်တို့လည်း အိမ်ကို လွမ်းပါတယ်၊ ကိုယ့်မြေကိုယ့်ရေမှာပဲ ပျော်ချင်ပါ တယ်။ ညှော့သည်ကြီးတစ်ယောက် အိမ်ပြန် မရောက်နိုင်တော့ပါ။ ညှော့သည်လေးများလည်း အိမ်မပြန်နိုင်သေးပါဘူး ဆရာ။ ကလေးများကို ချစ်တဲ့၊ ကိုယ့်မြေကိုယ့်ရေကို ချစ်တဲ့ ဆရာ့ကို အိမ်ရဲ့ အဝေးကနေပဲ ဂါရဝပြုပါရစေ။ ။

❑ ❑ ❑ ❑



www.burmesesclassic.com

www.burmesesclassic.com



www.burmesesclassic.com

www.burmesesclassic.com




# ဆရာဂျမ်းသို့ တမ်းချင်း

ကြည်ဦး

ဆရာဂျမ်း ရုတ်တရက်ကွယ်လွန်သွားပြီဟု သားက ဖုန်းဆက်သည်။ အို … မယုံနိုင်စရာပါပဲ။ လက်မခံချင်စရာ သတင်းပါပဲ။ လှေပြေးတုန်း တက်ကျိုးသွားသလို ခံစားရပါတယ် ဆရာဂျမ်းရယ်။ ဆရာ့အသက် ကျမထက်တော့ ငယ်ပါသေးတယ်နော်။ ဆရာရယ် … ကျမတို့တတွေ ပန်းဝင်ရမယ့်နေ့ အထိ အားလုံးကို နေစေချင်ပါသေးတယ်။ နေရအောင်လည်း ကျန်းမာရေးကို ဂရုစိုက်နေရပါတယ်၊ နှမြောလိုက်တာ ဆရာရယ် …။

ဆရာမရှိတော့ဘူးဆိုမှ နှောင်းအတိတ်တွေက အရိပ်ထင်လာသည်။ ၁၉၉၇ ခုနှစ်က အလောင်း တော်ကဿပ တည်ရှိနေသည့်တောင်သို့ ဘုရားဖူးယာဉ်နှင့် ရောက်သွားသည်။ ခရီးစဉ်ရက် ဖြ ရက်ရှိသွားပြီဖြစ်၍ စားကောင်းမစားရ၊ အိပ်ကောင်းမအိပ်ရသောကြောင့် ပင်ပန်းနွမ်းနယ်မှု ဝေဒနာ တွေက အလျှိုလျှိုပေါ်လာကြသည့်အခိုက် စီးလာသည့်ယာဉ်ကြီးက စက်ကိရိယာတစ်ခု ချွတ်ယွင်း သွားသည်ဟု ပြန်းခနဲထိုးရပ်သွားလျှင် စိတ်ဆင်းရဲသွားသည်။ ရောက်နေသည့်နေရာက ရေစကြိုမြို့ နယ်၊ လင်းကတောရွာကြီး။

www.burmesesclassic.com


ကားပျက်သွားသည့်နေရာမှာ လင်းကတော ရွာ ဈေးကလေး။ ညနေ ၄ နာရီလောက်ရှိပြီ။ ဈေးကလေးသည် အိမ်ဆိုင်ကလေးများဖြင့် အစီအရီရှိနေကြသော်လည်း ဈေးဝယ်သူတွေက မနက်ပိုင်းမှာသာ လာကြသည်ဖြစ်၍ အမြင်ရှင်း ကာတိတ်ဆိတ်လျက်ရှိလေသည်။ ကျမမှာ ကားပေါ်မှာပဲဆက်ထိုင်ရင်း ပတ်ဝန်းကျင်ကို လေ့လာနေမိသည်။ ခရီးသည် အတော်များများမှာမူ ကားပေါ်မှဆင်းကာ ဟိုနားသည်နား လျှောက်ကြသည်။ ကားဆရာများက ဆိုင်ကယ်တစ်စီး ငှားကာ မုံရွာမြို့ကိုသွား၍ ဝယ်ရမည်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီည ဒီရွာကြီးမှာ နားရင်း အိပ်ကြရမည်ဟု ကြေညာသည်။ ကျမမှာ ဖြစ်သမျှအကြောင်းကို အကောင်းဟုတွေးကာ စိတ်သက်သာရာ ရှာတတ်သည်ဖြစ်၍ ကားပေါ်မှဆင်းကာ ညအိပ်ရမည့်နေရာကိုရှာမည့် စိတ်ကူးဖြင့် အတူပါလာသည့် အဖော် ၄ ယောက်နှင့်အတူ ကားပေါ်မှ ဆင်းမည့်ဟန်ပြင်စဉ် ...

"ဒီကားက ရန်ကုန်က လာတာဆို။ ရန်ကုန်ကဆိုရင် စာရေးဆရာ မောင်ဘဂျမ်းကို မသိဘူးလား"ဟူသော အညာလေသံဝဲဝဲနှင့်မေးလိုက်သည့် အမျိုးသမီးကြီးတစ်ယောက်၏အသံကို ကြားလိုက်ရ၍ ကျမမှာ အံ့သြစွာဖြင့် အသံလာရာသို့ ဖြတ်ခနဲ လှမ်းကြည့်လိုက်သည်။ စိတ်ထဲကလည်း ရန်ကုန်ကလာတိုင်း စာရေးဆရာ မောင်ဘဂျမ်းကို သိနိုင်ပါ့မလားဟု ပြုံးချင်ချင်ဖြစ်သွားသည်။ သို့သော် 'စာရေးဆရာ' ဟူသော ဝေါဟာရသံယောဇဉ် နှောင်ဖွဲ့မှုကြောင့် ထိုအမျိုးသမီးကြီးအနားသို့ ကျမ ရောက်သွားပြီး မေးမိသည်။

"အဲဒီစာရေးဆရာ မောင်ဘဂျမ်းက ဘယ်လိုစာမျိုးတွေကို ရေးတာလဲ"

"ဘာစာမျိုးရေးတယ်တော့ မသိပါဘူး။ တလောက သူအဖမ်းခံရတယ်ကြားတာပဲ။ အခု လွတ်ပြီလား မလွတ်သေးဘူးလား သိချင်လို့။ စာအဆက်အသွယ်လည်း မရှိဘူး၊ မောင်ဘဂျမ်း နေတဲ့နေရာကိုလည်း မသိလို့ စာလည်းမရေးရဘူး။ ကျုပ်အိမ်က အဘိုးကြီးက မောင်ဘဂျမ်း အစ်ကို တော့ ..."

သိလိုက်ပါပြီ။ ကျမ သိလိုက်ပါပြီ။ အဖမ်းခံရတဲ့ မောင်ဘဂျမ်းဆိုတော့ ဆရာဂျမ်းပဲပေါ့။ ဆရာဂျမ်းအပြင် ဘယ်သူရှိဦးမှာလဲလို့ တွေးပြီး ...

"သြော် ... အဲဒီ မောင်ဘဂျမ်းလား အဖမ်းခံရတာက လွတ်လာပါပြီ။ ကျန်းကျန်းမာမာပါပဲ"

အမျိုးသမီးကြီးမှာ မျက်နှာလင်းလက်လာကာ ဝမ်းသာအားရဖြင့် ကျမ လက်ကို ဆွဲဆုပ်ကာ ...

"အိမ်ကို ခုလိုက်ပါ။ အဘိုးကြီး ကြားရရင် သိပ်ဝမ်းသာမှာ။ အိမ်က အနီးကလေးပါ၊ ဈေးဝင်းထဲမှာပါပဲ။ သူက လမ်းကောင်းကောင်း မလျှောက်နိုင်ဘူး။ အတွဲနဲ့ လျှောက်နေရတာ"

ကျမမှာလည်း ၂ ခါ မခေါ်ရပါ။ သူတပါး စိတ်ချမ်းသာမည်ဆိုလျှင် အလွန်ကူညီချင်သည့် စိတ်က ဝမ်းတွင်းပါဖြစ်နေ၍ အဖော်များကို "လာ ... လိုက်သွားကြရအောင်နော်၊ ကားပေါ် ထိုင်နေရတာ ကြာပြီ။ အညောင်းပြေပေါ့"ဆိုတော့ အဖော်များကလည်း ပြုံးပြုံးရွှင်ရွှင်နှင့်


www.burmesesclassic.com

ပြန်ပြောကြလေသည်။

"မမကြည်နဲ့တွေ့လို့ တော်သေးတာပေါ့နော်။ မသိတဲ့လူကို သွားမေးမိလို့ကတော့ အမောပဲ အဖတ်တင်မယ်"

ထိုနေ့သည် တပေါင်းလဆန်း ၁၃ ရက်နေ့ဖြစ်သောကြောင့် ညဥ့်နက်လာသည်နှင့်အမျှ ငွေလရောင်သည် ကြည်ဝင်းလင်းလက်ကာ တမာရွက်များအကြားမှ ထိုးထွက်၍ ကျမတို့စကားဝိုင်းပေါ်သို့ အေးမြစွာဖြာကျလျက်ရှိသည်။ ဆရာဂျမ်းကို သိသည်ဆို၍ ကျမတို့စကားထိုင်ပြောနေကြသည့် တမာပင်အရိပ်အောက်သို့ တဖွဲဖွဲရောက်လာကြသည်။ ဆရာဂျမ်း၏ အစ်ကိုဆိုသည့် လူမမာ အဘိုးအိုမှာလည်း သူ့ညီလွတ်လာပြီဆိုသော ကောင်းသတင်းကြောင့် ပြုံးပြုံးရွှင်ရွှင်ဖြစ်လာသည်။

အဘိုးအိုတို့ဇနီးမောင်နှံ၏ တစ်ဦးတည်းသောသား၊ ဆရာဂျမ်း၏ တူတော်သည့် မောင်သာဆန်းကလည်း ကဗျာသမား စာသမားကလေး။ သူ့ဦးလေးလို ကဗျာတွေ ရေးစပ်ချင်ပါသော်လည်း မိဘကို လုပ်ကျွေးပြုစုရန်အတွက် နယ်လှည့်ကာ ဓာတ်ပုံရိုက်နေရသည်။

"မောင်သာဆန်း ... မင်းနာမည်က ကဗျာဆန်လိုက်တာကွယ်။ တို့တော့ 'သာဆန်းရဂုံဘွေ' ပတ်ပျိုးကိုကြားရတိုင်း မင်းကို သတိရနေတော့မှာပဲ" ဟု ကျမက စာပေစကားဝိုင်းမှာ ပြောမိလျှင် မောင်သာဆန်းက တက်ကြွစွာဖြင့် "အဲဒါ ဦးလေးဂျမ်း ပေးတဲ့ နာမည်ခင်ဗျ ..." ဟု ပြောသည်။ ကျမ အဖော်များက မောင်သာဆန်း ပေးထားသည့် ဝါးပက်လက်ကုလားထိုင်များပေါ်တွင် အိပ်မောကျနေကြပြီ။ ကျမမှာသာ ဆရာဂျမ်း၏ ကဗျာတွေအကြောင်းကို လူငယ်တွေနှင့် ပြောမဆုံးနိုင်အောင် စကားစပ်ဝင်လာသည်။

ထိုခရီးမှ ပြန်ရောက်လျှင်ရောက်ချင်း 'ငြိမ်း (ဒသဃန)' ကလောင်အမည်ဖြင့် မော်ဒန်ကဗျာများကို စိတ်ကူးရမှ ရေးတတ်သည့် ငြိမ်းငြိမ်းအိမ်သို့ ကျမ ဖုန်းဆက်လိုက်သည်။ ငြိမ်းငြိမ်းက ကျမ ဘုရားဖူးမှ ပြန်ရောက်မည့်နေ့တွင် သူ့အိမ်မှာ အလှူလုပ်မည်၊ ဆရာဂျမ်းနှင့် စာပေမိတ်ဆွေများကို ဖိတ်မည်ဟုဆိုထားသောကြောင့် ဆရာဂျမ်း၏ အစ်ကိုကြီး မိသားစုမှ လက်ဆောင်ပါးလိုက်သည့်စာကို ကျမမှာ ဆရာဂျမ်းလက်သို့ အပ်ချင်သောကြောင့် ဖုန်းဆက်ရခြင်းဖြစ်သည်။ ဖုန်းဆက်ရင်း "ဆရာဂျမ်း ရှိလား" ဟုမေးတော့ ရှိသည်ဟု ဆိုသည်။ ကျမမှာ "ငြိမ်းရေ ... ဆရာဂျမ်းအတွက် စာပါလာတယ်။ အခုပဲ ဒေါ်ဒေါ်လာပေးမယ်၊ စောင့်နေပါလို့ ပြောပါ" ဟု ခရီးရောက်မဆိုက် ဝန်စည်စလယ်များ ချထားကာ ဆရာဂျမ်းထံ ထွက်လာခဲ့သည်။

ဆရာရေ ... ဒုတိယတစ်ကြိမ် ဆရာနဲ့အားရပါးရ စကားပြောခဲ့ရတဲ့နေရာက ဆရာနဲ့အတူ အင်းစိန်ထောင်ထဲမှာ တစ်ခန်းတည်းနေခဲ့ရတဲ့ 'မေဒိနီဆရာတော်ကြီး ဦးဥာဏဝံသ' သီတင်းသုံးနေတော်မူတဲ့ မြောက်ဥက္ကလာပ ပဏ္ဍိစ္စရာမကျောင်းတိုက် ကထိန်ခင်းနေ့မှာပဲ။ ဆရာတော်ကြီးဟာ စာချ စာသင် အင်မတန်ကောင်းတယ်လို့ နာမည်ကြီးခဲ့ပါတယ်။ သူ့စိတ်မှောက်ကံပြုခဲ့တာကြောင့် ထောင် ၃ နှစ် အပြစ်ခံ



www.burmesesclassic.com

www.burmesesclassic.com


ခဲ့ရတဲ့ ဆရာတော်ကြီးပါ။ ထောင်ကလွတ်လာတော့ ကိုယ့်ကျောင်းကိုယ်ပြန်ပြီး သီတင်းသုံးခွင့်မရတာကြောင့် အင်မတန် ဒုက္ခရောက်ခဲ့ရတဲ့ဆရာတော်ကြီးပါ။

ဆရာဂျမ်းရေ ... အဲဒီနေ့က ဆရာဂျမ်းနဲ့ကျမကို ဆရာတော်ကြီးက မသိကြဘူးထင်လို့ မိတ်ဆက်ပေးတာက "ဒကာမကြီး ... ထောင်ထဲမှာတုန်းက ဒီဆရာဂျမ်းက ပြုစုလို့ အင်မတန်သက်သာရာရခဲ့တယ်။ ဆွမ်းကို သူတို့စားရတဲ့အထဲက ဆွမ်းဦးကောက်ပြီး ဘုန်းကြီးကို ကပ်တယ်။ တစ်ခါတော့ ဘုန်းကြီးက ရေနွေးကြမ်းသောက်ချင်တယ်ပြောမိလို့ ရအောင်ရှာလာတယ်။ ပြီးတော့ 'ရေနွေးကြမ်းတစ်ခွက်၊ ရွှေရည်တစ်စက်' လို့ ကဗျာစပ်တယ်။ ဒကာကြီးက ကဗျာဆရာကြီး တင်မိုး ဆိုတာပေါ့" ... တဲ့။

"ဒါဖြင့် အရှင်ဘုရားနဲ့ ဆရာတင်မိုးတို့က သီတင်းသုံးဖော်၊ ကျောင်းနေဘက်တွေပေါ့" လို့ လျှောက်လိုက်တော့ ဆရာတော်ကြီးကရော ဆရာမိုးကပါ အားရပါးရ ရယ်ကြတယ်နော်။

အခုတော့ ဆရာဂျမ်းရေ ... ဆရာတော်ကြီးလည်း မြောက်ဥက္ကလာကျောင်းမှာမရှိတော့ဘူး။ ကျုံဒိုးကို ကြွသွားပြီး ဟိုမှာပဲ သီတင်းသုံးနေတော်မူတာ ၆ လလောက် ရှိသွားပြီ။ ဆရာဂျမ်းရဲ့ မမျှော်လင့် မထင်မှတ်တဲ့ သတင်းကိုကြားရရင် စိတ်မကောင်းဖြစ်လိမ့်မယ်။ အို ... တကယ်တော့ ဆရာဂျမ်းရဲ့ သတင်းကို ကြားရသူတိုင်းဟာ ဘယ်သူမှ စိတ်ကောင်းကြမှာမဟုတ်ပါဘူး။ ကျမဆီကို ဒီသတင်း ထပ်ကာထပ်ကာ ဖုန်းနဲ့ဆက်ပြီး ပြောကြတယ်။ ကျမကလည်း ချက်ချင်းပဲ အမှတ်တရ ဒီစာကို ရေးရပါတယ်။

မတွေ့မဝေ သေရခြင်းဆိုတာ သူတော်ကောင်းများရဲ့ သေခြင်းတရားပါ ဆရာမိုး။

သူယုတ်မာများမှာတော့ သူတပါးကို နှိပ်စက်ကလူ ပြုမူတတ်သူတွေဖြစ်တဲ့အတွက် သူတို့ရဲ့ နိဂုံးချုပ်ချိန်ဟာ ဘယ်တော့မှ မသက်သာပါဘူး။ ကြီးစွာသော ဝေဒနာကို ခံစားရပြီးမှ ဝိညာဉ်ချုပ်ကြရပါတယ်။ ဝိညာဉ်ချုပ်သွားပြန်တော့ သူတို့ရဲ့ လားရာဂတိဟာ အပါယ်ငရဲပါပဲ။

ဆရာဂျမ်းကို ကောင်းရာသုဂတိ ရောက်ပါစေလို့ ကျမ ဆုမတောင်းပါဘူး။

ဆရာဂျမ်း ကောင်းရာသုဂတိကို အမှန်ပဲ ရောက်မယ်ဆိုတာ ဆရာဂျမ်းရဲ့ ပြုမူဆောင်ရွက်သွားတဲ့ အလုပ်တွေက သက်သေခံနေပါပြီ ဆရာဂျမ်း ...။ ။ ❑

**ကြည်ဦး**
**ဇန်နဝါရီ ၂၃၊ ၂၀၀၇**

ဆရာကြီး ဦးတင်မိုးနဲ့ပတ်သက်လို့ စာတွေ ရေးအုံးမယ်ဆိုပြီး စိတ်ထဲမှာ အမြဲတမ်း ဖြစ်ပေါ်ခဲ့ပေမယ့် တကယ်တမ်း ရေးပြီးဆိုတော့ ဘယ်ကစပြီး ရေးရမှန်းကို မသိနိုင်လောက်အောင်ပါပဲ။ ကျနော်တို့သူငယ်ချင်းတွေဆုံကြရင် ဆရာကြီးနဲ့ပတ်သက်ပြီးပြောတဲ့ ကျနော့် စကားတခွန်း ရှိပါတယ်။ ပြည်ပကို ထွက်လာတဲ့ အတိုက်အခံ အင်အားစုတွေထဲမှာ ဆရာကြီးလောက် ဖြူစင် ရိုးသားသူ၊ ခင်မင်စရာကောင်းသူ၊ ကြည်ညိုလေးစားရမယ့်သူ အလွန်ရှားတယ် ဆိုတဲ့ စကားပါပဲ။

တိုင်းပြည်နဲ့လူမျိုးအပေါ် စေတနာပြည့်ဝပြီး၊ ကဗျာဉာဏ်ပါရမီထူးတဲ့ ဆရာကြီးလို ပုဂ္ဂိုလ်မျိုး၊ ကျနော်တို့ နောက်တခါထပ်ပြီး မရနိုင်တော့ပါဘူး။ တမျိုးသားလုံးအတွက် အစားထိုးမရတဲ့ ဆုံးရှုံးမှုကြီးလို့ပဲ ကျနော်မြင်ပါတယ်။ ဘယ်ဘဝ ရေစက်လည်း မသိတော့ပါဘူး။ ဆရာကြီးကို မမြင်ဖူးခင်ကတည်းက အဝေးက လေးစားကြည်ညိုနေခဲ့ရသလို ဆရာကြီးကလည်း ကျနော်တို့ နှစ်ယောက်မဆုံခင်တည်းက ကျနော့်အကြောင်းတွေကို သိနေပါတယ်။

ဖို့တ်ဝိန်းမှာ ဆရာကြီးနဲ့ စပြီးဆုံတော့ နော်ဝေမှာနေခဲ့စဉ်က ကျနော်နေခဲ့တဲ့အခန်းမှာ



ခင်မောင်လေး

# မမေ့မရနိုင်တဲ့ ဆရာကြီး ဦးတင်မိုး



www.burmesesclassic.com

www.burmesesclassic.com


ပဲနေခဲ့ရကြောင်း၊ ကျနော် ချန်ထားရစ်ခဲ့တဲ့ စာအုပ်တွေ၊ ကက်ဆက်ခွေတွေနဲ့ပဲ အပျင်းဖြေခဲ့ရကြောင်း၊ ငယ်ရွယ်တဲ့ နိုင်ငံရေးသမားဖြစ်ပေမယ့် နိုင်ငံရေးစာအုပ်တွေနဲ့အတူ ဝိပဿနာရှုနည်းအကျဉ်းချုပ် စာအုပ်ကိုပါ စာအုပ်ပုံထဲမှာ မြင်ခဲ့ရလို့ တွေ့ချင်နေကြောင်း၊ နောက်တော့ ရွှေတောင်ကုန်း ဆရာတော်ကြီးရဲ့ တပည့်ရင်း တယောက်ဖြစ်နေတာပါသိရလို့ မဆုံခင်က တည်းက ရင်းနှီးနေခဲ့တဲ့အကြောင်းတွေကို ဖွင့်ပြောပါတယ်။ ဆရာကြီးနဲ့ စကားပြောရင် ကျနော့်အတွက် မှတ်သားစရာတွေ မကုန်နိုင်လောက်အောင် ဗဟုသုတတွေ တိုးပွားပါတယ်။

ဆရာကြီး မဟာစည် သာသနာ့ရိပ်သာမှာ တရားအားထုတ်စဉ်က အကြောင်းကလေး ပြောပြတာကိုလည်း ကျနော် အမြဲတမ်း အမှတ်ရနေပါတယ်။ အဲဒီတုန်းက ဗိုလ်ချုပ်ကြီးဟောင်း ဦးတင်ဦးနဲ့အတူ တဆောင်တည်းနေခဲ့ရပြီး ညည အိပ်ချိန်မှာ မအိပ်ဘဲ၊ အခန်းထဲမှာ မီးပိတ်ပြီး ဝိုင်းဖွဲ့စကားပြောကြပါတယ်။ တနေ့တော့ အဲဒီလို ဝိုင်းဖွဲ့စကားပြောတာကို အဆောင်မှူးဖြစ်သူ ဦးဝါယမ သိသွားတဲ့အတွက် ဆူပူကြိမ်းမောင်းမှုကို ခံကြရပါတယ်။ ဆရာကြီးရဲ့ မှတ်ချက်က "ဩော် … စစ်တပ်မှာ ဩဇာကြီးမားတဲ့ ကာကွယ်ရေး ဦးစီးချုပ်ဟောင်းတယောက်လည်း မဟာစည်ရိပ်သာမှာ တရားအား ထုတ်တော့မှ ဗိုလ်ချုပ်ဝါယမရဲ့အမိန့်ကို မလွန်ဆန်နိုင်ဘဲ ကြောက်နေရပါကလား" လို့ စဉ်းစားပြီး ပြုံးမိတဲ့အကြောင်း ဆရာကြီး ပြောပြခဲ့ဖူးတာ အမှတ်ရနေပါတယ်။

၂၀၀၁ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့မှာ ကျနော့် မေမေ လူကြီးရောဂါနဲ့ ရန်ကုန်မှာ ဆုံးသွားခဲ့ပါတယ်။ ဒီအကြောင်း ဆရာကြီးကြားတော့ ၃၁ ရက်နေ့ညမှာ ဘော်စတွန်က ကိုလေးကို ကျနော့်အတွက် ဖက်စ်တစောင် ပို့ခိုင်းပါတယ်။ ကိုလေးက သူရယ်၊ ကိုနေဝင်းအောင်ရယ်၊ ဆရာ တင်မိုးရယ် ထိုင်ပြီးစကားပြောနေရာက ဆရာတင်မိုးက ကောက်ကာငင်ကာ စာရွက်တရွက်ပေါ်မှာ စာရေးချလိုက်ပြီး ဖို့တ်ဝိန်းက ကိုခင်မောင်လေးဆီ ဖက်စ်ပို့ပေးဖို့ ပြောကြောင်း၊ ကြည့်လိုက်တော့ ကဗျာတပုဒ်ဖြစ်နေပြီး၊ တခြားစာအုပ်တခုက ကူးရေးချလိုက်သလို လျင်မြန်လှကြောင်း၊ အဓိပ္ပာယ်ပြည့်ဝပြီး လှပတဲ့ ကဗျာတပုဒ်ဖြစ်ကြောင်း ပြောပြပါတယ်။ ဆရာကြီးက ကဗျာရဲ့အမည်ကို 'လမင်း မေမေ' လို့ အမည်ပေးခဲ့ပါတယ်။

**လမင်းမေမေ**

သံသရာတကွေ့
ပြန်ကာတွေ့ရင်ဖြင့်
အမေ့ကို ဖူးမဝ
ဦးချလို့ ကန်တော့မယ်။
နိဗ္ဗာန်ဝင် နောက်ဆုံးတံခါးအထိ
အမေ့နားမှာပဲ
တဖဝါးမကွာ နေချင်တယ်။
ခွင့်လွှတ်တော့ အမေရယ်
ဝေးနယ်က မေ့သား။
အမေ့မျက်နှာ ဖိုးလမင်း
သားရင်မှာ ထာဝစဉ် လင်းပေလိမ့်
အားတင်းကာ မေတ္တာအငွေ့နဲ့
မွေးမေ့ဘုရား။
*(ယနေ့မြန်မာ ကွန်ရက်မှ)*

ကဗျာရဲ့အောက်မှာ ချစ်စွာသော ကိုခင်မောင်လေးအတွက်လို့ ရေးထားပေးပါတယ်။


www.burmesesclassic.com

ကျေးဇူး အနန္တပါပဲ ဆရာကြီးရယ်။ ဒီကဗျာလေး ကိုဖတ်တိုင်း ကျနော့်မွေးမိခင်နဲ့အတူ ဆရာကြီး ကို တသက်လုံး သတိရသွားမှာပါ။ ကျနော့် မေမေအတွက် ရက်လည်ဆွမ်းကျွေးတော့ အဲဒီ ကဗျာကို မှန်ဘောင်သွင်းပြီး ကျနော့်မေမေရဲ့ ခေတ်ပုံဘေးမှာ ယှဉ်ပြီးချထားလိုက်ပါတယ်။ ဆွမ်းကျွေးအလှူ လာကြတဲ့သူတွေ အတော်များများက ဆရာကြီးရဲ့ ကဗျာကိုဖတ်ပြီး မျက်ရည် မဆည်နိုင်ကြပါဘူး၊ တချို့လည်း ကော်ပီ တရွက်လောက် ကူးပေးပါဆိုပြီး တောင်းယူသွား ကြသေးတယ်။

ဆရာကြီးနဲ့ဆုံတဲ့အခါ ကျနော်က ဆရာ ကြီး ကဗျာတပုဒ်ကို ဘယ်လိုလုပ်ပြီးရေးသလဲလို့ မေးကြည့်ပါတယ်။ ကဗျာကိုရေးပြီးမှ Edit လုပ်သလား၊ တခါတည်းပဲ ခေါင်းထဲမှာ Edit လုပ်ပြီး ရေးချသလားလို့မေးတော့ ဆရာကြီးက သူ့ကို ရင်းနှီးတဲ့ မိတ်ဆွေအချို့လည်း ဒီလိုပဲ မေးဖူးကြောင်း၊ ကဗျာကို ခေါင်းထဲမှာ တခါထဲ တည်းဖြတ်ပြီး ရေးချတာဖြစ်ကြောင်း၊ အံ့သြဖွယ် ရာ ဖြေသွားပါတယ်။

ယနေ့ခေတ်မှာ ဆရာကြီးလောက် ပါရမီ ထူးတဲ့၊ ကဗျာဉာဏ်ကြီးမားတဲ့ သုခမိန် မရှိနိုင် တော့ပါဘူး။ ဒါကြောင့်လည်း တချို့က ဆရာကြီး ကို ၂၀ ရာစုနှစ် အနှောင်းပိုင်းရဲ့ ရှင်မဟာ ရဋ္ဌသာရလို့ ထိုက်ထိုက်တန်တန် တင်စား ခိုင်းနှိုင်းကြတာပေါ့။ ဆရာကြီး ကျနော်တို့ အင်ဒီးယာနာပြည်နယ်၊ ဖို့တ်ဝိန်းမြို့လေးကို ဘယ်လောက်ချစ်တယ်ဆိုတာ ကျနော် သိပါ တယ်။ ဖို့တ်ဝိန်းနဲ့ပတ်သက်ပြီး ဆရာကြီးရဲ့ ကဗျာတပုဒ် ကျနော်တို့ ရင်ထဲအသည်းထဲမှာ ချန်ထားရစ်ခဲ့ပါတယ်။

**ဖို့တ်ဝိန်း**

မြန်မာခပ်သိမ်းတို့ရဲ့
အောင်ကိန်းကြုံရာ
ဖို့တ်ဝိန်းဆိုတဲ့ မြို့သာယာကလေး။
မြရွက်သစ်တွေလည်း ညို့ညို့စိမ်းစိမ်း
ဖို့တ်ဝိန်းဆိုတဲ့ မြို့ကလေးမှာ၊
တို့အရေးက ရဲဘော်တစု
ရှင်ပြုပွဲတွေ အလှူပွဲတွေနဲ့
ခြိမ့်ခြိမ့်သဲ ဒိုးသံသာ
မာမာအေး အဆိုကျော်လည်းပါရဲ့
ပျော်စရာ အတိပါလား
အဖော်သဟာတွေလည်း အပြည့်နဲ့။
မြန်မာရနံ့၊ သင်းပျံ့လှိုင်ကြူ
အသက်ရှူဝ၊ လက်ဖက်အတူမျှနိုက်ရင်း
အလှူထမင်း၊ ငှူဟင်းတွေ ထင့်
ဦးပဉ္စင်းနဲ့ ကိုရင်ကလေးတွေ မြင်ရ
ဘဝင်တကြွကြွ၊ အစဉ်သတိရပါလိမ့်။
ကိုယ့်သွေးတွေ စီးဆင်ရာ
ဒီကမ္ဘာရဲ့ အလှဆုံးမြေ
မေ့နိုင်ဘူးကွဲ့ သူငယ်ချင်းရေ။

*(ယနေ့မြန်မာ ကွန်ရက်မှ)*

နောက်ပြီး ဖို့တ်ဝိန်းမှာ အခြေချဖို့ ဆရာ ကြီး စိတ်ကူးခဲ့ပါသေးတယ်။ ဒါပေမယ့် သမီးနဲ့ သမက်က LA မှာအလုပ်အကိုင်နဲ့ အခြေကျနေ လို့ ပြောင်းတဲ့အထိတော့ မဖြစ်ခဲ့ပါဘူး။ တကယ် လို့ပြောင်းဖြစ်ရင်လည်း ခင်ဗျားအိမ်နဲ့ ဒေါ်မာ မာအေးအိမ်နားမှာပဲ အိမ်တလုံး လာဝယ်နေ မယ်လို့ မကြာခဏ ပြောခဲ့ပါတယ်။ ဆရာကြီးက လက်ဖက်ရည်ဆိုင်မှာထိုင်ပြီး ဝိုင်းဖွဲ့စကားပြော

www.burmesesclassic.com

www.burmesesclassic.com


တာကို အလွန်နှစ်သက်ပါတယ်။ ဘဝတလျှောက်လုံး ရောက်ရာအရပ်မှာ လက်ဖက်ရည်ဆိုင် ထိုင်လေ့ရှိတော့ ဆရာကြီးထိုင်နေကျ လက်ဖက်ရည်ဆိုင်နဲ့နီးတဲ့ ကျနော်တို့ရပ်ကွက်မှာ လာနေချင် တာလည်း အဆန်းမဟုတ်ပါဘူး။

တနေ့ အန်တီ ဒေါ်မာမာအေး ဖုန်းဆက်လာတယ်။ "သားရေ ဆရာကြီး ဦးတင်မိုး ဆန်ဖရန် စစ္စကိုမှာ ဆေးရုံတင်ထားရတယ် တဲ့။ ဖုန်းဆက်ပြီး အကျိုးအကြောင်း မေးကြည့်ပါအုံး" ဆိုတော့ ကျနော်လည်း အရမ်းစိတ်ပူသွားပြီး ချက်ချင်းပဲ ဆရာကြီးရဲ့ လက်ကိုင်ဖုန်းကို ဆက်လိုက်တယ်။ ဆရာကြီးပဲ ဖုန်းကိုင်ပြီး "ဘာမှ မဖြစ်ပါဘူး၊ နည်းနည်း အအေးမိသွားတာပါ။ သွင်းထားရတဲ့ ဆေးတွေ များလွန်းလို့ လူလည်း ၁၂ ကြိုး မကတော့ဘူး၊ ကြိုး ၂၀ လောက် ဖြစ်သွားတယ်။ အခုတော့ အဲဒီ ကြိုးတွေ ခဏဖြုတ်ခွင့်ရလို့ ဦးဝက် (ဆရာ ဦးစွမ်းရည်) နဲ့ ဆေးရုံက လက်ဖက်ရည်ဆိုင်မှာ ထိုင်နေ တယ်"လို့ပြောတော့မှ ငိုအားထက် ရယ်အားသန်ဖြစ်ပြီး စိုးရိမ်စိတ်တွေ လျော့ကျသွားတော့တယ်။

ဖို့တ်ဝိန်းမြို့က အမြဲတမ်းထိုင်လေ့ရှိတဲ့ လက်ဖက်ရည်ဆိုင်ကို သတိရရင်း၊ ထိုင်ဖော်ထိုင်ဖက် တွေအတွက် ဟာသနှောပြီးစပ်ထားတဲ့ ကဗျာတပုဒ်ကိုလည်း ဆရာကြီးမဆုံးခင် ၃ လကျော် လောက်က ဘယ်လ်ဂျီယမ် အက်ဆမ်မြို့ကနေရေးပြီး ကျနော့်ဆီ အီးမေးလ်ပို့ပေးခဲ့တာလည်း ခုတော့ ကျနော်တို့အတွက် လွမ်းစရာတွေ ဖြစ်ကုန်ပါပြီ ဆရာကြီး။ ကျနော့်အိမ်က အပြင်ထွက်တိုင်း အဲဒီ လက်ဖက်ရည်ဆိုင်ရှေ့က ဖြတ်သွားရတော့ ဆရာကြီးကို နေ့တိုင်းသတိရနေပြီး ဆရာကြီးရဲ့ ပြုံးနေတဲ့ မျက်နှာကိုပဲ မြင်ယောင်နေတော့တာပေါ့။

**သူငယ်ချင်းကောင်းတို့လေ**

ခေါ်ပြ သူခိုး၊ ကုလားမ ပိုးတဲ့
လှစိုးရေ ... လာဟေ့။
ခြင်ထောင်ဘေးမှာ
ယင်ကောင် တဖွေးဖွေးနဲ့
ခင်မောင်လေးလည်း ပါပစေ။
ခုတင်ပေါ် ကျိန်း၊ စင်ပေါ်က ယိမ်းလို
သခင်ဇော်သိန်းကော ... လိုက်ခဲ့။
အဆိုကျော်မာမာအေးလည်း
အလိုတော် ... ဘာညာ မမေးစေနဲ့
အပါကလေးသာ ခေါ်ခဲ့။
ကဗျာအရေး စာအရေးဆိုရင်
ပဝါကလေး တစနဲ့
အသာကလေး ထ လိုက်လာလိမ့်မယ်။


www.burmesesclassic.com

www.burmesesclassic.com


ပုဆိုး ထမိန်ကအစ ပေါင်မယ့်
စိုးချိန် အာဂ အကောင်လည်း
ယောင်တောင်တောင် လုပ်မနေစေနဲ့
ကုပ်ဆွဲလို့ အသာခေါ်
ဘယာကြော် စားရအောင်။
အပျိုတွဲလဲ တွဲလဲနဲ့
ကိုရဲဆိုတဲ့ ဟိုအကောင်လည်း ပါမှဖြစ်မယ်။
ပျိုတုန်း ရွယ်တုန်း အရွယ်မှာ မနီးခဲ့တဲ့
ကိုဘုန်းကြွယ်ကြီးလည်း ချန်ပစ်မထားခဲ့နဲ့
ကျန်ရစ်သား ဖြစ်တာ များလှပြီ။
ဖို့တ်ဝိန်းမြို့ စတိတ်နဲ့ ဝဲလ်လမ်းက
တို့ အမြဲတမ်းထိုင်တဲ့ ဒိုးနပ်ဆိုင်ကို လာခဲ့။
ဒီဘက်က တီးတခွက်ဖျော်ပြီး
ဟိုဘက်က Lee's ကြက်ကြော်နဲ့ဆို
အမြည်းအတွက် တော်ပြီဟေ့။
မြန်မာပြည် အလွမ်းတွေကို
နာရီတွေ ကျွမ်းသွားမတတ်
ကဗျာစီကြ အာချောင်ကြနဲ့
မဟာ အမှောင်ညတွေကို ငါတို့ ကျော်ဖြတ်ကြမယ်။
လာကြဟေ့ သူငယ်ချင်းတို့ ။

*(ယနေ့မြန်မာ ကွန်ရက်မှ)*

ဆရာကြီး ကျနော့်ဆီကို မကြာမကြာ ဖုန်းဆက်လာလေ့ ရှိပါတယ်။ ဒီနှစ် နှစ်သစ်ကူးမှာတောင် ကျနော့်ဘက်က ဆက်ရမယ့်အစား ဆရာကြီး ဆက်လာတာကို ဝမ်းသာအားရနဲ့ ကျေးဇူးတင်မိခဲ့ရ ပါသေးတယ်။

ဆရာကြီး မကွယ်လွန်ခင် တပတ်လောက်အလိုမှာ ကျနော့်ဆီကို ဖုန်းဆက်လာတော့ ကျနော် လည်း မကြာခင် ဖခင်တယောက် ဖြစ်တော့မယ့်အကြောင်းပြောပြတဲ့အခါ ဆရာကြီး ဝမ်းသာအားရနဲ့ ကျနော့်ကိုပြောသွားခဲ့တဲ့စကားတွေ ခုထိ နားထဲက မထွက်သေးပါဘူး။ နှစ်သစ်မှာ မင်္ဂလာရှိတဲ့ သတင်း၊ မင်္ဂလာရှိတဲ့စကား ကြားရတယ်လို့ ပြောပြီး၊ "အဖိုးတန် သားရတနာလေး မွေးပါစေဗျား" လို့ ဆရာကြီးက ဆုတောင်းပေးခဲ့ပါသေးတယ်။ ဆရာကြီးဘက်က ဖုန်းချသွားပြီးမှ မိနစ်ပိုင်းအကြာမှာ နောက်တကြိမ် ထပ်ဆက်လာပြန်ပါတယ်။ "ဖုန်းပြောပြီးလို့ မှတ်တမ်းစာအုပ်ကို ဖွင့်ကြည့်တော့


www.burmesesclassic.com

www.burmesesclassic.com


ဒေါ်မာမာအေးရယ်၊ ခင်ဗျားတို့ ဇနီးမောင်နှံရယ် ကျနော် ဘယ်လ်ဂျီယမ်သွားတဲ့နေ့က ချီကာဂို လေဆိပ်ကိုလိုက်ပို့တဲ့ ခရီးစဉ်ဟာ တကယ့်ကို ပျော်စရာ၊ အမှတ်ရစရာကောင်းလို့ သတိရပြီး ထပ်ဆက်တာပါ" တဲ့။ ကျနော့်ရင်ထဲ တမျိုးပဲ ခံစားမိလိုက်ပါတယ်။ အဲဒီလို ဖုန်းဆက်လာတာ ဟာ ဆရာကြီးနဲ့ ကျနော် နောက်ဆုံး ဖုန်းပြော လိုက်ရတာမှန်း အစက မသိခဲ့ပါဘူး။

တိုက်တိုက်ဆိုင်ဆိုင် ဇန်နဝါရီလ ၂၂ ရက်နေ့ နေ့လယ်ပိုင်းမှာ ကျနော့်ဇနီးသည် ကိုယ်ဝန်သွားအပ်ပါတယ်။ ဆေးခန်းက စမ်းသပ်စစ်ဆေးမှုတွေပြုလုပ်တော့ သားမွေးမယ့်အကြောင်း သိရလို့ ဝမ်းသာမှုနဲ့အတူ ဆရာကြီးကို ပြောပြချင်တဲ့ စိတ်တွေ ချက်ချင်း ဖြစ်လာပါတယ်။ အိမ်ပြန်ရောက်ရင် ဆရာကြီးဆီ ဖုန်းဆက်မယ်၊ နောက်ပြီး ကလေးအတွက် နာမည်လည်း ကြိုရွေးခိုင်းမယ်ဆိုပြီး အပြန်လမ်းမှာ စဉ်းစားလာခဲ့ပါတယ်။

ဒါပေမယ့် ဆရာကြီးဆီကို ကျနော် မဆက်ဖြစ်လိုက်ဘူး။ ည ၉ နာရီကျော်မှာ ဆရာကြီးရဲ့ သားသမက် ကိုကျော်ဝဏ္ဏ ဖုန်းဆက်လာပြီး ကျနော် မကြားချင်ဆုံးသတင်း သူ့ဆီက ကြားလိုက်ရပါတယ်။ "ဖေဖေ ဆုံးပြီ" တဲ့။ ကျနော့် ခေါင်းတခုလုံး ချာလပတ်လည်သွားသလို ခံစားလိုက်ရပါတယ် ဆရာကြီးရယ်။ မဟုတ်ပါစေနဲ့လို့ ပါးစပ်က ဆုတောင်းနေပေမယ့် ရင်ထဲမှာ တစ်ဆို့ပြီး မျက်ရည်တွေ ထိန်းထားလို့မရတော့ပါဘူး။ ဆရာကြီး ကျနော်တို့ အားလုံးကို စိတ်ချလက်ချနဲ့ ထာဝရ ခွဲသွားခဲ့ပြီပေါ့နော်။

ဆရာကြီးသတင်းကို ကြားပြီးတာနဲ့ သတင်းမီဒီယာတွေ၊ ဆရာကြီးရဲ့ မိတ်ဆွေတွေဆီကို အကြောင်းကြားပါတယ်။ ဆရာကြီး သမီးရင်းတယောက်လို ချစ်ခင်တဲ့ မင်းမင်းထွေးငယ် ဆီဆက်လိုက်တော့ သူလည်း ကျနော်နဲ့ စကားပြောနေရင်း တဖက်မှာ ငိုနေပါတယ်။ သူ ဘယ်လိုမှ မယုံနိုင်ဘူးတဲ့။ နောက်ပြီး ဆရာကြီး နောက်ဆုံးအကြိမ် ဖို့တ်ဝိန်းကို လာသွားတဲ့ခရီး ဟာ တမင်တကာပဲ ကျမတို့ကို လာနှုတ်ဆက်သွားသလိုပဲလို့ပြောပြီး ရှိုက်ကြီးတငင် ငိုနေတော့ ကျနော်လည်း စိတ်ထိန်းလို့ မရတော့ပါဘူး။

ဆရာကြီးကို ချစ်တဲ့သူတွေ ငိုနေကြရပြီ ဆရာကြီးရယ်။ ဘာပဲဖြစ်ဖြစ်၊ "လူတယောက် သေပြီးနောက် ကွယ်ပျောက်သွားတာက ရုပ်ခန္ဓာပဲ။ သူ့ခြေရာလက်ရာ အလုပ်နဲ့ ဂုဏ်သိက္ခာ ကတော့ ထာဝစဉ် ရှင်သန်နေမှာပဲ" လို့ ဆရာကြီး ပြောသွားခဲ့တဲ့ စကားနဲ့ပဲ တရားကို နှလုံးသွင်းမိပါတယ်။ ဒါပေမယ့် ပြည်သူ့ဘက်က အမြဲတမ်းရပ်တဲ့ ဆရာကြီး၊ ကျနော်တို့ ဒီမိုကရေစီ လှုပ်ရှားမှုမှာ အရေးပါဆုံး ကဗျာဆရာကြီး၊ စာပေလောကရဲ့ သူရဲကောင်းကြီး ကွယ်လွန်သွားခြင်းဟာ နိုင်ငံနဲ့ လူမျိုးအတွက် အကြီးမားဆုံး ဆုံးရှုံးမှုတရပ် ဖြစ်တယ်ဆိုတာ တော့ ဘယ်သူမှ ငြင်းနိုင်မှာမဟုတ်ပါဘူး။ နောင် ဘဝဆိုတာများရှိခဲ့ရင် သံသရာတကွေ့ကွေ့မှာ အခုဘဝလိုမျိုး ဆရာကြီးနဲ့ တရင်းတနှီး ပြန်ဆုံချင်ပါသေးတယ်။ ပြန်ဆုံဖို့လည်း ဘုရားမှာ ကျနော် ဆုတောင်းသလို ဆရာကြီး ကောင်းရာသုဂတိ လားပါစေလို့ ဆုတောင်းရင်း ရှိသေစွာနဲ့ ဦးချ ကန်တော့လိုက်ပါတယ်။ ။

❑ ❑ ❑ ❑


www.burmesesclassic.com

www.burmesesclassic.com


ဆရာတင်မိုးရဲ့ ဈာပနအခမ်းအနားမှာ ဆရာ့အတွက် ခုလို ဂါရဝပြုနှုတ်ဆက်စကားကို ဝမ်းနည်းဝမ်းသာစွာနဲ့ ပြောရမှာပါ။ ဘာကြောင့် ဝမ်းနည်းရတာလဲဆိုလျှင်ဖြင့် တကယ့်ကိုမှ တန်ဖိုးကြီးမားတဲ့၊ အစားထိုးဖို့ခက်တဲ့ ဆရာ့လို သူတစ်ဦးကို မြန်မာလူမျိုးတွေအနေနဲ့ ဆုံးရှုံးလိုက်ရလို့ပါပဲ။ ဆရာတင်မိုးဟာဆိုရင် Culture ဆိုတဲ့ ယဉ်ကျေးမှုနဲ့၊ မိမိ အမျိုး ဘာသာ သာသနာကို ထိန်းသိမ်းရာမှာ စံပြုဖွယ်ပုဂ္ဂိုလ်ထူးတစ်ဦးပါ။ ပြည်ပနိုင်ငံများကို နှစ်ပေါင်း အတန်ကြာရောက်ရှိနေထိုင်နေတာတောင်မှပဲ ဆရာဟာ ကိုယ့်လူမျိုးရဲ့ ဝတ်စားဆင်ယင်မှုကစလို့ အပြောအဆို အနေအထိုင်အားလုံးကို လုံးဝ မစွန့်လွှတ်ပါဘဲ အမြတ်တနိုး ထိန်းသိမ်းစောင့် ရှောက်သွားတာကို တွေ့ရမှာပါ။ သူတစ်ဦးတည်းသာ ခုလို ထိန်းသိမ်းသွားသလားဆိုတော့ မဟုတ်ပါဘူး။ ဆရာရေးသားခဲ့တဲ့ သူ့ကဗျာ၊ သူ့စာများမှာလည်း အမျိုးဘာသာသာသနာကို မြတ်နိုးတန်ဖိုးထားဖို့၊ ကိုယ့်ယဉ်ကျေးမှုကို တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်ဖို့ တိုက်တွန်းထားတာတွေကို အများအပြား တွေ့နိုင်ပါတယ်။

သူ့ဘဝတလျှောက်လုံးမှာလည်း ဆရာတစ်ဦးရဲ့ ဂုဏ်သိက္ခာ၊ စာရေးဆရာတစ်ယောက်ရဲ့ စံပြုထိုက်တဲ့ အနေအထိုင်၊ အိမ်ထောင်ရှင်တစ်ဦးရဲ့ ကိုယ်ကျင့်တရား၊ ဖခင်တစ်ဦးရဲ့တာဝန်တွေ ကျေပွန်စွာနဲ့ နေထိုင်သွားခဲ့တာမို့ Character လို့ ပြောရတဲ့ လူ့ကျင့်ဝတ်ပိုင်းဆိုင်ရာမှာ ဆိုလျှင်လည်း စံထားရတဲ့ သူတစ်ဦးပါ။ ကိုယ်ကျင့်တရားပျက်ပြားတဲ့ အမူအကျင့်မျိုး ဆရာပြုလုပ်ခဲ့တယ်ရယ်လို့





www.burmesesclassic.com

www.burmesesclassic.com


လုံးဝမကြား မသိခဲ့ရပါဘူး။ ဆရာ့တစ်သက်တာမှာ လူသားတစ်ဦးအနေနဲ့ ရှောင်ကြဉ်ရမည့်ကိုယ်ကျင့်တရားပါမက လုပ်ကိုင်ဆောင်ရွက်ရမည့် ကျင့်ဝတ်တရားများကိုပါ တာဝန်ကျေပွန်စွာထမ်းရွက်လုပ်ဆောင်သွားခဲ့တာကို တွေ့ရမှာပါ။

အထူးသဖြင့်တော့ ဆရာတင်မိုးရဲ့ Courage ရဲစွမ်းသတ္တိကတော့ အသိအမှတ် မပြုဘဲ မနေနိုင်အောင် ဖြစ်ရပါတယ်။ မတရားမှုကို ခေါင်းငုံ့မခံဘဲ အမှန်တရားဘက်ကနေ မားမားမတ်မတ် ရပ်တည်ကာ စွန့်လွှတ်အနစ်နာခံခဲ့တဲ့ ဆရာ့ရဲ့ ရဲစွမ်းသတ္တိမျိုးဟာ တကယ့်ကိုမှ အတုယူစရာ၊ လေးစားအားကျစရာပါ။ ခုလို အဘက်ဘက်က လေးစားလောက်တဲ့ ဆရာဆုံးသွားတော့ အလွန်မှ ဝမ်းနည်းမိရပါတယ် ဆရာ။ နောက်ပြီးလည်း ဆရာ့ကိုချစ်တဲ့ ဆရာကလည်း ချစ်တဲ့ အမိမြန်မာပြည်သူ ပြည်သားတွေလည်း ဆရာ့ရဲ့နောက်ဆုံးခရီးမှာ လိုက်ပါပို့ဆောင်ချင်ကြမှာ၊ သူတို့ချစ်တဲ့ ဆရာ့ကို နောက်ဆုံးနှုတ်ဆက် ဂါရဝပြုလိုကြမှာပါ ဆရာ။ သို့ပေမယ့် သူတို့တတွေ ဒီအခွင့်အလမ်းကို မရနိုင်ကြပါဘူး။ ဒီအတွက်လည်း သူတို့ကိုယ်စား ဝမ်းနည်းမိရပါတယ်ဆရာ။ ဝမ်းသာတယ်လို့ ပြောရတာကတော့ ကိုယ်လေးစားတဲ့ဆရာ၊ ကိုယ်ချစ်တဲ့ ဆရာရဲ့ နောက်ဆုံးခရီးမှာ ဆရာ့အလောင်းကို ဘေးမှာထားပြီး နောက်ဆုံး ဂါရဝပြု နှုတ်ဆက်စကားကို ခုလို ဆိုခွင့်ရတဲ့အတွက်ပါ ဆရာ။

ဆရာဟာဆိုရင် မဖြစ်စလောက်စာလေးရေးသူ စာရေးသူလိုတစ်ယောက်ရဲ့ ကလောင်ဝါနဲ့နှိုင်းပြောရလျှင်ဖြင့် သားနဲ့ အဖေ လောက်မကကွာခြားပါတယ်။ ဒါကြောင့် သားကလောင်ငယ်တစ်ချောင်းက ဆရာ့နောက်ဆုံးခရီးမှာ တရင်းတနှီး နှုတ်ဆက်စကား ဆိုခြင်းပါ။ နားဆင်ပါ ဆရာ။

ဆရာ့လို ကြီးမြတ်တဲ့ ပုဂ္ဂိုလ်ကြီးမျိုးကသူတပါးတွေက သူ့ဂုဏ်ကို တမင်ထုတ်ဖော်ပြောပြမှသိကြရမည့်သူမျိုးထဲမှာ မပါပါဘူး။ သူ့ဂုဏ်သူ့သိန်က သူ့အရှိန်ကို အလိုလိုမြင့်တင်သွားခံရတဲ့ သူမျိုးပါ။ ဒါကြောင့် ဒီနေရာမှာ ဆရာတင်မိုးရဲ့ဂုဏ်ကို အထူးတလည် မပြောတော့ပါဘူး။

ဆရာတင်မိုးနဲ့ စတင်တွေ့ရတဲ့အကြောင်းလေးနဲ့ နောက်ဆုံးတွေ့လိုက်ရတဲ့အကြောင်းလေးကိုတော့ အမှတ်တရပြောချင်ပါတယ်။ ကဗျာဆရာကြီးဖြစ်တဲ့ ဆရာ့ရဲ့ကလောင်အမည် တင်မိုးဆိုတဲ့ နာမည်ကို စတင်ထိတွေ့မိတာကတော့ ကဗျာမဟုတ်ပါဘူး၊ စကားပြေတစ်ခုပါ။ ‘သချိုင်းကုန်းမှာ’ ဆိုတဲ့ စာလေးတစ်ပုဒ်ပါ။ အမှတ်မမှားဘူးဆိုလျှင်ဖြင့် အထက်တန်း မြန်မာစကားပြေ လက်ရွေးစဉ် စာအုပ်ထဲမှာပါတယ်လို့ထင်ပါတယ်။ ထင်ပါတယ်လို့ပြောရတာက ကိုယ်ကိုယ်တိုင် အထက်တန်းပညာကို သင်ခွင့်မရခဲ့တာကြောင့်ဖြစ်သလို ဒီစာလေး ဖတ်ခဲ့ရတဲ့အချိန်ကလည်း အလွန်ငယ်ရွယ်လွန်းသေးတဲ့ ၇ နှစ် ၈ နှစ်အရွယ်လောက်က ဖြစ်တာကြောင့် အလွန်လည်း ကြာခဲ့တာကြောင့်ပါ။ စာရေးသူတို့ရွာကနေ အခြားနယ်တစ်နယ်မှာသွားပြီး အထက်တန်းပညာသင်ယူနေတဲ့ ကျောင်းသားကြီးတစ်ယောက်က ကျောင်းပိတ်လို့ရွာပြန်အလာမှာ ပါလာတာကြောင့် အမှတ်မထင် ယူဖတ်မိရာကနေ တွေ့ခဲ့ရတာပါ။

ဘာကြောင့် အထူးတလည်မှတ်မိနေရတာလဲဆိုတာကတော့ ငယ်ငယ်က စာရေးသူကသရဲ အင်မတန်ကြောက်တတ်ပါတယ်။ ဆရာတင်မိုးရဲ့ ဒီသချိုင်းကုန်းမှာ ဆိုတဲ့စာလေးဖတ်ပြီး


www.burmesesclassic.com

တော့ သရဲကြောက်တဲ့စိတ် ပျောက်သွားပါတယ်။ ဆရာတင်မိုးက သူ့စာထဲမှာ သချိုင်းကုန်းကို ကြောက်စရာကောင်းတယ်လို့ ထင်ထားတဲ့ကလေးတစ်ယောက် သူ့အမေဆုံးသွားတဲ့အခါမှာတော့ မိခင်ကိုချစ်စိတ်ကြောင့် အရင်က သူကြောက်လန့်ခဲ့တဲ့ သချိုင်းကုန်းလေး သူ့အမေကိုမြှုပ်နှံရာနေရာ လေးဖြစ်လာတော့ သူ့အတွက်ခင်တွယ်စရာ ဖြစ်လာပုံကိုရေးထားတယ်လို့ အမှတ်ရမိပါတယ်။ မိခင်ရဲ့စေတနာနဲ့ အမေကိုတွယ်တာတဲ့ သားတစ်ယောက်အကြောင်းဖြစ်တာမို့ အမေချစ်တဲ့စာရေးသူ အတွက် အလွန်နှစ်သက်ခဲ့ရတဲ့ စာလေးတစ်ပုဒ်ဖြစ်ခဲ့ရပါတယ်။

ဒီကစလို့ နောင်မှာ တင်မိုးဆိုတဲ့နာမည်ကိုတွေ့တာနဲ့ သူရေးသမျှ အကုန်ဖတ်တော့တာပါပဲ။ ဒါကြောင့် ဆရာတင်မိုးဟာ စာရေးသူကို စာဖတ်ဖြစ်အောင်၊ စာဖတ်ချင်လာအောင် လှုံ့ဆော်မှုပေးခဲ့ တဲ့သူထဲမှာ တစ်ဦးအပါအဝင်ပါ။ ကျေးဇူးပါဆရာ။

ဒါကတော့ ဆရာတင်မိုးနဲ့ စတင်တွေ့ထိလိုက်ရတဲ့ အမှတ်ရစရာလေးပါ။

နောက်တော့ ဖန်မီးအိမ်တို့လို၊ အလှကိုယ်စီတို့လို ဆရာ့ရဲ့နာမည်ကြီးကဗျာများကိုလည်း ဖတ်မိပါတယ်။ ကိုယ့်ကိုယ်ကို တန်ဖိုးထားတတ်အောင်၊ ကိုယ့်ဘဝကို ကိုယ်မြှင့်လိုစိတ် မြင့်မားအောင် ဆရာ့ရဲ့စာများက တွန်းအားပေးခဲ့ပါတယ်။ ဆရာတင်မိုးကို အများစုက ကလေးကဗျာဆရာ၊ ဘဝ ကဗျာဆရာအနေနဲ့ အသိများပါတယ်။ တကယ်တော့ဆရာက လူငယ်ကြိုက် အချစ်ကဗျာ၊ အလှ ကဗျာတွေကိုလည်း ရေးခဲ့ပါတယ်။ ဆရာရဲ့ ဒီကဗျာတွေက အသံချိုမြသလို အဓိပ္ပာယ်လည်း အလွန်လှပပါတယ်။ ဆရာရဲ့ ဒီကဗျာတွေ၊ စာတွေကလည်း လောကကိုချစ်တတ်ဖို့၊ ကမ္ဘာလောက ကို အလှဆင်တတ်ဖို့ မီးရှူးတန်ဆောင်များ ဖြစ်ခဲ့ပါတယ်။

ဆရာတင်မိုးနဲ့ လူချင်း နောက်ဆုံးတွေ့လိုက်ရတာကတော့ လွန်ခဲ့တဲ့ ၃ လလောက်ကပါ။ လွန်ခဲ့ တဲ့ ၃ လလောက်က ဆရာနဲ့ မိုးမခရဲ့ ၃ နှစ်ပြည့် မိတ်ဆုံပွဲမှာတွေ့ကြတော့ ဆရာရဲ့ကဗျာတွေကို ဖတ်ပြီး ကဗျာဆရာဖြစ်ချင်ခဲ့ကြောင်း၊ သို့ပေမယ့် ခုချိန်ထိ ကဗျာဆရာတော့ မဖြစ်သေးကြောင်း ပြောပြမိပါတယ်။ ဒီတော့ ဆရာတင်မိုးက ကဗျာဆိုတာ နှလုံးသားနူးညံ့သူတို့မှသာ ပြောင်မြောက် အောင် ရေးစွမ်းနိုင်ကြောင်း ရယ်ရွှန်းပတ်ရွှန်း ပြန်ပြောပါတယ်။ ဒီတော့ စာရေးသူက နှလုံးသားရှိပါ ကြောင်း ပြောပြီး ငယ်ငယ်ကတည်းက သဘောကျလို့ အလွတ်ရနေခဲ့တဲ့ ဆရာ့ကဗျာလေးကို ခုလို ရွတ်ပြခဲ့ပါတယ်။

**မေဆိုတာ ဘယ်မှာလဲ**
**မဲတယ်ဖြူတယ် ညိုတယ်ထင့်**
**ခပ်သွယ်သွယ် နေမလားရယ်လို့**
**ကစားမိ သည်စိတ်မှာ။**

**တကယ်တွေ့ပြန်တော့**
**မေ့နေပြီ ဖြူအညိုတို့**



www.burmeseclassic.com

www.burmesesclassic.com


**ရင်ဖိုကာ ပြာကနဲပေမို့**
**ဝေခွဲကာ မနေနိုင်ဘု**
**ဘယ်ပန်းခိုင် ဘယ်လိုပန်လို့**
**ကိုယ်နေဟန် ဘယ်လိုကလေးတောင်မှ**
**ရေးမသိပါ။**

**မောင်သိတာ တစ်ခုတည်းပါပဲ**
**တွေ့ဆဲမှာ ရယ်မလိုပ**
**ချိုမယောင် ချဉ်တဝက်ကယ်နဲ့**
**သွားတက်ကလေး ရှက်မူယာ**
**ပျူငှာတဲ့ပုံဆန်း။ ။**

ခုလို စာရေးသူက ရွတ်ပြတော့ ဆရာက စာရေးသူကို နှလုံးသားရှိတာ ယုံသွားပြီလို့ ပြောပါတယ်။ နောက်ပြီးလည်း ဆရာက ကိုယ်ငယ်စဉ်ကရေးထားတဲ့ကဗျာ ခုလို ပြန်နားထောင်ရတော့ အသက်ပိုငယ်သွားသလို ခံစားမိရတယ်လို့ ဆိုပါတယ်။ ဟုတ်ကဲ့ ဆရာ ... ခုလို ဆရာ့ကဗျာ တစ်ခါရွတ်ပြလို့ ဆရာသာ တကယ် ပိုငယ်သွားတယ်၊ အသက်တစ်ရက် ပိုရှည်သွားမယ်ဆိုရင် ဆရာ့ကဗျာတွေကို မနားတမ်းသာ ရွတ်ပြနေချင်လိုက်တာ။ သို့ပေမယ့်ဆရာ ... ဆရာပြောခဲ့သလို လောကမှာက "ချစ်သူတို့သက်တမ်း တိုလှ၏၊ မုန်းသူတို့သက်တမ်း ရှည်လှ၏၊ ကြေကွဲ၍ မဆုံးပါ" ဆိုသလို ချစ်ရတဲ့ဆရာ့သက်တမ်းကျ တိုလွန်းလိုက်တာ၊ မုန်းသူတွေသက်တမ်းက ရှည်နိုင်လွန်းလှစွာ၊ တကယ့်ကိုမှ ကြေကွဲလို့ မဆုံးနိုင်ဖြစ်ရပါတယ် ဆရာ။

ဆရာဆုံးသွားပြီဆိုတာ ကြားရတော့ ရုတ်တရက် ဘယ်လိုခံစားလိုက်ရမှန်း မသိအောင်ဖြစ်မိပါတယ် ဆရာ။ လွန်ခဲ့တဲ့ ၁၀ ရက်ခန့်ကပဲ ဆရာနဲ့ဖုန်းထဲမှာ စကားပြောလိုက်ရသေးတာ၊ ဘယ်လိုများဖြစ်ရတာပါလိမ့်လို့ မယုံနိုင်အောင်ဖြစ်ရပါတယ်။ ပိုပြီး တိတိကျကျပြောရရင် မယုံချင်နေမိတာပါ။ ကြားကြားချင်း ဖြစ်လိုက်ရတဲ့ အဲဒီတဒင်္ဂကို ခုလိုမှတ်တမ်းပြုမိပါတယ် ဆရာ။

ရုတ်တရက်

**ငှက်တွေလည်း တေးမသီ**
**နေခြည်လည်း မလင်းလက်**
**စိတ်ဝိညာဉ် တုန်ခါသွက်**
**ဆရာ့ ဂယက်။**

ဟုတ်တယ်ဆရာ ... "ဥသြလေး ပိတုန်းပီ၊ နွေကြိုတေးကိုသီ၊ ကိုယ့်ရင်မှာ ဝိုးတဝါး၊ ချစ်သူ့တေးသံလား" ရယ်လို့ ငှက်ကလေးတွေအကြောင်း တေးသီတတ်တဲ့ဆရာ ဆုံးပါးသွားတော့ သူတို့အတွက်ပုပ္ပတ္တိကို ဆရာ့ကိုယ်စား ဘယ်သူကများ ဖွဲ့သီပေးပါတော့မလဲဆရာ။ အသိဉာဏ်အလင်းတွေကို ပေးတတ်တဲ့ဆရာ ကွယ်လွန်သွားတော့ မသေချာ မရေရာတဲ့ အမှောင်လမ်းမှာ စမ်းတဝါးဝါး 'မငြိမ်မသက်၊ စိတ်ယောက်ယက်နဲ့၊ လမ်းပျောက်တူရူ၊ လျှောက်လာသူ' တွေကို ဘယ်သူကများ အားကူလို့ အလင်းရောင်တွေ ပေးနိုင်ပါဦးမလဲဆရာ။ ဆရာ့ကို ဆုံးရှုံးရမှုက သက်ရှိသက်မဲ့အရာအားလုံး တုန်ခါသွားလောက်စရာ့ ဆုံးရှုံးမှုပါဆရာ။ အလွန်တရာ ကြီးမားလှတဲ့ လှိုင်းဂယက်တစ်ခု၊ မုန်တိုင်း တစ်ခုပါပဲ ဆရာ။

ဆရာ ... ဘဝတံထွာ ဓမ္မတာအရ သူသူတွေလည်း အချိန်ကျလျှင်ဖြစ် သေကြရမှာ၊


www.burmesesclassic.com

မုန်းသူ တွေလည်း သေချိန်ကျလျှင်ဖြင့် သေကြရမှာပါဆရာ။ ဒါဟာ ငြင်းဆန်ရှောင်လွှဲလို့ မရနိုင်တဲ့ ထာဝရ သစ္စာတရားတစ်ခုပါ ဆရာ။ သတ္တဝါတိုင်း သေကြရတာမို့ သေတာချင်းတော့ အတူတူပါပဲ ဆရာ။ သို့ပေမယ့် ဆရာ ... မတူနိုင်ကတော့ ရှိနေတာအမှန်ပါ။

ဆရာ ... ပန်းတွေဆိုတာ မနွမ်းဘဲလည်း ကြွေတတ်တာ၊ နွမ်းခြောက်ပြီးလည်း ကြွေတတ်တာပါ။ သတ္တဝါတွေဆိုတာလည်း အရွယ်အိုမှ သေတတ်သလို အရွယ်မတိုင်မီမှာ သေတတ်တယ်ဆိုတာ လည်း ဓမ္မတာပါပဲဆရာ။ ဒီအထဲကမှ တချို့က ဂုဏ်သိန်ညှိုးပြီး သေတတ်သလို တချို့ကျပြန်တော့ ဂုဏ်ရှိန်ဖြိုးလျက်၊ ဂုဏ်ရှိန်တိုးလျက် သေတတ်ကြပါတယ်ဆရာ။ ဆရာလိုသူမျိုးကတော့ ဂုဏ်ရှိန်တိုး၊ ဂုဏ်ရှိန်ဖြိုးလျက် သေရသူမျိုးပါဆရာ။ အသက်အရွယ် အတန်နွမ်းပေမယ့် ဆရာ့ဂုဏ်တွေကတော့ လန်းမြ လန်းလျက်နေဆဲပါဆရာ။ သေတာချင်းတူပေမယ့် ဂုဏ်ညှိုးပြီး သေသူနဲ့ ဂုဏ်တိုးပြီး သေသူတို့ အပေါ် ကျန်ရစ်သူများရဲ့ အမှတ်ရပုံချင်း၊ တမ်းတပုံချင်း၊ လွမ်းရပုံချင်းတော့ လုံးဝတူနိုင်မယ် မဟုတ်ပါ ဘူးဆရာ။ ဒါဟာလည်း တကယ့်အမှန်တရား၊ သစ္စာတရားပါပဲဆရာ။

ဒါကြောင့် ဆရာ့ရဲ့နောက်ဆုံးခရီးမှာ ဟောဒီ 'သစ္စာ'ဆိုတဲ့ ကဗျာတိုလေးနဲ့ အမှတ်တရ နှုတ်ဆက်ပါရစေလား ဆရာ။

**သစ္စာ**

**မချစ်လည်း သေ**
**ချစ်လည်း သေ**
**သေတာချင်းတော့ အတူတူပေါ့။**

**မနွမ်းလျက် ကြွေ**
**နွမ်းလျက် ကြွေ**
**လွမ်းရက်ချင်းတော့ မတူနိုင်ပေ။ ။**

ဟုတ်တယ်ဆရာ ...
လွမ်းရက်ချင်းတော့ မတူနိုင်ပါဘူး။ ဘယ်မှာလာလို့ တူနိုင်ပါ့မလဲဆရာ။
ဆရာ ကောင်းရာသုဂတိလားပါစေ။ ။ ❑

**ဉာဏ်ဦးမောင်**
**ဇန်နဝါရီ ၂၆၊ ၂၀၀၇**

**မှတ်ချက်။ ။ ဆရာတင်မိုး သို့ နောက်ဆုံးဂါရဝပြုအခမ်းအနားမှာ ပြောခဲ့တဲ့ နှုတ်ဆက်စကားကို ပြန်လည်ရေးထားပါတယ်။**



www.burmeseclassic.com

www.burmesesclassic.com



www.burmesesclassic.com

www.burmesesclassic.com



# ဆရာ မကွယ်လွန်သေးဘူး

တင်မောင်သန်း



ကဗျာဆရာကြီး တင်မိုးကို လာရောက်ဂါရဝ ပြုကြတဲ့၊ စာပေချစ်သူများ၊ အမှန်တရား၊ တရားမျှတမှု၊ ငြိမ်းချမ်းရေး၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးပိုင်ခွင့်နဲ့ လွတ်လပ်ခွင့်ကို ချစ်မြတ်နိုးကြသူများ ခင်ဗျား။

ကဗျာဆရာတိုင်း၊ စာရေးဆရာတိုင်းဟာ လူတိုင်းရဲ့နှလုံးသားကို ဆွဲကိုင် လှုပ်ခတ်နိုင်ကြတာ မဟုတ်ပါဘူး။ အဲသလို လူထု နှလုံးသားကို ဆွဲကိုင်လှုပ်ခတ်နိုင်တဲ့ ဆရာဆိုတာက မြန်မာစာပေလောကမှာ လက်ချိုးရေတွက်လို့ ရပါတယ်။ အဲသလို ဆရာ အနည်းစုထဲမှာ ကဗျာဆရာကြီး တင်မိုးတယောက် ပါဝင်တယ်ဆိုတာ ကျွန်တော် အထူးအထွေ ပြောဖို့မလိုပါဘူး။ ဒါပေမယ့် ဆရာနဲ့ပတ်သက်လာတဲ့အခါ၊ ထူးထူးခြားခြားပြောထိုက်တယ်ဆိုတဲ့ အချက်ကတော့၊ သူ့ကို ဖမ်းဆီးချုပ်နှောင်ထားသူတချို့ မိသားစုတွေရဲ့ နှလုံးသားကပါ လှုပ်ခတ်သွားတယ် ဆိုတဲ့ အချက်ပါပဲ။

ဆရာ့ကို ဖမ်းဆီးတဲ့အခါ၊ ပထမဆုံး အချုပ်မှာ ထားပါတယ်။ အဲသလို အချုပ်ကျနေတုန်း ထူးဆန်းလှတဲ့ ငါးဆင့်ချိုင့်ကြီး တချိုင့်ဟာ စားစရာသောက်စရာ အစုံအလင်နဲ့ အချုပ်ခန်းထဲက ဆရာ့ဆီကို နေ့တိုင်း ရောက်လာတတ်ပါတယ်။ ရက်အနည်းငယ်ကြာတဲ့အခါ အမျိုးသမီးတယောက်က အချုပ်ခန်းမှာ ဆရာ့ကို လာဂါရဝပြုပါရော။ ဒီအမျိုးသမီးကတော့ ဆရာ့ကို ချုပ်နှောင်ထားသူတွေထဲက အရာရှိတယောက်ရဲ့ ဇနီးပါပဲ။ ဆရာစားသောက်ဖို့ ငါးဆင့်ချိုင့်ပို့နေသူကလည်း သူပါပဲ။ သူတင်လား။ မဟုတ်ပါဘူး။ သူ့သမီး တက္ကသိုလ်ကျောင်းသူလေးကလည်း ဆရာ့ကို လာတွေ့ပြီး၊ သူ့ မုန့်ဖိုးစုငွေထဲက ကန်တော့သွားပါသေးတယ်။ သူ့အမေ၊ တက္ကသိုလ်ကျောင်းသူလေးရဲ့ အဘွားကလည်း ဆရာ့ကိုလာတွေ့ပြီး၊ ကျန်းမာချမ်းသာစေကြောင်း မေတ္တာပို့ဆုတောင်းပါသတဲ့။ ဒီလိုနဲ့ အချုပ်ခန်းကနေ ထောင်ကို ဆရာရောက်သွားပါ



www.burmesesclassic.com

www.burmesesclassic.com


တယ်။ ထောင်ရောက်တဲ့အခါ၊ ဆက်ဆံပုံက လုံးဝ ပြောင်းလဲသွားပါတော့တယ်။ ဆရာ ပုံစံထိုင်ရတယ်။ ပုံစံထိုင်နေတုန်း ကဗျာဆရာဆိုတာ ဘယ်သူလဲကွလို့ မိုက်မိုက်ရိုင်းရိုင်းမေးသံ ခံရပါတယ်။ အသက်ကြီးမှ တောင်ရေး မြောက်ရေး ရေးတာ ခင်ဗျားလားလို့လည်း အကြိမ်းခံရပါတယ်။ တန်းဖြုတ်တော့ ကဗျာဆရာနေခဲ့လို့လည်း အမိန့်ပေးခံရပြန်ပါသတဲ့။ ဆရာ့စိတ်မှာတော့ မိုက်ရိုင်းလှချေရဲ့လို့ ဒေါသတွေ တဟုန်းဟုန်းထနေခဲ့ပါတယ်။ တခြားသူတွေ ရှင်းသွားတဲ့အခါ၊ အဲဒီ မိုက်မိုက်ရိုင်းရိုင်း ပြောသူက ဆရာ့အနားကပ်လာပြီး၊ ဆရာ့လက်ထဲကို ကြွပ်ကြွပ်အိတ်တလုံး ထည့်လိုက်ပါတယ်။ ပြီးတော့ ဆရာ့ကိုနှစ်ကိုယ်ကြား တိုးတိုးလေးပြောလိုက်ပါသတဲ့။ "ဆရာ ... ဟောဒီမှာ ဆရာ့အတွက် ဆေးလိပ် ၂ စည်း၊ ထောင်ထဲမှာ ဒါက ပိုက်ဆံပဲ ဆရာ" ဆိုလိုက်ပါသတဲ့။

ကဗျာဆရာရဲ့စာဟာ သံတိုင်တွေကိုဖြတ်ပြီး၊ အချုပ်ခန်း ဟိုဘက်က မိသားစုတစုဆီ ရောက်သွားတယ်။ နှလုံးသားတွေကို ကိုင်လှုပ်လိုက်တာ မျိုးဆက်တဆက်တည်း မဟုတ်ဘူး။ ကြည့်စမ်း။ မျိုးဆက် ၃ ဆက်။ မြေး တက္ကသိုလ်ကျောင်းသူ၊ အမေ အရာရှိဇနီး၊ ပြီးတော့ ... အဘွား၊ ကဗျာဆရာရဲ့စာဟာ အုတ်နံရံကိုဖြတ်ပြီး၊ အကျဉ်းထောင်ထဲက သူ့ကို ဖမ်းဆီးရသူရဲ့ နှလုံးသားထဲရောက်သွားတယ်။ အကျဉ်းထဲ အကျပ်ထဲမှာ ကဗျာဖတ်သူက ဆေးလိပ် ၂ စည်းနဲ့ ကဗျာဆရာကို သူ ပူဇော်တယ်။ ဘယ်လောက် မင်္ဂလာရှိလိုက်လေသလဲ။ မြန်မာလူ့အဖွဲ့အစည်းအတွက် မင်္ဂလာအချိန်အခါကို ကဗျာအောင်စည်တီး ဆင့်ခေါ်နေတဲ့ ကဗျာဆရာအပေါ် မင်္ဂလာဂါရဝနဲ့ ညွတ်နူးတုံ့ပြန်ကြတာ မြန်မာ့ မင်္ဂလာတရား တရပ်ပေပဲပေါ့။ ကဗျာဆရာကြီးတင်မိုးဟာ မင်္ဂလာတရားကို အချုပ်ခန်းနဲ့ အကျဉ်းထောင်အထိ သယ်ဆောင်သွားသူတယောက်ဖြစ်တယ်။

ထောင်ကထွက်ပြီး လအနည်းငယ်လေးမှာပဲ ကဗျာဆရာကြီး တင်မိုးနဲ့ မန္တလေး တက္ကသိုလ် မြန်မာစာဌာနကို ကျွန်တော် လိုက်သွားဖူးပါတယ်။ ဆရာက ကျောင်းထိုင်ဘုန်းကြီး၊ ကျွန်တော်က ဘုန်းကြီးကျောင်းသားလေးလို။ ခန်းမကြီးတဖက်မှာ ဆရာမကြီးတွေက အလုပ်လုပ်ကြတယ်။ ခန်းမအလယ်မှာ ဆရာငယ်တွေ က စားပွဲရှည်ကြီးမှာ အလုပ်လုပ်နေကြတယ်။ ဆရာမကြီးတယောက်က ကျွန်တော်တို့ကို ခန်းမကြီးတဖက်ကို ခေါ်သွားပါတယ်။ ဆရာမကြီး နောက်က ဆရာ၊ ဆရာ့နောက်က ကျွန်တော်။ ဆရာငယ်တွေရဲ့ စားပွဲထိပ်နားအရောက်မှာ ဆရာမကြီးတယောက်က ဟောသလို ကြေညာလိုက်တယ်။

" ဒါ ... ကဗျာဆရာကြီး တင်မိုး "

ငုံ့နေတဲ့ ဆရာငယ်တွေရဲ့ခေါင်းတွေ ဆတ်ခနဲ မော့လာတယ်။ ပိတ်နေတဲ့ ပါးစပ်တွေ ပွင့်သွားတယ်။ "ဩော်" ဆိုတဲ့ အံ့သြတဲ့၊ လေးစားတဲ့၊ အနှစ်နှစ်အလလ က ရင်းနှီးပြီး တွေ့ဖူးချင်တဲ့ ပုဂ္ဂိုလ်ကို ရုတ်ခြည်းတွေ့လိုက်ရတဲ့အခါ၊ အံ့အားသင့်သွားတဲ့ အသံတိုးညင်းညင်းတွေ ကျွန်တော် ကြားလိုက်ရပါတယ်။ ပြီးတော့ ဘယ်သူကမှ မခိုင်းစေ မမှာကြားရပါဘဲ အလိုအလျောက်ပါပဲ ဆရာငယ်တွေဟာ ထိုင်နေရာက မတ်တတ်ရပ်လိုက်ကြတယ်။ ကဗျာဆရာကြီးတင်မိုး သူတို့ရှေ့မှာ ဖြစ်


www.burmesesclassic.com

**ဒါ ... ကဗျာဆရာ။ လူထု ကဗျာ ဆရာ။**
**ရင်ထဲမှာ ကျွန်တော် ကျူးရင့်လိုက်မိတယ်။**
**ခေါင်းတွေ ဆတ်ခနဲမော့။ ပါးစပ်တွေ ပွင့်။ ထိုင်ရာက ထကြွ။**
**လူထု ကဗျာဆရာဆိုတာ ဒါပဲဖြစ်တယ်။**
**ခေါင်းတွေ ဆတ်ခနဲ မော့။ ပါးစပ်တွေ ပွင့်။ ထိုင်ရာ က ထကြွ။**

လျှောက်နေပြီကိုး။

ဆရာက ခေါင်းတညိတ်ညိတ်၊ အပြုံးနဲ့ ပြန်နှုတ်ဆက်လို့။ ကျွန်တော်ကတော့ ဆရာယ်တွေရဲ့ကြိုဆိုပုံကို အံ့အားသင့်၊ ဝမ်းသာ၊ ကြည်နူး ... ။ ဒါ ... ကဗျာဆရာ။ လူထု ကဗျာဆရာ။ ရင်ထဲမှာ ကျွန်တော် ကျူးရင့်လိုက်မိတယ်။ ခေါင်းတွေ ဆတ်ခနဲ မော့။ ပါးစပ်တွေ ပွင့်။ ထိုင်ရာ က ထကြွ။ လူထု ကဗျာဆရာဆိုတာ ဒါပဲဖြစ်တယ်။ ခေါင်းတွေ ဆတ်ခနဲ မော့။ ပါးစပ်တွေ ပွင့်။ ထိုင်ရာ က ထကြွ။

ဆရာမကြီးတွေနဲ့ ကဗျာဆရာကြီး တင်မိုး ရှေးဟောင်းနှောင်းဖြစ်ပြောပြီးတဲ့အခါ၊ လာတဲ့အတိုင်း ကျွန်တော်တို့ ပြန်ကြပါတယ်။ ဒီအခါမှာတော့ ဆရာမကြီးက ဒါ ကဗျာဆရာကြီး တင်မိုးလို့ မကြေညာ

တော့ပါဘူး။ ဆရာယ်တွေကလည်း တပြိုင်တည်း မရပ်ကြတော့ဘူး။ ဒါပေမယ့် သူတို့ ရပ်တယ်။ ထိပ်ဆုံးမှာရှိတဲ့ ဆရာယ်က သူ့ရှေ့ကို ကဗျာဆရာကြီးဖြတ်တဲ့အခါ မတ်တတ်ရပ်လိုက်တယ်။ ကျော်သွားပြီးတော့ သူ ပြန်ထိုင်တယ်။ သူထိုင်ချိန်မှာ သူနဲ့ကပ်လျက် ဆရာယ်က မတ်တတ်ရပ်နေပြီ။ ဒီလိုနဲ့ ကဗျာဆရာကြီးတင်မိုး ဖြတ်လျှောက်နေတဲ့အချိန်တွေမှာ ဆရာ၊ ဆရာမယ်တွေက ထလိုက် ထိုင်လိုက်နဲ့ လှိုင်းလုံးကြီး တလုံးဟာ နိမ့်လိုက်မြင့်လိုက် ဖြတ်သွားနေသလိုပါပဲ။

အဲဒီ မန္တလေးတက္ကသိုလ်ထဲက လှိုင်းလုံးကြီးဟာ မြန်မာပြည်အနှံ့။ ဟော ... အခု နိုင်ငံတကာအနှံ့။ ဒါ လူထု ကဗျာဖြစ်တယ်။ ခေါင်းတွေ ဆတ်ခနဲမော့။ ပါးစပ်တွေ ပွင့်။ ထိုင်ရာက ထကြွ။ လှိုင်းလုံးကြီးတွေ လိမ့်တက်။ ဒါ လူထု ကဗျာဆရာဖြစ်တယ်။

ဘယ်က ဆရာ အားတွေရသလဲ ကျွန်တော် စဉ်းစားကြည့်တယ်။

ကဗျာဆရာရဲ့ နှလုံးသားဆိုတာ တိမ်တွေနဲ့ တူတယ်။ နူးညံ့တယ်။ ဖြူဖွေးတယ်။ လွင့်မျောတယ်။ ကောင်းကင်မှာနေတယ်။ အဲဒီ နှလုံးသားတိမ်တွေက လူတွေရဲ့စိတ်ကူးနဲ့ အဇ္ဈတ္တကို နှိုးဆွ၊ နိုးထစေတယ်။

ဒါပေမယ့် တိမ်တွေက တခုနဲ့တခု တူတာ မဟုတ်ဘူး။ တချို့က တစ်စ ... ... နှစ်စ၊ တချို့က တစ်ဆုပ် ... ... နှစ်ဆုပ်၊ တချို့က



www.burmesesclassic.com

www.burmesesclassic.com


တစ်အုပ် နှစ်အုပ်၊ တချို့က ဖြူတာလှည့်၊ ညို တာလှည့်။

အဲသလို အမျိုးမျိုးရှိကြတဲ့ တိမ်တွေကြား မှာ ဆရာ့ရဲ့နှလုံးသားကတော့ တိမ်တိုက်ကြီး ဖြစ်တယ်။ အမျိုးသားရနံ့နဲ့ လွင့်မျောနေတယ်၊ မိခင်ရဲ့နှလုံးသားလို နူးညံ့တယ်။ ကလေးရဲ့အပြုံး လို ဖြူစင်တယ်။ ကောင်းကင်မှာ ဖန်မီးအိမ် တလုံးနဲ့ လမင်းကို ဂီတဆက်ကပ်တယ်။

ကောင်းကင်မှာနေတဲ့အခါ လောကကို အပူဒဏ်က လွတ်အောင်၊ အဲဒီ နှလုံးသားတိမ် တိုက်ကြီးက ပြည်သူကို ကာကွယ်ပေးတယ်။ အမှောင်ချဉ်းလာတဲ့အခါ၊ ပြည်သူအပေါ် အလင်း ကို ဖွင့်ပေးတယ်။ ခပ်မဆိတ်ငြိမ်သက်နေတဲ့အခါ၊ ထစ်ချုန်းခေါ်သံ ဆင့်တယ်။ လူသားနဲ့လောကကို စော်ကားလာကြတဲ့အခါ၊ အဲဒီတိမ်တိုက်ကြီးက မုန်တိုင်းဖြစ်သွားတတ်တယ်။

ဒါတင်မကဘူး။ အဲဒီ တိမ်တိုက်ကြီးက မိုး အဖြစ်လည်း မြေကို ဆင်းတတ်ပေသေးရဲ့။

ဖိနှိပ်ရက်စက်မှုတွေ ကြမ်းရမ်းလာတဲ့အခါ၊ အဲဒီ မိုးက ဒေါသမျက်ရည်ဖြစ်တယ်။

မြေပတ်ကြားအက်၊ ခေါင်ချက် ရက်ဆက် လာတဲ့အခါ၊ အဲဒီ မိုးက ပင်ပျိုရွက်နုသစ်စေ တယ်။

ဆာလောင်မွတ်သိပ်မှုနဲ့ ကလေးတွေ ငိုညည်းနေတဲ့အခါ အဲဒီမိုးက ကာရန် ပုလဲပုတီး စေ့တွေ သီတယ်။

စာသင်ကျောင်းတွေမှာ မြန်မာကျောင်း သားတွေ ရှင်သန်နေတဲ့အခါ၊ အဲဒီ မိုးက ဝမ်းသာ မျက်ရည်တွေ ဖြစ်သွားပြန်တယ်။

မြန်မာ ကဗျာဆရာကြီး တင်မိုး ကွယ်လွန် သွားခဲ့ပါတယ်။ ရုပ်ကမ္ဘာ ရုပ်လောကမှာ သဘာဝဓမ္မနဲ့ လျော်ညီစွာ သူ့သက်တမ်းက အကန့်အသတ် ရှိခဲ့ရတယ်။ ဒါပေမယ့် မြန်မာ ပြည်သူတွေရဲ့ စိတ်ကမ္ဘာ၊ စိတ်လောကမှာတော့ ကဗျာဆရာကြီး တင်မိုးရဲ့ သက်တမ်းက အကန့် အသတ်မဲ့၊ အနန္တမ ဖြစ်တယ်။ ရုပ်ကမ္ဘာ၊ ရုပ် လောကမှာ ကဗျာဆရာကို ဝေဒနာရောဂါက ရုတ်ခြည်း တိုက်ခိုက်သတ်ပစ်နိုင်တယ်။ ဒါပေမယ့် မြန်မာပြည်သူတွေရဲ့ နှလုံးသားကမ္ဘာ၊ နှလုံးသား လောကမှာတော့ အမှန်တရား၊ တရားမျှတမှု၊ လွတ်လပ်ခွင့်၊ ငြိမ်းချမ်းရေးနဲ့ မေတ္တာတရားကို ဘယ်မိစ္ဆာမှ သတ်လို့ မရသလိုပဲ၊ ကဗျာ ဆရာကြီး တင်မိုးက ရှင်သန်နေဆဲဖြစ်တယ်။

ဒါကြောင့် ... ...

ကဗျာဆရာ တင်မိုး မကွယ်လွန်သေးဘူး။

ကဗျာဆရာ တင်မိုး မကွယ်လွန်သေးဘူး။

ကဗျာဆရာ တင်မိုး မကွယ်လွန်သေးဘူး။

❑ ❑ ❑ ❑


www.burmesesclassic.com

www.burmesesclassic.com




နန်းညွန့်ဆွေ

# နန်း စွမ်း ဂျမ်း

မှတ်မိသေးတယ် ဆရာဂျမ်းရယ် ...

စာပေလုပ်သားခေတ်၊ ဟောပြောပွဲတွေ ခေတ်စားနေတဲ့အချိန်ကပေါ့။ နှစ်ကိုတော့ မမှတ်မိဘူး၊ ဟန်ဇာအက မောင်ရွှက်ဦး ဖိတ်တဲ့ပွဲလေ။ ဆရာနန်း၊ ဆရာဂျမ်း၊ ဆရာစွမ်း၊ ကိုနေမျိုး၊ ချစ်ဦးညိုနဲ့ မင်းသား ကိုမြတ်လေး၊ ခြောက်ယောက်ဆုံကြတဲ့ပွဲမှာ ကျွန်တော်က အသက်အကြီးဆုံးဆိုတော့ ခေါင်းဆောင်နေရာက ထားကြတယ်။

ကျွန်တော်ကလည်း ခင်ဗျားတို့ စိတ်ရှိလက်ရှိပြောကြပါ၊ ကျွန်တော် နောက်ဆုံးမှ အချိန်ကြည့်ပြီး တိုတိုပြောမယ်လို့ ကတိပေးထားတယ်။ ကိုနေမျိုးက ခေတ်ပေါ်ဝတ္ထုများအကြောင်း၊ ဆရာစွမ်းက စာပေ အတွေးအခေါ်နှင့် ဝေဖန်ရေး၊ ဆရာဂျမ်းက ခေတ်စမ်းကဗျာပေါ်လာပုံ၊ ချစ်ဦးညိုက လက်ာဒီပချစ်သူ၊ ကိုမြတ်လေးက ကဗျာနှင့် ဂီတအကြောင်း၊ နောက်ဆုံးမှာ ကျွန်တော်က ရွှေတိုက်စိုး ဦးတိုးရဲ့ သဇင်ပန်းဖွဲ့ ရကန်ကို ရွတ်ပြပြီး နိဂုံးချုပ်ပါတယ်။

ဟန်ဇား၊ သာစည်မှာ ဟောပြီးတော့ နောက်နေ့မနက်မှာ ညောင်ရမ်းမင်းသားကြီးရဲ့ ညောင်ရမ်းမြို့ အထက မှာ နံနက်ပိုင်း ဟောကြတယ်။ ပွဲပြီးတော့ နံနက်စာကျွေးတယ်၊ ရှားရှားပါးပါး ချိုးကြော်၊ စာကလေးကြော်နဲ့ ဟင်းမျိုးစုံပါတယ်။ ကျွန်တော်ကတော့ ခေါင်းတုံးပြောင်ပြောင်နဲ့ ချိုးကလေးတွေ၊ စာကလေးတွေကို ကြည့်ပြီး သနားနေတယ်၊ မစားရက်ဘူး။ ဟင်းချိုနဲ့ ဟင်းရွက်ကြော်ကလေးလောက်ပဲ စားတယ်။ ဆရာက သိပ်အစားနည်းတယ်နော် လို့ သူတို့ကပြောကြတယ်။ အချိုပွဲမှာ သီးမွှေး ငှက်ပျောသီးကြီးတွေ ပါလာပြန်တယ်။

ညောင်ရမ်းမှတစ်ခါ မီးရထားလမ်းက ရှမ်းပြည်ဘက်ကိုခွဲတက်တဲ့ 'လှိုင်းတက်' မြို့ကလေးကို ဆက်ကြပြန်တယ်။ အဲဒီရောက်တော့ ကိုမြတ်လေးက သူတို့မပြောတော့ဘူးလို့ ဆိုတယ်။ ကျွန်တော်က ကိုမြတ်လေးရယ်၊ ခင်ဗျားတို့လို နိုင်ငံကျော်ရုပ်ရှင်မင်းသားတစ်ဦးကို ပရိသတ်က တွေ့ချင်ကြမှာပေါ့၊ စင်ပေါ်တက်မျက်နှာပြပြီး ခြားနားချက် သီချင်းလေးတစ်ပုဒ်လောက်တော့ ဆိုပြလိုက်ပါ။ သူတို့အားလုံးပြီးမှ ခင်ဗျားပြောပါ ဟု မေတ္တာရပ်ခံရတယ်။

နေလုံးကြီးက အနောက်ဘက်သို့နိမ့်ဆင်း


www.burmesesclassic.com

www.burmesesclassic.com


နေပြီ၊ ကိုမြတ်လေးက အာတွေ့သွားပြီး ရုပ်ရှင်အကြောင်း၊ ဂီတအကြောင်း တွေအားရပါးရ ပြောနေသည်။

‘ပန်းကလေးလိုလှနေတာပဲ တွေ့မြင်ချင်သည်၊
ပန်းကလေးလို ညှိုးမှာကိုလည်း စိုးရိမ်ပါသည်
(မခင်နှင်းဆီ)၂ လှစမ်းပါ ပန်းလောက် စောင့်ကြည့်နေမည်၊
နောင်တော့သာအလိုမကျရင်၊ သင့်ဘဝအတွက်ပဲ တွေးကာ ငိုမိမည်’

ပရိသတ်တွေ ငြိမ်နေရာမှ လက်ခုပ်သံတွေပေါ်လာသည်။ ကောင်းလိုက်တာ ကိုမြတ်လေးရယ်ဟု ချီးကျူးရသည်။ နေလုံးနီနီ၊ ညနေစောင်းတော့ အမေ့ကျောင်းကို သွားရမယ်။

အချိန်လေးရသည့်အခိုက် သူတို့နဲ့စပ်တာကိုပြောမည်လို့ စိတ်ကူးပြီး ရတနာပုံနေပြည်တော်အိမ်ရှေ့က ကနောင်မင်းသားကြီးရဲ့သားတော် လင်းပင်မင်းသားကြီးရဲ့ ရှမ်းပြည်ဘက်က တော်လှန်ရေးအင်အားစုအကြောင်း ချုပ်၍ပြောခဲ့ပါတယ်။ သီပေါမင်းကိုဖမ်းသွားပေမယ့် အင်္ဂလိပ်အစိုးရဟာ ရှမ်းပြည်ဘက်ကို တက်မလာနိုင်အောင် နတ်ထိပ်တောင်ကြားလမ်းက ဆီးဆို့ထားကြတယ်။

မေဂျာဟိုက်ဒါပရင်ဟာ အိန္ဒိယမှ စစ်သား ၄၀၀၀ ကျော်ကိုငှားပြီး တောင်ပေါ်ပစ်အမြောက်ရိုင်ဖယ်သေနတ်တွေနဲ့ ချီတက်လာကြတယ်။ နတ်ထိပ်တောင်ကြား ဆုတ်လာခဲ့ပြီး မြက်ခါးအင်း၊ ရေဖြူကြီး၊ ရွာငံ၊ ဇောခိသတ်ဘုရားမှာ တိုက်ပွဲတွေဖြစ်ကြတယ်။ နောက်ဆုံးမှာ လင်းပင်မင်းသားကြီးနဲ့ မိုးနဲစော်ဘွားဟာ ဖျားနေတဲ့အတွက် ငြိမ်းချမ်းရေးကို လက်ခံလိုက်ရတယ်။ လင်းပင်မင်းစားကြီးကို ရန်ကုန်သို့ခေါ်လာပြီး ခဏထားကာ အိန္ဒိယပြည် ဗာရပ်ပူမြို့ကို ပို့လိုက်တယ်။

လင်းပင်မင်းသားကြီးနဲ့ ရေနံ့သာခင်ခင်ကြီးတို့မှ ထိပ်တင်မကြီးနဲ့ ထိပ်တင်မလေးကို ဖွားမြင်တယ်။ ထိပ်တင်မလေးဟာ ရန်ကုန်မြင်းပွဲမှာ လက်မှတ်ရောင်းတဲ့ ဩစတြေးလျယားလူမျိုး မစ္စတာ ‘ဘာလာမီ’နဲ့ ၁၉၂၈ ခု စက်တင်ဘာလမှာ လက်ထပ်တယ်။ ၁၉၃၀ ခုနှစ်မှာ ရတနာနတ်မယ် ကို ဖွားတယ်။

အခု ကျွန်တော်ပြောခဲ့တာ ရတနာပုံနေပြည်တော်ကြီးကနေပြီး ရတနာနတ်မယ်ရောက်လာပြီ၊ ရှေ့ဆက်ပြောရင် အန္တရာယ်နဲ့မကင်း ဖြစ်မှာကြောင့် ဒီနေရာမှာပဲ နိဂုံးချုပ်ပါတယ်။

နေဝင်ဖြိုးဖျအချိန်ရောက်နေပြီ။ ကျောင်းဆရာတစ်ယောက်က လာပြောတယ်။ ကျွန်တော်တို့တောတက်တဲ့အခါ ရောက်တဲ့နေရာတွေကို ဆရာက သိနေတယ်နော် … တဲ့။ ဟုတ်လား၊ မေဂျာကရော့စ်ဝိတ်ရေးတဲ့ လင်းပင်မင်းသားကြီးရဲ့ တော်လှန်ရေးအင်အားစု (Linbin Confederacy) စာအုပ်ကိုဖတ်ပြီး ရေးတာပါလို့ ဖြေလိုက်ရတယ်။

ဆရာ ကိုဘဂျမ်း (ကဗျာဆရာ တင်မိုး) ကောင်းရာသုဂတိ သို့ ရောက်ရှိပါစေ။


ရေးဘော်ကြီး …

နန်းညွန့်ဆွေ



www.burmesesclassic.com

# ထာဝရ ထွန်းတောက်နေမယ့် ဖန်မီးအိမ်



ဖိုးသံ (လူထု)

ကိုဘဂျမ်းရဲ့ 'ဖန်မီးအိမ်' ကဗျာစာအုပ် ထွက်တော့ ကျနော် ၈ တန်း တက်နေတာပါ။ အဲဒီတုန်းက ကျနော်ဟာ ဝတ္ထုနဲ့ ဆောင်းပါး တော့ ဖတ်ပါရဲ့၊ ဒါပေမယ့် ကဗျာဆိုလို့ ကျောင်းစာကလွဲလို့ မဖတ်ဖူးသလောက်ပါပဲ။ ဆရာမင်းသုဝဏ်ရဲ့ ကဗျာ အနည်းအပါးတော့ ဖတ်ဖူး၊ ကျက်မှတ်ဖူးပါတယ်။ ဒါပေမယ့် မောင်ခွေးဖို့ကဗျာများထဲကသာ များပါတယ်။ ဒီလိုနဲ့ ကိုဘဂျမ်းရဲ့ ဖန်မီးအိမ် ထွက်လာတော့ ကျနော်တို့အိမ်ထဲမှာ ချီးကျူးသံတွေ နားလျှံအောင် ကြားလာရပါတယ်။ ဒီအထဲမှာ ကျနော့်အမေက ထိပ်ဆုံးကပါ ပါတယ်။ ဘယ်အပုဒ်ကလေးကဖြင့် ဘယ်လို၊ ကောင်းလွန်းလို့ … ကောင်းလွန်းလို့နဲ့။ အယ်ဒီတာခန်းမှာလည်း ပြောကြ၊ ထမင်းစားကြရာမှာလည်း ပြောကြ၊ အဲဒီအထဲက အပိုဒ်တွေ စာကြောင်းတွေ ရွတ်ပြကြ၊ ကိုးကားကြနဲ့၊ ကြားရဖန်များတော့ ခရစ်ယာန်သာသနာပြုကျောင်းသား ကျနော်လည်း စိတ်ဝင်စားလာပါတယ်။ ဒါနဲ့ အမေ့ကိုကပ်ပြီး ဘယ်အပုဒ်ဖတ်ရမလဲလို့ မေးခဲ့ပါတယ်။ ဒီတော့ အမေက ဘယ်အပုဒ်က ဘယ်လိုကောင်းတာဆိုပြီး ထောက်ပြ၊ ရှင်းပြပြီး ဖတ်ဖြစ်အောင် ဖတ်ဖို့ တိုက်တွန်းပါတယ်။ စာအုပ်ထဲက သူ့ကိုယ်တိုင် အလွှတ်ရနေတာလေးတွေလည်း ရွတ်ပြပါ



www.burmesesclassic.com

www.burmesesclassic.com


တယ်။ ဒီလိုနဲ့ ကျနော်တို့မောင်နှမတွေ၊ အကြီးတွေ အားလုံး ဖန်မီးအိမ်စာအုပ်ကို အားတက်သရော ဖတ်ကြပါတယ်။

သူ့ရဲ့ ဖန်မီးအိမ်ကဗျာများ ပထမအကြိမ်ရိုက်ခြင်းဟာ ကရောင်း ၁၆ ချိုးအရွယ်၊ အများအခေါ် ဝတ္ထုဆိုက်လေးပါ။ အဖုံးက အဲဒီခေတ် မန္တလေးတက္ကသိုလ် နံရံကပ်စာစောင်တွေနဲ့ နှစ်လည်မဂ္ဂဇင်းတွေမှာ အစွမ်းပြနေတဲ့ ရွှေဘိုက ကိုစိန်မောင်ဖြစ်ပါတယ်။ ကိုစိန်မောင်ဟာ ကျောင်းသားညီညွတ်ရေးတပ်ဦးအတွက်လည်း ပိုစတာတွေ၊ ပန်းချီတွေ ရေးပေးတတ်ပါတယ်။ ကိုစိန်မောင့် လက်ရာက ပန်းချီ(ဦး)အောင်စိုးဟန်နဲ့ အဖြူရောင်နောက်ခံမှာ အနီရောင်နဲ့ အနက်ရောင်အသုံးပြုပြီး ဆွဲထားတဲ့ ဖန်မီးအိမ်လေး ဖန်လဲ့လဲ့ကို ဆွဲထားတာဖြစ်ပါတယ်။ ကဗျာစာအုပ်အဖုံး ပီပြင်လှပါတယ်။

အဲဒီလိုနဲ့ ကျနော့်ဘဝမှာ ဖန်မီးအိမ်လေး ထွန်းညှိလိုက်တဲ့အခါမှာ ကျနော့်ခေါင်းနဲ့ နှလုံးသားထဲမှာ မကြုံစဖူး လင်းထိန်သွားပြီး ဒီနေ့အထိအလွတ်ရနေတဲ့ ကဗျာတွေကို ဖတ်မိ၊ အလွတ်ကျက်မိပါတော့တယ်။ ကျောင်းစာအပြင်က ကဗျာတွေထဲမှာ အထက်ကပြောခဲ့တဲ့ ကလေးကဗျာတွေက လွဲရင် ကျနော်ပထမဆုံး အလွတ်ကျက်ခဲ့၊ ရခဲ့တာဟာ ဖန်မီးအိမ်စာအုပ်ထဲက ကဗျာတွေပဲလို့ဆိုရင် မမှားပါဘူး။

ကျနော် ခေတ်ကဗျာကို ကြိုက်တတ်သွားပါပြီ။ ကဗျာရေးချင်စိတ်လည်း ပေါ်လာခဲ့ပါပြီ။

တကယ်တော့ အဲဒီအခါက ကိုဘဂျမ်းဟာ လူထုဂျာနယ်ထဲမှာ နာမည်အမျိုးမျိုးနဲ့ ရေးနေတာ နှစ်တချို့ရှိသွားပါပြီ။ ဒါပေမယ့် သူ့ကဗျာတွေကို ကျနော် သတိမပြုတာအမှန်ပါ။ အကြောင်းက ကျနော်က လူထုဂျာနယ်ကိုဖတ်ရင် (ဦးလေး)ကျားဘညိမ်းရဲ့ လက်ဗွေ့ ဆောင်းပါး၊ ရွှေကိုင်းသားရဲ့ ဆောင်းပါး၊ ဝတ္ထု စတာတွေလောက် ဖတ်တာပါ။ စာဖတ်ပါး လုံးဝ မဝသေးတဲ့အရွယ် ဖြစ်ပါတယ်။ ဒါကြောင့် ကိုဘဂျမ်းကိုလည်း မမြင်ဖူး၊ ဒါမှမဟုတ် မြင်ဖူးသော်လည်း သတိမထားမိဖူးပါဘူး။ ပထမဆုံးတွေ့ဖူးတာက သူ့ ဖန်မီးအိမ် ဆုရတယ်ဆိုတဲ့သတင်းကို ရေဒီယိုကကြားရပြီးနောက် တနေ့မှာ သူရယ်၊ ကိုသာနိုးရယ်၊ နောက်တစ်ဦးက ကိုစိန်မြင့် (မောင်မိုးသူ) လို့ထင်တယ်၊ သုံး–လေးယောက် ကျနော်တို့အိမ်ကိုလာပြီး ကျနော့်အဖေနဲ့အမေကို တွေ့ကြပါတယ်။ မှတ်မှတ်ရရ ညဦးပိုင်းတစ်ခုမှာပါ။

ကျနော်အမှတ်မမှားရင် ကိုသာနိုးက အဲဒီတပိုက်တုန်းက ကျနော်တို့အိမ်က အယ်ဒီတာအဖွဲ့မှာ အလုပ်လုပ်နေပါတယ်။ နေ့တိုင်း တွေ့နေရတဲ့လူပါ။ နောက်ပြီး မှန်တာပြောရရင် အဲဒီတုန်းက ကျနော်တို့အရွယ်နဲ့ သူ့အရည်အသွေးတွေကို မသိပါဘူး။ ထောင်တန်းအကျခံထားတဲ့ ကျောင်းသားခေါင်းဆောင်ဟောင်းတစ်ယောက် ဆိုတာလောက်ပဲ နားလည်ထားတာပါ။ ကိုစိန်မြင့်ကတော့ (ကျနော့်အမေစကားနဲ့ ပြောရရင်) သူ့အဖေ ကိုဗတုတ် (တောထဲမှာ ကျဆုံးသွားသူ) ဲ့ လူထု

www.burmesesclassic.com


တိုက်ကို ဝင်ချင်တဲ့အချိန် ဝင်လာပြီး ထွက်ချင်တဲ့ အချိန် ပြန်ထွက်သွားတဲ့ အိမ်သားတစ်ယောက် လို နေတဲ့လူပါ။

သူတို့လာတယ်ဆိုတာနဲ့ အမေက ကျနော် တို့ကို မင်းတို့တွေ့ဖူးချင်တဲ့ မောင်ဘဂျမ်းတို့လာ တယ်ဟေ့လို့ လှမ်းပြောပြီး သူတို့စောင့်နေတဲ့ ည့ေခန်းထဲကို ဝင်သွားပါတယ်။ ဒီအခါမှာ ကျနော်တို့မောင်နှမတွေ အကြီးအကျယ် လှုပ်ရှားကုန်ပါတော့တယ်။ ကျနော်ရယ်၊ ကျနော့် အစ်မရယ်၊ ကျနော့်နှမရယ် ခေါင်းချင်းရိုက် တိုင်ပင်ပြီး ကိုယ့်မှာရှိတဲ့ အော်တိုစာအုပ်လေး

ဆိုတာကို ကျနော်တို့က သိပ်သဘောမတူချင် ကြပါဘူး။ သူတို့က အမြဲမြင်တွေ့နေတဲ့လူတွေ ကိုး။

ကိုဘဂျမ်းက ကျနော့်အစ်မ အော်တို စာအုပ်ထဲမှာ ရေးပေးပြီးတဲ့နောက် ကျနော့် စာအုပ်ထဲမှာ ရေးပေးပါတယ်။ ကလေးတွေမို့ ပေါ့ပေါ့တန်တန်၊ ပြီးစလွယ်ရေးပေးတာ မလုပ် ပါဘူး။ သူ့ရဲ့ရေးနေကျ လက်ရေးဝိုင်းဝိုင်းကြီး တွေနဲ့ စာကြောင်းလေးတိုတိုကို ဖြည်းဖြည်းနဲ့ မှန်မှန် ရေးပေးပါတယ်။

**သူ့ရဲ့ရေးနေကျ လက်ရေးဝိုင်းဝိုင်းကြီးတွေနဲ့**
**စာကြောင်းလေးတိုတိုကို**
**ဖြည်းဖြည်းနဲ့ မှန်မှန်ရေးပေးပါတယ်။**
**"ရိုးသားမှုသာ ချစ်စရာ" တဲ့။**

တွေထုတ်ပြီး ည့ေခန်း တံခါးပေါက်ဘေး၊ အခန်း စည်းနောက်ကနေ ပြူတစ်ပြူတစ်လုပ်ကြပါ တယ်။ ဒီအခါမှာ ကျနော်တို့ကိုလှမ်းမြင်တဲ့ အမေ က "ဟဲ့ ... ဘာကြည့်နေတာလဲ၊ ဝင်ခဲ့ကြလေ" လို့ လှမ်းခေါ်ပါတယ်။ ပြီးမှ ည့ေသည်များဘက်ကို လှည့်ပြီး "ဟောဒီမှာ ... မောင်ဘဂျမ်းကို တွေ့ဖူး ချင်လို့တဲ့" ဆိုပြီး ဒီဟာက ဘယ်သူ၊ ဟိုဟာက ဘယ်ဝါဆိုပြီး မိတ်ဆက်ပေးပါတယ်။ ဒီတော့မှ ကျနော်တို့ကလည်း ကိုယ့်နောက်မှာ ဝှက်ထား တဲ့ အော်တိုစာအုပ်လေးတွေ ထုတ်ပေးပြီး အော်တိုရေးပေးဖို့ မဝံ့မရဲပြောကြပါတယ်။ အဲဒီ တုန်းက ကိုသာနိုးနဲ့ ကိုစိန်မြင့်က ရေးပေးမယ်

"ရိုးသားမှုသာ ချစ်စရာ" တဲ့။

ဝမ်းသာလိုက်တဲ့ဖြစ်ခြင်း။ သူနဲ့ပတ် သက်ပြီး ကျနော်တို့မောင်နှမတွေ ကြားဖူး ထားတာကိုက "တင်မိုးဆိုတဲ့လူဟာ သူ့ကဗျာ လေးတွေ လှပဆန်းညွန့်သလောက် သူကိုယ် တိုင်ကတော့ အနေအထိုင် အပြောအဆို ဘယ့် ကလောက်၊ ဘယ်ကလို ရိုးသားတာ" ဆိုတာ မျိုးတွေ မဟုတ်လား။ ဒါကြောင့် သူ့ဆောင်ပုဒ်လို့ ဆိုရမယ့် စကားရပ်ကို အခုလိုလှလှလေး ရေးပေး လိုက်တော့ ကျနော့်တသက် မမေ့နိုင်စရာဖြစ် သွားပါတော့တယ်။ အဲဒီနောက် ကျနော်လည်း


www.burmesesclassic.com

အော်တိုစာအုပ်ကို သူ့လက်ထဲကပြန်ယူပြီး နောက် သူ့မျက်နှာကို ပြန်ကြည့်လိုက်ပါတယ်။ သူ့ရဲ့ စံကျလှတဲ့၊ ကြင်နာမှုအပြည့်ပါတဲ့၊ တကယ့် ကိုရိုးသားတဲ့ အပြုံးကို တွေ့ရပါတယ်။

အဲဒီနောက် ကျနော်တို့ မောင်နှမတတွေ သူရေးပေးလိုက်တဲ့ အော်တိုလေးတွေကို တစ်ယောက် တစ်ယောက် ပြကြ၊ သူများတွေကို ပြကြနဲ့ တကယ့်ကို ကလေးတွေလို ပျော်သွားကြပါတယ်။ ဂုဏ်လည်း ယူကြပါတယ်။ ဖတ်ရတဲ့လူတိုင်းကတော့ အဲဒီ “ရိုးသားမှုသာ ချစ်စရာ” ဆိုတာလေးကိုပဲ ကောင်းလိုက်လေ လို့ မှတ်ချက်ချကြပါတယ်။

ဒီလိုနဲ့ ကျနော်လည်း ဖန်မီးအိမ်ထဲက မနည်းလှတဲ့ ကဗျာတွေကို အလွတ်ကျက်ပြီး တက္ကသိုလ် ဝင်တန်းကို ရောက်လာပါတယ်။ ကျနော်တို့ခေတ်က ၉ တန်းနဲ့ တက္ကသိုလ်ဝင်တန်း တက်ရပါတယ်။ တက္ကသိုလ်ဝင် စာမေးပွဲကြီးနီးတော့ ကျနော်က မနက် ကျောင်းမတက်ခင် ကျောက်သင်ပုန်းကြီးပေါ်မှာ ဖန်မီးအိမ်ထဲမှာပါတဲ့ နွယ်သာကီသံဖြတ်တစ်ပုဒ်ထဲက ...

**“အလို ... ဖရက်ရှာလေး**
**ရက်ကြာမနေးစေနှင့်**
**အထက်အညာကျေး တက္ကသိုလ်မကိုဋ်ဆီက**
**ရှေ့ညာသူ ပျိုဖြူတသိုက်ကယ်တို့**
**အမျှော်စိုက်ကာ ရှင်ချိုချိုပ**
**သပြေညို ရွှေဘိုပန်းရယ်နဲ့**
**လက်ကမ်းကာ ကြိုနှင့်မယ်လေး”**
***(စာသား နည်းနည်း မှားနိုင်ပါတယ်)***

ဆိုတဲ့အပိုဒ်ကို ရေးထားလိုက်ပါတယ်။ ခရစ်ယာန်သာသနာပြု ကျောင်းသား၊ ကျနော့်သူငယ်ချင်း တွေက ဒါကိုတွေ့တော့ ကိုယ့်ဘဝနဲ့ တိုက်ရိုက်ဆက်နေတာမို့ ချက်ချင်းနားလည် ခံစားနိုင်လို့ သိပ် သဘောကျသွားပြီး ကျနော့်ကို အတိတ်ကောင်း နိမိတ်ကောင်း ဆောင်လာတယ်လို့ ကျေးဇူးတင်ကြ ပါတယ်။

**အရွယ်ရောက်တဲ့၊**
**အပြင်စာဖတ်တဲ့ လူတိုင်းလိုလိုပဲ**
**‘ဆေးလိပ်လည်းတို’ ကိုတော့ အလွတ်ရတာချည်းပါပဲ။**



www.burmesesclassic.com

www.burmesesclassic.com


အဲဒီနောက် ကျနော်မန္တလေး တက္ကသိုလ်ကိုရောက်တော့ ဥပစာပထမတန်းသားပီပီ လက်ချာယူဖို့ ဟောလ်ကြီး ဟောလ်ငယ်တွေကို အပြေးအလွှား အတန်းကူး သင်ရပါတယ်။ ဒီအခါမှာ ကျနော်သတိထားမိတာက (ကိုယ်ကလည်း ကဗျာရူးစပြုနေပြီဆိုတော့) စာသင်စားပွဲပေါ်မှာ ကဗျာတို ကဗျာစ ဖြစ်ဖြစ်၊ မိန့်ဆိုချက် ဖြစ်ဖြစ်၊ တခုခုရေးမယ်လုပ်လိုက်တိုင်း ကိုဘဂျမ်းရဲ့ ညှော့်သည်ကြီးကဗျာထဲက 'ဆေးလိပ်လည်းတို၊ နေလည်းညို' ဆိုတဲ့အပုဒ်ကို တစ်ယောက်ယောက်က ရေးထားတာ တွေ့ရတာပါပဲ။ အိမ်သာ တွေထဲမှာလည်း ရေးထားလိုက်တာ အနေရာရာပါပဲ။ နောက်ဆုံးကုန်ကုန်ပြောရရင် ကျနော်ထောင်ထဲရောက်တော့ တိုက်နံရံတွေပေါ်မှာတောင် တွေ့ရပါတယ်။

ဒီနေ့မြန်မာပြည်မှာ ကဗျာနဲ့ပတ်သက်လို့ ငြင်းကြခုံကြ၊ တိုက်ကြခိုက်ကြ၊ ဘာတွေပဲ ပြောနေနေ၊ ဘယ့်ကလောက်ပဲ ကွဲနေနေ၊ ကိုဘဂျမ်း ကဗျာတွေနဲ့ပတ်သက်လို့ကတော့ ဘယ်သူ၊ ဘယ်ဂိုဏ်းကမှ အငြင်းမပွားကြပါဘူး။ အရွယ်ရောက်တဲ့၊ အပြင်စာဖတ်တဲ့ လူတိုင်းလိုလိုပဲ 'ဆေးလိပ်လည်းတို' ကိုတော့ အလွတ်ရတာချည်းပါပဲ။

ပြီးတော့လည်း ... ကမ္ဘာ့နေရာအနှံ့အပြားကို မြန်မာပြည်သားတွေရောက်လေတိုင်း မြန်မာစာ၊ မြန်မာကဗျာရယ်လို့ သူများတွေအကြားမှာ မော်စရာကြွားစရာအဖြစ် ဖော်ထုတ်ကြတိုင်း ကိုဘဂျမ်းကဗျာတွေ ထိပ်ဆုံးက ပါနေတာပဲ မဟုတ်ပါလား။

တကယ့်ကို ခြေတံရှည်၊ ခြေလှမ်းများတဲ့ ဖန်မီးအိမ်ပါ။

ခုတော့ဖြင့် ဖန်မီးအိမ်ရှင် မရှိတော့ပါ။ ဒါပေမယ့် ဖန်မီးအိမ်လေးကဖြင့် မြန်မာပြည်သားတွေရဲ့ နှလုံးသားတွေထဲမှာ ထာဝရ ထွန်းတောက်နေပါလိမ့်မယ်။ ။

❑



www.burmesesclassic.com

www.burmesesclassic.com



www.burmesesclassic.com

www.burmesesclassic.com




ပေဒါရီ

# အလင်းဖြာသဲ့ ဖန်မီးအိမ်

ဖန်မီးအိမ်ကို ထွန်းညှိခဲ့တဲ့သူ အဝေးကို ထာဝရ ထွက်ခွာသွားပြီတဲ့။ ရုတ်တရက် မမျှော်လင့်ထားတဲ့သတင်းမို့ ခဏတော့ မှင်သက်မိသွားတယ်။ ဒါပေမယ့် 'ကွေးသောလက် မဆန့်ခင်' ဆိုတဲ့ အနိစ္စတရားဟာ လူတိုင်းအချိန်မရွေး ရင်ဆိုင်ရနိုင်တာပဲဆိုတဲ့အသိက သူသွားပြီ ဆိုတာကို လက်ခံလိုက်ရတယ်။ ချက်ချင်းဆိုသလို မိုးမိုး (အင်းလျား) ရုတ်တရက် ထွက်ခွာသွားစဉ်က၊ သူရေးခဲ့တဲ့ ...

'ချစ်သူတို့သက်တမ်းတို့၏
မုန်းသူတို့ သက်တမ်းရှည်၏
ကြေကွဲ၍ မဆုံးပါ' ... ဆိုတဲ့ စာလေးတွေကို ပြန်သတိရမိပါတယ်။ သူ့အတွက်လည်း ကြေကွဲ၍ မဆုံးပါ။ သူချစ်တဲ့ အမိမြေကို သူမြင်ချင်တဲ့ အနေအထားနဲ့ မမြင်ရခင် သူသွားရပြီ။ သူချစ်ခင်လှတဲ့ သမီး၊ မြေးတွေ၊ မိတ်ဆွေ ရောင်းရင်းတွေက တနေ့နေ့ ပြန်ဆုံကြမယ် စိတ်ဖွဲ့ခတ်ထားပေမယ့်၊ မတွေ့နိုင်တော့ဘူး။



www.burmesesclassic.com

www.burmesesclassic.com


သူလည်း မိုးမိုးလိုပဲ၊ ရုတ်တရက် သွားပြန်ပါပြီကော။

သူ့သက်တမ်းဟာ ၇၃ နှစ်ကျော်ပြီမို့ မိုးမိုးလို သက်တမ်းတိုလှပါကလား မပြောသာပေမယ့်၊ သူ့လို လူကောင်းတစ်ယောက်ကို ဆက်ရှင်သန်စေချင်တာတော့အမှန်ပါ။

တနေ့ တနေ့ သောက်လိုက်တဲ့ ဆေးလိပ်နဲ့ စီးကရက်တွေ အပေါင်းအသင်းတွေနဲ့ လက်ဖက်ရည်ကလည်း တစ်ခွက်ပြီးတစ်ခွက် ပိတောက်ပန်းများ လန်းရာမြေမှာ သူရှိစဉ်က တွေ့ကြုံရတာမို့ ...

"ဆရာရယ် ဆေးလိပ်တွေ လျှော့သောက်ပါ။ လက်ဖက်ရည်တွေလည်း လျှော့သောက်ပါ။ ဆရာ ဝ လာတာလည်း သိပ်မကောင်းဘူး" ... လို့ ဆရာလုပ်မိတော့၊ သူက ထုံးစံအတိုင်း မျက်လုံးလေးပိတ်တဲ့အထိ ရယ်မောနေတယ်။

ဟိုမှာလည်း စီးကရက်တွေ တစ်လိပ်ပြီး တစ်လိပ်၊ လက်ဖက်ရည်တွေ တစ်ခွက်ပြီး တစ်ခွက် သောက်လို့ အသက်တိုရတာနေမယ်လို့ မှန်းဆ တရားခံရှာမိသေးတယ်။

ဒါပေမယ့် နောက်ဆုံးမှာတော့ သူမရှိတော့ဘူးဆိုတာကို လက်ခံရတယ်။ သူဟာ ဘဝမှာ အပေါင်းလက္ခဏာ ဆောင်ခဲ့သူပဲ။ သူ့ရဲ့ ဖြူစင်ရိုးသားတဲ့ နှလုံးသားက စီးကျလာတဲ့ စာတွေ၊ ကဗျာတွေ လောကအတွက် ထားခဲ့တယ်။

သူ့ကဗျာလေးတွေက သူ့ရဲ့စေတနာအလှ၊ စိတ်အလှ၊ အမှန်တရားဘက်က ရပ်တည်တဲ့အလှ၊ မိမိရေမြေ၊ မိမိလူမျိုးနဲ့ လူသားတွေကို ချစ်မြတ်နိုးတဲ့အလှတွေကို ဖော်ပြခဲ့တယ်။

သူ ရေးစပ်ခဲ့တဲ့ ကလေးကဗျာလေးတွေဟာ အသံချိုရွတ်ဆိုလို့ ကောင်းလှပြီး၊ စွဲလမ်းမှတ်မိလွယ်စေတယ်။ သူက လောကကို အလှဆင်ပေးသူပါ။

**သူဟာ လောကကို ဖျက်ဆီးသူအဖြစ် စွဲချက်တင်ခံရတဲ့အခါ၊ ခေါင်းငုံ့ အလျှော့ပေး အပေးအယူတွေလုပ်ပြီး သက်သာရာရတဲ့လမ်းကြောင်းကို မရွေးခဲ့ဘူး။ သူရေးတဲ့ ကဗျာတွေအပေါ် သစ္စာရှိခဲ့တယ် ---**

ဒါပေမယ့် သူဟာ လောကကို ဖျက်ဆီးသူအဖြစ် စွဲချက်တင်ခံရတဲ့အခါ၊ ခေါင်းငုံ့ အလျှော့ပေး၊ အပေးအယူတွေလုပ်ပြီး သက်သာရာရတဲ့ လမ်းကြောင်းကို မရွေးခဲ့ဘူး။ သူရေးတဲ့ကဗျာတွေ အပေါ် သစ္စာရှိခဲ့တယ်။ ဒေါ်အောင်ဆန်းစုကြည်အပေါ် မကောင်းကြောင်း ရေးပေးစေချင်သူတွေကို၊ သူက ဒေါ်အောင်ဆန်းစုကြည်ကို လေးစားတန်ဖိုးထားကြောင်း ပြန်ပြောခဲ့တယ်။

ကျူးရှင်မပြပါဘူး၊ ညာခိုင်းသူတွေကို ကျူးရှင်ပြပြီး အသက်မွေးခဲ့ပါတယ်လို့ အမှန်ကိုပြောပြီး အလုပ်ထုတ်တာခံခဲ့တယ်။

လူတွေဟာ အကျဉ်းအကျပ် အခက်အခဲနဲ့ တွေ့လာရင်၊ ရောယိမ်းကြတာများတယ်။ သူက ရောမယိမ်းဘူး။ ကြံ့ကြံ့ခိုင်တယ်။ ရွံ့ရှာဖွယ်ရာလူတွေကို ရွံ့ရှာဖွယ်ရာလို့မြင်တယ်။ ချစ်ခင်လေးစားစရာ ကောင်းသူတွေကို ချစ်ခင်လေးစားတယ်။ အမှန်တရားအတွက် လက်မမြှောက်ဒူးမထောက်ဘူး။ ဒီတစ်ချက်တည်းနဲ့ပဲ သူ့ကို လေးစားထိုက်လှပြီ။


www.burmeseclassic.com

www.burmesesclassic.com


ထေရဝါဒ ထွန်းကားတယ်ဆိုတဲ့ မြေပေါ်မှာ လူ့မိစ္ဆာ လူ့တိရစ္ဆာန်တွေ ကြီးစိုးပြီး ပစ္စန္တရာဇ် ဖြစ်နေတဲ့ ပိတောက်မြေပေါ်က သူဝေးရာကို ထွက်သွားချိန်မှာ၊ သူ့ကိုချစ်တဲ့သူတွေ ဝမ်းသာဝမ်းနည်း ဖြစ်ကြတယ်။

ဝမ်းသာရတာက သူ့ကို ဘယ်အချိန်ဆွဲ အုံးမှာလဲလို့ ခဏခဏ စိတ်ပူကြရတာ ကင်းလွတ်သွားလို့ပဲ။ ဝမ်းနည်းကြတာကတော့ သူ အနီးနားမှာ မရှိတော့လို့ပါ။ ဒါပေမယ့် မကြာခင် လေလှိုင်းက တဆင့် သူ့စကားတွေကြားရပြန်တော့ သူ့ကို အလွမ်းပြေသွားကြတယ်။ သူ့အသံကို နားထောင်ကြတယ်။ သူ့ကို မမြင်ရပေမယ့် ကလေး ပြောနေသူကို ဘယ်မှာ နှစ်သက်နိုင်ပါ့မလဲ။

ခရီးဆုံးပန်းတိုင် မရောက်မီ သူထွက်သွားရပြီ။ ဒါပေမယ့် နေရသမျှကာလမှာ သူတာဝန်ကျေခဲ့တယ်။ သူ့ခန္ဓာအိမ်ဟောင်းကို စွန့်ပြီးတာနဲ့၊ သူ့စိတ်ဝိညာဉ်တွေ ပိတောက်မြေနေရာအနှံ့ သူချစ်ခင်သူတွေ ရှိရာ နေရာအနှံ့ခရီးဆန့်နေမှာပဲလို့ လွမ်းတမိတယ်။ သူမြင်ချင်တဲ့ ပန်းတိုင်ကို သူမမြင်သွားရသေးတဲ့အတွက် သူ့ကိုချစ်တဲ့သူတွေ ပန်းတိုင်ဆီ မြန်မြန်ရောက်အောင် ခရီးနှင်ကြဖို့၊ တာဝန်ပိုရှိသွားကြပြီ။

တနေ့နေ့ 'ပြည်ချစ်စာဆိုများ' ပြတိုက်

**သူမြင်ချင်တဲ့ ပန်းတိုင်ကို သူမမြင်သွားရသေးတဲ့အတွက် သူ့ကိုချစ်တဲ့သူတွေ ပန်းတိုင်ဆီ မြန်မြန်ရောက်အောင် ခရီးနှင့်ကြဖို့၊ တာဝန်ပိုရှိသွားကြပြီ ... ...**

ကမ္ဘာအနှံ့ လွတ်လပ်စွာ ခြေဆန့်နိုင်တာ၊ လွတ်လပ်စွာ ပြောဆို ရေးသားနိုင်တာစတဲ့ လူတိုင်းရဲ့ မွေးရာပါ အခွင့်အရေးတွေ သူရတာ သိရလို့ ဝမ်းသာကြတယ်။

ဝေးမြေမှာ လွတ်လပ်ပျော်ရွှင်နေသူတွေကို တွေ့ရင် သူ့မြေပေါ်က သွေးချင်းသားချင်းတွေကို လွတ်လပ်စေချင်စိတ်နဲ့ သူခံစား ထိခိုက်ရှာမယ်လို့ စုဝေးပြောဆိုမိကြတယ်။

သူ့ရဲ့ 'မြန်မာစာပေခရီး ပင်မရေစီး' ကို နားထောင်ရတော့ သူဟာ ထင်ထားတာထက် ပိုတော်တဲ့ လူတော်တစ်ယောက်ဆိုတာ သိရပြန်တယ်။ လူကောင်း လူတော်တွေကို မလိုချင်။ လက်ညှိုးထောင် ခေါင်းညိတ်သူတွေကိုသာ လိုချင်တဲ့ လူ့မိစ္ဆာတွေ ဒီလို အမှန်တရား စပ်စပ် တည်ထောင်ပြီဆိုရင် သူ့ရဲ့အမြဲပြုံးနေတဲ့ ရုပ်ပုံကလည်း ဖယောင်းရုပ်တု တစ်ခုအဖြစ် ပါရှိရမှာ အသေအချာပေါ့။

သူ့ဘဝမှာ မြန်မာစာပြပြီး အသက်မွေးခဲ့တယ်။ စာရေးပြီး အသက်မွေးခဲ့တဲ့၊ ဖြူစင်တဲ့ဘဝ ပိုင်ရှင်ပါ။ သူရေးခဲ့တဲ့ စာတွေက လူအများကို အလင်းရောင်ပေးနေအုံးမှာပါ။ ဖန်မီးအိမ်ကို ထွန်းညှိခဲ့သူ ထွက်ခွာသွားပြီးဖြစ်ပေမယ့်၊ သူ့ရဲ့ ဖန်မီးအိမ်ကတော့ အလင်းရောင်ဖြာဆဲပါ။ အလင်းရောင် ပြာသထက်ပြာအောင် သူ့ကို ချစ်ကြသူတွေ မီးစာကူ ဆီဖြည့်ကြရဦးမှာပေါ့။ ။

❑ ❑ ❑ ❑


www.burmesesclassic.com

www.burmesesclassic.com



www.burmesesclassic.com

# ဦးတင်မောင်မြင့်ပြောပြတဲ့

# တင်မိုးရဲ့ နောက်ဆုံးနေ့

ဘားမားတူဒေး

**ကဗျာဆရာကြီး တင်မိုးဟာ ဇန်နဝါရီ ၂၂ ရက်နေ့က သူ့မိတ်ဆွေတဦးဖြစ်သူ ဦးတင်မောင်မြင့်နဲ့ အပြင်သွားရာကအပြန် အိမ်အနီးက လက်ဖက်ရည်ဆိုင်မှာအအေးသောက်စဉ် လဲကျသွားရာက ဆုံးပါးသွားခဲ့ပါတယ်။ အဲဒီဘဦးတင်မိုးကို အသက်ရှင်လျက် နောက်ဆုံးတွေ့ခဲ့ရသူ အဘ ဦးတင်မောင်မြင့် ပြန်ပြောင်းပြောပြတဲ့ ဇန်နဝါရီ ၂၂ ရက်နေ့က အဖြစ်အပျက်တွေကို အားလုံးအတွက် ဖော်ပြလိုက်ပါတယ်။**

အဲဒီနေ့က ဆရာကြီးက မနက် ၉ နာရီ ၄၅ မိနစ်လောက်မှာ ဦး ဆီကို ဖုန်းဆက်တယ်။ ဖုန်းဆက်တော့ ဦးတင်မောင်မြင့် လာမလား တဲ့၊ လာမယ် လို့။ (နေ့တိုင်း သွားနေတာကိုး၊ သူက မသွားမှာစိုးလို့ ထင်တယ်) အဲဒါနဲ့ ကျွန်တော် ၁၁ နာရီလောက် သူ့ဆီကို ရောက်တယ်။ ၁၁ နာရီလောက် သူ့ဆီကိုရောက်တော့ (နောက်ဖေးမှာ ခြံလေးရှိတယ်လေ) အဲဒီခြံလေးမှာ စကားတွေ ဘာတွေ ပြောတော့ဦး မိတ်ဆွေတယောက် မြန်မာပြည်ကလာတာ အလုပ်မရှိတော့ သူက ဝိုင်းရှာပေးတော့ သူက မီးရထားဌာနက ကိုမိုးကိုခေါ်ပြီးတော့ ဖုန်းဆက်ပြီးပြောထားတော့ ကိုမိုးက သူ့အတွက်လုပ်ပေးတယ် တဲ့။ ဦးကို ပြောပြတယ်။ ဦးကိုပြောပြတော့ ၁၂ နာရီလောက်ထိုးတော့ ထမင်းစားကြအောင်ဆိုပြီး တော့ အထဲဝင် ထမင်းစားကြတယ်။



www.burmesesclassic.com

www.burmesesclassic.com


ထမင်းစားပြီး နောက်ဖေး ပြန်ထွက်ထိုင်တော့ တအောင့် ဆေးလိပ်လေးသောက်ပြီးတော့ ဘယ်သွားလည်ရင် ကောင်းမလဲတဲ့။ ဆရာ့သဘောပဲ၊ ဆရာ သွားချင်တဲ့နေရာ သွားလို့ အဲဒီလိုပြောလိုက်တော့ ထွန်းခိုင်ဆီ သွားမယ်တဲ့။ ထွန်းခိုင်ဆိုတာ မြန်မာပြည်က ပစ္စည်းတွေရောင်းတဲ့ဆိုင်လေ။ ကောင်းပါတယ်လို့ သွားပါလို့။ အဲဒါနဲ့ ဘတ်စ်ကားဆီသွားတော့ ဘတ်စ်ကားလိုင်းက ၄၉၀ စီးတယ်လေ။ ၄၉၀ စီးတော့ ထွန်းခိုင်ဆီသွားရင် တခါ ၇၆ ထပ် ပြောင်းရမှာ။ အဲဒါနဲ့ သူ့ကို ဆရာ ဒီကားက ယူနီယံစတေရှင်ကို တိုက်ရိုက်ရောက်တယ်။ အဲဒီတော့ ယူနီယံစတေရှင်ကို သွားမယ်၊ ဆရာ ရထားစီးမယ်ပြောတယ် မဟုတ်လား၊ အဲဒီတော့ ကျွန်တော်တို့ ရထားစီးပြီးတော့ ဘော်ဒွင်ပ့ါခ် ကို ပြန်မယ်လို့ ပြောတော့ ဟာ သိပ်ကောင်းတယ်၊ ရထားလည်း စီးတယ်ဖြစ်သွားအောင်တဲ့ဆိုပြီးတော့ အစီအစဉ်က ကားပေါ်ရောက်တော့ ဘူတာရုံရောက်သွားတာ၊ ထွန်းခိုင်ဆိုင်ကို မရောက်တော့ဘူး။

ဘူတာရုံထောင့်ကိုရောက်တော့ ဘူတာရုံထဲကိုဖြတ်ပြီးတော့ ဘေးကနေ ဝင်တော့ ထိုင်ခုံလေးတွေနဲ့ ထီးလေးတွေနဲ့ဆိုတော့ ဟာ ဒီနေရာ သိပ်ကောင်းတာပဲနော် တဲ့၊ တခါမှ မရောက်ဖူးသေးဘူး၊ ထိုင်ဦးမယ်ဆိုပြီးတော့ ထိုင်တာ။ ထိုင်ပြီး ကျွန်တော့်ကို မေးတယ်။ ဆိုင် မရှိဘူးလားတဲ့။ ရှိတယ်လို့ အခု သွားမှာပဲလို့ အဲဒီဘက်မှာလို့၊ လက်မှတ်ဝယ်မှာလည်း အဲဒီမှာပဲလို့။ အဲဒါနဲ့ တအောင့်ထိုင်ပြီး ဘူတာရုံထဲကိုဝင်တော့ ဝင်ပြီး အဲဒီမှာ ကော်ဖီတခွက်ဝယ်ပြီးတော့ သူ့ကို တိုက်လိုက်တယ်။ ကော်ဖီသောက်ပြီးတော့ ကဲ ရထားသွားစီးမယ်ဆိုပြီး အဲဒီမှာ လက်မှတ်သွားဝယ်တယ်။ လက်မှတ်သွားဝယ်တော့ ကျွန်တော်က တန်းစီတော့ ဝယ်တော့ သူက ဆိုဖာမှာ ထိုင်နေတယ်၊ နောက်တော့ ငွေ ၁၀ လာပေးတယ်။ ဟာ ဆရာ နေပါစေ၊ ဘယ်လောက်မှမကျဘူး ဆိုပြီးတော့ ကျွန်တော် ပေးပါမယ်လို့။ အဲဒီလို ပြောပြီးတော့ သူ သွားပြန်ထိုင်တယ်။ ကျွန်တော် လက်မှတ် ၂ စောင် ဝယ်တော့ သူ အဲဒီလက်မှတ်ကို တောင်းကြည့်တယ်။ ခရီးစဉ်လက်မှတ်ကိုလည်း သူ တောင်းကြည့်တယ်။ ကြည့်ပြီးတော့ ရထားက ၃ နာရီ ၂၀ ထွက်မယ်ဆိုတော့ စကြိန်နံပါတ် ၉ ဆိုတော့ ကျွန်တော်တို့ စကြိန် ၉ ကို လျှောက်သွားတယ်။

ရထားပေါ်တက်တာနဲ့ ထွက်တာပဲ။ ထွက်တော့ ပြောင်းပြန်ဖြစ်နေတယ်လေ၊ စီးရတာ။ ကျောပေးပြီး သွားနေရတာကိုး။ သူက အဓိက ကြည့်ချင်တာက ရှုခင်းကြည့်ချင်တာကိုး။ ရှေ့မှာ အမည်းမလေး ထိုင်နေတာ။ ရှေ့က အမည်းမလေး ထိုင်ခုံကို ပြောင်းပြီးတော့ သူက ပြတင်းပေါက် နံဘေးမှာ ရှုခင်းကြည့်တာ။ ကြည့်ပြီးတော့ တမှတ်တိုင်ပြီး တမှတ်တိုင် သူ မှတ်တယ်။ မှတ်တိုင် ၃ ခုတည်းနော်၊ နီးနီးလေးပဲ တဲ့။ ယူနီယံစတေရှင်က ဘော်ဒွင်ပ့ါခ်ကို နာရီဝက်လောက် မောင်းရတယ်လေ။

အဲဒါနဲ့ ကျွန်တော်တို့ ၃ နာရီ ၂၀ က ထွက်လာပြီး လေးနာရီ ထိုးခါနီးလောက် ရောက်တာပေ့ါ။ ဆရာကြီးနေတဲ့အိမ်နဲ့ အဲဒီဘူတာရုံနဲ့ သိပ်မဝေးပါဘူး။ ကျွန်တော်တို့ လမ်းလျှောက်ပြီးတော့ ပစိဖိတ် အဲဗဲလ်နယူး ပေါ်မှာပေ့ါ။ လမ်းလျှောက်ပြီးတော့ မီးပွိုင့်ရောက်တော့ ဆရာကြီးက ခဏ နားသေးတယ်။ ကျောက်ခုံလေးပေါ်မှာ ထိုင်တယ်။ ထိုင်ပြီး မီးပွိုင့်ကို ကူးပြီးတော့ ဆီး[illegible]ား မားကက်ဆိုတာ ရှိတယ်။ အဲဒါက ပိနန့်က လာ


www.burmesesclassic.com

ဖွင့်တဲ့ ကုန်စုံဆိုင်လေးပေါ့။ အဲဒီဆိုင်မှာ စီးကရက် ၂ ဘူး ဝင်ဝယ်တယ်။

ဒီနေရာရောက်တော့သူ့အိမ်နဲ့ နီးသွားပြီလေ၊ ဆရာကြီးအိမ်နဲ့ နီးသွားပြီလေ။ လျှောက်ရင်းနဲ့ အဲဒီမှာ မက္ကဆီကို ဆိုင်တဆိုင်ရှိတယ်။ သားသားနားနားလေးပေါ့လေ။ အိမ်ရှေ့မှာ ခြံခတ်ထားတယ်၊ ကျောက်ခုံလေးတွေနဲ့။ ထီးလေးတွေနဲ့ပေါ့လေ။ ဒီမှာ ထိုင်ဦးမယ်၊ အေးအေးဆေးဆေး တဲ့။ ပြီးတော့မှ ပြန်မယ်၊ အိမ်နဲ့လည်းနီးတယ် ဆိုပြီးတော့ အဲဒီမှာ ဝင်ထိုင်တယ်။ ဝင်ထိုင်တော့ ဘူတာရုံမှာ သူက ကာဖီသောက်လာတော့ ကာဖီဆက်မသောက်ချင်ဘူး၊ အအေး သောက်ချင်တယ် တဲ့။ ဒါနဲ့ အအေးမှာ ပေးလိုက်တယ်။ အဲဒီ အအေးသောက်ပြီးတော့ တငုံလောက်ပဲ ငုံရပါတယ်။

လာတာ။ သူ့ သမက်ဆီကိုတောင် မဆက်ဖြစ်ဘူး။ နိုင်းဝမ်းဝမ်းက ကျွန်တော့်ကိုမေးတယ်။ အဲဒီကိစ္စဝိစ္စတွေအတွက်။ ကျွန်တော်က ဆရာကြီး လွယ်အိတ်ထဲမှာပါတဲ့ ပိုက်ဆံအိတ်ထဲမှာ ထည့်ထားတဲ့ အိုင်ဒီကတ်တွေ ထုတ်ပြရတယ်။ social security ကတ်တွေ ထုတ်ပြရတယ်။ ပြီးတော့ သူ့ သမီးဆီကို ဆက်တယ်။ သူ့သမီးဆီကိုဆက်တော့ သူ့သမီး

**အအေးသောက်ပြီးတော့ တငုံလောက်ပဲ ငုံရပါတယ်။ သည်း သလိုဖြစ်သွားပြီးတော့ အင့် အင့် ဆိုပြီး မေ့ပြီးတော့ စောင်းပြီး ယိုင်သွားတာ။ အဲဒါနဲ့ ကျွန်တော် လှမ်းဆွဲလိုက်တော့ ဂျာကင်ကိုလှမ်းဆွဲမိလိုက်ပြီး ဆရာကြီး ဘယ်လိုဖြစ်တာလဲ ဘယ်လိုဖြစ်တာလဲဆိုတော့ ... ... ...**

သည်း သလိုဖြစ်သွားပြီးတော့ အင့် အင့် ဆိုပြီး မေ့ပြီးတော့ စောင်းပြီး ယိုင်သွားတာ။ အဲဒါနဲ့ ကျွန်တော် လှမ်းဆွဲလိုက်တော့ ဂျာကင်ကိုလှမ်းဆွဲမိလိုက်ပြီး ဆရာကြီး ဘယ်လိုဖြစ်တာလဲ ဘယ်လို ဖြစ်တာလဲဆိုတော့ စကားမေး မရတော့ဘူး။

အဲဒါနဲ့ နိုင်ဝမ်းဝမ်း (၉၁၁) ကို ဆက်တယ်။ နိုင်းဝမ်းဝမ်းကို ဆက်ရင် ဦးက မပီတော့ နေရာပြောရင် လွဲရင် ကြာနေမှာစိုးလို့ ဆိုင်ရှင်ကို အကူအညီတောင်းလိုက်တယ်။ ကျေးဇူးပြုပြီး နိုင်းဝမ်းဝမ်း ဆက်ပေးပါ ဆိုတော့ ဆိုင်ရှင်က ဆက်ပေးတယ်။ နိုင်းဝမ်းဝမ်းကလည်း ဘူတာရုံနဲ့ ဒီနေရာကြားမှာ ရှိတယ်။ police station (ရဲစခန်း) လေ။ သိပ် မြန်တယ်၊ ချက်ချင်း ရောက်လာတာပဲ။ ဦးက အဲဒီမှာ နိုင်းဝမ်းဝမ်း ဆက်ပြီးတော့ သူ့ သမက်ဆီကို ဖုန်းဆက်ဖို့ ဆဲလ်ဖုန်းကို ကြိုးတပ်နေတုန်းရှိသေးတယ်၊ နိုင်းဝမ်းဝမ်းက ရောက်

က အလုပ်ထဲမှာ ဆဲလ်ဖုန်း ပိတ်ထားတယ်။ ပိတ်ထားတော့ ဦးသမီးတယောက်က လည်း သူ့သမီးနဲ့အတူတူပဲ လေ။ တရုံတည်း လုပ်တယ် လေ။ အဲဒါနဲ့ ဦးသမီးဆီကို ဖုန်းဆက်ရတယ်။ ဦးသမီးဆီကို ဖုန်းဆက်တော့ ဦးသမီးက လည်း သူ့သမီး ချိုသင်းကို အကြောင်းကြားတော့ ချိုသင်းက ဦးဆီကို ပြန်ဆက်သွယ်တယ်။ သူ့အဖေ ဘယ်မှာလဲ



www.burmesesclassic.com

www.burmesesclassic.com


ပေါ့။ နိုင်းဝမ်းဝမ်းနဲ့ လုပ်နေတယ်၊ ကားပေါ်တင်တော့မယ်။ နိုင်းဝမ်းဝမ်းကို ကျွန်တော် မေးပြီးတော့ ဘယ်ဆေးရုံလဲဆိုတော့ ကိုင်ဇာဆေးရုံဆိုတော့ ကိုင်ဇာဆေးရုံကို လိုက်ခဲ့တော့လို့။ ဖြစ်တဲ့နေရာမှာတော့ အခု မရှိတော့ဘူး။ ကားပေါ်တက်တော့မယ်လို့ အဲဒီလို ပြောလိုက်တာ၊

ဆေးရုံရောက်တော့ ကျွန်တော့်ကို waiting room ကို ခေါ်သွားတယ်လေ။ သူတို့ လုပ်နေတာကို သူတို့ ပေးမနေဘူးလေ။ waiting room မှာ သွားစောင့်တယ်၊ တအောင့်နေတော့ သူ့သမီးရောက်လာတယ်။ တော်တော်နဲ့ လာ မပြောသေးဘူး။ မိနစ် ၂၀၊ ၃၀ လောက် ရှိမယ် ထင်တယ်။ အဲဒီအခါမှ ဆရာမတယောက်က လာပြောတယ်။ မရတော့ဘူး ဆိုပြီးတော့ ပြောတာ၊ အဲဒီတော့မှ သိတယ်။

❑ နောက်ဆုံး စကားပြောတဲ့အချိန်အထိပေါ့ နော်၊ သူ့ကိုကြည့်ရတာ ပုံမှန်ပဲလား၊ ကျန်းမာရေးနဲ့ပတ်သက်ပြီး ... ...

**– သူ အရမ်း ဝမ်းသာတယ်၊ အရမ်းပျော်တယ်။ သူ အဲဒီလိုသွားရရင် စိတ်ချမ်းသာတယ်။ ကျွန်တော်နဲ့ မကြာခဏ ထွက်တယ်လေ။ ဘတ်စ်ကား ဂိတ်ဆုံးအထိ စီးပြီးတော့ ပြန်လာ၊ ဒေသန္တရပေါ့လေ။ မရောက်ဖူးတဲ့ နေရာလေးတွေ၊ အဲဒီလို။ နောက်ဆုံး ဘာမှမဟုတ်ရင်တောင်မှ မြို့တွင်း ပတ်တဲ့ကားကိုတောင် ပတ်စီးတာ။**

❑ အဲဒီလို မကြာခဏ သွားတာပဲလား အဘ။

**– ဟုတ်တယ်၊ ဟုတ်တယ်၊ ဟုတ်တယ်။ အထူးသဖြင့် ကျွန်တော့်ကို မိသားစုလို သတ်မှတ်တယ်လေ။ ကျွန်တော်တို့ မိသားစုလို ဖြစ်နေပါပြီ တဲ့။ ကျွန်တော့်ကို အိမ်သော့ ပေးထားတယ်။ အချိန်မရွေး ဝင်၊ လူ မရှိလည်း စား၊ ကြိုက်တာ လုပ်၊ အဲဒီလို။**

❑ အခုလိုပေါ့လေ၊ အဘဦးတင်မိုး အဘရှေ့မှာ အခုလို ဆုံးပါးသွားတော့ အဲဒီအချိန်တုန်းက စိတ်ထဲမှာ ဘယ်လိုမျိုးဖြစ်သွားသလဲ မသိဘူးခင်ဗျ။

**– တခါတည်း ဘာလုပ်ရမှန်း မသိဘူး။ နိုင်းဝမ်းဝမ်းခေါ်ပြီး ဘယ်လို လုပ်ရမှန်း မသိဘူး၊ ဆဲလ်ဖုန်းကကြိုးတောင် ပျောက်တယ်။ ဟာ ... ပူထူသွားတာပဲ၊ ဘာလုပ်ရမှန်း မသိဘူး။** ။

☆ ☆ ☆ ☆


www.burmesesclassic.com

ခုချိန်မှာတော့ ကျမ **ချစ်သောသူတို့ သက်တမ်းတိုကြ၏ ...** ဆိုတဲ့ စာတစ်ကြောင်းကိုပဲ သတိရနေပါသည်။

အဲဒီစာသားလေးကို ဆရာဂျမ်းက မိုးမိုး(အင်းလျား)ကွယ်လွန်စဉ်က အမှတ်တရရေးခဲ့တာပါ။ ထိုစဉ်ကလည်း ဆရာ့ရဲ့ ကဗျာဆရာကောင်းပီသစွာ တစ်ခွန်းဆိုတစ်ခွန်း ရင်ထဲရောက်စေတဲ့စကားမှာ ကျမတို့ ပြောစမှတ်ဖြစ်ခဲ့ရသည်။ အဲဒီတုန်းက အသက်ရှည်လှတဲ့ ဗိုလ်နေဝင်းနဲ့ အပေါင်းအပါတွေကို လက်ညှိုးထိုးပြလိုက်သလိုပဲလို့ ကျမတို့ မြင်ယောင်ပြီး ဆရာ့စကားကို အမှတ်တရ မကြာခဏ ရည်ညွှန်းပြောဖြစ်ခဲ့ကြသည်။ ခုတော့ဖြင့် အဲဒီ ဆရာ့စကားကပင် နိမိတ်ဖတ်သလို ဖြစ်ခဲ့ပြီ။ လူချစ်လူခင်များတဲ့နေရာမှာ ပြောစမှတ်ပြုရတဲ့ ဆရာ... အသက် ၇၃ နှစ်မျှနှင့်ပင် ကျမတို့ နံဘေးမှ ခွဲခွာသွားခဲ့ပြီ။

တကယ်ဆို ၇၃ နှစ် ဆိုတဲ့အသက်က ဆရာ့လို စိတ်သွားတိုင်းကိုယ်ပါနေဆဲ လူတစ်ယောက်အတွက်တော့ ဆုံးပါးနိဂုံးချုပ်ဖို့ စောသေးသည်ဟု ထင်ပါသည်။ ဆရာက မေလကျရင် ထိုင်းကိုလာဦးမှာ တဲ့။ ဆရာက မြန်မာပြည်နှင့် နီးစပ်လှစွာသော ထိုင်းနိုင်ငံမှာ ပျော်မွေ့သူ။ ဇင်းမယ်မှာ နေရတာ မန္တလေးနဲ့ မေမြို့ကို အလွမ်းပြေတယ်တဲ့။ မဲဆောက်ကတော့ ပျော်စရာအကောင်းဆုံးပဲ။ တကယ့် ကိုယ့်တိုင်းပြည်ပြန်ရောက်သွားသလိုပဲ တဲ့။ ထိုင်းမှာဆို ဘယ်လောက်ကြာကြာ ဆရာက တကယ်ပဲ မငြီးမငွေ့ပျော်ရှာသည်။ ဟိုမှာ ဆရာအင်မတန်ချစ်တဲ့သမီးအငယ်ဆုံး ချိုသင်းနဲ့ ကျော်ဝဏ္ဏ ရှိနေလို့သာပြန်ရမှာ။ ကြာတော့လည်း သမီးကိုလွမ်းရှာသည်။ ဆရာ့ခမျာ... သမီးကို အလွမ်းကတစ်ဖက်၊ ကိုယ့်မြေအလွမ်းပြေ ထိုင်းမှာနေချင်သေးတာက တစ်ဖက်။ ခုတော့ ဆရာ ကျမတို့ဆီ



# ဆရာဂျမ်း သို့ အလွမ်းစာ

မေငြိမ်း

www.burmesesclassic.com

မလာနိုင်တော့ပြီ။

ကျမကတော့ ဆရာ့အနားမှာ နေနေရတာ ဘယ်လောက်ကြာကြာ ဝတယ်လို့ မထင်။ ဆရာ့ဆီက ဗဟုသုတတွေ ရမကုန်။ ယူမကုန်။ ဆရာက အံ့သြစရာကောင်းလောက်အောင် မှတ်ဉာဏ်ကောင်းလွန်းသူလေ။ ပြီးတော့ ကျမနဲ့ ဆရာက မြန်မာစာ ဇာတိတူသူတွေမို့ ပြောစရာ ခေါင်းစဉ်တူတွေ အများကြီးရှိနေတတ်သည်။ ဒါတောင်မှ ကျမနဲ့ဆရာ အတူတူကြုံခဲ့ သိခဲ့တဲ့ အဖြစ်အပျက်တချို့ကို ကျမက မေ့မေ့နေတတ်သေးတာ။ ဆရာကတော့ဖြင့် အတိအကျ မှတ်မိဆဲ။ ကျမမှာတော့ ဆရာ့ရှေ့မှာ တကယ့် လူညံ့ဖြစ်ဖြစ်သွားရ၏။ ထိုအခါ ကျမအတွက်တော့ ဆရာက မြန်မာစာဘဏ်တိုက်ကြီးပါပဲ။ ပြီးတော့ ဆရာက လူပုဂ္ဂိုလ်တွေအကြောင်း ပြန်ပြောပြရင်တောင် စာရေးနေသလို ပြောပြတာမို့ သိပ် ထူးခြားတာပါပဲ။ ဆရာ ဒီတိုင်းပြောနေတာတွေကို များ အသံသွင်းထားပြီး ဖော်ပြမယ်ဆိုရင် ပြန်ပြုပြင်စရာမလိုတဲ့ ရသဆောင်းပါးတစ်ပုဒ် ဖြစ်ပြီးသားပင်။ ဆရာက လူပုဂ္ဂိုလ်တို့၏ အမှတ်တရ အကြောင်းများကိုပင် အသေအချာ အတိအကျ ပြောတာမို့ အလွှာပ သလ္လာပနှင့်မတူဘဲ စာဆန်နေခြင်းဖြစ်သည်။ ***ဆရာက စကားကို လုံးဝ အပိုမပြော၊ ပြီးတော့ လူတဖက်သားကို လွယ်လွယ်ကောက်ချက် မချတတ်။ လူတဖက်သားကို အားနာငဲ့ညှာတတ်သလောက် သူယုံကြည်ရာ အမှန်တရားကို ပြောရာမှာတော့ အလွန်ပြတ်သားသူ။*** အဲဒါက ဆရာ့ဆီက ကျမသတိပြုမိလိုက်သော အကျင့်မြတ်တွေပဲ ဖြစ်ပါသည်။

တကယ်တမ်းကျတော့ ဆရာ့ကို လူချစ်လူခင်များရတာကလည်း ဆရာ့ရဲ့ စိတ်ကောင်း စိတ်မွန်နဲ့ အကျင့်ကောင်း အကျင့်မြတ်တွေကြောင့်ပဲ ဖြစ်ပါလိမ့်မည်။ ဆရာနဲ့ပတ်သက်ရင် ကျမအတွက်ကတော့ သတိရစရာတွေ များလွန်းလှပါသည်။ ကျမက ဆရာ့ကို အဖေလိုပဲ တရင်းတနှီး နေသည်။ ဒါတောင်မှ ဆရာကတော့ ကျမကို ဘယ်တော့မှ နင်၊ ငါ ဆိုတာမျိုးတောင် သုံးပြီးမပြောဖူးခဲ့။ ***အဲဒီတုန်းက တို့က ဘာသာပြန်ဌာနမှာ။ မေငြိမ်းက ဘယ်မှာရှိနေလဲ...*** ဆရာက အဲလိုပဲ တလေးတစားကြီး ပြောတတ်တာ။ လူငယ်တွေကိုပေမယ့် အမြဲ နာမည်ရှေ့မှာ ***ကို*** တို့ ***မ*** တို့ တပ်ခေါ်တာ။ ဆရာက လူငယ်တွေကို အသိအမှတ်ပြုတဲ့နေရာမှာ တန်ဖိုးထားတဲ့နေရာမှာလည်း ရှေ့ဆုံးက ရှိသူ။ ပြီးတော့ ခုခေတ် လူကြီးတွေထဲ ရှားရှားပါးပါး လူငယ်တွေနားမှာ နေပျော်တတ်သူ။

ဆရာနဲ့ ကျမ အကြားမှာရှိတဲ့ နောက်ထပ် ပြောမကုန်တဲ့ အကြောင်းအရာကတော့ ဂီတစာဆိုကြီး မြို့မငြိမ်းအကြောင်းပါပဲ။ ကျမက မြို့မငြိမ်းရဲ့ သီချင်းတွေကို လေ့လာကျမ်းပြုပြီး မဟာဝိဇ္ဇာဘွဲ့ယူခဲ့သူ။ ဆရာကတော့ မြို့မငြိမ်း သီချင်းတွေကို ကြိုက်လွန်းလို့ ကြည်ညိုလေးစားပြီး မြို့မငြိမ်းအတ္ထုပ္ပတ္တိရေးဖို့ ခရေစေ့တွင်းကျ လေ့လာခဲ့ဖူးသူ။ ကျမ နဲ့ ဆရာမြို့မငြိမ်းအကြောင်းတွေ ပြောကြ၊ မြို့မငြိမ်း သီချင်းတွေ ဆိုကြ။ တချို့သီချင်းတွေ ကျမက မေ့နေသေး။ ဆရာကဖြင့် နည်းနည်းလေးမျှပင် မမေ့။ သူ့မှာ သီချင်းများဆိုနေရရင် မမောတမ်းပင်။ ကျမက မြို့မငြိမ်းကို



www.burmesesclassic.com

## ဆရာက အရာရာတိုင်းကို မေတ္တာနှင့်သာ ရှုမြင်သူ။ ရန်သူ့အကြောင်းကို ပြောတာတောင်မှ စကားလုံးရိုင်းရိုင်းပျပျသုံးပြီး ပြောတာမျိုး မကြားခဲ့ရဖူးပါ။ မိသားစုအပေါ်ချစ်တတ်၊ သံယောဇဉ်ကြီးတတ်တာမှာလည်း ဆရာကတော့ စံပြပင်။ သားသမီးတွေအကြောင်းကို ဝတ္ထုတွေအကြောင်းပြောနေသလို ပြောပြတတ်သည် ---

ချစ်တာကိုပဲ ဆရာက သဘောကျနေသေးသည်။ နောက်တော့ ဆရာနှင့်ကျမက အကြိုက်တွေ အများကြီးတူတာ။ ဆရာက အဲ့သြလို့။ ***"အံမယ် ... မေငြိမ်းက မဆိုးဘူးကွ။ ကိုယ်တို့ခေတ်ကိုလည်း အမီသား ..."*** တဲ့ လေ၊ ဆရာက။ ဆရာနဲ့အတူတူ သီချင်းတွေ အများကြီးဆိုဖြစ်ခဲ့တာ။ ဆရာက ***"နောက်တခါလာရင် မြတ်လေးရေးခဲ့ ဆိုခဲ့တဲ့ တကာသ သီချင်းတွေ မေငြိမ်းကို တက်ပေးဦးမယ်"*** တဲ့။

များသောအားဖြင့်တော့ ဆရာက သူကြုံခဲ့ရတဲ့ အဖြစ်အပျက်တွေကို အကောင်းမြင်ထောင့်ကသာ ပြောပြတတ်တာမို့ ဆရာပြောသမျှ အကြောင်းအရာတွေဟာ ဝတ္ထုတွေ၊ ရသဆောင်းပါးတွေ ချည်းပါပဲ။ ဆရာက အရာရာတိုင်းကို မေတ္တာနှင့်သာ ရှုမြင်သူ။ ရန်သူ့အကြောင်းကို ပြောတာတောင်မှ စကားလုံးရိုင်းရိုင်းပျပျသုံးပြီး ပြောတာမျိုး မကြားခဲ့ရဖူးပါ။ မိသားစုအပေါ်ချစ်တတ်၊ သံယောဇဉ်ကြီးတတ်တာမှာလည်း ဆရာကတော့ စံပြပင်။ သားသမီးတွေအကြောင်းကို ဝတ္ထုတွေအကြောင်း ပြောနေသလို ပြောပြတတ်သည်။ တကယ့် မိဘမေတ္တာဖွဲ့ သရုပ်ဖော်ဝတ္ထုတွေဖတ်နေရသလို နားထောင်လို့ ကောင်းလှသည်။ ဆရာ့သန္တေကိုက စာရေးဆရာ။ ဘဝတလျှောက်လုံး စာတွေ ကဗျာတွေ အများကြီးကို လိုက်လိုက်လှဲလှဲ တာဝန်ကျေကျေရေးခဲ့တဲ့ အဲဒီ ကဗျာဆရာ စာရေးဆရာကြီးက ရေးစရာတွေ အများကြီးကို အကုန်မရေးရသေးဘဲ ထွက်သွားခဲ့ပြီ။

တကယ်တော့ ဆရာက ချိုသင်းလေးရဲ့ ကျန်းမာရေးကို သိပ်စိတ်ပူတာ။ သူ့အမေနဲ့ မောင်လေးလို ဖြစ်မှာစိတ်ပူတယ် တဲ့။ ***တို့ကတော့ ဘာရောဂါမှ ခုထိမရှိဘူး***...တဲ့။ ကျမက ဆေးလိပ်လျှော့ပါ ဆရာရယ် ... လို့ပြောရင်၊ ***မြသန်းတင့်လည်း ကိုတင်မိုး ခင်ဗျား ဆေးလိပ်ဖြတ်စမ်းပါဗျာလို့ တို့ကို ခဏခဏ ပြောတာပဲ။ သူက မနက်တိုင်းလမ်းလျှောက်၊ အသောက်အစားလည်း ကင်း၊ ကျန်းမာရေးလည်း သိပ်ဂရုစိုက်တာ၊ ဒါပေမယ့် သူက ဖြတ်ခနဲသွားရော၊ ဟဲဟဲ ... တို့က ခုထိ ဘာရောဂါမှ မရှိဘူး ...*** လို့ ပြန်ပြောသေးတာ။ ဆရာက သူ့အတွက် တခါမှမပူခဲ့သူ။ ခုတော့ ဆရာသာ ... ဆရာမနဲ့ ဉာဏ်မိုးလိုပဲ။ ဆရာ ... ခုရော ... ချိုသင်းလေးကိုများ စိတ်ပူနေဦးမလား။ သူ့အမေရော၊ မောင်လေး ရော၊ တို့ရော ခုလိုဖြစ်သွားတော့ ချိုသင်းလေးကို ပူတယ်၊ သူကို ချစ်တယ်လို့များ ဆရာ့ခမျာ ပြောချင်နေဦးမလား။



www.burmesesclassic.com

www.burmesesclassic.com


## ဆေးလိပ်လည်းတို
## နေလည်းညိုပြီ
## ငါ့ကို ပြန်ပို့ကြပါလေ။

ဒီကဗျာကတော့ လူတိုင်းသိတဲ့ ဆရာရဲ့ **ညော့်သည်ကြီး** အထင်ကရ ကဗျာပေါ့။ ကျမတို့ မြန်မာစာမေဂျာမှာ အချိန်ပေးပြီး ဆွေးနွေးခဲ့ကြရတဲ့ ကဗျာ။ ဒါဟာ သင်္ခါရတရားကို ပြောတာတဲ့။ နိမိတ်ပုံကို သုံးထားတာတဲ့။ လူဆိုတာ လောကကြီးရဲ့ ညော့်သည်ပဲ တဲ့။ ဆေးလိပ်လို လောင်မြိုက်၊ စွဲမက်ဖွယ်ကောင်း၊ ဒုက္ခလည်းပေးနိုင်သေး၊ အခုတော့ အချိန်လည်း ကုန်လုပြီ၊ ငါ့ကို ထွက်သွားခွင့်ပြုပါတော့လို့ ဆိုလိုတာ တဲ့။

ဆရာကတော့၊ ခပ်ပြုံးပြုံး၊ ဘာမှ မတုံ့ပြန်။ ကဗျာဆရာရဲ့ အလုပ်ပြီးပြီလေ ... တဲ့။ ပရိသတ်အလိုကျ ဆက်တွေးယူရုံပေါ့ ... တဲ့။ ဆရာက သူ့စာဖတ်ပရိသတ်ကိုပင် လွှမ်းမိုးချုပ်ကိုင်လိုစိတ်မျိုးမရှိသူ။

ကျမကတော့ ဆရာ့ဆေးလိပ်လည်း မတိုလှသေးဘူး။ နေလည်း မညိုသေးဘူးလို့ ထင်နေတုန်းပဲဆရာ။

အဲဒီနေ့က ထိုင်းနိုင်ငံမှာတော့ မနက်ကြီးပေါ့ ဆရာ။ ဆရာဆုံးပြီ ... လို့ ဖုန်းဝင်လာတယ်။ ဘယ်လို ... ဘယ်လိုဖြစ်တာလဲဆိုတော့ ရုတ်တရက် တဲ့။ လက်ဖက်ရည်ဆိုင်မှာ တဲ့။ ကျမ ငိုမိတယ် ဆရာ။ ယူကျုံးမရ။ လွှမ်းဆွတ်စွာ။ ကြည့်ပါဦး ... ဆရာရယ် ... ဆုံးတာတောင် လက်ဖက်ရည်ဆိုင်မှာတဲ့လား။

ဇင်းမယ်မှာ ဆရာနဲ့ ကျမတို့တတွေ ထိုင်နေကျ ဝါဝီ (Wawee) ကော်ဖီဆိုင်လေးကို ဆရာက အင်မတန်ချစ်တယ်။ မေငြိမ်းရေ ... ဝါဝီသွားရအောင်လို့ နေ့တိုင်းနီးပါး ဆရာပြောတတ်တယ်။ အဲဒီကော်ဖီဆိုင်လေးက သစ်သားကြမ်းခင်း ကွပ်ပျစ်ရှည်ကြီးပေါ်မှာ၊ သစ်ပင်စိမ်းစိမ်းစိုစိုတွေကြားမှာ၊ တုပဖန်တီးထားတဲ့ ရေကန်သေးသေးလေးဘေးမှာ၊ တိတ်တိတ်ဆိတ်ဆိတ်နဲ့ အေးအေးချမ်းချမ်းရှိတဲ့ နေရာလေး။ ဆရာက အဲဒီဆိုင်လေးမှာဆို နာရီပေါင်းများစွာ မငြီးမငြူ ထိုင်တတ်တာ။ ပြီးတော့ ပြောသေးတယ်။ ***ကော်ဖီသောက်ချင်တာအဓိက မဟုတ်ဘူး၊ နေရာလေးကို သောက်ချင်တာတဲ့*** လေ။ တခါက ဟားဗတ်တက္ကသိုလ်ထဲမှာ ကော်ဖီဆိုင်ထိုင်ရင်းက ကျမကိုသတိရလို့ဆိုပြီး ဆရာ လှမ်းဖုန်းဆက်တာကိုတောင် လွမ်းသွားမိသေးတယ်။ ဆရာက သန္တေကိုက ကဗျာဆရာ။ အဲဒီသန္တေရဲ့ လားရာအတိုင်း ဆရာ့ရဲ့ နောက်ဆုံးအချိန်က ကဗျာဆန်ဆန် လက်ဖက်ရည်ဆိုင်မှာတဲ့ လေ။ လွှမ်းစရာကောင်းလိုက်ပုံများဆရာရယ်။

အဲဒီညော့်သည်ကြီးက ငါ့ကိုပြန်ပို့ကြပါလေ ... တဲ့။

ဆရာ့ကို ကျမတို့ ဘယ်ကို ပြန်ပို့ရမှာလဲ ဆရာ။

ကျမ သိပါတယ်။ ဆရာ ပြန်ချင်တာ ... မြန်မာပြည်ကို ... မန္တလေးကို ... ကန်မြဲကို ... အင်းစိန် မင်းကြီးလမ်းက ဂျပန်အိမ်ကလေး ရှိရာဆီကို မဟုတ်လား။

မပူနဲ့ဆရာ...

ချိုသင်းလေးက ဆရာ့ကို အရောက်ပြန်ပို့မှာတဲ့ ... သိလား။


www.burmesesclassic.com

www.burmesesclassic.com


ကျမတို့နိုင်ငံ တကယ့် လွတ်လပ်ရေးရတဲ့နေ့၊ ငြိမ်းချမ်းရေးရတဲ့အခါကျရင် ဆရာ့ကို မြန်မာပြည်အရောက် ပြန်ပို့ပေးမှာတဲ့ ဆရာ ... ချိုသင်းလေးက သေချာစီစဉ်ထားပြီးပြီ တဲ့။ ဆရာ ကျေနပ်ဝမ်းသာမှာ သေချာပါတယ်။ လောလောဆယ်တော့ ခဏလောက် စောင့်ဦးနော်ဆရာ။

တကယ်တော့ ကျမက ဆရာ့ကိုလွမ်းတယ်ဆိုတာလည်း လောဘနဲ့ပါ။ ဆရာနဲ့ စကားတွေပြောချင်တာ...။ ဆရာ့စကားတွေထဲက မှတ်သားနာယူချင်တာ။ မသိတာတွေ မေးချင်တာ။ ဆရာက အဖေတစ်ယောက်လို အားပေးတတ်တာမို့ အစစ အရာရာမှာ တိုင်ပင်ချင်တာ။ ဆရာနဲ့စကားပြောတိုင်း အားရှိသွားရတာတွေကြောင့်လေ။ တွေ့လားဆရာ ... ကျမငိုကြွေးတဲ့လွမ်းဆွတ်ခြင်းထဲမှာ အတ္တက ခပ်များများပါ။ တကယ်ဆို ... ဆရာ ထွက်ခွာသွားပုံလေးက ဘယ်လောက် ကျေနပ်စရာကောင်းလဲ။ ဆရာ့အတွက် ဘယ်လောက် စိတ်ချမ်းသာစရာကောင်းလဲ။ ညင်ညင်သာသာ၊ ပြီးတော့ ငြိမ်းငြိမ်းချမ်းချမ်း။ ဘယ်လို လောဘ ဒေါသ မောဟမှ ရှိမနေတဲ့ အခိုက်အတန့်လေးမှာ။ ဆရာ့ သဘောကျတတ်တဲ့ နေရာလေးတစ်ခုမှာ။ တိုင်းပြည်အရေးက လွဲလို့ ပူပန်သောက ဖြစ်စရာ မရှိတဲ့ ဘဝမျိုးမှာ။ လုပ်ချင်သမျှဖြစ်နေတဲ့ အခြေအနေလေးမှာ ...။ ဒါဟာ အိုခြင်း နာခြင်း ဒုက္ခတွေအပေါ် အနိုင်ရတာတမျိုးပဲလို့ ကျမခံစားရတယ်။ ကြည့်ပါဦး... ဆုံးပါးသွားရပုံကတောင်မှ အားကျစရာ။

ဒါပေမယ့် ... လွမ်းတယ် ဆရာ။

တကိုယ်ကောင်းဆန်တယ်ပဲပြောပြော၊ ဆရာ ထွက်သွားတာ စောပါသေးတယ်နော် ...။

သေချာတာကတော့ ...
ချစ်သောသူတို့ကား
သက်တမ်း တိုကြ၏။ ။

❑

**လူဆိုတာ လောကကြီးရဲ့ ဧည့်သည်ပဲ တဲ့။**
**ဆေးလိပ်လို လောင်မြိုက်၊ စွဲမက်ဖွယ်ကောင်း၊**
**ဒုက္ခလည်းပေးနိုင်သေး၊ အခုတော့ အချိန်လည်း ကုန်လုပြီ၊**
**ငါ့ကို ထွက်သွားခွင့်ပြုပါတော့လို့ ... ... ...**

**ရောဝတီ အင်တာနက် မဂ္ဂဇင်းမှ ကူးယူဖော်ပြပါသည်**


www.burmesesclassic.com

www.burmesesclassic.com



www.burmesesclassic.com

ကဗျာဆရာကြီးတင်မိုးအကြောင်း ကျနော် သိသလို ပြောပြပါ့မယ်။ သိတာတွေကတော့ အများကြီးပဲ။ လိုရင်းတွေကို ဖြတ်ပြောချင်တယ်။ ဦးတင်မိုးနဲ့ ကျနော် မန္တလေးတက္ကသိုလ်မှာ ဆုံခဲ့ကြုံခဲ့ကြတယ်။ နောက် မန္တလေး စာပေလောကရဲ့ အဓိကဌာနတစ်ခုဖြစ်တဲ့ လူထုစာပေ တိုက်မှာလည်း အတူပါဝင် ထမ်းဆောင်ကြရင်း ကြုံကြဆုံကြရပါတယ်။ နောက် မန္တလေးက အနုပညာသည်တွေ ရန်ကုန်မြို့ကို ဆင်းကြတော့လည်း အတူတူပါပဲ။ နောက်တော့ မြန်မာပြည်က ထွက်ခွာကြရတော့လည်း အမေရိကန်ပြည်ထောင်စုမှာပြန်ပြီးတော့ ဆုံကြရပြန်ပါတယ်။ ဆုံတယ်ကြုံတယ်ဆိုတာက မည်ကာမတ္တထက် ပိုပါတယ်။ သူငယ်ချင်းမက ညီအစ်ကိုတမျှတွေ ဖြစ်ကြလို့ ကျနော်တို့ချင်း တွေ့ကြတိုင်း နာရီများစွာ စကားတွေ အလုအယက် ပြောကြတာ ဘယ်တော့မှကုန်တယ် ဆုံးတယ် ရောင့်ရဲကျေနပ်တယ်ရယ်လို့ မရှိကြပါဘူး။ အတိတ်က အဖြစ်အပျက်တွေ၊ စာပေ ဂီတအကြောင်းတွေ၊ အနုပညာအကြောင်းတွေ နိုင်ငံရေး လူမှုရေး စတာတွေ အစုံပါပဲ။

ကိုတင်မိုး (ဝါ) ကိုဘဂျမ်း ဆိုတာက အထက်မြန်မာပြည် မြင်းခြံနယ် ကမြဲဇကြမ်း




# အာချိုးသားကဗျာဆရာကြီး
# တင်မိုး



www.burmeseclassic.com

www.burmesesclassic.com


(အသံထွက်အတိုင်း မြိန်လွှန်းလို့ ရေးလိုက်တာပါ)က တောသား ကဗျာဆရာပါ။ သူ့ကို ကျနော်က ကိုဘဂျမ်းလို့ ခေါ်ရတာလည်း သိပ်မြိန်ပါတယ်။ သူက သူ့ ကဗျာအနုပညာနဲ့ မန္တလေးမြို့ တက်လာတယ်၊ မြို့တော်ရန်ကုန်ထိ တက်တယ်။ မြန်မာတနိုင်ငံလုံးကို ပတ်တယ်။ နောက်တော့ ကမ္ဘာကို ပတ်တော့တာပဲ။ သူ ဘယ်ကိုသွားသွား သူ့ကိုယ်ပိုင် ကဗျာ အနုပညာယာဉ်ကို စီးပြီး ငြိမ့်ငြိမ့်ညောင်းညောင်း ထိထိရောက်ရောက် ခရီးနှင်တာပါပဲ။

သူ့ ကဗျာဝိညာဉ်က သူ့ စိတ်ရင်းအတိုင်း ပကတိ အလွန်ရိုးသား ရှင်းလင်း ကြည်လင်တယ်။ ရဲရင့်တယ်၊ ပြတ်သားတယ်။ ယဉ်ကျေးသိမ်မွေ့ပြီး ပျော့ပျောင်းနည့်တယ်။ ဝေါဟာရတွေကြွယ်ဝသလို ပြေပြစ်ညက်ညောတဲ့ ကာရန် နဘေတွေနဲ့ ဝေဆာလှပပါတယ်။

သူက တိုင်းပြည်နဲ့လူမျိုးကို သိပ်ချစ်တယ်။ တိုင်းပြည်နဲ့ လူမျိုးအကျိုးရှိအောင် ဆောင်ရွက်ချင်စိတ် ပြင်းထန်တယ်။ ဒါပေမယ့် အဲဒီလို ဆန္ဒာဓိပတိ ကြီးမားတာကို ထုတ်ဖော်ပြီး ပြောပြခဲ့တယ်။ လက်တွေ့ပဲ လုပ်တယ်။ သူကျွမ်းကျင်တဲ့ စာပေနဲ့ ကဗျာကို မဏ္ဍိုင်ထားပြီး အများကြီးလုပ်တယ်။ နေ့တိုင်း လုပ်တယ်။ ရောက်ရာအရပ်တိုင်းမှာ ပြောတယ်၊ ဟောတယ်။ လုံ့လ ဝီရိယသိပ်ကောင်းတယ်။ တိုင်းပြည်နဲ့ လူမျိုးအတွက် အများကြီး အကျိုးရှိတယ်။ စာပေနဲ့ ဆောင်ရွက်တာဖြစ်လေတော့ ထာဝရ အကျိုးပွားများနေတယ်။

သူ့ကဗျာစာပေ အများစုကို သူ့ရဲ့တိုင်းပြည်နဲ့လူမျိုးအပေါ်ထားတဲ့ ကြီးမားတဲ့စိတ်ရင်း စေတနာသဒ္ဓါတရားပေါ်မှာ အခြေခံ အုတ်မြစ်ထား ရေးသားပါတယ်။ ဒါ့ကြောင့် မေတ္တာစေတ်အပြည့်နဲ့ သြဇာကြီးတယ်။ သူ့ဆန္ဒ သူ့ စေတနာဆိုတာကလည်း သိပ်ရှင်းပါတယ်။ သူက အမှန်တရားဘက်ကသာ ရပ်လိုတယ်။ အဓမ္မတရားကို ဆန့်ကျင်တယ်။ လူတိုင်းကို စာပေဗဟုသုတ၊ ဘဝဉာဏ်ပညာ အလင်းနဲ့ ပြည့်ဝစေချင်တယ်။ ဒါမှလည်း အမှန်တကယ် လွတ်မြောက်နိုင်ကြမှာကိုး။ သူ့ စေတနာကို လူတိုင်း လက်ခံနားလည် ကျင့်သုံးနိုင်ပါတယ်။ အာရုံစူးစိုက်ကြိုးပမ်းကြဖို့သာ အရေးကြီးပါတယ်။

တိုင်းပြည်နဲ့ လူမျိုးအပေါ် စေတနာထားရာမှာ လွတ်လပ်တဲ့စိတ်ကို မြတ်နိုးသလို ကျယ်ကျယ်ပြန့်ပြန့်လည်း ခံယူနိုင်စွမ်းရှိတယ်။ ကာလဒေသနဲ့ မျက်ခြည်မပြတ် ပူးကပ် နွှေးထွေး နေတတ်တယ်။ ကာရန်ဉာဏ်အား နဘေဉာဏ်အား သန်စွမ်းတဲ့အတွက် ကာရန်မဲ့ကဗျာကို အရေးနည်းတယ်။ မိုဒန်တာ မဒန်တာကို ဂရုမထား။ အယူအဆ အတွေးအခေါ် ခြားနားတာတွေကို လေးစားတယ်။ လွတ်လပ်စွာ ကွဲလွဲခွင့်ကို တန်ဖိုးထားတယ်။ ဒါ့ကြောင့် တကမ္ဘာလုံးအနှံ့ရှိကြတဲ့ အလွှာစုံ မြန်မာတွေက ဆရာကြီးဦးတင်မိုးကို သိပ်ချစ်ကြတယ်။ ရောက်လေရာရာမှာ ကြည်ကြည်နူးနူးနဲ့ ကြိုဆိုကြ ဂါရဝပြုကြတယ်။ သူ့အတွက် ဂုဏ်ယူကြတယ်။ သူလုပ်သမျှ တိုင်းပြည်အကျိုး ကောင်းမှု ကုသိုလ် အနုရသတွေအတွက် ဝမ်းမြောက် အနုမောဒနာပြုကြတယ်။


www.burmesesclassic.com

ကဗျာဆရာကြီး ဦးတင်မိုးဟာ လွတ်လပ်မှုကို သိပ်ကြိုက်ပါတယ်။ အကြိုက်လွန်တယ်လို့တောင် ပြောနိုင်ပါတယ်။ ယုတ်စွအဆုံး ကျန်းမာရေးအတွက် အသက်အရွယ်ရလာတော့ အစားဆင်ခြင် အနေဆင်ခြင် ဆိုတဲ့ ကိစ္စတွေကိုတောင် မလွတ်လပ်ဘူးလို့ ယူဆတယ်။ ဆေးဝါးတွေမှီဝဲဖို့ အကန့်အသတ်အောက် ရောက်ရမှာကို မနှစ်မြို့ဘူး။ အလွတ်လပ်ဆုံး သွားလာ စားသောက်ရေးသားဟောပြော လှုပ်ရှားလိုတဲ့ဆန္ဒ ပြင်းပြတယ်။ အဲဒီလိုပဲ နေထိုင် ရှင်သန်သွားတယ်။

အမျိုးသား ကဗျာဆရာကြီးဦးတင်မိုး ရုတ်တရက် ကွယ်လွန်သွားရတာနဲ့ ပတ်သက်လို့ အဆိုးဝါးဆုံး ဆုံးရှုံးမှုကြီးထဲက အကောင်းတစ်ကွက်ကို ထုတ်ကြည့်ကြရရင် ကွယ်လွန်ချိန်မှာ နာတာရှည်ဝေဒနာ ခံစားမသွားရခြင်းပဲ ဖြစ်ပါတယ်။

ကျနော့် မိတ်ဆွေကြီး၊ သူငယ်ချင်းကြီး၊ အစ်ကိုကြီး (ကျနော့်ထက် ၂ နှစ် ကြီးပါတယ်) ကမြဲဇဂျမ်းက တောသားကဗျာ ဆရာကြီး၊ အမျိုးသားကဗျာဆရာကြီး ကိုတင်မိုး (ကိုဘဂျမ်း) ကောင်းရာ သုဂတိရောက်မှာ သေချာပါတယ်။ ။ ❑

**ဝင်းဖေ [ပန်းချီ၊ ဂီတ၊ စာပေ နဲ့ ရုပ်ရှင်]**



www.burmesesclassic.com

www.burmesesclassic.com



www.burmesesclassic.com

www.burmesesclassic.com


# ( ၁ )

ခံစားမှုတွေ ပေါ်လာတိုင်း ရုပ်ပုံလွှာလေးတွေ ရေးခြယ်ဖြစ်ခဲ့တာ တော်တော်ကြာပါပြီ။

များသောအားဖြင့် ဆုံးပါးသွားတဲ့အခါမှ ရေးခြယ်ဖြစ်တာတွေ များများလာတော့၊ ဒီတခါတော့ သက်ရှိထင်ရှား ရှိနေတုန်းမှာပဲ ရေးကို ရေးခြယ်ပြလိုက်ဦးမယ်လို့ ရင်ထဲမှာ စွဲထားခဲ့မိတဲ့၊ ကျနော့်ရဲ့ ရင်ထဲက ရုပ်ပုံလွှာတွေထဲမှာ ဆရာဂျမ်းလည်း ရှိနေခဲ့သပေ့ါ။ အခုတော့ ... ဆရာရယ်၊ ဆရာ့ကိုလည်း ...

မနှစ်က မှတ်မှတ်ရရ ... အမေ ဒေါ်အမာရဲ့ အသက် ၉၀ ပြည့် မွေးနေ့ကြီးမှာ ဆရာဂျမ်းနဲ့ ကျနော် ဖုန်းပေါ် တော်တော်ကြာကြာ စကားပြောခွင့်ရလိုက်သေးတယ်။ ကိုစိုးချိန်တို့မောင်နှံက သူတို့ ဖို့တ်ဝိန်းအိမ်ကနေ ဆရာဂျမ်းနဲ့ ကျနော့်ကိုဆုံပြီး စကားပြောခွင့်ကြုံအောင် စီစဉ်ပေးလိုက်ကြလို့လေ။ အဲဒီတုန်းက ဆရာဂျမ်းက ဖို့တ်ဝိန်းက ကိုစိုးချိန်တို့အိမ်ကို အလည်ရောက်နေတဲ့အချိန်ပေ့ါ။ လူချင်းမဆုံ စကားပြောခွင့်မကြုံနိုင်တာ ၁၇ နှစ်တောင် ကြာပြီဆိုတော့ အရင်တုန်းက ဆရာ့အသံ ဆရာ့ဟန် အတိုင်းပါပဲ။ ဂန္ဓာလရာဇ်ကျေးက ကျနော်တို့ကို နောက်လိုက် စလိုက် ဟာသလေးတွေ နှောလိုက်နဲ့ ပြောလိုက်တာတွေ စုံလိုက်လို့ပါပဲ။ ပြီးခဲ့တဲ့နှစ်ကတည်းက ကျနော်တို့ဆီ လာမလို့ဆိုတာ ဘာလို့ မလာနိုင်တော့တာတွေလည်း ပါသပေ့ါ။ "ဆရာ ... ဒီတခါ ခရီးကြုံရင် ကျနော်တို့ဘက် လာဖြစ်အောင် လာခဲ့ဦးနော်"လို့ ကျနော်က တမ်းတမ်းတတပြောမိတော့ ဆရာက "လာကို လာမယ် စိတ်ချ"တဲ့။

ပြီးခဲ့တဲ့ တပတ်ကျော်ကျော်လောက်ကတော့ ကိုစိုးချိန်တို့မောင်နှံက ကျနော့်ဆီ ဖုန်းဆက်ပြန် ရင်း "သူငယ်ချင်း ... ဆရာဂျမ်းကြီးတို့ကတော့ ကိုရင်တို့ဆီ ဒီနှစ် ဧပြီလထဲလောက်မှာ မရောက်

ဝင်းတင့်ထွန်း



# ဆရာဂျမ်း သို့ အလွမ်းပြေ


www.burmesesclassic.com

www.burmesesclassic.com


ရောက်အောင် လာမလို့ ... တဲ့၊ ပြီးတော့ ဆရာဂျမ်းပြောတာက စိတ်ထိခိုက်စရာကြီးကွာ ... ဒီတခေါက် အဲဒီဘက် ရောက်အောင်သွားချင်တယ်။ သူ့အသက်သူ့အရွယ်နဲ့၊ နောက်ဆုံး နှုတ်ဆက်ခရီးတောင် ဖြစ်ချင်ဖြစ်နေမှာ ... တဲ့၊ ကိုယ့်ကွာ ...စိတ်မကောင်းလိုက်တာ''တဲ့။ ကျနော်လည်း တော်တော်ကြေကွဲဆို့နင့်သွားမိရင်း တဖက်ကတော့ ဒီနှစ်ထဲမှာ နောက် ၃ လကျော်ကျော်လောက်ဆို ဆရာဂျမ်းနဲ့ လူကိုယ်တိုင်တွေ့ခွင့်ကြုံတော့မှာလို့ မျှော်လိုက်မိရင်း ကြေကွဲပီတိ ဖြစ်မိလိုက်ပါတယ်။

ဟော ... မနေ့ကကျတော့ ၂၃ ရက်နေ့က ကျတော့ ...

မိတ်ဆွေတဦးဆီက တယ်လီဖုန်းခေါ်သံ ဝင်လာတယ်။ ''ဆရာဂျမ်းတယောက် ဆုံး ... ဆုံးရှာပြီ'' တဲ့။ ဖုန်းထဲက သူ့အသံဟာ တိုးတိုးလျလျလေးနဲ့ တုန်ခါ နွမ်းဟိုက်နေတယ်။ ကျနော်လည်း ဘာစကားမှ မပြောနိုင်တော့လောက်အောင် မောသွားရပါတော့တယ်။ ဆရာရယ် နောက်ဆုံး နှုတ်ဆက်မျက်နှာလေးကိုတောင်မှ မြင်ခွင့်မရလိုက်ရတော့ပါလား ... ဆရာရယ်။

ဒါပေမယ့် ...

ရိုးသားမှုအရိပ်တွေ တဖိတ်ဖိတ်လက်နေတဲ့၊ သဘောကျစရာများရှိရင် ပြုံးပြုံးကြီးဖြစ်ရုံမက အသံမြမြထွက်အောင် တဟဲဟဲရယ်မောနေတတ်တဲ့၊ မျက်လုံးအစုံဟာ အနုပညာသမားပီသလွန်းစွာ ခံစားတတ်မှု မနောအာရုံခေတ်တွေ လွှမ်းပတ်ဝေ့ဝဲနေတတ်တဲ့ ဆရာ့ရဲ့ ရိုးရှင်းလွန်းလှတဲ့မျက်နှာဟာ ... ခင်မင်နှစ်လိုဖွယ်ရာကောင်းလွန်းလှတဲ့ ဆရာ့ရဲ့ မျက်နှာပြည့်ပြည့်ကြီးဟာ ကျနော်တို့ရဲ့ နှလုံးသားထဲမှာ ထာဝရ စွဲထင်နေပါတယ်။ ဘယ်လိုလုပ်ပြီး မေ့နိုင်ပါ့မလဲ ဆရာရယ် ... ... ... ။

## (၂)

ဆရာဂျမ်းရဲ့ ပုဂံလမ်းအိမ်ကို ကျနော် ကြိမ်ဖန်များစွာရောက်ဖူးတယ်။ လွန်ခဲ့တဲ့နှစ် ၃၀ ၊ ၁၉၇၇ တဝိုက်လောက်ကပေါ့။ အတွဲလိုက် အိမ်တန်းလျားရှည်ကြီးမှာ ဆရာညွန့်ကြူးတို့မိသားစုက တခန်း၊ တက္ကသိုလ်မင်းမော်တို့က တခန်း၊ ဆရာဂျမ်းတို့ မိသားစုက တခန်း၊ အားလုံးဟာ စာသမား ပေသမား အနုပညာသမားတွေ ပညာရှင်တွေ တက္ကသိုလ်နဲ့ပတ်သက်သူတွေချည်းဆိုတော့၊ စာပေရိပ်မြုံလေးလိုဖြစ်နေတဲ့နေရာပေါ့။ ကျနော်ကတော့ ဆရာဂျမ်းအပြင်သွားနေတဲ့အခါဆိုရင် ဆရာကြူးနဲ့ဖြစ်ဖြစ် ဆရာမင်းမော်နဲ့ဖြစ်ဖြစ် တအိမ်အိမ်မှာ ထိုင်နေကျပါပဲ။ များသောအားဖြင့် ဆရာကြူးနဲ့ ဆရာဂျမ်းအိမ်မှာပဲ ထိုင်နေကျပါပဲ။ အဲဒီတုန်းက ဆရာ့သား သမီးတွေက ငယ်ငယ်လေးတွေပါပဲ။ အကြီးဆုံးမှ အလယ်တန်းလောက်ပဲ ရှိပါသေးတယ်။ မိုးနှင်းတို့ စံကြီးတို့ ဆိုတဲ့နာမည်တွေ ရေးတေးတေးမှတ်မိနေသေးပေမယ့်၊ ဆရာ့သမီးတယောက် 'မိုးချိုသင်း'ဖြစ်နေပြီဆိုတာ အဝေးကနေကြားရပေမယ့် ဘယ်သမီးလဲဆိုတာ အခုချိန်အထိ ကွဲကွဲပြားပြား မသိသေးပါဘူး။ အဲဒီတုန်းက ဆရာကြူးရဲ့ သားနှစ်ယောက်ကလည်း ငယ်ငယ်လေးတွေပါ။ ဆရာဂျမ်းရဲ့အိမ်ထဲမှာ ဆရာဂျမ်း တယောထိုးနေတဲ့ ဓာတ်ပုံလေးကို ချိတ်ဆွဲထားတာလည်း အာရုံထဲမှာ ရေးတေးတေးမှတ်မိနေပါသေးတယ်။ ဆရာဂျမ်း၊ ဆရာ

www.burmesesclassic.com


ကြူးတို့နဲ့ ကျနော် စကားပြောနေတုန်း ဆရာမင်းမော် ဝင်လာတော့ ဆရာဇော်ဂျီရဲ့ ‘ညီသစ်ဆင်း’ ကဗျာတွေမတိုင်ခင်၊ ‘ငါ့ညီ ပြောင်ဝင်း – မောင်သစ်ဆင်း ’လို့ရေးခဲ့ ဖွဲ့ခဲ့တဲ့ ကဗျာအချီအလိုက်အတိုင်း၊ ဆရာဂျမ်းက ‘ငါ့ ညီ ပြောင်ချော် – မောင်မင်းမော်’ လာထိုင် … လို့ ချစ်စနိုးနောက်လိုက်စလိုက်တဲ့ ပြုံးတုံ့တုံ့မျက်နှာကြီးကိုလည်း မကြာမကြာ အမှတ်ရမိနေပါတယ်။ အင်မတန် အနုပညာရှင်ပီသပြီး နက်နက်ရှိုင်းရှိုင်း ခံစားတတ်လွန်းသူဖြစ်သလောက် သူချစ်တဲ့ခင်တဲ့သူတွေနဲ့ဆိုရင် ပြုံးပြုံးရွှင်ရွှင် ကြည်ကြည်မြမြ ဟာသနှောတတ်သူလည်း ဖြစ်ပါတယ်။ စစ်အာဏာရှင်ကြီး ဗိုလ်နေဝင်းက တတ်ယောင်ကားနဲ့ သတ်ပုံတွေကို ဟိုပြင်ခိုင်း ဒီပြင်ခိုင်းလုပ်၊ ‘ဒို့’ကို ‘တို့’လုပ်ခိုင်းတာတွေ၊ စကားပြောသံအတိုင်း ‘လဲ’တွေနေရာ ‘လည်း’ အလုပ်ခိုင်းတာတွေ တင်းတင်းကျပ်ကျပ် လုပ်လာတော့၊ ဆရာဂျမ်းက တနေ့မှာ ခေါင်းကြီး တရမ်းရမ်းနဲ့ ဟာသနှောလာတယ်။

“အခုမှ စာလုံးပေါင်း အတိုင်း သေသေချာချာ ဖတ်တတ်အောင် ကြိုးစားပေါင်းဖတ်နေရတဲ့ ကလေးတွေအတွက်တော့ … တကယ့်ကို ဂွ ပဲ။ နိုင်ငံတော်သီချင်းတောင် ‘တို့ပြည် တို့မြေ’ လို့ရေးပြီး၊ ပြီးမှ ‘တို့’ ကို ‘ဒို့’ဖတ်ပါ လို့ အောက်က ထပ်ရေးပြနေရတော့၊ တချို့ဟာတွေကျ – တကယ့်ကို ကလေးတွေအတွက် ဂွ မှ ဂွ ပဲ ” တဲ့။ ဘာလို့လဲ ဆရာရဲ့လို့ တဦးက မေးလိုက်တော့၊ “စဉ်းစားကြည့်လေ … ကလေးက အခုမှ စာလုံးပေါင်းအတိုင်းမှန်အောင်တောင် မနည်းဖတ်နေရတော့၊ ဆရာမင်းသုဝဏ်ရဲ့ ကလေးကဗျာ ချစ်စရာ သပြေသီးကောက်ကို အသံမပြောင်းနိုင်ဘဲ၊ ‘ဒို့လဲ လိုက်မယ် ချန်မထားနဲ့’လို့မဆိုဘဲ စာလုံးပေါင်းအသံအတိုင်း ‘တို့လည်း လိုက်မယ် ချန်မထားနဲ့’လို့များ အော်အော် ဆိုလိုက်လို့ကတော့၊ စဉ်းစားသာ ကြည့်ကြရော့ပေါ့ဗျာ၊ အဟိး … တို့လည်းလိုက်မယ် တို့လည်းလိုက်မယ် … … … ဆိုတော့ဗျာ”တဲ့။ ဆရာက ပြောရင်းပြောရင်း ရယ်မောနေလိုက်ပုံများ အခုချိန်အထိ မကြာမကြာ မြင်ယောင်မိပါတယ်။

အဲဒီတုန်းက ဆရာဟာ တက္ကသိုလ်ဘာသာပြန်နဲ့ စာအုပ်ထုတ်ရေးဌာနမှာ အလုပ်လုပ်နေတဲ့ အချိန်ပါ။

ဆရာညွန့်ကြူး၊ ဆရာမင်းကျော်၊ ဆရာကျော်အောင်နဲ့ ဆရာကြူးကတော် အစ်မကြီး ဒေါ်ရီရီမြေးတို့တွေလည်း အဲဒီမှာပဲ တစုကြီး အလုပ်လုပ်နေကြပါတယ်။ အဲဒီတုန်းက စနေ–နေ့တဝက် ရုံးတက်ကြရတဲ့ ခေတ်ဆိုတော့၊ စနေနေ့မှာ နေ့လယ် ၁၂ နာရီ ကျော်ပြီဆိုတာနဲ့ ဆရာဂျမ်းတို့ရဲ့ တက္ကသိုလ်ဘာသာပြန်ဌာနနဲ့လည်း နီးနီးလေးဖြစ်တဲ့၊ ပညာရေးတက္ကသိုလ်နောက်ကျောခြမ်းက ကဲင်တင်းထဲက လက်ဖက်ရည်ဆိုင်လေးမှာ စာသမားတချို့ ပုံမှန် ဝိုင်းဖွဲ့ကြလေ့ရှိပါတယ်။ ဒါကြောင့် ‘စနေဝိုင်း’လို့ ရင်ထဲမှာ ကိုယ့်ဟာကိုယ် သတ်မှတ်ထားကြတဲ့ စာပေဝိုင်းလေး ဖြစ်ပါတယ်။ အဲဒီ စနေဝိုင်းလေးကို ဆရာဂျမ်း၊ ဆရာကြူး၊ ဆရာနိုး(မောင်သာနိုး) ပုံမှန်ထိုင်တယ်။ စမ်းချောင်းဘက်ကနေ ဆရာစွမ်း (ဆရာ မောင်စွမ်းရည်) ပုံမှန် လာတတ်တယ်။ ဗိုလ်ရဲထွတ်ရဲ့ သား ကိုကျော်ကျော်တို့၊ ကိုဟန်တင်တို့တွေ ပုံမှန်လာတတ်တယ်။ တခါတရံ ဦးမြဇင် (မြဇင် –ကဗျာ့နရီ နဲ့ နိမိတ်ပုံ ရေးခဲ့သူ၊ ဇင်–နိုး–ကြူးဂိုဏ်းလို့ အခေါ်အဝေါ်ခံခဲ့ရတဲ့ အထဲက တဦးဖြစ်သူ) လာတတ်တယ်။


www.burmesesclassic.com

စာ အကြောင်းပေအကြောင်း၊ ဟိုအကြောင်း ဒီအကြောင်း ထွေရာလေးပါး ပြောကြလေ့ရှိပါတယ်။ ဘာပဲပြောပြော စာပေအနုပညာအကြောင်းတွေကချည်း လွှမ်းမိုးနေတတ်ပြီး၊ တကယ့်ကို ချစ်စရာ တမ်းမက်စရာ အနုပညာဝိုင်းလေး ဖြစ်ပါတယ်။ ဆရာနိုးက မန္တလေး ဒေါ်ဦး 'နဂါး' ဆေးပေါ့လိပ် အလတ်စည်းလေးနဲ့ သောက်ချင်သူ သောက်၊ သောက်တတ်သူ သောက်၊ စားပွဲပေါ် ချပေးထားတတ်ပါတယ်။ ဆရာကြည်အောင်တို့၊ ကိုလေး(အင်းဝဂုဏ်ရည်)တို့လည်း ရန်ကုန်ရောက်နေတာနဲ့ကြုံရင်၊ ဒီ စနေဝိုင်းလေးဆီ ရောက်လာဖူးတာ မှတ်မိနေပါတယ်။ ဆေးလိပ်လေး ဖွာလိုက်၊ လက်ဖက်ရည် လေးသောက်လိုက်နဲ့ ပြုံးပြုံးပြုံးပြုံးနဲ့ စကားကို ရွှန်းရွှန်းဝေအောင် အသက်ပါပါ ပြောတတ်ဆိုတတ် ရယ်တတ်မောတတ်သူကတော့ ဆရာဂျမ်းပါပဲ။ ဆရာဂျမ်းအသံဟာ အမြဲလိုလို ရွှန်းမြနေတတ်ပါတယ်။ ဆရာကြူးတို့ ဆရာစွမ်းတို့က ဆေးလိပ်မသောက်ကြ ပေမယ့် ဆရာဂျမ်းကတော့ တလိပ်ကုန်ရင် တလိပ်၊ အင်မတန် ဆေးလိပ်ကြိုက်ရှာတယ်။ ဆေးလိပ်တင်မက လက်ဖက်ရည်ဆိုင် ထိုင်တာနဲ့ လက်ဖက်ရည်ကြိုက်တာမှာလည်း ဒီထဲမှာ ဆရာဂျမ်းဟာ ထိပ်ဆုံးကပါပဲ။

လက်ဖက်ရည်သောက်ပြီးသားပေမယ့် နာမည်သဘောကျတာနဲ့ ဝင်သောက်ချင် သောက်တတ်တာမျိုးတောင် ရှိဖူးတယ်။

"တောက် ... သိပ် သဘောကျတယ်၊ ဆိုင်နာမည်က ဘိုမြ ... တဲ့၊ ဒါကြောင့်မို့ သောက်ဖြစ်အောင်ကို သွားသောက်လိုက်သေးတယ်"လို့လည်း တဟဲဟဲနဲ့ သဘောတကျ ပြောတတ်သေးတယ်။

## (၃)

ကျနော့်ရဲ့ ကဗျာသမားဘဝမှာ ... ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ မဟာကဗျာလေးချိုးကြီးတွေထဲက အသံတွေ မာန်တွေကို ချစ်တတ် နှစ်သက်တတ် မြတ်နိုးတတ်ခဲ့ရာက၊ ဆရာမင်းသုဝဏ်ရဲ့ ကဗျာချိုချို၊ ဆရာဇော်ဂျီရဲ့ ကဗျာပီပီတွေကို ထိတွေ့ခံစားနိုင်ခွင့်ရရင်း ဆရာတာရာရဲ့ကဗျာအလင်းရောင်၊ ဆရာကြည်အောင်ရဲ့ ကဗျာထက်ထက်၊ ဆရာစွမ်းရဲ့ကဗျာ ရှရှ၊ ဆရာဂျမ်းရဲ့ ကဗျာလှလှတွေကြားမှာ ခိုနားရှင်သန်ရင်းက ကြီးပြင်းလာခဲ့ရတာ ဖြစ်တယ်လို့တောင် ပြောခွင့်ရှိရင် ပြောလိုက်ချင်ပါတယ်။ ဂန္ထဝင်ခေတ်၊ ပျို့ခေတ်တွေတုန်းကတော့ 'ပျို့' တွေထဲမှာ 'အလှမှာ ဥမ္မာဒန္တီ – အတည်မှာ ဘုံခန်း' ရယ်လို့ ပြောစမှတ်ပြုရလောက်အောင် မဟာမင်းလှမင်းခေါင်ကျော် ဦးရွှန်းရဲ့ ဥမ္မာဒန္တီပျို့က ဥမ္မာဒန္တီနဲ့အပြိုင် အင်မတန် လှလွန်းလှသလို၊ ရှင်အဂ္ဂသမာဓိရဲ့ နေမိဘုံခန်းပျို့ကလည်း ခန်းနားလှရုံမက တည်ကြည်လွန်းလှတယ်လို့ ဆိုကြပါတယ်။ ခေတ်စမ်းအလွန် ဒီဘက်ခေတ် ကျနော်တို့ခေတ်မှာတော့ ဇော်နဲ့ ဝဏ် တို့ ခေတ်ပြီးရင်၊ ဗမာကဗျာနယ်မှာ 'ကဗျာအလှမှာ ဆရာ ဂျမ်း' လို့တောင် ကျနော်ကတော့ ခံစားမှတ်ထင်မိပါတယ်။ အသံသာတဲ့နေရာ– အသံချိုတဲ့ နေရာမှာလည်း ဆရာ မင်းသုဝဏ်ပြီးရင် ဆရာ တင်မိုး ပဲလို့တောင် ယူဆမိပါတယ်။

ကဗျာမှာ အသံချိုသလို၊ မနောချိုလှတဲ့ ဆရာဟာ အင်မတန် လူချစ်လူခင် ပေါသူလည်း ဖြစ်ပါတယ်။

ကျနော် သိရသလောက်



www.burmesesclassic.com

www.burmesesclassic.com



ကိုယ့်မွေးနေ့ကိုယ် မကျင်းပရဘဲ ချစ်သူခင်သူများက ကျင်းပပေးခြင်းခံရတဲ့ ရှားရှားပါးပါး ပုဂ္ဂိုလ်တွေထဲမှာ ကျနော်တို့ရဲ့ ဆရာဂျမ်းကြီး ပါပါတယ်။ ဒီဘက်ပိုင်း အသက်အရွယ်တွေ ရလာ၊ ပိုပိုပြီး ပေါ်ပေါ်လွင်လွင်ဖြစ်လာ၊ နိုင်ငံတကာအနှံ့အထိ ဟိုဟိုဒီဒီ ရောက်လာမှ အခုလို ဂုဏ်ပြုခံရ ကျင်းပပေးခြင်း ခံရတာမျိုး မဟုတ်ပါ။ ဟို–လွန်ခဲ့တဲ့ နှစ်ပေါင်း သုံးလေးဆယ်လောက်ကတည်းက ချစ်ချစ်ခင်ခင် လေးလေးစားစားတွေနဲ့ သံယောဇဉ်ကြီးစွာ တခုတ်တရ အလေးထားစွာ မွေးနေ့ကျင်းပပေးတာ ခံရသူမျိုး ဖြစ်ခဲ့ပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက တခုသော ဆရာဂျမ်းရဲ့ မွေးနေ့မှာ ဆရာဂျမ်းရဲ့ သူငယ်ချင်းမိတ်ဆွေရင်း ဆရာမောင်သိန်းနိုင် (ဂုဏ်ထူးဦးသိန်းနိုင်)က စားသောက်ဖွယ်ရာတွေအပြည့်နဲ့ ငါးဆင့်ချိုင့်ကြီး ဆွဲလာပြီး ဆရာဂျမ်းမွေးနေ့အဖြစ် မွေးနေ့ရှင် ဆရာဂျမ်းကို တခုတ်တရ လာကျွေးတာကိုလည်း ကျနော်ကိုယ်တိုင် ကြုံခဲ့ရဖူးပါတယ်။ ကျနော်ကိုယ်တိုင်ကြုံခဲ့ရဖူးတဲ့ နောက်ထပ် ဆရာဂျမ်းအတွက်မွေးနေ့ပွဲတခုကတော့၊ ရန်ကုန်ခြောက်မိုင်ခွဲ စပယ်ခြံလမ်းထဲက ကျောင်းဆရာဇနီးမောင်နှံရဲ့ အိမ်မှာပါ။ ဆရာဂျမ်းကို အင်မတန် ကြည်ညိုလေးစားလှတဲ့၊ ရေနံချောင်းဇာတိ အညာသား စာသမား ကျောင်းဆရာကိုညွန့်ဝေရဲ့ အိမ်မှာပါ။ ဆရာဂျမ်းမွေးနေ့နဲ့ တိုက်ပြီး ဆရာဂျမ်းကို ထမင်းဖိတ်ကျွေး ဧည့်ခံရင်း၊ စာအကြောင်း ပေအကြောင်း ပြောကြတာပါ။ ဖိတ်ထားတဲ့ လူလေးနည်းနည်းထဲမှာ ကျနော်လည်း ပါဝင်ခွင့်ရရင်း၊ ထမင်းပွဲပြီးတာနဲ့ လက်ဖက်ပွဲ ထန်းလျက်ပွဲနဲ့ဆက်ပြီး အချိန်တော်တော်ကြာအောင် စာအကြောင်းပေအကြောင်းတွေ ပြောခဲ့ကြဖူးတာတွေလည်း ရင်ထဲမှာ မှတ်မိနေပါတယ်။

ဆရာဂျမ်းနဲ့ တရုံးတည်းလုပ် တဝင်းတည်းနေတွေကလွဲရင်၊ တခုသောကာလအတွင်းမှာ ဆရာဂျမ်းနဲ့ အမြဲလိုလို တွေ့ဖြစ်ဆုံဖြစ် လက်ဖက်ရည်ဆိုင်ထိုင်ဖြစ်သူတွေထဲမှာ ကျနော်လည်း တဦးအပါအဝင်ဖြစ်ခဲ့ဖူးတာ ဆရာ့လိုပဲ အခု အမေရိကန်ရောက်နေတဲ့ ဆရာ့ ရဲဘော်ချစ်ဆွေ ဆရာစွမ်းကြီး အသိပါပဲ။ ဆရာဂျမ်းတယောက်၊ တက္ကသိုလ်ဘာသာပြန်နဲ့ စာအုပ်ထုတ်ဝေရေးဌာနကနေ၊ ကျောင်းသုံးမြန်မာစာအုပ်ပြုစုရေး သင်ရိုးနဲ့ မာတိကာဌာနဆီ ပြောင်းရွှေ့လုပ်ကိုင်တော့လည်း ခြောက်ထပ်ရုံးကာလမှာပဲ ဖြစ်ဖြစ်၊ တက္ကသိုလ်ထဲက တောင်ငူဆောင်အပေါ်ထပ်ကာလမှာ ဖြစ်ဖြစ်၊ အမြဲလိုလို မပျက်မကွက် ဆရာစွမ်း ဆရာဂျမ်းတို့ဆီ ပုံမှန်လိုလို မရောက်ရောက်အောင် ရောက်တတ်တာ ကျနော် ဖြစ်ခဲ့ပါတယ်။ ဆရာတို့သင်ရိုးဌာနအတွက် တာဝန်ခံကလည်း ဆရာကောင်း (ဦးဘကောင်း)ကြီးဆိုတော့၊ လွတ်လွတ်လပ်လပ် ပြောချင်ရာ ပြောဖြစ်ကြပြီး ပေါ့ပေါ့ပါးပါး ရှိခဲ့ကြတာပေါ့ ဆရာရယ်။ ဆရာကောင်းကြီးကလည်း တချိန်သောအခါက ကျောင်းသားခေါင်းဆောင် သမဂ္ဂခေါင်းဆောင်ဟောင်းကြီး မဟုတ်လား။ တောင်ငူဆောင် ဝရန်တာမှာ ထုတ်ထားတဲ့ ဆရာဂျမ်းတို့စားပွဲဆီ မကြာမကြာ ရောက်ရောက်လာပြီး ဝိုင်းဖွဲ့လေ့ရှိတာက ဆရာဦးစောလှ (အခု အမေရိကန်ရောက်နေတဲ့ မြန်မာစာပါမောက္ခ ဦးစောထွန်း)တို့၊ အခု ဒေါက်တာခင်အေး ဖြစ်နေတဲ့ မြန်မာစာ ဦးခင်အေး(မောင်ခင်မင်–ဓနုဖြူ) တို့ဆိုတော့၊ အားလုံးဟာ တကယ့်စာပေသမားတွေချည်း ဖြစ်ပြီး၊ စာပေအဆီအနှစ် စကားသံတွေ မကြာမကြာ ကြားရနိုင်လေ့ရှိတဲ့ နေရာလေးတခု



www.burmesesclassic.com

www.burmesesclassic.com


သဖွယ် ဖြစ်နေပြန်တော့တာပေါ့။ ဆရာကောင်း ကြီးက ပုပုပြတ်ပြတ် ခပ်သေးသေး၊ ဆရာဂျမ်းနဲ့ ဆရာစွမ်းက ဝဝပြည့်ပြည့်ခန္ဓာကိုယ်ကြီးတွေနဲ့ ဆိုတော့၊ ဆရာတို့တွေ အတူတူဝင်လာရင်၊ ဆရာတို့မြန်မာစာသင်ရိုးဌာနက တဦးတည်းသော အမျိုးသမီးဖြစ်တဲ့ မခင်မာလွင်က 'မဟာစည်ကြီး နှစ်ပါးတော့ ဝင်လာပြီ 'လို့ နောက်စစ မေးငေါ့ပြလေ့ရှိတာလည်း မှတ်မိနေပါတယ်။

တက္ကသိုလ်ကလည်းမဟုတ်ရပါဘဲနဲ့ အဲဒီလို ဆရာဂျမ်းတို့ဆီ အဝင်အထွက် အရောက်အပေါက် များလွန်းတာကြောင့်၊ ၁၉၈၂ မှာ မဆလစစ်ထောက်လှမ်းရေးတွေက ကျနော့်ကို နိုင်ငံရေးမှုနဲ့ဖမ်းဆီး တဲ့အခါမှာ စစ်ကြောရေးမှာ စစ်ဆေးစရာ ခေါင်းစဉ်တခုတောင် ဖြစ်ခဲ့ရ အစစ်ဆေးခံခဲ့ရဖူးပါတယ်။ မိုက်ရိုင်းလှတဲ့ စစ်ထောက်လှမ်းရေးတွေက "ဟေ့ကောင် ... မင်းက တောင်ငူဆောင် ဗမာစာဌာန အပေါ်ထပ်က ကဗျာဆရာတင်မိုး ဆိုတဲ့ လူဆီကိုလည်း သွား သွားနေတယ်၊ အဲဒီ တင်မိုးနဲ့ကော မင်း ဘယ်လိုပတ်သက်သလဲ"ဆိုပြီး စစ်တာဆေးတာ ခံခဲ့ရဖူးတဲ့အထိပါပဲ။ ဒါလည်း ... ကျနော့်အဖို့ အခုအချိန်မှာတော့၊ ဆရာနဲ့ပတ်သက်နေတဲ့ မမေ့နိုင်စရာ အဖြစ်အပျက်တခုအဖြစ် ပြန်ပြီးသတိရနေ မိပါတယ်။

## (၄)

ဆရာဂျမ်းနဲ့ ပတ်သက်ပြီး အမှတ်ရစရာတွေကတော့ ... အများကြီးပါ။

ကျနော်ထောင်က ထွက်လာတော့၊ ဆရာဂျမ်းဟာ ပုဂံလမ်းက အိမ်လေးမှာ မရှိတော့ပါဘူး။ ပညာရေးဌာနမှာလည်း မရှိတော့ပါဘူး။ မြန်မာစာ ကျူရှင်ပြတယ်ဆိုတဲ့ကိစ္စနဲ့ အလုပ်က ထွက်လိုက်ရ ပြီးတဲ့နောက်ပိုင်း၊ အင်းစိန်ဘက်မှာ ပြောင်းရွှေ့ရောက်ရှိနေပါပြီ။

ဆရာ့ကို မနာလိုဝန်တိုနေတဲ့ ပုဂ္ဂိုလ်တဦးကနေ တို့လိုက် ထောင်လိုက် ချွန်လိုက်တာကြောင့် ဆရာဂျမ်း စာပြတဲ့ကိစ္စနဲ့ ပတ်သက်ပြီး အစစ်ဆေးခံရရှာပါတယ်။ အဲဒီလို ညစ်ပတ်လိုက်တဲ့သူဟာ ဘယ်သူလဲဆိုတာလည်း ကျနော် ကြားလိုက်ရ သိလိုက်ရပါတယ်။ ဆရာကတော့ အပြုံးမပျက်ပါပဲ။ ဆရာ့အိမ်သစ်ကလေးဆီ ကျနော်ကိုယ်တိုင် ရောက်မသွားရသေးမိကတည်းက၊ ဆရာ့အိမ်သစ် ကလေးအကြောင်းကိုတော့ ကျနော် ကြိုသိနေခဲ့ရပြီး ဖြစ်ပါတယ်။ မသိဘဲ နေပ့ါမလား။ 'ကဗျာဆရာ့ အိမ်'ဆိုပြီးကိုပဲ ဆရာ့အိမ်အကြောင်း စာမျက်နှာတွေ ဘာတွေပေါ်မှာ တွေ့မြင်လိုက်ရပြီးသားကိုး။ 'ဖန်မီးအိမ်' ရှင်အတွက် 'ကဗျာဆရာ့ အိမ်'ကို ဖန်တီး ဒီဇိုင်းရေးဆွဲပြီး ကြပ်မတ်ဦးစီး ဆောက်လုပ်

**ဆေးလိပ်လေး ဖွာလိုက်၊ လက်ဖက်ရည်လေးသောက်လိုက်နဲ့**
**ပြုံးပြုံး ပြုံးပြုံးနဲ့ စကားကို ရွှန်းရွှန်းဝေဝေအောင် အာသက်ပါပါ**
**ပြောတတ်ဆိုတတ် ရယ်တတ်မောတတ်သူကတော့ ဆရာဂျမ်းပါပဲ။**
**ဆရာဂျမ်းအာသံဟာ အမြဲလိုလို ရွှန်းမြနေတတ်ပါတယ်။**


www.burmesesclassic.com

www.burmesesclassic.com


ပေးသူကိုယ်တိုင်က မဂ္ဂဇင်းတခုပေါ်မှာ ဆောင်းပါးရေးပြထားတာလို့ ရေးတေးတေး မှတ်မိနေပါတယ်။ ကဗျာဆရာ့အိမ်ကို ကိုယ်တိုင်ကိုယ်ကျ ပိသုကာရှုထောင့်ကရော အနုပညာခံစားမှု ရှုထောင့်ကပါ စိတ်ကူးဉာဏ်ကွန့်မြူးပြီး ပုံစံထုတ် ဖန်တီးပေးခဲ့သူကတော့၊ 'ဗိသုကာ ဆရာရွှေ' ကြီးပါပဲ။ ရန်ကုန်စက်မှုတက္ကသိုလ် ဗိသုကာဌာနမှာ ဆရာတဦးလည်း ဖြစ်၊ လူပျိုကြီးလည်းဖြစ်၊ ကျနော်တို့နဲ့လည်း ရင်းနှီးကျွမ်းဝင်လှတဲ့ ဆရာရွှေကြီးဟာ ဂျပန်ပြန်လည်းဖြစ်တဲ့အတွက် လူငယ်တချို့က သူ့ကို သူ့ကွယ်ရာမှာ 'ဂျပန်ရွှေ' ကြီးလို့ခေါ်တဲ့သူက ခေါ်ကြပါတယ်။ ဆရာရွှေဟာ ဗိသုကာပညာရှင်သာမက အနုပညာသမားလည်းဖြစ်၊ ဆရာဂျမ်းကို အင်မတန်ချစ်ခင်သူလည်း ဖြစ်ပါတယ်။ ဆရာရွှေကို နောက်ချင်စချင်တဲ့ အနုပညာသမားတယောက်ကတော့ "ဆရာရွှေရဲ့လက်ရာ၊ ဆရာဂျမ်းရဲ့ 'ကဗျာဆရာ့ အိမ်' ကတော့ အင်းစိန်တကြောမှာ တကယ့်ကို အထူးခြားဆုံးပါပဲ။ ခရစ်ယာန် ဘုရားရှိခိုးကျောင်း ချာ့ချ်ပုံစံလိုလို၊ ပိရမစ် အငယ်စား ပုံစံလိုလို ဗျ … " တဲ့။ ကျနော် ထောင်ကထွက်လာပြီးတဲ့နောက် ဆရာ့ရဲ့ ကဗျာဆရာ့အိမ်အထိ ရောက်အောင်လိုက်ပို့သူကတော့၊ ကျနော့်မိတ်ဆွေကြီး ပန်းချီဆရာ ကိုယဉ်မင်းပိုက်ပါပဲ။ ပန်းချီဆရာကလည်း ဆရာဂျမ်းကို တော်တော်ကို လေးစားလှသလို၊ဆရာဂျမ်းကလည်း ပန်းချီဆရာကို တော်တော်ကို ခင်မင်လှပါတယ်။ သင်ရိုးနဲ့ မာတိကာဌာန၊ ခြောက်ထပ်ရုံးခေတ်မှာ တရုံးတည်းအတူတူ အလုပ်လုပ်ခဲ့ကြဖူးသူတွေလည်းဖြစ်ပါတယ်။ ကိုယဉ်မင်းက ကျောင်းသုံးစာအုပ်တွေမှာ သရုပ်ဖော်ပုံတွေ ရေးဆွဲရတဲ့ ရုံးဝန်ထမ်း ပန်းချီဆရာတဦးအဖြစ် ဆရာဂျမ်းနဲ့ တော်တော်ကြာကြာ လက်ပွန်းတတီးနေခဲ့ရသူ ဖြစ်ပါတယ်။

ဆရာဂျမ်းရဲ့အိမ်သစ် ကဗျာဆရာ့အိမ်ကို ကျနော်ရောက်တော့ ဆရာက ထုံးစံအတိုင်း ပြုံးပြုံးရွှင်ရွှင် ကြိုဆိုပြီး ဧည့်ခံရှာတယ်။ အိမ်ဝင်းခပ်ကျဉ်းကျဉ်းလေးထဲမှာပဲ ရေမြောင်းလေး စီးနေပြီး၊ ရေမြောင်း ပေါ်ခွဆောက်ထားတဲ့ တံတားလေးအနီး၊ သစ်ရိပ်အောက်မှာ စားပွဲလေးတလုံးနဲ့ပေါ့။ ဆရာဂျမ်းကတော်ကလည်း ဆရာဂျမ်းလိုပဲ ပြုံးပြုံးပြုံးပြုံးနဲ့ ရေနွေးကြမ်းအိုး ချပေးလိုက်၊ လက်ဖက်ပန်းကန်လေး လာချပေးလိုက်နဲ့ ပုဂံလမ်းအိမ်ခေတ်ကတည်းက ရင်းနှီးပြီးသားဖြစ်တဲ့ ကျနော်တို့အပေါ် ဖော်ဖော်ရွေရွေ ရှိရှာတယ်။ တခြားအိမ်သွားရရင်သာ ကျနော်တို့အဖို့ အနေကျုံ့သလို ခံစားရဖူးတာမျိုးတွေ ကြုံတွေ့ရပေမယ့် ဆရာဂျမ်းရဲ့အိမ်မှာ ကျနော်တို့အဖို့ ဘယ်တော့မှ အနေကျုံ့တာမျိုး မရှိခဲ့။ ပေါ့ပေါ့ ပါးပါး လန်းလန်းဆန်းဆန်း ခံစားခဲ့ရတာချည်း ဖြစ်ပါတယ်။

သတိရစရာကောင်းတာတွေထဲမှာ ရှစ်လေးလုံးအရေးတော်ပုံကြီးအတွင်းတုန်းက ဆရာဂျမ်းရဲ့ ရုပ်ပုံလွှာကိုလည်း ချန်ထားမေ့လျော့ပစ်လို့ မရပါ။ ကျနော်က တနေ့တမျိုး မရိုးရအောင် ဟိုအဖွဲ့နဲ့ ချီတက်ဆန္ဒပြပွဲ ဝင်လိုက်၊ ဒီအဖွဲ့နဲ့ ချီတက်ဆန္ဒပြပွဲဆင်လိုက် ပါဝင်နွှဲပျော်နေရင်း အရေးတော်ပုံကြီးရဲ့ ဒီရေမြင့်သစ်ဦး တရက်မှာ စာပေအနုပညာဆိုင်းဘုတ်အောက်က ပါဝင်ချီတက်ဆန္ဒဖော်ပြခဲ့ရတဲ့ တရက်မှာ ဆရာဂျမ်း၊ ဆရာစွမ်းတို့နဲ့လည်း အတူတူ ဆင်နွှဲခဲ့ရပါတယ်။ အဲဒီတုန်းက ဆရာဂျမ်း၊ ဆရာစွမ်း၊ ကိုယဉ်မင်းပိုက်နဲ့ ကျနော်တို့ဟာ လေးဦးသား တန်းစီချီတက်ခဲ့ကြရင်း 'ဒို့အရေး … ဒို့အရေး' ဆိုတဲ့အသံကို အားသွန်ကြုံးပြီး တပြုံးပြုံးနဲ့ ဟစ်ကြွေးခဲ့ကြဖူးပါတယ်။ ဆရာစွမ်းရဲ့အသံဟာ တက်ကြွလှသလို၊ ဆရာဂျမ်းရဲ့ မျက်နှာပြည့်ပြည့်ကြီးဟာလည်း အလန်းဆန်း အစွင့်ကားဆုံး


www.burmesesclassic.com

www.burmesesclassic.com


**ဆရာစွမ်းရဲ့အသံဟာ တက်ကြွလှသလို၊ ဆရာဂျမ်းရဲ့ မျက်နှာပြည့်ပြည့်ကြီးဟာလည်း အာလန်းဆန်း အာစွင့်ကားဆုံး ပြုံးလို့ရွှင်လို့ပေါ့။ ကျနော်တို့ရဲ့ နောက်ဘက်နား ကပ်လျက်သား မလှမ်းမကမ်းမှာ ဆရာနတ် [ဦးနတ်နွယ်]ကြီးတို့ရော၊ အမျိုးသမီး စာရေးဆရာမ မြနှောင်းညိုတို့တွေကိုလည်း … …**

ပြုံးလို့ရွှင်လို့ပေါ့။ ကျနော်တို့ရဲ့ နောက်ဘက်နား ကပ်လျက်သား မလှမ်းမကမ်းမှာ ဆရာနတ် (ဦးနတ်နွယ်)ကြီးတို့ရော၊ အမျိုးသမီး စာရေးဆရာမ မြနှောင်းညိုတို့တွေကိုလည်း တွေ့ရပါတယ်။ အရေးတော်ပုံကြီးအတွင်းမှာ … အရေးကြီးတဲ့အချိန်တွေဆီ ဆိုက်ရောက်လာပြီဆိုတဲ့ အခါမှာ ကျနော်တို့ ညီအစ်ကိုမောင်နှမ စာပေအနုပညာရှင်တွေဟာလည်း တက်တက်ကြွကြွ အားမာန်ပြခဲ့ကြတာ အားရစရာကြီးပါပဲ။

ရှစ်လေးလုံးအရေးတော်ပုံကြီးကို စစ်အာဏာရှင်များက လက်နက်နဲ့ အကြမ်းဖက်ဖြိုခွဲပြီး မာရှယ်လောကို အလံထောင်ပြီးတက်လာချိန်မှာတော့ တရားလက်လွတ် မတရားသဖြင့် ဖိနှိပ်မှုတွေအပေါ် ပေါက်ကွဲပြီး၊ စာပေအနုပညာရှင်တွေကြားထဲမှာ အကျယ်လောင်ဆုံး အပီသဆုံး ဖောက်ခွဲပြီး ထွက်ပေါ်လာခဲ့တဲ့အသံဟာ ဆရာဂျမ်းရဲ့ အသံပါပဲ။ ဒေါ်အောင်ဆန်းစုကြည်ရဲ့မိခင် ဒေါ်ခင်ကြည်ရဲ့ဈာပနမှာ ထွက်ပေါ်လာခဲ့တဲ့ ဆရာဂျမ်းရဲ့ကဗျာဟာ လူထုတွေရဲ့ နှလုံးသားထဲ အရှိန်အဟုန်ပြင်းစွာ ရောက်ရှိသွားခဲ့သလို၊ ဆက်တိုက်လိုလို ထွက်ပေါ်လာခဲ့တဲ့ ဆရာဂျမ်းရဲ့ကဗျာတွေဟာလည်း အထက်မြက် အပီသဆုံး တိုက်ပွဲခေါ်သံ စည်မောင်းသံတွေဖြစ်လာခဲ့ပါတယ်။ သံစဉ်ချိုချိုတွေရဲ့နေရာမှာ အလျှံငြီးငြီး မောင်းတင်းသံ၊ အဟုန်ပြင်းပြင်း တက်ခေါက်သံတွေ ဒရစပ်ကြီး ရဲရဲဝင့်ဝင့် ပွဲတင်လွင့်လာခဲ့ပါတယ်။ စမ်းရေစီးသံတွေအစား ဒီလှိုင်းသံတွေ ကမ်းရိုက်သံတွေ သံစဉ်မြင့်မြင့်ထွက် ပေါ်လာခဲ့ပါတယ်။ ပွင့်ပွင့်လင်းလင်း ဖွင့်ဖော်လှုပ်နှိုးလိုက်တဲ့ တိုက်ပွဲခေါ်သံ မုန်တိုင်းသံတွေပါပဲ။

ဆရာ့ရဲ့ကဗျာတွေထဲမှာ … …

‘ဒီ အာဏာရှင်စနစ်ဆိုးကို – ငါ ရှိမခိုးနိုင်’
‘ကောက်ကျစ်ယုတ်မာတဲ့ နှလုံးယုတ်ကို – ထုံးသုတ်လို့ ဖြူနိုင်မတဲ့လား–’
‘အရှူး ငပေါက်တွေကို – ဒူးမထောက်ကြနဲ့ဟေ့–’
‘ဘဝအောင်မြေမှာ၊ ခေးပြကောင်တွေ မကြီးစိုးနိုင်၊ မုချ ကျဆုံးရမယ် –မုချ ကျဆုံးရမယ်’
‘ကွန်မြူနစ်ဆန့်ကျင်ရေး– တဲ့၊ အရေးပါတဲ့ ဒီဆောင်ပုဒ်နဲ့၊ လုပ်စားပေါင်း များခဲ့ပြီ’
‘ကွန်မြူနစ်ဆန့်ကျင်ရေး လူကြီးမင်းများ ခင်ဗျာ’ … တဲ့။

ဆရာဂျမ်းရဲ့နှလုံးသားထဲကနေ ထွက်ပေါ်လာတဲ့ အဆက်မပြတ်ပေါက်ကွဲသံ၊ ဖောက်ခွဲသံတွေဟာ စည်စည်ညံအောင် ထွက်ပေါ်လာခဲ့ပါတယ်။ ဒီအသံတွေဟာ အဝေးကနေ ကျည်ကွယ် မျက်ကွယ်နေရာကနေ ထွက်ပေါ်ပြနေခဲ့တာ မဟုတ်ပါ။ ရန်သူ့နှလုံးအိမ်ပေါ်ကနေ ပိုင်းပိုင်း


www.burmesesclassic.com

www.burmesesclassic.com


ပြတ်ပြတ် ဆုံးဖြတ်ပြီး ရဲရဲရင့်ရင့် မားမားရပ်ပြီး ပြောင်အတိအလင်း ဖော်ပြနေခဲ့တာ ဖြစ်ပါတယ်။

ဦးညွှတ်ပါတယ် ဆရာရယ်။ ကျနော်တို့ အားလုံး လေးလေးစားစား ဦးညွှတ်ခဲ့ရပါတယ်။

## (၅)

ကျနော့်ရဲ့ပုဂ္ဂိုလ်ရေးဆိုင်ရာ တဦးချင်းဘဝမှာ၊ ဆရာဂျမ်းနဲ့ပတ်သက်တဲ့ မမေ့နိုင်စရာ အမှတ်ရစရာတွေ တော်တော်များများ ရှိခဲ့ပါတယ်။ အဲဒီတွေထဲမှာ ကျနော် မကြာခဏ အမှတ်ရမိဆုံး၊ ပြန် ပြန်သတိအရမိဆုံး ရုပ်ပုံလွှာ တခုလည်း ရှိပါသေးတယ်။

ကျနော့်ရဲ့ ပထမဦးဆုံး လုံးချင်းကဗျာရှည် စာအုပ် 'နိုးနေသော လက်ာသည်'အတွက်၊ အမှာစာရေးပေးခဲ့တာ ဆရာပါ။

ကျနော် အင်မတန် ချစ်ခင်လေးစားရတဲ့ ဆရာညွှန့်ကြူးနဲ့ ဆရာတင်မိုးတို့နှစ်ယောက်ပါ။

ကျနော့်ရဲ့ပထမဦးဆုံး လုံးချင်းကဗျာရှည် အဲဒီ စာအုပ်လေးကို 'ရွှေဥဒေါင်း'ပုံနှိပ်တိုက်မှာ ရိုက်နှိပ်ပြီး၊ 'ငြိမ်း'စာစဉ်ကနေ ထုတ်ဝေခဲ့တာပါ။

အဲဒီ ကဗျာစာအုပ်လေး ထုတ်ဝေခဲ့တဲ့ ၁၉၈၀ ပြည့်နှစ် တနှစ်တည်းမှာ၊ တပုဒ်တည်း လုံးချင်းကဗျာရှည်စာအုပ်အဖြစ်နဲ့ချည်း ထုတ်ဝေခဲ့ကြတာ တိုက်တိုက်ဆိုင်ဆိုင် သုံးအုပ်တိတိ ရှိခဲ့ပါတယ်။ ကိုအောင်ချိမ့်ရဲ့ 'ဂွန္တဝင်မမ' ရယ်၊ နောက်ဆုံးမှာ ရုပ်ရှင်ဒါရိုက်တာအဖြစ်နဲ့ ဆုံးပါးသွားရှာပြီဖြစ်တဲ့ ကဗျာဆရာ ပိုင်သ ရဲ့ 'အရှေ့ရွာသူသို့ နှင်းဆီမှတ်စု'ရယ်၊ ကျနော့်ရဲ့ 'နိုးနေသော လက်ာသည်'ရယ်ပါ။ ကိုအောင်ချိမ့်ရဲ့ ကဗျာစာအုပ်က ဆရာမောင်သာနိုးရဲ့အမှာနဲ့ ထွက်ခဲ့ပါတယ်။ ကျနော့်စာအုပ်ကတော့၊ ဆရာညွှန့်ကြူးနဲ့ ဆရာတင်မိုးတို့ရဲ့ အမှာနှစ်စောင်နဲ့ ထွက်ခဲ့ပါတယ်။

ကျနော့်ရဲ့ ပထမဆုံး ကဗျာစာအုပ်လေးကို ဆရာဂျမ်း၊ ဆရာကြူးတို့ရဲ့အမှာနဲ့ပဲ ထွက်ချင်တယ်။ ဒုတိယထွက်မယ့်စာအုပ်ကိုတော့ ဆရာစွမ်း၊ ဆရာကြည်အောင်တို့ရဲ့ အမှာစာတွေနဲ့ပဲ ထွက်လိုက်မယ်လို့ တော်တော်စောစောကတည်းက ရင်တွင်းဆန္ဒအဖြစ် ကြိုတင်ရည်ရွယ်ထားခဲ့တာ ဖြစ်ပါတယ်။ ကျနော့်ရဲ့ကဗျာစာမူကို ၄ စောင်ပွားပြီး စာပေစစ်စီရေးတင်ပြရမှာအတွက် ၂ စောင်ထားလိုက်ရသလို၊ တစောင်စီကို ဆရာဂျမ်းနဲ့ ဆရာကြူးတို့လက်ထဲ အမှာစာရေးပေးနိုင်ဖို့ ထည့်ပေးလိုက်ပါတယ်။

စာမူက အဆင်သင့်ဖြစ်နေပြီ ဖြစ်ပေမယ့် အမှာစာပါ တပါတည်းတွဲတင်ရမှာမို့ ဆရာတို့ကို ကျနော်က ခဏခဏသွားပြီး အပူပေး မီးထိုးပါတယ်။ အထူးသဖြင့် ဆရာဂျမ်းကို ကျနော်က ခဏခဏ နားပူနားဆာ လုပ်ပါတယ်။ ဆရာကတော့ " စိတ်ချစမ်းပါ ... ကဗျာစာမူတခုလုံး အကုန်ဖတ်ပြီးပါပြီ ၊ ရေးမှာပါ ... ရေးကို ရေးမှာပါ"ဆိုပြီး ဆရာက ကျနော့်ကို အမြဲတန်းပြုံးပြုံးကြီး ကြည့်ရင်း နောက်စစ လုပ်နေတတ်ပါတယ်။ မြန်မြန်ဆန်ဆန်တင်ချင်နေပြီဖြစ်တဲ့ ကျနော့်စိတ်ထဲမှာတော့ တော်တော်ကို မချင့်မရဲ ဖြစ်လို့ပေါ့။ နောက်ထပ်တပတ်လောက်ကြာတော့ ထပ်ပြီး ပြောမိပြန်၊ ဆရာကတော့ ပြုံးပြုံးကြီး။ နောက်တပတ်လောက်ကြာတော့ ထပ်ပြီး လောဆော်မိပြန်၊ ဆရာဂျမ်းက အပြုံးမပျက်။ ပြီးတော့ ပြောလိုက်သေးတယ်။ "ရေးနေတာ ပြီးသလောက်တောင် ရှိနေပြီ"တဲ့။ ပြီးပြီဆိုရင် ... မနက်ဖြန် ကျနော့်ကို ပေးတော့လေလို့ ပူဆာပြန်တော့လည်း ထုံးစံအတိုင်း ပြုံးပြုံးကြီး လုပ်နေပြန်တာ


www.burmesesclassic.com

www.burmesesclassic.com


ပါပဲ။ ဖေဖော်ဝါရီလကုန်ကတည်းက ပေးထားတာ မတ်လ တတိယပတ်ထဲ ရောက်လာတဲ့ အချိန်အထိလည်း မပြီးသေး။ ကျနော့်စိတ်ထဲမှာတော့ တော်တော်ကို ကသိကအောက် ဖြစ်နေပြီ။ "ဆရာဂျမ်း … စာမူက အချိန်မီအောင် မြန်မြန်တင်ရမှာ မြန်မြန်လိုချင်ပြီ" ပြောလို့လည်း မရ။ ဆရာဂျမ်းကတော့ တော်တော်ကို ကသိကအောက်ဖြစ်အောင် လုပ်တာပဲလို့ တောင် စိတ်ထဲမှာ ကွက်ခနဲ ဖြစ်သွားမိရတယ်။ အမှာစာလေး ရေးတာ ဒါလောက်တောင် ဈေးကိုင်ရသလားပေ့ါ။ ကျနော်ကလောလေ– ဆရာဂျမ်းကတော့ ပြုံးလေလေပါပဲ။ ပြီးတော့ စလိုက်သေးတယ်၊ ပြီးနေပြီ ပြီးနေပြီ … တကြောင်းလေးလောက်ပဲ ကျန်တော့တာ … တဲ့။ ဒီတကြောင်းပဲ ကျန်တော့တာဆိုရင်လည်း အခုရေးပေးတော့လေ … လို့ဆိုတော့ ဆရာဂျမ်းက နေစမ်းပါအုန်း … တဲ့။

ကျနော့်မှာ တော်တော်ကို နားမလည်နိုင်မိအောင်ဖြစ်မိရင်း စိတ်ညစ်မိနေပါတယ်။

တရက်ကျတော့ ကျနော်က ဘာမှ မမေးရသေးခင်မှာ "သန်ဘက်ခါ ရုံးကိုလာဖြစ်အောင် လာခဲ့နော် …"လို့ ဆရာဂျမ်းက စပြီး ကျနော့်ကို အချိန်းအချက် လုပ်တယ်။ ကျနော်က ခေါင်းကိုပဲ ညိတ်ပြလိုက်မိတယ်။ ဘာကိစ္စရှိလို့လဲဆိုတာတောင် မမေးချင်မိတော့။ ဆရာဂျမ်းချိန်း ထားတဲ့ နေ့ရောက်တော့ ထုံးစံအတိုင်း တက္ကသိုလ် ဘာသာပြန်ဌာနရုံးထဲရှိ သူ့စားပွဲရှေ့ ကျနော်က ရောက်အောင်သွားတယ်။ ဆရာဂျမ်းက ပြုံးစိစိ ထပ်လုပ်ပြီး၊ သူ့စားပွဲ အံဆွဲလေးကို ခပ်ဖြည်းဖြည်းလေး ဖွင့်လိုက်တယ်။ စားပွဲရှေ့က ကုလားထိုင်ကို မေးငေ့ါပြပြီး ခဏအထိုင်ခိုင်းထားပြန်တယ်။ ဖိုင်တခုကြားညှပ်ထားတဲ့ ကလစ်ထိုးထားတဲ့ ဗလာစက္ကူလေး တထပ်ကို အသာအယာ ဆွဲထုတ်လိုက်ပြန်တယ်။ ကျနော်က ငေးကြည့်နေလိုက်တယ်။

"ကနေ့ ကဗျာစာအုပ်အတွက် အမှာစာ ပေးမလို့ တကြောင်းတည်းပဲ တမင်ချန်ထားတာ၊ ပြီးအောင် မရေးသေးဘဲ တမင်ချန်ထားတာ၊ ဒီနေ့မှ အဲဒီတကြောင်းကို အခုရေးပြီး ကနေ့ပဲ အပြီးသတ်ရေးတာအဖြစ် ပေးမလို့"လို့ ဆိုပြီး၊ ရေးထားပြီးစာမျက်နှာတွေရဲ့ နောက်ဆုံးမျက်နှာကို ဖြတ်ခနဲ လှန်လှောလိုက်တာ မြင်ရတယ်။ ပြီးတော့ တကယ်ကို နောက်ဆုံးစာတကြောင်း အဖြစ် အဆုံးသတ်စာကြောင်းတကြောင်းကို သူ့ရဲ့လက်ရေးဝိုင်းဝိုင်းကြီးနဲ့ တဖြည်းဖြည်း ရေးချလိုက်ပြီး ပုဒ်မကြီးနှစ်ချောင်းကို ခပ်သွက်သွက် ရေးချလိုက်ပါတယ်။ ပြီးတော့ အောက်မှာ 'တင်မိုး'ဆိုတဲ့ သူ့လက်မှတ်ကြီးကိုပါ တပါတည်း

**ဒီအသံတွေဟာ အာဝေးကာနေ ကျည်ကွယ် မျက်ကွယ်နေရာကနေ ထွက်ပေါ်ပြနေခဲ့တာ မဟုတ်ပါ။**
**ရန်သူ့နှလုံးအိမ်ပေါ်ကနေ ပိုင်းပိုင်းပြတ်ပြတ်ဆုံးဖြတ်ပြီး ရဲရဲရင့်ရင့် ယားယားရပ်ပြီး ပြောင် အာတီအာလင်း ဖော်ပြနေခဲ့တာ ဖြစ်ပါတယ်။**


www.burmesesclassic.com

ဆက်ထိုးလိုက်ပါတယ်။ လက်မှတ်ရဲ့အောက်မှာ နေ့စွဲပါ ရေးချလိုက်ပါတယ်။ '၂၈–၃–၁၉၈၀' တဲ့။ ပြီးတော့ မှားသွားမှာ စိုးလို့ သေချာအောင် ကျနော့်ကို မေးလိုက်သလိုလို၊ ပါးစပ်ကလည်း ပြောလိုက်ပြန်သေးတယ်။

"မနေ့က မတ်လ ၂၇ ရက် တော်လှန်ရေးနေ့ဆိုတော့၊ ကနေ့ မတ်လ ၂၈ ရက်နေ့ ပေါ့" တဲ့။

နေ့စွဲပါ ထိုးပြီးချိန်မှာတော့ ကျနော့်ကိုရေးထားပြီး သူ့ရဲ့အမှာစာကိုလှမ်းပေးရင်း ပြုံးစစနဲ့ လှမ်းကြည့်နေပါတော့တယ်။ အဲဒီတော့မှ ကျနော်လည်း ပြုံးမိသွားရပါတော့တယ်။

ကျနော့်ကဗျာစာအုပ်လေး ရိုက်နှိပ်ထုတ်ဝေနိုင်ပြီးတဲ့နောက်ပိုင်းမှာတော့ ဆရာဂျမ်းက ကျနော့်ကို ရံဖန်ရံခါ နောက်စစ ချစ်စနိုးကျီစယ်တတ်တာက 'နိုးနေတုန်းပဲလား ... မအိပ်သေးဘူးလား' တဲ့။ တခါတခါကျတော့ 'မအိပ်သေးဘူးလား ... အိပ်အုန်း ... အိပ်အုန်း ... ' တဲ့။ အဲဒီလို 'မအိပ်သေးဘူးလား' လို့ နောက်တိုင်း ကျနော်ကလည်း ဆရာ့ကို 'ကျနော်ကတော့ မအိပ်သေးဘူး၊ ဆရာကတော့ ... အိပ်လိုက်တာ၊ ဒီ ခန္ဓာကိုယ်ကြီးနဲ့ နှင်းဆီပွင့်ပေါ် အိပ်ပျော်တယ်ဆိုတော့ ဆရာရယ်' လို့။

အခုတော့ ကျနော် အင်မတန်ချစ်ခင်လေးစားရတဲ့ ဆရာဂျမ်းဟာ တကယ်ကို အိပ်ပျော်သွားခဲ့ပါပြီ။ ထာဝရ အိပ်ပျော်သွားခဲ့ပါပြီ။

ဒါပေမယ့် ဆရာ့စိတ်ဓာတ်၊ ဆရာ့အသည်းနှလုံးဟာ ကျနော်တို့အတွက် ထာဝရ ရှင်သန်ကျန်ရစ်နေမှာဖြစ်သလို ဆရာ့ကဗျာ၊ ဆရာ့စာပေအနုပညာလက်ရာတွေဟာလည်း ကျနော်တို့ရဲ့ အမျိုးသား စာပေအနုပညာ ဥယျာဉ်ကြီးအတွင်းမှာ ထာဝရ ဖူးပွင့်ဝေဆာ ရှင်သန်ကျန်ရစ်ခဲ့ပြီ ဖြစ်ပါတယ်။ ။ ❑

**ဝင်းတင့်ထွန်း**
၂၆–၁–၂၀၀၇



www.burmesesclassic.com

www.burmesesclassic.com



www.burmesesclassic.com




သားရေ

ချိုးငှက်လေးတကောင်များ ပျံလာတာတွေ့ခဲ့ရင်
ကောင်းမွန်စွာ ခရီးဦးကြိုပြုပါကွယ်
သူပဲ ဖြစ်ပါလိမ့်မယ်။

သိမ်းစွန်ရဲတွေ အုပ်ဖွဲ့နေကြတဲ့ ဖေဖေတို့ ကောင်းကင်မှာ သူဟာ ရဲရင့်တဲ့ ချိုးငှက်ပါသားရယ်။ လွတ်လပ်စွာ ပျံသန်းသန်းဖို့နဲ့ အမှန်တရားကို ချစ်မက်ဖို့ ဖေဖေတို့ သူ့ဆီမှာ သင်ယူခဲ့ကြရတယ်။



www.burmesesclassic.com

www.burmesesclassic.com



သားအရွယ်ရောက်လာတဲ့တနေ့ သားကို ဖေဖေ လက်ဆင့်ကမ်းမယ့် ပန်ဒိုရာ သေတ္တာ ထဲမှာ 'မျှော်လင့်ခြင်း' နဲ့အတူ သူ ဖွဲ့သီခဲ့တဲ့ တေးကဗျာတွေကို သားတွေ့ရလိမ့်မယ်။ ဒီတန်ဖိုး တွေကိုဆုပ်ကိုင်ရင်း ဖေဖေတို့ကမ္ဘာကို သားတို့ မျိုးဆက် ပြန်ဆောက်တည်ကြရမယ်။ လှပနူးညံ့ ငြိမ်းချမ်းသိမ်မွေ့လှတဲ့ ဒီ တေးကဗျာတွေကို ယုံကြည်စွာရွတ်ဆိုရင်း လောကရဲ့အနာတွေကို သားတို့ ကုစားကြရဦးမယ်။ မျှော်လင့်ခြင်းကို အသစ်တဖန် ပြန်ရှင်သန်စေဖို့နဲ့ လောကကို မေတ္တာတရားနဲ့ ပြန်လည်ထုံမွှမ်းစေဖို့ သားတို့ သူရဲ့ ဝိညာဉ်ကို ပွားယူကြရမယ်။

ကမ္ဘာမြေဟာ သူ့ရင်ခွင်မှာ လဲလျောင်း အိပ်စက်တော့မယ့် ညွှဲ့သည်ကြီးကို ဒီနေ့ ဦးညွှတ်နှုတ်ဆက်နေတယ်။

မိုးတွေ ထစ်ချုန်းလို့၊ တော်လဲသံတွေ မြည်ဟီးလို့။ ပထဝီမြေသားဟာ တုန်လှုပ်လို့၊ သစ်ပင်တွေ ယိမ်းနွဲ့လှုပ်ခတ်လို့ ... ... အားလုံး သူ့ကို နှုတ်ဆက်နေကြတယ်။ အိမ်ကို သိပ်ပြန် ချင်လှတဲ့ မဟာ ညွှဲ့သည်ကြီးရဲ့ အိမ်ပြန်ခရီးကို လောကဟာ သူ့ရဲ့ ဦးထုပ်ကို ချွတ်ရင်း ဦးညွှတ် နှုတ်ဆက်နေတယ်။

အခုတော့
ဖေဖေယုံကြည်တယ်
သူဟာ
သူအမြဲ ပြန်ချင်ခဲ့တဲ့ အရပ်ဒေသဆီကို
ပျံသန်းနေပါလိမ့်မယ်။

သားရယ်
ချိုးငှက်လေးတကောင်များ ပျံလာတာ တွေ့ခဲ့ရင် ...
ကောင်းမွန်စွာ ခရီးဦးကြိုပြုပါကွယ်
သူပဲ ဖြစ်ပါလိမ့်မယ်
ဦးတင်မိုးပဲ ဖြစ်ပါလိမ့်မယ်။ ။

❑



www.burmesesclassic.com

www.burmesesclassic.com




# မမေ့နိုင်တဲ့ ဆရာ့ပုံရိပ်

အေးဝင်း (လမင်းတရာ)

၁၉၉၉ ခုနှစ်ရဲ့ ကျနော် အလုပ်ကပြန်ရောက်တဲ့ တစ်ညနေမှာ **message** တစ်ခု အိမ်ကိုရောက်နေတယ်။ ဦးဘဂျမ်း ဖုန်းခေါ်တယ်တဲ့။

ရုတ်တရက် ကျနော်အံ့သြသွားတယ်၊ ကျနော့်အသိထဲမှာ ဒီနာမည်ဟာ ကဗျာဆရာ 'တင်မိုး' ပဲ၊ သူပေးတဲ့ ဖုန်းနံပါတ်ရဲ့ **area code** ကို ကြည့်တော့ ၃၁၃ တဲ့။ ကျနော့်စိတ်ထဲ သူ အမေရိကာရောက်နေပြီမှတ်ပြီး အတော်ပျော်သွားတယ်။ ချက်ချင်း ကျနော် ဖုန်းခေါ်လိုက်တယ်။

www.burmesesclassic.com

www.burmesesclassic.com


ဩော် … သူ ဘယ်လ်ဂျီယမ်ကို ရောက်နေတာကိုး။ သူ့သမီးက ဒေါက်တာ မိုးမိုးနှင်း တဲ့။ သမီးခေါ်လို့ သူထွက်လာတာအပြင်၊ တခြားသူ့ရဲ့အကြောင်းကိစ္စတွေနဲ့ အခြေအနေကိုလည်း ရှင်းပြတယ်။ ကျနော်ကတော့ မြန်မာပြည် မပြန်နဲ့တော့၊ ပြန်ရင် ဖွတ်ကျားတွေ ဆရာ့ကို ဒုက္ခအကြီးအကျယ်ပေးလိမ့်မယ်လို့ အကြံပေးလိုက်တယ်။ တခြားသူတွေလည်း ကျနော့်လိုပဲ အကြံပေးတယ်နဲ့တူပါတယ်။ သူ မပြန်ဖြစ်တော့ဘူး။

ပထမဦးဆုံး အမေရိကကို အလည်ရောက်လာတော့ သူတည်းတဲ့အိမ်မှာ သူ့ကို ကျနော်သွားခေါ်ပြီး ယူနီဗာဆယ် စတူဒီယိုကို ခေါ်သွားတယ်။ ဇွန်လ ၁၈ ရက်၊ သက္ကရာဇ် ၂၀၀၀။ အဓိက ကတော့ သူနဲ့ အေးအေးဆေးဆေး စကားပြောဖို့ပါ။ နှစ်ယောက်သား ယူနီဗာဆယ် စတူဒီယိုထဲ ဟိုဝင်ဒီထွက် လှည့်ပတ်ကြည့်ရှုရင်းက စကားတွေ ပြောဖြစ်ကြတယ်။ အကြောင်းအရာက မျိုးစုံပါပဲ။ ပြောရင်း ကျနော် ထိုင်းမှာ နေတုန်းကစုထားတဲ့ ကဗျာတွေအကြောင်း ရောက်သွားတယ်။ 'မတ်လ၏ ဂန္ဓဝင်ပန်းရိုင်းများ' ကဗျာ၊ ဒေါ်ခင်ကြည်စျာပနမှာ အမျိုးသားနိုင်ငံရေးတပ်ပေါင်းစုက ထုတ်တဲ့ 'သံမဏိပန်းတစ်ဖူး၏ ဥယျာဉ်မှူးမိခင်' ကဗျာ၊ နောက်ပြီး သူ့ကဗျာတွေဖြစ်တဲ့ 'အိမ်လည်ကြူးတဲ့သား'၊ 'ကွန်မြူနစ်ဆန့်ကျင်ရေး လူကြီးမင်းများ' တွေလည်း ပါတယ်။

အဲဒီမှာ အကြံတစ်ခု ကျနော့်ခေါင်းထဲရောက်လာတယ်။ သူရောက်လာတဲ့ အထိမ်းအမှတ် ကဗျာစာအုပ်လေးတစ်အုပ် ထုတ်ရရင် ကောင်းမလားလို့။ သူက ကောင်းသားပဲ လုပ်လေတဲ့။ သူလည်း သင့်တော်မယ့်ဟာလေးတွေ ထပ်ပေးအုန်းမယ် ပြောတယ်။ သူထပ်ပေးတဲ့အထဲမှာ အကြိုက်ဆုံးက 'ဗုဒ္ဓနှင့်တွေ့ဆုံခြင်း' တဲ့။ ကျနော်တို့ ကဗျာစာအုပ်တစ်အုပ် မွေးဖွားလိုက်ကြတယ်။ 'ဗုဒ္ဓနှင့်တွေ့ဆုံခြင်း နှင့်အခြားကဗျာများ' တဲ့။ မှတ်မှတ်ရရတစ်ခုက သူနဲ့ကျနော် ယူနီဗာဆယ် စတူဒီယိုထဲက အထွက်၊ ဟောလိဝုဒ်တောင်ပေါ်ကနေ တနေရာကို ကျနော် တယ်လီဖုန်း ခေါ်တယ်။ ကြိုတင်ယူလာတဲ့ ဖုန်းကတ်ကိုသုံးပြီး အများသုံးဖုန်းကနေ ခေါ်လိုက်တာ။ ကျနော် ဘာမှမပြောဘဲ သူ့လက်ထဲကို ဖုန်းခွက်ထည့်ပေးလိုက်တယ်။ ဝင်းပသွားတဲ့ သူ့မျက်နှာနဲ့အတူ၊ သူ့ဆီကအသံတစ်ခု ထွက်လာတယ်။

"ဟေ့ကောင် … ××× ငါ့လခွီးမှပဲကွာ …"

အဲဒီအကြောင်း ပြန်တွေးရင် အင်မတန်ချစ်စရာကောင်းတဲ့ သူ့မျက်နှာကို မြင်ယောင်နေတုန်းပဲ။ နှစ်ပေါင်းများစွာ ကွဲကွာနေတဲ့ ညီငယ်တစ်ယောက်ကို သူ မမျှော်လင့်တဲ့အချိန်၊ မမျှော်လင့်တဲ့ နေရာမှာ ရုတ်တရက် သူပြန်တွေ့လိုက်ရတယ်လေ။ သူ့အသံကို နားထောင်လိုက်ရုံနဲ့ သူဘယ်လောက် ကျေနပ်အားတက်ပြီး၊ ရွှင်လန်းသွားတယ်ဆိုတာ သိသာတာပဲ။ သူ့အသံ၊ သူ့လေယူလေသိမ်း၊ သူ့အသုံးအနှုန်းဟာ သူ့ရဲ့ ရိုးသားမှု၊ ပွင့်လင်းမှု၊ ဖြူစင်မှု လေးနက်မှုတွေ အတိုင်းသား ပေါ်လွင်ပါတယ်။ ❑


www.burmesesclassic.com

www.burmesesclassic.com


# ညနေခင်းရဲ့ အစွန်းမှာ

အောင်မိုးဝင်း

**တယောကြိုးလေး ငိုကြွေးနေတယ်၊**
**ဂစ်တာတလက် အုတ်ခုံထက်မှာ အသက်မရှိတော့ဘူး**
**အလည်လွန်နေတဲ့ အမေ့သား ဘယ်မျှားသွားနေလဲကွယ်။**

သေနတ်သံတွေက လမ်းထောင့် ဂိုထောင်တွေအထိ ထိမှန်နေသည်။ ယမ်းနံ့တွေလား၊ အကျဉ်းထောင်နံ့ရံတွေကို မှုတ်ထုတ်နေတဲ့ ဆေးလိပ်ခိုးငွေ့တွေလား၊ ကျနော် သဲသဲကွဲကွဲ မသိချင်တော့။ "ဒီဘက်မှာ  အဖြစ်အပျက်တွေကို လူဝင်စားတယောက်က အရင်ဘဝကို ပြန်ပြော ပြနေသလိုမျိုး ထင်နေကြသလား မသိပါဘူးဗျာ" တဲ့။

ကျနော့် ကားဆက်မောင်း၍ မရ၊ နှင်းတွေ အဆုပ်လိုက် အဆုပ်လိုက် ဖွေးဖွေးသိပ်ကျနေသော ပန်ဆန်ဗေးနီးယား (pennsylvania) ၏ အဝေးပြေးကားလမ်းမ လမ်းဘေးသို့ ထိုးဆင်းပြီး နှင်းအကဲကို စောင့်နေမိသည်။ လက်နှစ်ဖက်ကို ပွတ်ယူနေမိတော့ လရောင်က တစက်ချင်း ကျလာသည်ကို ကျနော် သိနေသည်။ လရောင်က ပတ်ဝန်းကျင်တခုလုံးကို တဖြည်းဖြည်း ဖမ်းစားသွားပြီဆိုရင်ဖြင့် ဖြူရော်ရော် ညတခုထဲမှာ ကျနော်ဘဝတခုလုံး ဆွတ်ပျံ့ကွဲရှစွာ ဖရိုဖရဲ လွင့်စဉ်နေတော့မည်။


www.burmesesclassic.com

ကားစက်နှိုးဖို့ကြိုးစားပေမယ့် အမျိုးအမည်မသိ ခံစားမှုတချို့က ကျနော့်အာရုံကို ဆွဲ့အထားသည်။ ငြိမ်သက်အေးစက်နေသော မနက်ခင်းတွေမှာ လူတယောက်ပုံရိပ်က ကျနော့်ကို ဖြတ်ခနဲ လှုပ်နှိုးလိုက်သည်။ သူက မနက်စောစောတွေမှာ လုပ်စရာရှိတာတွေကို ပြီးအောင်လုပ်တတ်သူ၊ သူ လမ်းလျှောက်ပုံ၊ ညာဘက်မှာ လွယ်အိတ်ကြီးတလုံးလွယ်ပြီး ပြုံးနေပုံ၊ ရိုးရိုးသားသား လှပနေသော စကားလုံးများက ကျနော်တို့ ကမ္ဘာလေးထဲ ကျွံဝင်လာတတ်သည်။

"ကဲ ... ဘာမှ လုပ်မရတဲ့အချိန်မှာ၊ ငြိမ်သက်စွာနေပြီး လေ့လာတည်ဆောက်နေတာလည်း တော်လှန်ရေးလုပ်နေတာပဲမို့လား မောင်ရင်တို့ရ၊ ကိုယ်ပြောတာတော့ မဟုတ်ပါဘူး၊ လီနင်ပြောခဲ့တာပါ"

သူက ဒါမျိုးတွေလည်း ရသည်။

ဆေးလိပ် ခိုးငွေ့တွေနဲ့၊ ဟာသသံတွေနှောပြီး ကျနော်တို့ ပုန်းအောင်းနေသည့်နေရာလေးကိုလာပြီး လာလာအားပေးတတ်သည်။ နောက်တော့ ခပ်အေးအေး စီးနေသည့် စမ်းချောင်းလေးဘေးမှာ၊ ငှက်ပျောတောလေးဘေးမှာ၊ ကျောက်သပြေပင်တွေ ရေလောင်းနေသည့် ညနေခင်းလေးမှာ သူ့ကဗျာတွေ၊ ပုံတိုပတ်စတွေ၊ ကျောင်းသားတပ်ဦး သီချင်းတွေ ကျန်ရစ်ခဲ့သည်။ ကျနော်တို့ရဲ့ တိမ်မြုပ်နေသော နေ့ရက်တွေ၊ ရှင်သန်နေအောင်၊ အထီးကျန် ဖြစ်မနေအောင် သူက ဖန်တီးပေးခဲ့သည်။

အဲဒီတုန်းက သူက ကျနော်တို့ သူငယ်ချင်းတချို့၏နာမည်တွေကို သူက သိတာမဟုတ်၊ ဒါပေမယ့် မိတ်ဆွေတယောက်ရဲ့ ဖိတ်ကြားမှုကြောင့် မင်းပြစ်မင်းဒဏ်သင့်နေသည့် လူငယ်တွေကို အားပေးဖို့ ဟိုးအဝေးကြီးက တကူးတက လာသူ။

☆ ☆ ☆ ☆

**ဘဝမှာ များများစားစား မလိုပါဘူး ဆရာရယ်**
**ရန်သူစစ်စစ်နဲ့**
**မိတ်ဆွေစစ်စစ် ... ဒီ နှစ်ခုပဲ လိုတာပါ။**

ကျနော်တို့နှစ်ယောက် ပြန်တွေ့ကြတုန်းက မော်ဒန် ကဗျာဆရာတယောက်၏ ကဗျာကို ကျနော်က ရွတ်ပြတတ်သည်။ "ဒါဖြင့် မောင်ရင်ရယ်၊ စစ်ပွဲစစ်စစ်တွေ ပြင်ဖို့၊ လောလောဆယ် လက်ဖက်ရည်ဆိုင် ရှာစမ်းပါ။ အဲ့ဒီမှာ ကိုယ်တို့ရဲ့ မိတ်ဆွေတွေအကြောင်း၊ ရန်သူတွေအကြောင်း တဝကြီး သွားပြောရအောင်"

သူက မရ။ နယူးယောက် မြို့ကြီးထဲက ရှုပ်ရှုပ်ထွေးထွေး လမ်းဆုံထိပ်က ကော်ဖီဆိုင်ကို အင်းစိန် ဘိုကုန်းထဲက ဗာဒန်ရွက်တွေ ကြွေနေသော လက်ဖက်ရည်ဆိုင်တွေအဖြစ် ပြောင်းလဲပစ်သည်။ ဖလော်ရီဒါဘက်က ကမ်းခြေတွေကို၊ တောင်သမန်အင်းက မယ်ဇယ်ပင်တန်းတွေလို သူ့အလွမ်းတွေ မျှောချကြည့်နေမိသည်။

သူ့ရင်ထဲမှာ ပန်းချီဆရာ ယဉ်မင်းပိုက် ရှိနေမည်။ တမာပင်တွေအောက်မှာ သူကို မျှော်နေသည့် ကြည်အောင်၊ ကိုလေး၊ မောင်တင်ဆင့်၊ ဆူးငှက်၊ အော်ပီကျယ် နုနုရည် (အင်းဝ) တို့ဆီ ပြန်ရောက်နေရော့မည်။ သူက စာပေအနုပညာကို မည်သည့်နိုင်ငံရေး အဖွဲ့အစည်းအောက်၊ မည်သည့် နိုင်ငံရေး ခေါင်းဆောင်အောက် လက်ထဲ ထည့်ပေးမည့်သူမဟုတ်၊ စာပေအနုပညာကို နားမလည်သည့် တချို့နိုင်ငံရေးသမားတွေနှင့် တွေ့လျှင် သူ စိတ်ညစ်တတ်သည်။ တခါတုန်းက

နယူးယောက်မြို့ ကွင်း (စ်) ထဲက လက်ဖက်ရည် ဆိုင်လေးမှာ နိုင်ငံရေးအဖွဲ့အစည်းတခုက ပုဂ္ဂိုလ် တယောက်က ကျနော်တို့ စကားဝိုင်းထဲဝင်လာ ပြီး သူမြေအောက်လှုပ်ရှားမှု လုပ်နေကြောင်း ပြည်တွင်းက ခေါင်းဆောင်တွေကို ဘယ်လို ပိုက်ဆံ ထောက်ပံ့နေကြောင်း၊ ကျနော်တို့ကို လည်း ပြည်တွင်းလုပ်ငန်းမှာ ပိုလုပ်ဖို့လိုကြောင်း စာလာချနေသည်။ ဆရာဂျမ်းနဲ့ ကျနော်တို့ တယောက်မျက်နှာ တယောက်ကြည့် နေမိ သည်။

သူက ရေနွေးကိုမှုတ်သောက်ရင်း "ဒုက္ခပါပဲ မြေအောက်လှုပ်ရှားမှုကို ကေသီပန် သွေးဆေး ကြော်ငြာရောင်းနေသလို လာရောင်းနေတဲ့ သူနဲ့ လာတွေ့နေတာကိုး" သူက တိုးတိုးလေး ငြီးသည်။ ကျနော်တို့က ထိုသူ့ကို ဘာမှ ပြန်မပြောမိ၊ အာရုံထဲက ထုတ်ပစ်လိုက်မိသည်။ ဘာသာစကား မတူ၊ ရင်ချင်းအပ်လို့ မရသည့် ထိုသူနှင့် သံတမန်ရေးစကားလုံး အခင်းအကျင်းလည်း မလုပ်မိပေမယ့် ထိုလူက စိတ်ညစ်နေသည့် ဆရာဂျမ်းမျက်နှာကို အလိုက်မသိ နောက်ထပ် အကြောင်းအရာတခုကို ဆက်ပြော နေပြန်သည်။ ရာဇာနေဝင်းကို ဘယ်လို မျက်စိနောက်ကြောင်း၊ ဘယ်လိုသရုပ်ပျက် ကြောင်း၊ ဆရာ တင်မိုး စိတ်မရှည်တော့ "ဒီမယ်မောင်ရင် ရာဇာနေဝင်းကို ဒီ နေ့ခေတ်လူငယ်တွေ ကြိုက်တယ်၊ လူငယ်တွေကြိုက်ရင် ကိုယ်လည်း ကြည့်မရစရာ အကြောင်းမရှိဘူး၊ မုန်းစရာမရှိဘူး"

သူ့အတွေးအခေါ်က ရိုးရိုးကလေးနှင့် သစ်နေသည်။ "လူငယ်တွေ ကြိုက်ရင် သူက မုန်းစရာ အကြောင်းမရှိ၊ သူလည်း ကြိုက်သည်" တဲ့ နှလုံးသားကို ရှင်းရှင်းလေး ထုတ်ပြသည်။ ဒါကြောင့်လည်း သူ့အိမ်ရှေ့ တံတားလေးပေါ်မှာ၊ ဗဒင်လို့ဖြစ်လာမည့် လူငယ်လေးတယောက် အနှောင်အဖွဲ့မဲ့ စိတ်လွတ်ကိုယ်လွတ် လာဂစ်တာတီးပြီး တညလုံး အိပ်ဖူးသည်။

လွယ်အိတ်တလုံးနှင့် ပြုံးပြုံးကြီး ပြည်သူတွေကို လက်ဘက်ရည်ဆိုင်၊ လမ်းမမှ ဆီးကြိုနှုတ်ဆက် နေသည့်သူ့ကို အင်းစိန်တောင်သူကုန်းက ကရင်ကလည်း ချစ်သည်၊ ခရစ်ယာန်ကလည်း ချစ်သည်။ သူ့ရဲ့ ဘာသာတရားက ကဗျာ နှင့် ယဉ်ကျေးမှုဖြစ်နေတော့ သူက အကုသိုလ် နည်းသည်။

☆ ☆ ☆ ☆

ဟော ...
ညနေခင်းရဲ့ ပုဇွန်နှစ်ရောင် နှင်းဆီတလုံး
ကျောကုန်းပေါ်က ပြုတ်ကျသွားပါပကော
ပြန်တော့ ညီမလေးရယ် ... ငါ့မှာတော့ အမေ ပေးလိုက်တဲ့
ဆေးလိပ်တွေကို ဖွာရှိုက်ရင်းနဲ့
ဘော်လုံးကွင်းလေးဘေးမှာ စက်ဘီးကလေးကိုရပ်ပြီး မြေဇာမြက်ကလေးကို နှုတ်လို့ ...

ခပ်လှမ်းလှမ်း အကျဉ်းထောင်လေးဆီက ချစ်သူကောင်လေး ပေါ်လာမလားလို့ စောင့်မျှော် နေသည့် ကောင်မလေးတယောက်အကြောင်း ကိုရေးဖွဲ့ထားသည့် မောင်ရှင်စော၏ ကဗျာ



www.burmesesclassic.com

www.burmesesclassic.com


အကြောင်းကို ရွတ်ပြတုန်းက ကျနော်တို့၏ နောက်ဆုံးတွေ့ဆုံမှုပဲ ဖြစ်လိမ့်မည်။ သူ့သမီး မမိုးချိုသင်းက "ဖေဖေကလေ ရန်ကုန်တက္ကသိုလ်ထဲက ကျောင်းသားသမဂ္ဂဆီ ကျမသွားမယ့်နေ့က သူကိုယ်တိုင် ပင်နီအကျီလေး ဝတ်ပေးပြီး ကားဂိတ်အထိ လိုက်ပို့ပေးခဲ့တာ" ကလီးယားဝါတာမြို့ထဲက ကိုသန်းဝင်းအိမ်မှာ ရဲရဲရင့်ရင့် အတိတ်တွေ လှိုင်းထပြီး ပြန်တက်လာသည်။ အဲဒီနေ့က ကဗျာဆက်မရွတ်ဖြစ်၊ ဆရာစွမ်းနှင့် ဆရာတင်မိုး နှစ်ယောက်စလုံးက မန္တလေးအလွမ်းပြေ သီချင်းဆိုရအောင် တဲ့။

ဝဲလွင့်နေသည့် မန္တလေးတက္ကသိုလ်ရှေ့က လမ်းမတွေပေါ်မှာ ခွပ်ဒေါင်းအလံ ကိုင်လာသူတွေအကြောင်း စာကြောင်းတွေ စီနေမည်။

☆ ☆ ☆ ☆

ငယ်ငယ်က လီနင်နဲ့တွေ့တယ်၊
ကြီးလာတော့ လင်ကွန်းကို တွေ့ချင်တယ်၊
... ... ...

အမှန်တွေ အမှားလိုဖြစ်၊ အချိုတွေ အခါးလိုဖြစ်၊ မိုးမသောက်သောနှစ်များ၊ ကွန်မြူနစ်

**ဆရာ မောင်သာနိုးက "ကိုတင်မိုးကဗျာတွေက ဗမာပြည်တုန်းက ကဗျာတွေနဲ့ အများကြီး ပြောင်းသွားတယ်" တဲ့ ကျနော်က သူ့စကားကို ဆက်ပြော ကြည့်ချင်သည်၊ "မှန်တာပေါ့ ဆရာရယ်၊ ရှစ်လေးလုံးမှာ ရဲရဲတောက်မယ်လို့ထင်ထားတဲ့ မျှော်လင့်နေတဲ့ ဆရာကြီးတွေက ထွက်မလာဘဲ၊ ခေတ်ကို ရိုးရိုးလေးတွေးပြီး မတရားမှုကို ရှင်းရှင်းလင်းလင်း ဆန့်ကျင်ပြတဲ့သူက 'ဆရာတင်မိုး' ဖြစ်နေခဲ့တယ်မို့လား ---**

ရဲဘော်တို့
ငြိမ်းချမ်းစွာ စာသင်ရေး ... ပေး ... ပေးလေ
အဆင့်အတန်းမြင့်သော ပညာရေး ... ပေး ... ပေးလေ
ကျောင်းသား အခွင့်အရေး
ကာကွယ်ရေး ... ပေး ... ပေးရမလေ ...

ကျောင်းသားတပ်ဦး သီချင်း၊ ရေနံမြေ အရေးတော်ပုံသီချင်း၊ ပြည်တွင်းငြိမ်းချမ်းရေး သီချင်းတွေ ... နွေဦးထဲထိုးခွဲ ပျံ့ဝဲနေခဲ့သည်။ သူ့စိတ်က ကျောင်းသားသမဂ္ဂတပ်ဦး ရဲဘော်တချို့ဆီ ပြန်ရောက်နေမည်။ တမာရွက်တွေ

ဆန့်ကျင်ရေး လူကြီးမင်းသို့ စသော ကဗျာများ အပါအဝင် ရှေ့ဆင့်နောက်ဆင့် ကဗျာများ ထွက်လာတော့ တချို့က မှတ်ချက်ပေးကြသည်။ မော်ဒန်ကဗျာဆရာတွေက "ဆရာတင်မိုးက ကျနော်တို့ထက် မော်ဒန် ဖြစ်နေပါလား" လို့ ကောက်ချက်ချကြသည်။

ဘီဘီစီ အင်တာဗျူးတခုမှာ ဆရာ မောင်သာနိုးက "ကိုတင်မိုးကဗျာတွေက ဗမာပြည်တုန်းက ကဗျာတွေနဲ့ အများကြီး ပြောင်းသွားတယ်" တဲ့ ကျနော်က သူ့စကားကို ဆက်ပြော ကြည့်ချင်သည်၊ "မှန်တာပေါ့ ဆရာရယ်၊ ရှစ်လေး


www.burmesesclassic.com

www.burmesesclassic.com


လုံးမှာ ရဲရဲတောက်မယ်လို့ ထင်ထားတဲ့ မျှော်လင့်နေတဲ့ ဆရာကြီးတွေက ထွက်မလာဘဲ၊ ခေတ်ကို ရိုးရိုးလေးတွေးပြီး မတရားမှုကို ရှင်းရှင်းလင်းလင်း ဆန့်ကျင်ပြတဲ့သူက 'ဆရာတင်မိုး' ဖြစ်နေခဲ့တယ်မို့လား … ။ ကျနော်တို့ခေတ်မှာ ပြတ်နေတဲ့ ဂစ်တာကြိုးတွေကို ဆက်ဖို့၊ အလည်လွန်နေတဲ့ အမေ့သားတွေ အိမ်ကို ငြိမ်းငြိမ်းချမ်းချမ်းပြန်ရဖို့ သူက ကမ္ဘာမြေပေါ်မှာ ခိုင်ခိုင်ခန့်ခန့် ရပ်ခဲ့တာ မဟုတ်လား။

☆ ☆ ☆ ☆

**နှုတ်ဆက်ဂါရဝ**

နှင်းတွေကလည်း အရင်နှစ်တွေလိုပါပဲ၊ ဆရာဂျမ်း

မြို့လေးတခုပေါ်ဆီ အရှိန်ပြင်းပြင်းကျလို့၊

ရက်အင်ဒီယန်းတွေရဲ့ ခံတပ်ဟောင်းတွေ၊ ပြီးတော့ တချက်တချက်

ဟိုး … တောင်တန်းတွေဆီက စူးစူးရဲရဲ အော်သံတွေ၊

"ငါတို့ရဲ့ နောက်ဆုံးမြေအတွက်" တဲ့။

ကျနော် သူငယ်ချင်းက "ငါတို့ရိုးရာမှာ၊ တိုက်ပွဲတခုခုကို သွားရင်ဖြစ်ဖြစ် ရဲဘော်တယောက်ယောက် ကျဆုံးရင်ဖြစ်ဖြစ်၊ ဝိဉာဉ် ချင်း သစ္စာထပ်ထားတဲ့ ပွဲတော်တခု လုပ်လေ့ရှိတယ်။ ဟိုးရှေး အစဉ်အဆက်ထဲက တိုက်ပွဲဝင်လာတဲ့ ငါတို့ရဲ့ နတ်ဘုရားတွေ၊ ခေါင်းဆောင်တွေ၊ ငါတို့ဆီကို ရောက်လာပြီး ကောင်းမွန်တဲ့ ဆုလဒ်တွေ၊ အင်အားတွေ ငါတို့ကို ချီးမြှင့်ပေးပြီး တိုက်ပွဲကို အဆုံးသတ် အောင်မြင်အောင်တိုက်ဖို့ပေါ့"

သူ့အမျိုးသမီးက ဝါးကျည်တောက်ဖူးလေးထဲ ထည့်ထားတဲ့ ကောက်ရိုးကျစ် အမွှေးတိုင်လေးကို တဂျောက်ဂျောက် ခေါက်လိုက်ပြီး ကျနော် သူငယ်ချင်းက မီးကို စတင်မွှေးလိုက်တယ်။ သူ့ပါးစပ်က သီချင်းသံလိုလို ရွတ်ဖတ်သရဇ္ဈာယ်သံလိုလို ပြီးတော့ မီးခိုးငွေ့တွေကို လက်ခုပ်လေးထဲ ဖမ်းယူပြီး ကျနော်ဘေးက နံရံပေါ် ကျနော်တို့ ဦးခေါင်းဆံနွယ်စတွေပေါ် ကဲ့ဖြန့်လိုက်တယ်။ ကျနော် ကြက်သီးထသွားသလို … လှိုက်ကနဲ … မြင်းအရိုင်းခွာသံတွေ ကျနော်ကြားနေရတယ်။ သေနတ် ကျည်ဆံတွေ တရစပ်ထိမှန်နေတဲ့ နှင်းဆီလရောင် ပျိုးခင်းတွေပေါ် ကဗျာတွေကို ဆွဲထုတ်နေတဲ့ လူတယောက်ရဲ့ အရိပ်ကို တွေ့လိုက်ရတယ်။

"အော် ဆရာရယ် တိုက်ပွဲတွေကြားမှာ ဘယ်အထိများ အလည်လွန်နေအုံးမှာလဲ"။ ။

**ဇအောင်မိုးဝင်း**

(ဝရမ်းပြေးဖြစ်နေခဲ့၊ ဖြစ်နေသူတွေကိုယ်စား ကျေးဇူးတင်ဂါရဝ နှုတ်ဆက်စကားပါ ဆရာ … အမှောင်ထဲမှာ မျက်ရည် မကျချင်ပါဘူး၊ လရောင်တစက် ကျခဲ့ဖူးတဲ့ စမ်းချောင်းလေးဘေးမှာ … ကျနော်လေ …)


www.burmesesclassic.com

www.burmesesclassic.com






www.burmesesclassic.com

www.burmesesclassic.com


# အမှတ်တရ ကဗျာ


www.burmesesclassic.com

www.burmesesclassic.com



www.burmesesclassic.com

# ဖန်မီးအိမ်ရှင်

ကဗေဒါင်းညင်သာ

ဖန်မီးအိမ်တလုံးနဲ့ အလည်ထွက်ခဲ့တဲ့
ဒိုင်အိုးဂျီးနီးစ်လို ရိုးသားမှုကိုရှာဖွေ
အမှန်တရားနဲ့ ခါးတဲ့စစ်ကိုမုန်း
အပြုံးရင်မှာ သူ့ဖက်တွယ်ရှာခဲ့သတဲ့။

ပြောခဲ့စမ်းပါ
စမ်းတဝါးဝါး လမ်းများတောင်ပျောက်ပေါ့
ထီးကလေးနဲ့ မနီလို
ကျနော်တို့တတွေ မိုးမဲတွေကြားမှာ
ထီးကလေးတောင် အမိုးလန်
သည်းထန်စွာ ရွာသွန်း ...
အို မနီလေးရေ ...
မြဲမြဲစွာကိုင်ထား ဖန်မီးအိမ်လေးကို ကွဲမသွားစေနဲ့ပေါ့။

ပြောသာပြောရတယ်
အလင်းပိုင်ရှင်တယောက်
မီးစာကုန် ဆီခမ်း ဘဝခရီးလမ်းကုန်း
ကျောက်တိုင်တဆုံးတော့ ရောက်ခဲ့ပြီ
သွားတော့မယ် တပည့်ရေ ...
နေရစ်ခဲ့ပေရော့လို့

တပြည်တရွာ အလည်သွားတာမဟုတ်တဲ့
ဘဝဆရာ ကျောင်းဆရာကြီးရေ ...

ကျနော်တို့ မနှုတ်ဆက်ချင်ပါဘူး
ဒါပေမယ့်လေ ...
ဆရာရဲ့ ဖန်မီးအိမ်
မိုးတိမ်တွေကြား တိုးဝင်ပျောက်မသွားဖို့
အလင်းများကူးစက် ကဗျာသွေးစက်တွေ
တစက်စက်ယိုကျ ... ကျနော်တို့ ခံထားပါရစေ ဆရာ။

ဆရာရေ ...
ဟိုး မိုးတိမ်တွေကြားက
ကျနော်တို့တွေ
နောင်တချိန် ဝဲ့ကြွားရတော့မှာကို လှမ်းကြည့်နေလည့်ပါ
ကလောင်လက်နက် သွေးတစက်စက်နဲ့
လွတ်လပ်ရေးကျောက်တိုင်ဘေးက
ဆရာကြီး ဦးဘဂျမ်းသို့



www.burmesesclassic.com

www.burmesesclassic.com


# ဆရာ့ဂုဏ်ကို တို့မမေ့

## ကိုသက်

ခေတ်စမ်းစာပေ တခေတ်မှာ
သမိုင်းသစ်တဲ့ တို့ဆရာ
ကဗျာပန်းတွေ နေ့စဉ်ပွင့်
တိုင်းပြည်ဂုဏ်ကို ကြိုးစားမြှင့်။

ဖန်မီးအိမ်ရဲ့ အလင်းရောင်
အမှောင်ခွင်း၍ အလင်းဆောင်
တို့လူ့ဘောင်မှာ မခွဲခြား
အလှကိုယ်စီနဲ့ လူသား။

ဆောင်းပါး ဝတ္ထု ကဗျာသီ
တိုင်းပြည်အတွက် ကောင်းဖို့ရည်
သူရေးသီသမျှ စာပေအလှ
တန်ဖိုးအနဂ္ဃ ဖြတ်မရ။

တက္ကသိုလ်မှာ နှစ်များစွာ
ဘာသာပြန်ရင်း စာရေးရှာ
ရင်သွေးများစွာ အနာဂတ်ရေး
တဖက်တလမ်း စာသင်ပေး။

ပေဖူးလွှာရဲ့ အယ်ဒီတာ
ဆရာ နောက်ဆုံးလုပ်ခဲ့တာ
အမှန်တရားကို သူတင်ပြ
အာဏာပိုင်တွေ ငြိုငြင်ကြ။

ရှစ်ဆယ့်ရှစ်ရဲ့ သမိုင်းမှာ
လူ့ထုဘက်က သူဝင်ပါ
ကလောင်လက်နက် အစွမ်းထက်
အာဏာရှင်ကို သူထိုးနှက်။

အမှန်တရား သူ ချစ်ခင်
အာဏာရှင်အား သူ ဆန့်ကျင်
ဒေါ်စုလမ်းစဉ် သူက ကြိုက်
ကဗျာရေး၍ ထောက်ခံလိုက်။

အင်းစိန်ထောင်မှာ လေးနှစ်ကြာ
တိုင်းပြည်ချစ်တဲ့ အပြစ်ပါ
အာဏာရှင်ကို ဒူးမထောက်
သိက္ခာရှိရှိ သူ လွတ်မြောက်။

ပစ္စည်းပေး၍ စည်းရုံးပြန်
တို့ဆရာက လက်မခံ
ပြင်းထန်လွန်းတဲ့ ယုံကြည်မှု
လူထုအားလုံး လွတ်မြောက်မှု။


www.burmesesclassic.com

www.burmesesclassic.com


အာဏာရှင်က ညစ်ပတ်ပြန်
ဒုတိယမွိ ဖမ်းဖို့ကြံ
ဘေးရန်ကင်းရာ သူရှောင်ရ
မွေးရပ်မြေနဲ့ ဝေးကွာရ။

မြန်မာဆန်တဲ့ တို့ဆရာ
နိုင်ငံခြားမှာ မပျော်ပါ
တော်ရာကနေ သူကြိုးစား
ဒီမိုကရေစီ ဘက်တော်သား။

သတင်းဌာန အသီးသီးမှာ
အလျဉ်းသင့်သလို အသံလွှင့်တာ
မြန်မာပြည်ကြီး ကောင်းဖို့အရေး
နှလုံးသားနဲ့ သူဆွေးနွေး။

ကမ္ဘာတပတ် သူလှည့်ပတ်
မြန်မာတွေ နေတဲ့အရပ်
စွမ်းနိုင်သမျှ သူဆင်နွှဲ
စာပေရေးရာ ဟောပြောပွဲ။

နောက်ဆုံးချိန်ထိ စာရေးတာ
ပြည်သူချစ်တဲ့ မြတ်ဆရာ
လူ့ရပ်ကမ္ဘာ တည်သရွေ့
ဆရာ့ဂုဏ်ကို တို့မမေ့။ ။ ❑

(ဆရာကြီး ဦးတင်မိုးအမှတ်တရ)


www.burmesesclassic.com

www.burmesesclassic.com


# အညာလွမ်းတဲ့ ဆရာဂျမ်းသို့

ကျော်သက် [ရွှေဘို]

ဆရာဂျမ်းရဲ့ ‘အစမ်းစာ’နဲ့အစ
အတန်းပညာမကတဲ့
လမ်းပေတရာ ဘဝဖွဲ့
ဆရာ့ရဲ့စာတွေဖတ်လို့
ကဗျာစပ်နည်းတွေ သင်
စာပေခရီး နှင်တဲ့အရွယ်။

ကြားဆရာ မြင်ဆရာ
စာကဗျာတွေနဲ့သာ ရင်းနှီး
သတင်းကြီးတဲ့ဆရာမို့
အတွင်းသိတပည့်တော့လည်း မဟုတ်ခဲ့
ဗုဒ္ဓဟောတဲ့ ရှေးရေစက်လို့ဆိုရမလို
ဘဝထိုထိုက ပဋ္ဌာန်းဆက်
မန်းကနက်ဗွေမှာ
ရက်အနေကြာခဲ့ပေမယ့်
မြေကမ္ဘာ နိုင်ငံခြားမှာမှ
ကဗျာသမားရဲ့
ဆရာတပါး ဖြစ်ခဲ့တယ်။

အညာမြေ အညာစရိုက်နဲ့
ဆရာကြိုက်တဲ့ ဆေးလိပ်တို
တည့်ကြိုကို သူရှိုက်လို့
နေမည်ို မှောင်မမိုက်စဉ်
လိုက်မပို့ခင် သူခွဲသွားခဲ့
‘ရိုးသားမှုသာ ချစ်စရာ’ တဲ့
မေတ္တာရှင် သူ့အပြုံး
သူ့နှလုံးက ‘ဖန်မီးအိမ်’
ညီးထိန်ဆဲပါကလား။

ကဗျာဉာဏ် ကာရန်တွေနဲ့
ဝါသနာအမှန်က
မြန်မာသံ အဖွဲ့‘မြို့မ’
သူ့ဘဝထဲ အဲသည်အစွဲနဲ့အိပ်မက်
“မနက်ဆီတဲ့ ရောင်နီဆင်ရင်
စည်တော်ကိုပြင်
‘ပြည်တော်ဝင်’ မြို့မ သီချင်းသံနဲ့
ငါတို့ က ပြီး ပြန်ကြမကွဲ့”
သန်လှတဲ့ ဆရာ့စေတနာ
သေရာထိ ပါလေရော
(ဆရာဂျမ်းရေ) ‘အစမ်းစာ’နဲ့စခဲ့ပြီး
တမ်းတနေရမယ့်
အလွမ်းက မပြေတဲ့ ဆရာ့စကား။ ။ ❑

ချစ်လှစွာသော ကဗျာဆရာကြီး တင်မိုး/ ဆရာကြီး ဦးဘဂျမ်း ကို ဤကဗျာဖြင့် ဦးတင်ပါ၏။


www.burmesesclassic.com

www.burmesesclassic.com


# ဝတ်ပြည့်ကဗျာ

ခွန်ဆိုင်း

ရင်ကွဲနာဆိုတာက ဆေးပညာမပေါ်ခင်ကတည်းက
ရှိနှင့်ခဲ့တဲ့ ကိစ္စပဲ၊
ဆရာဝန်ဆိုတာက ရင်ဘတ်အောင့်ရင်
စိုးရိမ်မယ်၊ အမည်တတ်ဖို့ကြိုးစားမယ်၊
ကဗျာဆရာကျတော့ ရင်ဘတ်အောင့်ရင်
ကဗျာအပင်တွေကို စိုက်တယ်၊
ပွင့်လာတဲ့ပန်းလေးတွေကို ကြဲဖြန့်တယ်လေ၊

ဒီလိုနဲ့ ဒီလမ်းကြောင်းပေါ်မှာ
နှလုံးသားတွေ ချခင်း
နှလုံးသားဒဏ်ရာတွေ အကြိမ်ကြိမ် ရကြရင်းက
ရင်တွေလည်း အခါခါကွဲ၊ လဲကျ လဲကျ သွားခဲ့ကြရတာ
အဘသော်၊ အဘတော်
ဗိုလ်စက်ရောင်၊ အောင်မေသု မှသည်
ကဗျာဆရာ ကြည်တင်ဦး
အောဘီတပ်ဦးက ကဗျာစားတစ်လက် ကိုထက်မိုး
သမဂ္ဂ ကြယ်တစ်စင်း ကိုသက်ဝင်းအောင်
နောင်တော်တွေ နောင်တော်တွေ၊
ညီတော်တွေ၊ ညီတော်တွေ များစွာ
ရင်နာနာနဲ့ အလေးပြုခဲ့ကြရ
ဒီတစ်ခါတော့
ဆရာ ပေါ့နော်၊


www.burmesesclassic.com

www.burmesesclassic.com


ကျနော်တို့ သိပါတယ် ဆရာ
ထီးကလေးနဲ့ မိနီ
ဖန်မီးအိမ်အောက်က ကလေးတွေကိုမှ
အချစ်ပိုတတ်တဲ့ ဆရာဟာ
ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်အမွေ ကိုမှ
ရှိသေမြတ်နိုး တန်ဖိုးထား ချစ်တတ်တဲ့ ဆရာဟာ
ထဘဝရ ရိုးရှင်း
ပုန်းရည်ဟင်းနဲ့ ပဲနှပ်
အညာဓာတ်၊ အညာဓလေ့၊ အညာငွေ့တွေကိုမှ
အောက်မေ့လွမ်းတတ်တဲ့ ဆရာဟာ
သူများမြေမှာ ဘယ်လာ ခေါင်းချချင်ပါ့မလဲ၊

ရင်ကလာတဲ့အတိုင်း ကဗျာတွေကိုရေး
ရန်သူကပေးတဲ့ ပြစ်ဒဏ်ခံရဲတာ
လေးစားရမှာပါ ဆရာ၊

ဦးညွှတ်လိုက်ပါတယ် ဆရာ
စေတနာဟာ ကံပဲ
ဆရာလည်း ဗုဒ္ဓဘာသာ၊ ကျနော်တို့လည်း ဗုဒ္ဓဘာသာ
ကောင်းမှုကံတွေရဲ့ ဂတိက မြဲပြီးသားဆိုတာ
ကံမြို့ရွာသား ဆရာတစ်ယောက် သိခဲ့ပြီးသားပါ။

ဟောဒီရွာ ဟောဒီအညာ ဟောဒီကမ္ဘာမှာ
ဆရာချခဲ့တဲ့ မျိုးစေ့က ကွင်းလုံးပြည့်လို့
ရောင်စုံပန်းတွေက ရနံ့စုံ ထုံသင်းလို့
ဝင်းလို့ လင်းလို့ ဝင့်လို့ တင့်လို့ နေတော့မှာ
ဒီကဗျာနဲ့ ဝတ်ဖြည့်လိုက်ပါတယ် ဆရာ။ ။ ❑


www.burmesesclassic.com

www.burmesesclassic.com


# ကြွေပါသော်လည်း ...

ဂျူနီယာဝင်း

ဦးတင်မိုး ဦးတင်မိုး
ကဗျာဆရာကြီး ဦးတင်မိုး

ဦးတင်မိုးက ကဗျာတွေတွေး
ဦးတင်မိုးက ကဗျာတွေရေး။

ရေးတဲ့ကဗျာ စာလုံးတွေ
ကြယ်ပွင့်လေးတွေ ဖြစ်လို့နေ။

ကောင်းကင်ဗွေမှာ ထိန်ထိန်ဝင်း
မော့ကြည့်လိုက်တိုင်း လင်းထက်လင်း။

နှစ်ထောင့်ခုနှစ် ဇန်နဝါရီ
၂၃ မှာ ကြွေရှာပြီ။

ကြွေပါသော်လည်း ကောင်းကင်ထဲ
အတောက်ပဆုံးဟာ သူပါပဲ။ ။ ❑


www.burmesesclassic.com

www.burmesesclassic.com


# အာမှန်တရားမုဆိုး

**ဂျင်မီ**

**အဲဒီ့မနက်က**
**သစ္စာတရားတောင် မျက်နှာမကောင်းဘူး။**
**'ကျုပ်ကို ရှာတွေ့သူတစ်ယောက် လျော့သွားပါလား' တဲ့။ ။ ❑**

ဆရာကြီးဦးတင်မိုးအား အလေးပြုပါ၏။


www.burmesesclassic.com

# ဆရာတင်မိုး သို့ ...

**စောဝေ**

ဆေးလိပ်မတို
နေမညိုခင်
ဆရာ အိမ်ပြန်လာလိမ့်နိုး
မျှော်ကိုးနေဆဲ
ရုတ်တရက်ပဲ
ကြွေခဲ့ကြယ်။

ဆရာ ...
ရှင်သရွေ့ ရှည်သရွေ့
ကဗျာဆရာဘဝ
ကဗျာဆရာအလုပ်
ပီပြင်လင်းလက်ဆဲ
လင်းလက်နေမြဲ
ကျွန်တော့်ရဲ့
ကောင်းကင်ထက်က
ထာဝရကြယ်။ ။ ❑

**စောဝေ**
23rd Jan 2007
10:45 p.m



www.burmesesclassic.com

www.burmesesclassic.com


# ဆရာတင်မိုး သို့ ...

## ဆွေနိုင် [နယ်သာလန်]

**အို ...**
**ကဗျာစာဆို**
**ဒီမိုးစခန်း ဒီမိုးလမ်းမှာ**
**ဆရာဟာ ကျနော်တို့ရဲ့**
**ခုနစ်စင်ကြယ်။ ။ ❑**


www.burmesesclassic.com

## တမာတန်းရဲ့ အလွမ်းစာ

ထိန်လင်း

အညာအိမ်ထက်
မွေးစက်ခဲ့တဲ့ဆရာ ...
တမာလမ်းနဲ့ ထနောင်းတန်း
ဆူးပန်းနဲ့ ထန်းရိပ်ညို
သူ ဘယ်ကိုရောက်ရောက်
မေ့ပျောက်တယ်မရှိ
သတိရ လွမ်းလေသတဲ့။

ဆရာ့ကဗျာတွေမှာ
အညာလေ အညာရေနဲ့
အညာမြေကို ဖန်ဆင်း
အညာသီချင်းနဲ့ ဂီတ
ပီသအောင် ထုံမွမ်း
လွမ်းလောက်အောင် ခြယ်နိုင်ပ
စွမ်းလှတဲ့ ပန်းချီဆရာ
ကလောင်ချရာ ကဗျာတွေဖြစ်လေပေါ့။

အညာအကြေကို မှန်းပြီး
တမာတွေချိုတာ စောင့်ခဲ့တဲ့ဆရာ
နှစ်တွေကြာ ရာသီဟောင်းပေမယ့်
ယုံကြည်ချက် ပြောင်းတာမရှိ
ဩော် ... သစ္စာအတိနဲ့ ပန်းခင်းမှာ
မေတ္တာပန်းခြင်းနဲ့
လွမ်းရင်း မျှော်ခဲ့ပေါ့။

အညာတမာတွေကို တမ်းရင်း
မြန်မာပြေကို လွမ်းနေတဲ့ဆရာ
မကြာမကြာ အနားကပ်
ချောင်းကြည့်ဖို့ ကြိုးစားတတ်တာ
အသက်ရှူ မရပ်ခင်အထိပါပဲ။

အခုတော့ ...
ဆေးလိပ်တစ်တို နေတညိုမှာ
ဆရာအို နှုတ်ဆက်
ရုတ်တရက်ပဲ ခွဲခွာ
အညာကို ပြန်လေသလား။

ဆရာ ...
အညာမှာ တမာတွေ မမွှေးတော့ဘူး
အညာသားတစ်ယောက်
ပျောက်နေလို့တဲ့။ ။ ❑

ဇန်နဝါရီ ၂၅၊ ၂၀၀၇



www.burmesesclassic.com

www.burmesesclassic.com


# တလောကလုံးရဲ့ ကဗျာဆရာ

ထွန်းထွန်းသန်း

ဆရာ ရယ်တဲ့နေ့
ပန်းတွေပွင့်တဲ့နေ့
နေမင်း လမင်း သာတဲ့နေ့
'လေချွန်သံ နီ'တဲ့နေ့
ပညာသည်တို့နေ့
စစ်သည်တော်တို့နေ့
သူရဲကောင်းတို့ရဲ့နေ့
ပြည်သူတို့ပျော်တဲ့နေ့။

ဆရာ ကဗျာသိတဲ့နေ့
အချိန်နရီ အရှုံးပေးတဲ့နေ့
သဘာဝတို့ပျော်တဲ့နေ့
ပညာသည်တို့ရင်ခုန်တဲ့နေ့
ဇာတိပုည ဂုဏ်မာနတို့ရဲ့နေ့
တရားတို့ရှင်သန်တဲ့နေ့
တိုက်ဆင်တိုက်မောင်း ခတ်တဲ့နေ့
မိစ္ဆာတို့ အပြင်းအထန် ခုခံနေကြရတဲ့နေ့။

ဆရာ ပျော်ရွှင်ရင်ခုန်တဲ့နေ့
ကလေးတွေ စာအံတဲ့နေ့
'လျို့ဝှက်လေချွန်သံ' တို့ 'နီ'တဲ့နေ့
မိသားစုနဲ့ထမင်းလက်ဆုံစားတဲ့နေ့
'တိုင်ကီ' လက်ဖက်ရည်ချို ဆေးလိပ်တိုနဲ့နေ့
မိတ်ဆွေ တပည့်တွေနဲ့နေ့
ပညာရှင်တို့ ဉာဏ်ကွန့်မြူးတဲ့နေ့
'ဂဇ' မျိုးဆက်တို့ တိုက်ပွဲဆင်တဲ့နေ့
'ဒီချုပ်' ရွေးကောက်ပွဲနိုင်တဲ့နေ့
'ဒေါ်စု'နဲ့အတူ တိုက်ပွဲဝင်နေခဲ့တဲ့နေ့
ကလောင်ပြန်ကိုင်ခွင့် ရတဲ့နေ့။

ဆရာ ညှိုးငယ်တဲ့နေ့
အမှောင် ကြီးစိုးတဲ့နေ့
ချစ်ရသူတို့ဆုံးရှုံးတဲ့နေ့
ကလောင်သွားတို့ ကျိုးတဲ့နေ့
မိဘတို့သားသမီးပျောက်ရှာတဲ့နေ့
ပြည်သူတို့ ငိုညည်းတဲ့နေ့
သူတော်စင်တို့ ရင်လေးတဲ့နေ့
ကောင်းကင် မြေကြီး ကွဲအက်နေတဲ့နေ့။

ဆရာ ခွန့်ခွာတဲ့နေ့
ချစ်သူတို့ ပူဆွေးတဲ့နေ့
ကျန်ရစ်သူတို့ ကြေကွဲရတဲ့နေ့
စစ်သည်တို့ရဲ့ ကြေကွဲတဲ့နေ့
သူရဲကောင်းတွေ ငိုတဲ့နေ့
သဘာဝတို့ ပျောက်ဆုံးနေတဲ့နေ့
'မိုး'နဲ့ 'မြေ' တို့ ပျောက်တဲ့နေ့ ။ ❑

# တမာပွင့် မှ ဒပ်ဖေဒယ် သို့

## ဒဂုန်တာရာ

ကိုတင်မိုး
ရိုးရာကျေးရွာ တမာပွင့်ရနံ့
မွှေးမြယစ်ရီ လက်ဖက်ရည်ဆိုင်
ထိုင်ရင်း သူအိပ်ပျော်နေခဲ့ပြီ။

ကိုတင်မိုးဟာ
သာယာအေးကြည် ချိုမွှေးသူပါ
ကဗျာဆရာ နွဲ့ရာမျိုးချစ်
သူဖြစ်သော်လည်း ခွဲခွာရစ်ခဲ့
ချစ်စိတ်ပြင်းပြ အိမ်ပြန်စိတ်က
တသသနှင့် ချစ်ဒေါသစေ
နေမင်းကညို ဆေးလိပ်တိုပြီ
ငါ့ကို အိမ်ပြန်ပို့ပါလေ
ပန်းကြာဝတ်မှုန် လွမ်းရပုံများ
ခြယ်သား ရုပ်ပုံလွှာတစ်ချပ်။ ။ ❑

[၀၁၊ ၂၅၊ ၀၇ ပန်းကြာဝတ်မှုန်]



www.burmesesclassic.com

www.burmesesclassic.com


# အိပ်ပြန်ပို့ခွင့်မရတဲ့ မနိုတို့အဖိုး

**ဒေါင်းနီ**

ဆေးလိပ်မတို
နေမညိုခင်
ဖန်မီးအိမ်အို
လေကြမ်းစီးထိုး
နန်းဇာမြေခ
ကျန်ရသူတွေ
တသသနဲ့
ပြောလို့မကုန်
ဖြေလို့မရ
တမာတွေပါ
ငိုချင်းချကာ
အို ... ဗျာတို့
မှန်းဆကာသာ
ခါခါတမ်းတပါရဲ့
လွမ်းမဝနိုင်ဘူး ဆရာရေ။ ။ ❑

၀၁–၂၃–၀၇
[ ၀၁–၂၂–၀၇ တွင် ရုတ်တရက် ကွယ်လွန်သွားသော
ကဗျာဆရာကြီး တင်မိုးအား နှုတ်ဆက် ဂါရဝပြုပါ၏]


www.burmesesclassic.com

# ဖန်မီးအိမ် ဘယ်မငြိမ်း

## ဒေါ်ရီရီမြင့် [မြန်မာစာဆရာမ -ဖယော်ကျွန်း အာထက]

မန်းတက္ကသိုလ်ရဲ့ မျက်နှာစာ
မန်းတက္ကသိုလ်ရဲ့ ကဗျာ
တမာမြေရဲ့ အလှ
အညာနွေရဲ့ ဘဝ
ရသမျိုးစုံ ကုံလုံပြီမို့
"တို့ကို ပြန်ပို့ကြပါတော့"လို့ ဆိုနေသယောင်။

ကဗျာ့တခေတ်
အတွေးသစ် အရေးသစ်နဲ့
ကလေးချစ်တဲ့ ဥယျာဉ်မှူး
တူး၍မကုန်သော ရတနာသိုက်
ကဗျာနိုက် ဉာဏ်ကြွယ်ကြွယ်နဲ့
ကမ္ဘာ့အလယ် ဝင့်ထည်တဲ့ ဆရာ
ဂုဏ်ယူစရာ။

ဘဝရဲ့ နေညိုညို
ဆေးလိပ်တိုစ အချိန်မှာ
ကဗျာရဲ့စေတမန်
မိမြန်မာ အကျိုးဆက်
ဆတိုးလျက် စွမ်းဆောင်
တန်ဆောင်ညီးညီးထိန်
သည့်ဂုဏ်သိန်ကြောင့်
ဖန်မီးအိမ် ဘယ်မငြိမ်း
မိုးလုံးညံ့ဟိန်း။ ။ ❑



www.burmesesclassic.com

www.burmesesclassic.com


# သစ္စာမီးအိမ်

နှင်းခါးမိုး

အင်းလျားကန်စပ်
မှန်ကလေးတချပ်
ဖြတ်ခနဲကွဲခဲ့တာမှ မဟုတ်ပဲ။

စကားလုံးတွေက အစစ်လား
လောကကြီးက အစစ်လား
အနုပညာဆိုတာ
မေတ္တာစာတ်နဲ့မှ လှတယ်
ညအခါမှာမှ
လသာတာက လှတယ်
အဆန်ခရီးမှာမှ
ဖန်မီးအိမ်က ပိုလို့လင်းခဲ့တယ်။

ချစ်ခြင်းတရားမှာ
သေတယ် ရှင်တယ် မရှိဘူး
သစ္စာတရားမှာ
အကြေ အညာ မရှိဘူး။

လူထုချစ်ရင်
သမိုင်းတင်တယ်
(ကျနော်တို့မှာတော့)
ကမ္ဘာမကြေဘူး
ဆရာမသေဘူး။ ။ ❑

ဇန်နဝါရီလ ၂၄၊ ၂၀၀၇


www.burmesesclassic.com

www.burmesesclassic.com


# ဆရာဂျမ်းကို လွမ်းတဲ့စာ

**နေထွက်**

ဆရာဆုံးပြီကြားတော့
ကျနော်ယူကျုံးမရ ဖြစ်လိုက်တာဆရာ။

ဆေးလိပ်လည်းတိုလို့ နေညိုတဲ့အချိန်
ဆရာ အိမ်ကို မပြန်နိုင်တော့ဘူးပေါ့။

လူထုတိုက်၊
တောင်လေးလုံး မယ်ဇယ်တန်း
မန္တလေးတက္ကသိုလ်၊
လေထန်ကုန်း၊ အင်းစိန်
နောက် ...
နယူးယောက်ပေါ့
ကျနော့်စိတ်တွေ အခေါက်ခေါက် ပြန်ရောက်သွားရဲ့။

၅၀ ပြည့်လွန် နှောင်းပိုင်းနှစ်တွေကဆို
ဦးကိုလေး၊ ဦးကြည်အောင်
ဘကြီးမိုး၊ ဆရာစွမ်း
နောက် ... ဟိုး အင်းစိန်က ဆရာယဉ်မင်းပိုက်
ကိုယ်ရံတော်တသိုက်နဲ့ ဆရာဂျမ်း
လွမ်းလိုက်ပါဘိတော့။

ဆရာရယ် ...
ဆရာဆုံးပြီ ကြားတော့
ကျနော်ယူကျုံးမရ ဖြစ်လိုက်တာလေ။ ။ ❑

[ဇန်နဝါရီ ၂၂၊ ၂၀၀၇]


www.burmesesclassic.com

www.burmesesclassic.com


# လှေတစင်းနဲ့ သီချင်းသည် 'တင်မိုး' သို့

**ဇန်းဖော် ညိုနွဲ့**

လာလိုလှသော်လည်း
ဘဝတွေ အဆင်မပြေလို့
အဝေးနေ မျက်ရည်စတွေနဲ့
လွမ်းရတယ် 'တင်မိုး' ရယ်။

ပါဠိသက်ကျမ်းအထွက် စေတနာက
သူများမှာ သူ့အကျိုးကိုပ
သယ်ပိုးလို့ သည်သဘောရယ်ဟု
မြင့်မြတ်ရာ လူ့သဘောကို ပြောကြလေတယ်။

လောကစံအထုအထောင်းကိုလည်း
မောင်းတင်ရင်း လျှော့မပြယ်
ထည်ဝါတဲ့ မောင့်စိတ်ကူး
စေတနာ ဗျူဟာဆက်လို့
လူသားအတွက် လျှော့မပြယ်
ထည်ဝါတဲ့ မောင့်စိတ်ကူး။

လေးလိုက်တဲ့ဝန်
မောင့်ခရီး မောင်ကျော့ပွန်ပေါ့
တသွန်သွန် အားအင်သစ်တွေနဲ့
လူသားအိမ် ချိုမြိန်ခေတ်ကို
လမ်း ဆစ် ပေ ဦး။ ။ ❑

[သူ့အခွင့်အရေး ကိုယ်သိ – ကိုယ့်အခွင့်အရေး သူသိသော ကမ္ဘာသူကမ္ဘာသား စိတ်ဓာတ်
လွှမ်းခြုံနေသည့် 'တင်မိုး' သို့ လွမ်းဆွတ်လျက်]



www.burmesesclassic.com

www.burmesesclassic.com


# အပြီး ဇာတ်လမ်း

## မိုးမိုးနှင်း

အားလုံးပြီးတော့
အသံတွေ တိတ်စဲသွားတော့မှာ
အဲဒီအခါ
အခန်းထဲလဲကျန်နေတဲ့ သမီးနှင်းကို
တံခါးတိတ်တိတ်ဖွင့်ပြီး
သမီးလေးပြည့်ပြည့်
နဖူးကို အသာနမ်းပြီး
သမီးလေး ပျော်လားလို့ မေးမှာ
ကဲ အားလုံးပြီးပြီ မေ့လိုက်တော့
လာ ဖေဖေ့စာဖတ်
လက်ဖက်ရည်သောက်ရအောင်လို့
လက်ဖဝါးနီနီဖောင်းဖောင်းတွေနဲ့
ညင်သာစွာ အပြင်ကိုဆွဲခေါ်မှာ
ပျော်လားလို့ အကြိမ်ကြိမ်မေးရင်
ပြည့်က ဟုတ်ကဲ့ဖေဖေ
ပျော်ပါတယ်ဖေဖေလို့
မျက်ရည်စသုတ်ပြီး
ရယ်မောပြရတော့မှာ
အဲ့ဒီအခါ
မျက်လုံးအစုံ ဝိုင်းဝိုင်းလေးတွေက
ကျေနပ်စွာ ပြုံးရယ်ပြီး ကဲ ပြီးပြီလို့
စကားတွေ ပြောတော့မှာ။ ။ ❑

အာရမ်းလွမ်းတဲ့
ချစ်သမီး နှင်း
၂၇၊ ဇန်နဝါရီ၊ ၂၀၀၇



www.burmesesclassic.com

www.burmesesclassic.com


# ညှော်သည်ကြီး ငှက်ကာ

ဖင်းကိုနိုင်

ဆေးလိပ်တိုမှာ နေညိုမှာကို
သူကြိုပြောခဲ့သား မဟုတ်လား။

သူဟာ အိမ်ကွင်းမှာ မပါနိုင်ခဲ့
ဒါပေမယ့် ဘယ်လိုမက်လုံးတွေကောင်းကောင်း
ဘယ်တော့မှ အသင်းမပြောင်းခဲ့
အဲ့သလို မာ။

သူလွမ်းတဲ့အခါဆို
ဟော ဟိုနောက်ဖေး
ခြီစည်းရိုးကနေ လာလာငေးသတဲ့။

ကြမ္မာရိုင်းလက်ကြမ်းကြီးက
ပုတ်ချလိုက်တဲ့အခါ
အရာရာ တဒင်္ဂပြိုလဲ ... မှောင်မည်း
သူ့ ဖန်မီးအိမ်လေးကတော့ မကွဲ
ကဲ ... ဒီအလင်းနဲ့ပဲ
ဆေးလိပ်တိုတို နေညိုညိုမှာ
သူ့ကို နောက်ဆုံးပို့ကြစို့။ ။ ❑


www.burmesesclassic.com

သူ့မျက်နှာဖိုးရွှေလ
သူ့အပြောပြုံးချိုမြ
သူ့အသံ အက်ရှရှ
သူ့စိတ်ထား သကာပျား။

အညာမွေး အညာကြီး
ကဗျာမီးတောက်
တောက်လျှောက်ကိုင်စွဲ
သူ့အသည်း ရဲရဲနီ
ဘယ်သူ့ဘက်က ရပ်တည်သလဲ။

ဖန်မီးအိမ်ရှင်
တို့သခင် ကဗျာမှူး
ဦးညွှတ်ပူဇော်
နှုံးခေတ် တပ်တော်ဦး
နောက်ဆုံး အထူးတလည်
ဖူးမြင်ခွင့်ရယ်မကြုံ
ကံကုန်ပြန်ရှေ့ထင့်
သင့်ရေ ... သင့်မြေ ...
သင့်ရဲဘော်ချစ်အဆွေ ...
သင့်တပည့်တတွေ ...
သင့်မိတ် ... သင်ညာတကာမျိုး ...
ညှိုးငယ်စိတ်ထား
တအားလျော့ရပါကြောင်း
ပုဂံကျောင်းက ခေါင်းလောင်းသံ
တရံမလပ် လွမ်းဓာတ်မပြယ်
အိုဘယ့် ဘယ် ...
အိုဘယ့် ကဗျာ သူရဲကောင်း။ ။ ❑

## ကယ်လီဖိုးနီးယား ပန်းခွေ

ဟဒါ



www.burmesesclassic.com

www.burmesesclassic.com


# တမာတန်းသို့ လွမ်းကဗျာ

ဖေယာင်စွမ်းရည်

တမာတန်းတွေနဲ့
ရွာလမ်းဆီသို့ ပြန်ချင်ပြီ။

ဒို့အစ်ကို ရွာကိုတမ်း
လွမ်းကဗျာစီ။

တယောအို ချောင်ကြိုကြားမှာလ
ထားရစ်ပေါ့ တေးမသီ
ငေးရီလို့ စာမဆုံး။

ဆေးလိပ်ရယ်တို
နေညိုချိန် အမှောင်ကြားဆီသို့
ဒို့အစ်ကို ဘယ်ကိုသွားပြီလဲ့
ချိုးကူသံ ထံတျာစကားတွေနဲ့
အဖြည့်ခံ ကာရန်များကို
ညီဘွားတွေ ဖြည့်စေဖို့ထားခဲ့လေသလား
သွားနှင့်လေဦး။ ။ ❑

ဖေယာင်စွမ်းရည်
၂၀၀၇ ဇန်နဝါရီ ၂၃
[လေယာဉ်ပေါ်မှာ]


www.burmesesclassic.com

www.burmesesclassic.com


# ဖန်မီးအိမ်

ဖောင်စွမ်းရည်

ဟိုဘက်ကမ်းက မီးထိန်ထိန်
ဒီဘက်ကမ်းက မီးထိန်ထိန်
ဒို့အစ်ကို ထွန်းကာညှိ
လင်းပါဘိ ဖန်မီးအိမ်။

ဖန်မီးအိမ်
မှောင်ချိန်ကို ခွင်း။
မှောင်လေ လင်းလေ
လင်းထက်လင်း။

မီးအိမ်ရှင် ကွယ်ကာပျောက်ပေမယ့်
ဖန်မီးအိမ် ထိန်ထိန်တောက်ပေလိမ့်
ထိုးဖောက် ညတွင်း
မိုးသောက် လမင်း။ ။ ❑

ဖောင်စွမ်းရည်
၂၀၀၇ ဇန်နဝါရီ ၂၂
[တင်မိုး ကွယ်လွန်တဲ့နေ့]


www.burmesesclassic.com

www.burmesesclassic.com


# ရှမ်းရိုးမမှာ မြူခိုးဝေနေပြီပေါ့ ဆရာ

မောင်လှဝင်း [မြင်းခြံ]

အို ... မီးအိမ်ရှင်
ပြည်ရွာဘဝ၊ မိုးမှောင်ကျချိန်
ဖန်မီးအိမ်မှ၊ အလင်းစနှင့်
လမ်းပြနေဆဲ၊ ဖေးကူဆဲမှာ
မီးစာလည်းကျွမ်း၊ ဆီလည်းခန်း
စခန်းမဝင်တော့ပြီလော။

အို ... သီချင်းသည်
ရောနဒီတွင်း၊ ညနေခင်းအချိန်
နေခြည်နုဖြာဆင်း
တိမ်ရောင်စုံ သဘင်ကျင်းလို့
လေညင်းဆော် စည်းသံသွင်းနေဆဲ
လှေတစင်းနဲ့
သီချင်းမညည်းတော့ပြီလော။

အို ... အိပ်မက်သခင်
စိမ်းလန်းသောအိပ်မက်
ငြိမ်းချမ်းသော နီလာအိပ်မက်
တော်လှန်သော ပတ္တမြားအိပ်မက်
အိပ်မက်ကွန်ရက်၊ ဖြန့်ကြက်အလှခင်း
မိုးမလင်းမီ
အိပ်မက်အကြွေစောခဲ့ပြီ။

တမာမြေတမာတန်းက
ငယ်စဉ်အခါ တပည့်တပန်းတို့
သင်လာလမ်းကို
စောင့်ကြိုနေဆဲ ...
ညောင်ညိုရွက်တွေ လက်ာညည်း
ဆည်းလည်းသံတချိုချို
ကျေးငှက်တွေ တေးဆိုဆဲမှာ
ဆရာနေညိုချိန် စောခဲ့ပြီ။

ပြည်သူတွေချစ်တဲ့
ပြည်ချစ်ပုဂ္ဂိုလ်ကျော်
ဗိုလ်ချုပ်ကျော်ဇောအား
ဝပ်တွားဦးခိုက်
ပူဇော်ထိုက်သူ ပူဇော်မည်
ကော်ရော်ဂါရဝ
ပြုရဖို့ သင်မျှော်ရည်ဆဲ ...
လေသာမိုးသာ၊ လမ်းပန်းသာချိန်
လာခဲ့ပါမည်၊ သင်မျှော်ရည်ဆဲ ...
ကြမ္မာသွေဖည်သွားခဲ့ပြီ။

www.burmesesclassic.com


မိုးပေါ်မှာ ကြယ်တွေကြွေ
မြေပေါ်မှာ ပန်းတွေကြွေ
မြေခ ကြွေကျ၊ တရားသဒ္ဒါရ
လှပပန်းပွင့်ဖြူ၊ အကျည်းတန်သရဖူဥသျှောင်
ချစ်သူမုန်းသူ၊ နှင်းဖြူမြီးခဲ
မခွဲမခြား၊ အားလုံးအနိစ္စ
စိတ်က တရားပြလည်း
အစားထိုးလို့ မလွယ်ကူ
အဖိုးတန်သူမို့
ချစ်ခင်သူတို့ မျက်ရည်စို့ရပြီ။

ဆရာလာလျှင်
မြန်မာဆန်ဆန်၊ ဆရာ့ထံပါး
ဝပ်တွားလက်အုပ်မိုး
ရှိခိုးကန်တော့မည်
ကျွန်တော်တို့ မျှော်ရည်ထားခဲ့
သည်ရည်ရွယ်ချက်များ
မြူမြင်ပန်းချီကားတချပ်လို
ဆေးသားပျက်ပြယ်သွားခဲ့ပြီ။

ဆရာလာလျှင်
တမာပင်ရိပ်၊ ထန်းညိုရိပ်နှင့်
အရိပ်ထနောင်း၊ အတိတ်ကြောင်းကို
ပြန်ပြောင်းပြောကြ၊ လွမ်းမြမြနှင့်
တမ်းတကြမည်၊ စိတ်ကရည်ခဲ့။

အညာမြေလမ်း၊ တမာတန်းကို
ဆရာလွမ်းခဲ့ရှာလိမ့်မည်။

ပုပ္ပားတောင်ထိပ်
တိမ်ရိပ်ညို့ခ မောက်ဆောင်းချိန်
အိမ်ကိုရွှာကို
ဆရာလွမ်းရှာပေလိမ့်မည်
တောင်သာချောင်းထဲက
သဲဖြူလွလွ၊ စိုမြမြမြေခင်း
လက်ယက်တွင်းက၊ ရေချိုမြကို
ဆရာတမ်းတရှာလိမ့်မည်
အခုတော့ ဆရာဟာ
နှင်းဆီပွင့်ပေါ်မှာ
ထာဝရ အိပ်ပျော်သွားရှာပြီ။

ဆေးလိပ်လည်းတို
နေလည်းညိုလို့
ဆရာအို ...
လက်ပြထွက်ခွာသွားပြီကော။

မြန်မာ့ကဗ္ဗာရနှစ်များ
ဆရာ့ကလောင်ဖျားက
ကျခဲ့တဲ့မင်စက်
နှင်းဆီရောင်ရဲရဲလက်
ပြည်သူဘက်မှာ
ထက်မြတက်ကြွ
လှပကဗျာ၊ နှင်းဆီပွင့်များစွာ
ဆရာဟာ
တော်လှန်စာဆိုပါ။


www.burmesesclassic.com

www.burmesesclassic.com


နရသိန်ထောင်အတွင်း
အကျဉ်းဒဏ်မမှု
မင်းရန်ကို အန်တုခဲ့
ဆရာဟာ
ပြည်သူ့စာဆိုပါ။

အဆောင်ဆောင်အခန်းခန်း
အောင်စခန်းအောင်နန်းတွေနဲ့
ပြည်သူတွေ ခေါင်မြန်းချိန်ရောက်ရင်
သပြေညိုအောင်ပန်းတွေ ဝေပေလိမ့်
ပြည်တော်ဝင်အပြန်လမ်း
ကျွန်တော်တို့ အတူတူလှမ်းတဲ့အခါ
'ပန်းလက်ဆောင်' ဝေဖို့
အပြုံးမြမြနဲ့ ပျော်ကြရအောင်
ကြွခဲ့ပါဦး ဆရာ။

ပုဂံကျောင်းက
ခေါင်းလောင်းသံတချိုချို
ပြည်သူတွေ တေးဆိုချိန်ရောက်ပြီဆို
'ထီးကလေးနဲ့မနီ' လည်း
မျက်နှာကြည်မြ ဝင်းပပနဲ့
ကရှာမှာပေါ့
အလှဆုံးအချိန်မှာ
ကဗျာတွေတပွေ့ စာတွေတပွေ့နဲ့
ကျွန်တော်တို့ ... ပြန်တွေ့ကြဦးစို့ ဆရာ
"ရှမ်းရိုးမက မြူခိုးဝေရင်
လွမ်းနိုးထလို့ ပူမျိုးထွေသရှင်" တဲ့
ကဗျာအနှဲ့ ဆရာဖွဲ့ခဲ့။

အခုတော့ ...
ချစ်သူခင်သူတို့
လွမ်းစ ကျွမ်းစေဖို့ရာ
လွမ်းမိုးကျနေပြီကော
"ရှမ်းရိုးမမှာ မြူခိုးဝေနေပြီပေါ့ ဆရာ"။ ။ ❑

၂၃ – ၁ – ၂၀၀၇


www.burmesesclassic.com

www.burmesesclassic.com


# ကဗျာလှော်တက်နဲ့ သမုဒ္ဒရာ ဆန်ရဲသူ

## မွန်ဒရာ

ဇန်နဝါရီ ၂၂
၂၀၀၇
ငါတို့ချစ်တဲ့ အလင်းတိုင်
ဝုန်းခနဲ ယိုင်ပြိုသွား ...
မျက်ရည်လှိုင်းခတ်သံ
ပွဲတင်ထပ်သွားတယ် ဆိုပေမယ့် ...
အဲဒီနေ့ မုန်တိုင်းက
တော်တော်ခြေသံ လုံတယ်။

ကဗျာဟာ သူ့အသွေးအသား
သူ့အသွေးအသားဟာ ကဗျာ။

၁၉၈၀ များ
ဟိုးအဝေးက 'အမေ့ကျောင်း'
'မမ၀၀ ထထက ...
ကကြီးကကြီး ဗိုးကကြီး ...
စံပယ်ပွင့်လေး ခေါင်းပေါ်တင် ...'
ချစ်ခြင်းတရား နှလုံးသားတစ်စုံနဲ့
အနာဂတ်ပျိုးခင်း ကြဲသူ
ဥယျာဉ်မှူးဆရာ ...
ကလောင်တစ်ဖက်
မြေဖြူတစ်လက်နဲ့
ကဗျာစက်တွေ ရွာသွန်းပေးခဲ့
ငါတို့ရဲ့ဆရာ။


www.burmesesclassic.com

www.burmesesclassic.com


'ဖန်မီးအိမ်' အလင်းညှိကောင်းကင်တော်
'ကန္တာရနှစ်များ'
အိုအေစစ်တစ်ခု ဖြစ်ခဲ့တယ်
'ဗုဒ္ဓနှင့် တွေ့ဆုံခြင်း'
နတ်လူ သာခုခေါ်ကြတယ်။

မိုးခါးရေ ဘယ်လောက်ပဲဝေဝေ
လွင်တီးခေါင် ဒီလမ်းကြမ်းကိုပဲ
'ငါဆက် ထွန်ယက်မယ်'တဲ့။
မွန်းတည့်နေအောက်
ခြစ်ခြစ်တောက် ကျွမ်းလောင်ခံခဲ့ပေမယ့်
မှောင်ရိပ်ခိုရမှာ ငါရှက်သတဲ့။
အဲဒီလို
ယုံကြည်ခြင်း ကမ်းပါးယံထက်က
မားမားမတ်မတ် ဆရာ ...
ရေခြားမြေခြား နေ့စွဲတိုင်းမှာ
ရေပေါင်းမြေပေါင်း ခြေရာပေါင်းတိုင်း
ပြန်ပြောင်းလွမ်းဆွတ် ...
ဦးညွှတ် တမ်းတတတ်သူ ဆရာ။

ဆရာ့သင်္ကေတ
ပုဆိုးနဲ့လွယ်အိတ်ကလေး
သူတို့လည်း ဆွံ့ဆွံ့အအ ရှိုက်ငိုနေကြတယ်။

အိပ်မက်ဆိုးတစ်ခုသာ ဖြစ်ပါစေ ...
ကြယ်တွေ ဘယ်လောက်ကြွေကြွေ
ဆုတောင်းက မပြည့်တတ်တော့
သန်းခေါက်ထက်
ညက ပိုနက်သွားတယ်။

တနေညီချိန်
ဆေးလိပ်တိုခဲ့ပြီ
ဘယ်လိုပဲ ဆိုဆိုပါ ...
ငါတို့ရဲ့ နှလုံးသားရတနာ
'ကဗျာဆရာ တင်မိုး'
ဘယ်ဆီကို
ဘယ်သူက ပြန်ပို့လိုက်လို့ရမလဲ ...
ဆရာနဲ့အနီးဆုံး
အဖြူရောင်ချိုးကလေး
အဲဒီလို
ကူပြီး ပြောသွားတယ်။ ။ ❑

[ဆရာကြီး ဦးတင်မိုးသို့ နောက်ဆုံးဂါရဝ]

# ဆရာ တင်မိုး သို့ ...

**ယာယာအေး**

ပဝါလေးတစ အသာလေးချပေါ့လို့
ဆရာပြောလေတဲ့ နှမအေးက
မသာတောင် အဝေးတမြေက မချသာဘူး၊
ဖူးတွေ့ခိုက်အိမ်အလာမှာ
အကြိုက်အလိုက်
ဆေးရှိုက်လည်း အတူတူ
တေးကြူလည်း တတွဲတွဲ
တဟဲဟဲနဲ့ ဆရာ့ရယ်သံ
နားဝယ်လျှံခဲ့ မြင်ပြန်အပြုံး
ဒေါင်းရုပ်ဖုံးတဲ့နှလုံးသား
ဒေါင်းငယ်များချစ်သူ
တင်မိုးဆိုတဲ့ ကဗျာလူကြောင့်
အပူကလှိုက် လူကရှိုက်ငင်
မျက်ရည်စင်နှင့်
မြတ်ရှင်ဗုဒ္ဓ
သူ့ဘဝဖြောင့်တန်း
ငြိမ်းချမ်းစိမ့်ငှာ
ဆုချွေတော်မူပါဘုရား။ ။ ❑

ယာယာအေး

၁၊ ၂၃၊ ၂၀၀၇
ဂျပန်စံတော်ချိန် ၁း၂၀



www.burmesesclassic.com

www.burmesesclassic.com


# ဆရာတင်မိုး သို့ ...

## မောင်နီဦး

မီးစာမကုန်
ဆီမခန်းတဲ့
ဖန်မီးအိမ်ထွန်းညှိခဲ့တာ နှစ် ၄၀ ကြာ
မှောင်သူတွေကြားထဲမှာ
ကဗျာနဲ့ အလင်းဆောင်နေသူပါ
ဂါရဝတရားနဲ့ ဦးခိုက်
ပူဇော်လိုက်ပါတယ်။

ဆရာ ...
ဆရာ ... ...
ဆရာ ... ... ... ။ ။


www.burmesesclassic.com

## မတိတ်တဲ့ မိုး

### မောင်မိုးဟိန်း

သည်မိုးဟာ
မေတ္တာမိုး ... သစ္စာမိုး ... မေတ္တာသစ္စာတွေ ပြည့်လျှံတဲ့မိုး။
မြန်မာကိုလည်း ဝင်းပစေ။
ကမ္ဘာကိုလည်း အေးမြစေ။
ပြည်သူချစ်တဲ့ မိုး။
နိုင်ငံချစ်တဲ့ မိုး။
ကမ္ဘာချစ်တဲ့ မိုး။
သည်မိုးဟာ တခြားမဟုတ်
တို့ရဲ့ဆရာ 'တင်မိုး'
မတိတ်တဲ့မိုး။ ။ ❑

ချစ်ခင်ကြည်ညိုစွာဖြင့်
ညီငယ် မောင်မိုးဟိန်း
သား ဂျာနယ်ကျော်
၂၇၊ ဇန်နဝါရီ၊ ၂၀၀၇



www.burmesesclassic.com

www.burmesesclassic.com


# ဆရာဂျမ်းသို့ ကဗျာလွမ်း

ဖေယာင်ဟန်တင်

ရှိုက်ငိုရင်း ... သူငယ်ချင်းပြောရှာ။
ဆရာဂျမ်း ... ဆုံးပြီကွာတဲ့။
တနင်္လာနေ့ရဲ့
မနက် ရှစ်နာရီ သာသာ။

ဗမာပြည်က ... မနိုခမျာ။
ကျောင်းလည်း မရှိသေးပါ။
မပန်းဖြူလည်း ထီးမရှိ။
ကဗျာမရှိတဲ့ ရောဝတီ
မေဓာဝီရဲ့ ဗေဒါရီ ... လို
နေနီ နေဆုတ်
မိုးကြီးချုပ်
ဘူးကြုပ်လေးထဲ ... ရေမလာ။

ချစ်သူတို့ကား အသက်တိုကြ၏ (တင်မိုး)
ဆိုတာလား
ကြားခဏ သာမန်
တကယ်ကျ
မခံနိုင်ပါဘူး ဆရာ။

ဆရာ့ကျေးဇူး
နဖူးမှာ တင်မိုး
ဦးတင်မိုးကို
တင်မိုးကန်တော့ ... လိုက်ပါတယ်။

တိုင်းပြည်ကိုလွမ်းတဲ့
ဆရာဂျမ်းဇာနည်
ဗမာပြည်သာမက၊ ကမ္ဘာကပါ လွမ်းပါရဲ့။

ဒေါင်းကိုချစ်တိုး၊ ဆရာမိုး
ရှိခိုးကန်တော့
အိပ်ပါတော့ ငြိမ်းအေး
နိဗ္ဗာန်တေး ...။ ။ ❑


www.burmesesclassic.com

www.burmesesclassic.com


## ဆရာကြီး ဦးတင်မိုး သို့ ...

လှမွန် [မုံရွာ]

'ဆရာ'
တယ်လီဖုန်းထဲကလို
'ဟေ' လို့ မထူးနိုင်တော့
'အေး' လို့လည်း မဆို
'ဟဲ ... ဟဲ ... ဟဲ' လို့လည်း မရီ
နောက်ဖြစ်တွေ မပြော
ရှေ့ဖြစ်ကိုလည်း မဟော
တသောသော စကားတွေမဆို
ရုတ်တရက် နှုတ်ဆက်သွားတယ်
ကျနော် ဘယ်လိုဖြေရမလဲ
ဆရာ ... ရယ်။

မိုးရွာရွာ နေပူပူ
ထီးအမည်းကြီးတချောင်းနဲ့
လွယ်အိတ်ကို တပ်မက်စွာလွယ်ရင်း
ပုဆိုးတိုတို၊ ပင်တိုက်ပုံနဲ့
ဆရာဝိညာဉ်ကလေး
ဘွဲ့နှင်းသဘင် ခန်းမရှေ့မှာလား၊
ပုဂံလမ်းထိပ်က ခရေတန်းထဲမှာလား၊
ကံ့ကော်ပင်တန်းအောက်က ခုံတန်းကလေးမှာလား၊
လှည်းတန်းဈေးထိပ်က လက်ဖက်ရည်ဆိုင်မှာလား၊
'ဆရာစိုင်းအောင်ဝင်း' ရဲ့ ကျူရှင်ခန်းမထဲက
မြန်မာစာ ဂုဏ်ထူးတန်း ထဲမှာ
'၁၊ ၇၊ ၄' နဲ့ '၃၊ ၀၊ ၀' "ခြောက်လုံး
မောက်မောက်ချ ..." လို့
ဆိုပြီး စာတွေ သင်နေတာလား၊
ဘားလမ်းက လက်ဖက်ရည်ဆိုင်မှာလား၊
ဒါမှမဟုတ်
လေထန်ကုန်းမှာလား၊
၃၃ လမ်းထဲက စာအုပ်ဆိုင်တွေမှာလား၊
မသေချာ မရေရာခဲ့ပေမယ့်
သေချာတာ တခုကတော့
ဆရာ သိပ်ချစ်တဲ့
အမိ 'မြန်မာနိုင်ငံ' ကိုတော့
အရောက်ပြန်မှာ သေချာတယ်။ ॥ ❑

မိသားစုနဲ့ ထပ်တူထပ်မျှ မဖော်ပြနိုင်သော
ဝမ်းနည်းကြေကွဲမှုများစွာဖြင့်
ချစ်တာပည့်

လှမွန် [မုံရွာ]


www.burmesesclassic.com

www.burmesesclassic.com


# ငါတို့အဖေ ကဗျာစာဆို

လေးလေး [တိုကျို]

ကဗျာစစ်သူကြီးရယ်လို့
စာဖွဲ့ခဲ့ပါတဲ့
အိုကွဲ့ ... ချစ်ရပါသော
အဖေကဗျာဆရာ
သူ့ကဗျာ သူ့စာတွေမှာ
ထီးကလေးနဲ့ မနီလည်းပါ
ဖန်မီးအိမ်ပိုင်ရှင်ဆိုတာ
မေးစရာမလိုပါဘူး
တို့မြန်မာစာပေတောမှာ
ကဗျာကဝိရယ်လို့
လူတကာသိကြပါတယ်လေး ...။

တမာတွေပေါ်
အညာတကြောက
ထနောင်းပင်အိုကို ချစ်တဲ့
'ဘဂျမ်း' အမည်တွင်ရစ်မယ့်
ငါတို့အဖေကဗျာစာဆိုကို
ကံတရားရယ်က
ခြေသံပင်မကြားလိုက်ရ
ဆိုင်းမဆင့်ဗုံမပါ
ရုတ်ခြည်းရယ် ပေါ်လာ
နောင်တမလွန်သံသရာကို
ခေါ်ဆောင်ကာ သွားပြီကွဲ့လေး ...။

နမြောတသသ
ပူဆွေးရပါပေါ့
ယူကျုံးမရကြပေမယ့်
ဖြေကြစို့ကွဲ့လေး ...
တို့အဖေ တို့မြေမှာ
မရှိတော့တာမှန်ပေမယ့်
သူ့အမည် သူ့နံမတွေက
ကမ္ဘာတလွှားမှာ
ကမ္ပည်းတင်ကာထားပြီမို့
လူသေပေမယ့်
နာမည်မသေပါဘူးရယ်လို့
ငါတို့တတွေ
ဂုဏ်ယူကာနေလိုက်ကြစို့ရဲ့
ကောင်းခြင်းအဖုံဖုံ
ပြီးပြည့်စုံသူကြီး
နိဗ္ဗာန်ခရီးသွားပြီလေး ... ။ ။ ❑

[ကွယ်လွန်သူ ကဗျာစာဆိုတင်မိုးအား
ဤကဗျာဖြင့် ကန်တော့ပါ၏]


www.burmesesclassic.com

www.burmesesclassic.com


# အမှောင်ကို ထွန်းညှိတဲ့ ဖန်မီးအိမ်

## လင်းနွေးအိမ်

အမှောင်ကို ထွန်းညှိတဲ့ ဖန်မီးအိမ်

သခင်မျိုး ဟော့ ... ဒို့ ဗမာ
ဆရာတင်မိုး ဟော့ ... ဒို့ ကဗျာ
ကဗျာတင်မိုး ဟော့ ... ဒို့ ဆရာ။ ။ ❑

ဆရာကြီးဦးတင်မိုးသို့ ဂါရဝပြုလျက်
နေရိန်ကျော် [သို့မဟုတ် ] လင်းနွေးအိမ်
၂၄၊ ၁၊ ၀၇


www.burmesesclassic.com

www.burmesesclassic.com


ဆရာကြီး ဦးတင်မိုး သို့ ...

ဒေါက်တာ ဝင်းဆန်းထွန်း

ဆရာကြီး အပြုံး
ဆရာကြီး နှလုံး
ဆရာကြီး စကားလုံး
ကျွန်တော် အနှစ်သက်ဆုံး။ ။ ❑


www.burmesesclassic.com

# ဂျမ်း ဆရာ ... မှန်းကာ ကန်တော့ပါရဲ့

ဝင်းတင့်ထွန်း

❖ ဒီအချိန်မှာ ...
တောင်သာ ဇရမ်း-ကမြ နယ်တခိုမှာ
နှင်းတွေ ငို မြူတွေဆိုင်းပြီ ပေါ့
စိတ်လှိုင်းလိပ်ပြာယာဉ် နဲ့
စာဆိုရှင် ရောက်အောင်လှမ်းရှာလိမ့်
အလွမ်း ကုဋေကုဋာနဲ့
ပြေရှာကို ချစ်ရှာလွန်းသူမို့
ဝေဒနာတွေ သစ်ကာ သစ်ကာသွန်းပါလို့
ခွန်းဆင့်သံ နှုတ်ဆက်တေးတွေနဲ့
လွမ်းတေးကိုလည်း သီလေပြီ ။

❖ အ ကာလ ညအချိန်မှာ
ဖလ်မီးအိမ် လက်မှာဆွဲပါလို့
ရင်ထဲမှာ သစ္စာပန်းတွေနဲ့
အထက်အညာ မန်း တခွင်တထောက်ဆီသာမက
အမိဗမာပြည် တဝှန်းတပြင်တလျှောက် အနုပညာကဗျာရနံ့ မွှေးခဲ့ပါရဲ့
မျိုးချစ်သွေး ဇာတိမာန်နဲ့
ဒေါင်းနိုင်ငံ ဒေါင်းသံနိုးရအောင်
ရွှေဒေါင်းတောင် ကလောင်မျိုးပေမို့
တန်ဖိုးအနဂ္ဃ ပြည့်ဝုဏ်ရည် ။

❖ စစ်အာဏာကို
အမြစ်ပါ ဖြို တူးကာဖျက်ချင်ရဲ့
ပြည်သူဘက်က ရပ်တည်ကာ
အနုပညာဆိုတာ ... ပြည်သူအတွက်ဟေ့ ... လို့
သမိုင်းတကွေ့ တိုက်ပွဲစဉ်မှာ



www.burmesesclassic.com

www.burmesesclassic.com


မဆိုင်းမသွေ့ တိုက်ပွဲဝင်ကာ စံနမူပြခဲ့သူမို့
ခေါင်းမကြို တဲ့ ခေါင်းတို့ရဲ့ဟောဒီမြေမှာ
အတုယူစရာ ကဝိဓဇ ရတနာတပါးပါပဲ
နှလုံးသားရဲရဲနဲ့ မော်ကွန်းတည်
ပြည်သူတွေရဲ့ ကြယ်စင်ပွင့်။

❖ ဂျမ်း ဆရာ ... ကို
မှန်းကာဆို ဦးနှိမ်ညွှတ်ပါရဲ့
ဖလ်မီးအိမ် နန်းချည် ကျွမ်းပေမယ့်
လွမ်းပန်းတွေ ဘယ်မညှိုးနိုင်ဘူး
ရင်လှိုင်းသံ တောင်ပံနှီးပါလို့
အမိမြေ နဒီရိုး ဆီက
ရိုးရိုးလေးနဲ့ ခေါင်းလောင်းသံ
ပုဂံကျောင်းက ခေါင်းလောင်းသံ
ခွပ်ဒေါင်းသံနဲ့ ခွပ်ဒေါင်းတေး
တသွေးသွေးနဲ့ ဆက်ပြီးသင်း
လေ့တစင်းနဲ့ သီချင်းသည်
ညှော်သည်ကြီးရဲ့ သစ္စာခရီး
ဝေးနီးမကျန် မြိုင်ယံ မလပ်ရအောင်
တက်ခတ်သံ ညံမစဲပါပဲ
အမှောင်ထဲ အောင်ဖွဲ့တကြော်ကြော်နဲ့
ဒီ ဝဲ ဒီလို ကျော်မတဲ့
ဒီခေါ်သံ လှိုင်းလေဦးမှာ
ဒီ ကျူးသံနှင့်။ ။ ❑

[ကွယ်လွန်သွားရှာပြီဖြစ်တဲ့ ဆရာဂျမ်း [ဆရာတင်မိုး] သို့ ... ဦးခိုက်အာထိမ်းအမှတ်ပြုပါတယ်]

၂၃–၁–၂၀၀၇၊ ည – ၁၂ နာရီ
မှတ်ချက်။ ။ ဇဂျမ်းကမြဲ = ဇဂျမ်းကန်မြဲ ကို တောင်သာဘက်မှာ ဇဂျမ်းကမြဲ လို့ ခေါ်လေ့ရှိပါတယ်။

# အာစဉ်မညှိုးတဲ့ (ဦး) တင်မိုး

ဝင်းညွန့်

ရိုးသားဖြူစင်မှုနဲ့
အကောင်းမြင်စိတ်ကို အရင်းခံ။

နိုင်ငံနဲ့ လူမျိုးအကျိုး
တတ်စွမ်းသမျှ သူသယ်ပိုး။

ကိုယ်ကျိုးစီးပွား ဂုဏ်မာန
မြူမှုန်တစမျှ သူမစဉ်းစား။

အလျှံပယ်တဲ့ မေတ္တာတရား
နောက်ဆုံးအချိန်ထိ သူထားသွား။

ယူတာမရှိ ပေးဖို့သာသိ
မြင့်မြတ်သူတို့ရဲ့ လောကနီတိ။

လူသားဆန်တဲ့ သူ့နှလုံးသား
ကျန်ရစ်သူများ မုဒိတာပွား။ ။ ❑

၀၁ – ၂၄ – ၀၇

လူ့ဘဝခရီးကို ရိုးသားမှုနဲ့ လောကကို အကောင်းမြင်စိတ်ဖြင့်သွားဖို့ ဆရာကြီး ဦးတင်မိုးရဲ့ ဆုံးမစကားကို ရင်ဝယ်ထားပြီး ဆရာ့ အမှတ်တရအဖြစ် ရေးဖွဲ့ပါသည်။



www.burmesesclassic.com

www.burmesesclassic.com


## အဘိုး သို့ ...

ဖေဟာမန်သဇင်

ကဗျာတွေပွေ့ဖက်
ခရီးဆက်ခဲ့တဲ့ အဘိုးအိုရဲ့ဘဝ
မျိုးစုံလှပေါ့ ဘဝအထွေထွေ၊

ငယ်ငယ်တုံးက တပြုံးပြုံးနဲ့
ဖတ်လာရတဲ့ ကလေးကဗျာတွေ
မြန်မာပြည်တလွှားက ကလေးငယ်များအားလုံးအတွက်
အဘိုးပေးခဲ့တဲ့ သိဂ်ီရအမွေတွေပေါ့၊

အမှောင်ကို တုန်အောင်ကြောက်တဲ့ အဘိုး
အရေးကြုံပြန်တော့လည်း
အမှန်တရားနဲ့ မြန်မာပြည်သားတွေအတွက်
အမှောင်တွေချယ်ထားတဲ့
အကျဉ်းထောင်ထဲ ဝင်ရဲတဲ့ အဘိုးဘဝ
ပန်းချီဆရာစကား အငှားနဲ့ပြောရရင်တော့
ကွန်ထရပ်စ် ခေါ် ဆန့်ကျင်ဘက်ရသတွေ ပေါ့နော်၊

အဘိုးမျော်မှန်း သာစခန်းတဲ့
အဝေးကနေ မွေးရာမြေကို
လွမ်းမျက်ရည်နဲ့ လွမ်းတေးဖော်တဲ့
အဘိုးရဲ့ ကဗျာ
ဒီတစ်ခါမှာတော့ မြေးတွေဖတ်ရင်း
လွမ်းငွေ့ဝေ၊

ဘဝမှာ မခံစားနိုင်တာတွေကို ခံနိုင်ရည်ရှိဖို့
တခါတလေ ဓာတ်ကြမ်းတိုက်ဖို့ လိုသတဲ့
ရုတ်တရက် နှုတ်မဆက်ဘဲ
သုတ်ခနဲ ထွက်သွားတဲ့ အဘိုး
အားလုံးအတွက်
ဓာတ်ကြမ်းများ
တိုက်ခဲ့လေသလား။ ။ ❑

[၀၁၊၂၈၊၂၀၀၇]


www.burmesesclassic.com

www.burmesesclassic.com


## နှုတ်ဆက်ခြင်း

**အောင်ဝေး**

သုံးဆယ့်သုံးလမ်း၊ ညနေချမ်းမှာ
လွမ်းတဲ့အလွမ်းက
'စမ်း ရဲ့ ဂျမ်း'။

ပုဂံကျောင်းက
ခေါင်းလောင်းသံ တိတ်၊ လရောင်သိပ်တော့
အိပ်ပျော်ပါတော့
'မိုး နဲ့ စမ်း'။ ။ ❑

အောင်ဝေး
မြန်မာနိုင်ငံကဗျာဆရာ
၂၉ ဇန်နဝါရီ၊ ၂၀၀၇


www.burmesesclassic.com

www.burmesesclassic.com


# လှုပ်နေသော သစ်ရွက်တရွက်

## အောင်ငြိမ်း

ဘာကြောင့်များ
ဗြုန်းစားကြီး ထွက်ခွာသွားရတာလဲ။

အိမ်ကခွာ ကျောင်းကခွာ ထောင်ကခွာ
တိုင်းပြည်က ခွာ လောကကြီးက ခွဲခွာ
အမွေမှုကို စက်ဆုပ်ရွံရှာ
ဆရာ ဘယ်ဆီကိုများ သွားပြီလဲ။

အမေရိကားမှာ သာတဲ့လ
ဗမာပြည်မှာ သာတဲ့လ
လကနေ ဆက်သွယ်
နှလုံးသား 'ချယ်နယ်' မှာ
ခံစားမှုတွေ သတင်းပို့
ကဗျာတတို့ စာတညို့သာ လွမ်းစရာချန်ထား
သူကား ထွက်ခွာသွားလေပြီ။

ကမ္ဘာ့ရွာမှနေ မြန်မာ့ကဗျာတွေရေးဖွဲ့
လော့စ်အိန်ဂျယ်လိစ် ကဖေး
ဆေးလိပ်တတို နေအညိုမှာ
ကဗျာပျော် ဆောင်းခိုငှက်တသင်း
အိပ်တန်းပြန်ချိန် စောင့်ရင်း
အလွမ်းတွေဖွဲ့ ပန်းတွေဖွဲ့သီ
ဆရာအိုကား တိတ်တဆိတ် ထွက်ခွာသွားလေပြီ။


www.burmesesclassic.com

www.burmesesclassic.com


ထီးကလေးနဲ့မနီ ဘယ်ကိုသွား
ကျောင်းကိုလား ဈေးကိုလား
သနပ်ခါး ပါးကွက်ကြားနဲ့ သူ့ကဗျာ
တမာအညာ မြန်မာနံ့ထုံသင်း
နွေဦးလို ဖြူစင်သန့်ရှင်း
ကျန်းမာခြင်းနဲ့ ပြည့်စုံတယ်။

ခင်မင်နှစ်လိုဖွယ် ရိုးသား
လွတ်လပ်ပေါ့ပါးစွာ ရယ်မော
အပြုံးမြမြ နုလုံးလှတဲ့
တမာတန်းက ဆရာဂျမ်းဟာ
ပြည်သူ့ဘဝ ခံစားဖွဲ့ဆို
ကဗျာလည်းပျို စာလည်းချိုတယ်
ဖိနှိပ်မှုကို ဆန့်ကျင်အာခံ
ကဗျာသံပြင်း စာမာန်တင်းတယ်။

လွတ်လပ်မှုကို
အသက်နဲ့ထပ်တူ လူလိုခံစား
ပြည်သူကြား အသားကျ ရှင်သန်
မြန်မာဆန်တဲ့ ကဗျာဆရာ
ကဗျာဆန်တဲ့ မြန်မာဆရာ
ရုံး ထောင် နဲ့ ကြိုးစင်
ထီမထင် ကျောင်းတော်သားတွေက
စာရင်းတို့ကာ ထားလိုက်ပါတဲ့
မင်းတို့ရဲ့ဆရာတပါး။

စစ်အာဏာကြီးစိုး
ခေတ်ဆိုး ခေတ်ကျပ် အောက်မှာ
ဖိနှိပ်မှုကို မုန်း
ဖိုလ်ကျမှုကို မုန်း
မတရားမှုကို မုန်း
အရေပါးမှုကို မုန်း
အပစ်အသတ်ကို မုန်း
စစ်ဖိနပ်ကို မုန်း
အမုန်း တောအုပ်
လှုပ်နေသော သစ်ရွက်တရွက်
တော်လှန်ရေးကို ပွေ့ဖက်
ဘဝဟာ လေးနက်လှပါတယ်။

ဘဝဟာ ကဗျာဆန်ပြီး
ကဗျာမှာ သစ္စာနဲ့သူ
သူ့ဘဝ သူ့ကဗျာ
သူ့အချစ် သူ့အမုန်း
သူ့အလွမ်း သူ့ပန်းတွေ
ဗမာပြည်မှာ မလွင့်မကြွေ
ပွင့်ဝေနေမှာ အသေအချာ။ ။ ❑
[၂၅ – ၁ – ၂၀၀၇]


www.burmesesclassic.com

www.burmesesclassic.com


# တင်မိုး (သို့မဟုတ်) သမိုင်းဝင် အမျိုးသားကဗျာစာဆို

**မောင်ဝန်း [နယ်သာလန်]**

ကြယ်ကြွေသော်လည်း
သူမကြွေ။

ပန်းကြွေသော်လည်း
သူမကြွေ။

သူဟာ ...
ပြည်သူ့စာဆို
ကြယ်လိုလည်း လင်း
ပန်းလိုလည်း သင်းမြ။

ဒါပေမယ့် ...
ကြယ်ကြွေသော်လည်း
သူမကြွေ။

ပန်းကြွေသော်လည်း
သူမကြွေ ...
သူဟာ ပြည်သူ့စာဆို
ပြည်သူတွေရဲ့ ဘက်သား
ဒီမိုကရေစီ လိုလားသူ။

တရားမျှတမှုကို လိုလားသူ
အမှန်တရားအတွက် တိုက်ပွဲဝင်သူ
မြန်ပြည်သူတွေရဲ့ မိတ်ဆွေ။

ပြည်သူတွေရဲ့ ရင်ခုန်သံ
သူ့ရဲ့ ရင်ခုံသံ။

ပြည်သူတွေရဲ့ဘဝ
သူ့ရဲ့ဘဝ။

ပြည်သူတွေရဲ့တော်လှန်ရေး
သူ့ရဲ့တော်လှန်ရေး။

သူ (တင်မိုး) ဟာ မကြွေ
သူ မသေ ...
ပြည်သူတွေရဲ့ နှလုံးသားမှာ
ထာဝရ နေ။ ။

[အမျိုးသားကဗျာစာဆိုဆရာကြီး
ဦးဘဂျမ်းအား ဤကဗျာဖြင့်
ဦးညွှတ်ဂုဏ်ပြုအပ်ပါသည်]


www.burmesesclassic.com

www.burmesesclassic.com


# ကဗျာဆရာ သူရဲကောင်းသို့ နောက်ဆုံးအမှတ်တရ ကဗျာ

## ဥမ္မာဗိုလ် [အာရီဒိုးနား]

နှုတ်မဆက်ဘဲ
ရုတ်တရက်ထွက်သွား
လောကကြီးအား စိတ်နာသလား ဆရာ။

ပြုံးချိုချို မျက်နှာထားနဲ့
အမှန်တရားတွေကို ကဗျာသီ
အလင်္ကာမညီတဲ့ ဗမာပြည်က အကြောင်းတွေပေါ့။

ကလောင်ကိုင်ကာ
ရန်သူကို ထိုးနှက်
အမျိုးဖျက်သူလို့ ဆိုသူကဆို
မလိုသူတွေ ချောက်ထဲချ
အမှောင်မှာနေရင်း
စာကဗျာပန်းခင်းတွေလည်း ဝေနေဆဲပါ။

အများသူငှာအတွက်
ကဗျာတွေစပ်ဆို
အရပ်ထိုထိုက လေးစားတဲ့ဆရာ
ကံကြမ္မာမျက်နှာမလိုက်
ဒီအခိုက်လေးမှာ
လှိုက်ခနဲကြွေ တပွင့်ကြွေကျ
မြေခ ရရှာပေါ့
ဆရာရေ သွားနှင့်ဦးတော့။ ။ ❑


www.burmesesclassic.com

www.burmesesclassic.com





www.burmesesclassic.com

# ဝမ်းနည်းမှုတာ်တာမ်း



www.burmesesclassic.com

www.burmesesclassic.com



www.burmesesclassic.com

www.burmesesclassic.com


ဆရာတင်မိုးနဲ့ လူချင်းမသိရခင်ကတည်းက ကျနော်တို့ဟာ သူ့ကဗျာတွေရဲ့ ဖမ်းစားခြင်းကို ခံခဲ့ရပါတယ်။ ဖန်မီးအိမ်ကဗျာတွေသာမက ဆရာဂျမ်းရဲ့ ပန်းလိုလှတဲ့ အစမ်းစာတွေဟာလည်း အနုစာပေမြတ်နိုးသူများရဲ့ရင်ထဲမှာ စွဲမြဲစိမ့်ဝင်နေခဲ့တာပါ။ တက္ကသိုလ်ရောက်လာတော့ ဝင့်ဝါမှု ကင်းစင်ပြီး ပကတိရိုးသားဖြူစင်တဲ့ ဆရာဂျမ်းကို မြင်ဖူး တွေ့ဖူးလာတဲ့အခါမှာ လေးစားမှုနှစ်ဆမက တိုးခဲ့ရပါတယ်။ ဘီဘီစီမှာ အလင်္ကာပန်းခင်းကဏ္ဍကို ထုတ်လွှင့်ခါစက ဆရာတင်မိုးဟာ မြန်မာနိုင်ငံထဲမှာရှိနေဆဲပါ။ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအတွက် ကလောင်ထမ်း တိုက်ပွဲဝင်နေတဲ့အတွက် ထောင်ကျလိုက်၊ စောင့်ကြည့်ခံလိုက်ရနဲ့ ဖြစ်နေဆဲပါ။

ပြည်ပကိုရောက်လာတဲ့အခါကျတော့ ဆရာတင်မိုးဟာ အလင်္ကာပန်းခင်းအတွက် ကဗျာတွေ အများကြီးရေးပေးခဲ့ပါတယ်။ စာပေဆိုင်ရာအင်တာဗျူးတွေလည်း အများကြီးပေးခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ သူကိုယ်တိုင်ရေးသားတဲ့ အလင်္ကာမိုးကောင်းကင်မှ ကဗျာကြယ်ပွင့်များဆိုတဲ့ အစီအစဉ်ကို ကျနော်တို့ ဘီဘီစီမြန်မာပိုင်းက ထုတ်လွှင့်ခဲ့ပါတယ်။

ဆရာတင်မိုးဟာ အင်မတန် ဗမာဆန်တယ်၊ ဗမာမှုကိုလည်း မြတ်နိုးပါတယ်။ တင်မိုးဆိုတဲ့ နာမည်ကို ရွေးရတာကတော့ လက်အစုံထိပ်မှာတင်မိုးပြီး ကန်တော့ရတာကို သဘောကျလို့ဖြစ်တယ်လို့ ကျနော့်ကို ပြောဖူးပါတယ်။ ဆရာ ကဗျာရေးတဲ့အခါမှာ မြန်မာမှု၊ မြန်မာဟန်၊ မြန်မာ့ဘဝတွေ လွှမ်းမိုးနေခဲ့ပါတယ်။ ဒါပေမယ့် နိုင်ငံရေးကိုရေးပြီဆိုရင်လည်း အင်မတန် စူးရှနက်ရှိုင်းတဲ့အဓိပ္ပာယ်ကို ထိထိမိမိနဲ့ တိုတိုရေးတတ်ပါတယ်။ ဥပမာတစ်ခု ပြောရမယ်ဆိုရင် ...

'ပစ္စည်းမဲ့၏
မရှိအစာ
ဝေဒနာကို
ဗိုက်တာမင်ဖြင့် ကယ်မည်လော'

လို့ အစချီပြီး ကဗျာရေးခဲ့ပါတယ်။ ဒါလေးကိုကြည့်ရင် ဆရာတင်မိုးရဲ့ နိုင်ငံရေးအမြင်ဟာ ဘယ်လောက် စူးရှထိရောက်တယ်ဆိုတာ သိသာနိုင်ပါတယ်။ ၁၉၈၈ နောက်ပိုင်းမှာတော့ နိုင်ငံရေး အငွေ့အသက်တွေဟာ ဆရာ့ကဗျာကို လွှမ်းမိုးသွားခဲ့ပါတယ်။

မြန်မာနိုင်ငံထဲမှာ နေစဉ်က ဆရာထုတ်ဝေခဲ့တဲ့ ကဗျာစာအုပ်တွေ အများကြီးပါ။ ဖန်မီးအိမ်၊ လှေတစ်စင်းနဲ့သီချင်းသည်၊ ပန်းဈေးခင်း၊ စိမ်းလန်းသောအိပ်မက်၊ နှင်းဆီပွင့်ပေါ်အိပ်ပျော်ခြင်း၊ ပုဂံကျောင်းက ခေါင်းလောင်းသံ၊ အမေ့ကျောင်း၊ ထီးကလေးနဲ့မနီ စတဲ့ ကဗျာတွေ ဖြစ်ပါတယ်။

မြန်မာ့ကလေးကဗျာလောကမှာတော့ ဆရာကြီးမင်းသုဝဏ်ရဲ့အမွေကို ဆက်ခံသူဟာ ဆရာ တင်မိုးလို့ပဲ ဆိုကြရမှာပါ။

နေလုံးနီနီ ညနေစောင်းတော့
အမေ့ကျောင်းကို သွားစို့ကွယ်
ငွေဖျိုးဖြူရယ် ကျနော်သွားတော့
လိုက်မှာလားကွဲ့ ပျော်လှတယ်

အစရှိတဲ့ အမေ့ကျောင်းကဗျာများကို ဖတ်ရတာဟာ ရာဘင်ဒြာနတ်တဂိုးရဲ့ကဗျာတွေနဲ့ နှိုင်းယှဉ်ခံစားနိုင်တယ်လို့ ကျနော် ခံစားမိနေပါတယ်။



www.burmesesclassic.com

www.burmesesclassic.com


ဆရာဟာ ကာရန်သမားပါ။ အင်မတန် သာယာငြိမ့်ညောင်းတဲ့အသံတွေနဲ့ ကဗျာရေးသီတတ်ပါတယ်။ ဒါပေမယ့် ကာရန်မဲ့ကဗျာတွေကိုလည်းပဲ ဆရာက ရှုတ်ချရေးသားခဲ့ခြင်း မရှိခဲ့ပါဘူး။ ကြိုဆို အားပေးခဲ့တာသာ တွေ့ရပါတယ်။

**ကျော်ဇံသာရဲ့ အလွမ်းစကား**
**ဘီဘီစီ၊ ဇန်နဝါရီ ၂၄**

---

ကိုတင်မိုး အခုလို ကွယ်လွန်ခြင်းဟာ သူ့မိသားစုနဲ့ ကျနော်တို့ သူငယ်ချင်းတသိုက်ရဲ့ ဆုံးရှုံးမှုတင် မကပါဘူး။ ကျနော်တို့ ဗမာပြည်ရဲ့ စာပေလောကကြီးတခုလုံး ဆုံးရှုံးတာပဲလို့ ကျနော် ဝမ်းနည်းတသစွာနဲ့ ပြောချင်တယ်။ ။

**ကဗျာဆရာကြီး ကြည်အောင်**
**ဒီဗွီဘီ၊ ဇန်နဝါရီ ၂၄**

---

မီးစာမကုန် ဆီမခန်းတဲ့ 'ဖန်မီးအိမ်' ထွန်းညှိခဲ့တာ အနှစ်လေးဆယ်ကြာ၊ မှောင်သူတွေကြားထဲမှာ ကဗျာနဲ့အလင်းဆောင်နေသူပါ ... ... ဂါရဝတရားနဲ့ဦးခိုက် ပူဇော်လိုက်ပါတယ် ... ... ဆရာ ... ... ဆရာ ... ... ဆရာ ။

ဒီနေ့ မြန်မာစာပေချစ်မြတ်နိုးသူတွေရဲ့ ရင်ထဲမှာ အလွန်ကြီးမားတဲ့ 'ဆူနာမီ' လျှောင်လှိုင်းတစ်ခုနဲ့ ကြုံကြိုက်လိုက်ရပြီ။

ဆရာ(ဦး)တင်မိုးလို ပုဂ္ဂိုလ်မျိုး တမျိုးသားလုံးက ထာဝရသတိရနေကြလိမ့်မယ်။ ။

**ဆရာ့ကို ချစ်ခင်လေးစားတဲ့ စာရေးဆရာတစ်ဦး**

---

ကြုံရမယ်မှန်းသိပေမယ့် ... ... အားလုံးတွေ့ဆုံ၊ ဆုံစည်း၊ စည်းစည်းလုံးလုံး ရှိကြတဲ့အချိန်မှာမှ ကြားရမယ်လို့ ယုံခဲ့ပါတယ်။ ဒါပေမယ့် ... တကယ့်အချိန်၊ တကယ့် ရာသီဥတု ပြင်းထန်ချိန်မှာ မိုးကြိုးထစ်သလို ကြားလိုက်ရတဲ့သတင်းကြောင့် အထူးကြေကွဲဝမ်းနည်းရပါတယ်။ 'ချစ်ခင်သူတို့ အသေစောလေစွ၊ ... ...' လို့ ဆရာပြောခဲ့သလိုပါပဲ။ စောလှလေခြင်း ... ... ဆရာရယ်။ ။

**ဆူးငှက်**


www.burmesesclassic.com

www.burmesesclassic.com


'ချစ်သူတို့ သက်တမ်းတိုလှ၏' ... တဲ့။ ဆရာသုံးခဲ့တဲ့ စကားလေးကို ဆရာ့အတွက် ကျမ ပြန်သုံးပါရစေ။ ရိုးသားအေးချမ်းဖြူစင်ပြီး၊ အညာသားစရိုက် အပြည့်ရှိသောဆရာ အေးချမ်းရာ မြင့်မြတ်ရာ ဘုံဘဝမှာ ရောက်ရှိမယ်လို့ အကြွင်းမဲ့ယုံကြည်ပါတယ် ဆရာ။ ။

အတိုင်းအဆမရှိသော ဝမ်းနည်းခြင်းဖြင့် ... ...

**စာရေးဆရာမတစ်ဦး**

---

နှလုံးလှကဗျာဆရာ
အပြုံးက စွဲမက်စရာ
အမြဲစိတ်မှာ ကြည်နူးစရာ
အစဉ်ထာဝရ ရှင်သန်လျက်ပါ
မန်းမြေမှာ ဆရာ့ကဗျာအလင်းတန်းတွေ ဝေဝေဆာဆာ
ဆရာ့ဘဝမှာ အေးချမ်းသာယာစွာ ... ...

ဆရာတင်မိုး ကောင်းရာသုဂတိလားပါစေ ... ...

**မန္တလေးမှ စာရေးဆရာတစ်ဦး**

---

ဆရာဂျမ်းနဲ့ ကျနော်နဲ့ စကားတွေအကြာကြီး ပြောဖြစ်ခဲ့တာက အမေရိကန်ပြည်ထောင်စုမှာပါ။ ကျနော်က ကိုလံဘတ်စ်မြို့၊ အိုဟိုင်းယိုးပြည်နယ်မှာ။ ဆရာဂျမ်းက ကိုလံဘတ်စ်နဲ့ တစ်နာရီကား မောင်းရင်ရောက်တဲ့မြို့မှာ၊ ကျနော်ကလည်း ဆရာ့မြို့ကို မလာတတ်၊ ဆရာကလည်း ကားမောင်းပို့ သူမရှိရင် မသွားတတ်။

ဒီလိုနဲ့ပဲ လူချင်းမဆုံကြရ၊ တယ်လီဖုန်းထဲမှာ တစ်နာရီလောက် စကားရှည်ရှည်ပြောဖြစ်ခဲ့ကြတယ်။ ဆရာဂျမ်း မြန်မာပြည်ကို ချစ်တာ၊ လက်ဖက်ရည်ဆိုင်၊ အကြော်ဆိုင်တွေ ထိုင်ချင်တာ၊ မြန်မာပြည် ပြန်ချင်တာ၊ လွမ်းစရာပေါ့။ ဖြစ်နိုင်ရင် Suitcase ထဲဝင်ပြီး ပုန်းလိုက်ခဲ့ချင်လိုက်တာ ဆိုတဲ့ စကားက ရင်နင့်စရာပါ။

မြန်မာပြည်ကိုချစ်တဲ့ဆရာ မြန်မာပြည် အညာဒေသမှာ ကဗျာဆရာဖြစ်မှာလို့ ကျနော် ယုံကြည်ပါတယ်။ ထုံးသုတ်ထားတဲ့ နှလုံးပုပ်တွေကို ဖြူစင်လာအောင် ဆရာက ကဗျာနဲ့ ဆေးကြောပေးမှာလို့ ယုံကြည်ပါတယ်။ ။

**စာရေးဆရာတစ်ဦး**


www.burmesesclassic.com

www.burmesesclassic.com


သူ့ဘဝတာ တလျှောက်လုံး ကောင်းတာချည်းပဲ လုပ်ခဲ့တဲ့သူ။

ဘာမှ အပြစ်အနာအဆာမရှိ၊ လူမှုရေးအရရော နိုင်ငံရေးအရရော စီးပွားရေးအရရော ခြောက်ပြစ်ကင်း သဲလဲစင်။ သူတပါးကို ကူညီဖို့အတွက်ဆိုရင် အမြဲတမ်း အသင့်ရှိနေသူ။

သူ့အတွက်သူ ဘယ်တော့မှ မစဉ်းစား သူများအရေးသာ ရှေ့တန်းတင်တတ်သူ။

ကျနော်တို့အတွက် ရှေ့ဆောင်လမ်းပြ စံနမူ။ သူလိုလူ အသေစောတာ နမြောလှချည့်။ ။

**ညီစေမင်း**

---

အိုးဝေ ဝေါဟာရ

မွန်က၊ ပျူက၊ ကျောက်စာက မဟုတ်

မျက်မှန်ဖြုတ်၍ ဖုန်သုတ်ပါဦး သုတေသီ။

ရဲဘော် အိုးဝေချို့မြဲ ဝေါဟာရသည်

'သွေး' ကလာသည်

အို ... သုတေသီ။

ဤကဗျာစာပိုဒ်ကလေးမှာ ဆရာ၏ 'တက္ကသိုလ်မော်ကွန်းတိုင်ပေါ်မှာ' ကဗျာမှ ဖြစ်ပါသည်။ ဆရာသည် အိုးဝေ၊ ကျောင်းသား၊ သွေး တို့ကို သမိုင်းနဲ့အတူချည်နှောင်ပြီး ကဗျာ မှတ်တမ်းတင်ခဲ့သည်ဟု ဆိုနိုင်ပါသည်။

လူထုဘက်ကရပ်တည်ပြီး ကဗျာတွေ၊ စာတွေရေးခဲ့သည့်ဆရာ (ကဗျာဆရာကြီး တင်မိုး) ကွယ်လွန်သွားကြောင်း သိရတဲ့အတွက် များစွာ ဝမ်းနည်းရပါသည်။ ။

**နိုင်မြင့်သစ်**

---

ဆရာနဲ့ တပည့်မက

အဖနဲ့ သားလို

အချစ်ပိုခဲ့ကြပေမယ့်

ပြန်တော့မယ်ဆိုတာကိုတောင်

နှုတ်ဆက် မသွားပါလား ဆရာရယ်။ ။

**နေဝင်းအောင်**

**မြန်မာစာ**

**ရန်ကုန်တက္ကသိုလ်**


www.burmesesclassic.com

www.burmesesclassic.com


‘ငှက်ပျောရွက်ပေါ်က မောင်နွေထက်၊
ကဗျာနဲ့ ပွေ့ဖက်နေစေသတည်း’ ဆိုတဲ့ ဆရာတင်မိုးရယ်
ဖန်အိမ်ကို နှလုံးသားနဲ့ထွန်း
လှေတစ်စင်းနဲ့ သီချင်းတွေကိုလှော်၊
ခု ခေတ်ပြိုင်ထဲမှာ
ဆရာ နှင်းဆီပွင့်တွေပေါ်
ထာဝရ အိပ်ပျော်သွားပါပြီ။
အလင်းလမ်းပေါ်က မဟာဝိညာဉ်ပြေးလမ်း
အနာဂတ်ရဲ့ ဒီမိုကရေစီလမ်းပေါ်မှာ ထာဝရတည်တံ့
ဆရာ့ကဗျာတွေ အစွန့်ရှည်ပါစေ။ ။

အောင်ပွဲမတွေ့မီ ဆုံးသွားတဲ့ ဆရာအတွက် ... ...
**မောင်နွေထက်**

---

ကြည်အောင်ရယ် ကိုတင်မိုးရယ် မောင်စွမ်းရည်ရယ် ၃ ယောက် တနေကုန်ထိုင်ပြီး ‘တမာရိပ်သာ’ ဆိုတဲ့ အိမ်လေးတစ်လုံး ငှားထားတာ ရှိတယ်။ အဲဒီမှာ သူငယ်ချင်းတွေ ကိုယ့်အိမ်ရှိပေမယ့် အဲဒီမှာ ဆုံကြ အိပ်ကြတယ်ပေါ့ဗျာ။ ကျနော်နဲ့ ကိုတင်မိုးက အတူအိပ်တာပါ။ ကိုကြည်အောင်ကတော့ သူ့အစ်မအိမ် ရှိတော့ နေ့စဉ်လာတယ်ပေါ့။ လာတော့ တနေကုန် စကားပြောကြပြီးတော့ ညနေ ပြန်ခါနီးတဲ့ကျတော့ “ကဲ ... ဆေးလိပ်လည်း တိုလှပြီကွာ နေလည်း ညိုလာပြီ” ဆိုတော့၊ ကိုတင်မိုးက ဝုန်းခနဲ ထရပ်ပါတယ်။ နောက်ပြီးတော့ နေဦး နေဦး ဆိုပြီးတော့ ‘ဆေးလိပ်လည်းတို၊ နေလည်းညိုပြီ၊ ငါ့ကို ပြန်ပို့ကြပါလေ’ ဆိုပြီးတော့ ‘ညှို့သည်ကြီး’ ဆိုပြီးတော့ နာမည်ပေးလိုက်တယ်။ အဲဒါက ကျနော်တို့ ၃ ယောက်စလုံးနဲ့ ပတ်သက်နေတာပေါ့လေ။

ဒီကဗျာက သူ ထောင်ထဲမှာရော ထောင်ပြင်မှာရော ဂယက်ရိုက်တာကိုးဗျ။ ကျနော်တို့ ၃ ယောက်ကြားထဲမှာ ဖြစ်လာတဲ့ ကဗျာလေးပေါ့။ ဦးဝင်းတင်ကလည်း ဒီကဗျာကို အလွန်အင်မတန်သဘောကျပြီး သဘာပတိလုပ်တဲ့ စာပေဟောပြောပွဲမှာ အဲဒီအကြောင်းကို ပြောတယ်ပေါ့လေ။ အဲဒါ အဓိပ္ပာယ် အမျိုးမျိုးရှိပါတယ် တဲ့။ ပြန်ချိန်တန်ရင် ပြန်ကြရမှာပဲဆိုပြီး စစ်အစိုးရကို ရည်စူးပြီးတော့ ပြန်ပို့ဖို့ ဆိုတာမျိုး ပြောတယ်။

နောက်ပြီး မင်းသားကြီး ကောလိပ်ဂျင်နေဝင်း ကတော့ ကင်ဆာဖြစ်နေတဲ့အချိန်မှာ သူသေလို့ ရှိရင်ဗျာ၊ အဲဒီကဗျာလေးကို ကျနော် အုတ်ဂူမှာ ထိုးချင်တယ်တဲ့။ ။

**ကဗျာဆရာကြီး မောင်စွမ်းရည် (ဒီဗွီဘီ၊ ဇန်နဝါရီ ၂၃)**


www.burmesesclassic.com

www.burmesesclassic.com


ကဗျာအဆန်ဆုံး အနုဆုံးမှာ တင်မိုး၊ တော်လှန်စာပေဆန်ဆန်၊ ဝီရရသခေါ်တာပေါ့လေ ရေးအခေါ်နဲ့တော့၊ ရဲရင့်တက်ကြွဖွယ်ကို အရေးနိုင်ဆုံးက ကြည်အောင်၊ ဟာသရေးတတ်တာက မောင်စွမ်းရည်၊ ဟာသမြောက်အောင်၊ ခနဲ့တဲ့တဲ့ ပေါ့ဗျာ တဖက်သားကို ရေးတတ်တာ မောင်စွမ်းရည်။ ဒီ ၃ ယောက်ကို ကျနော် အဲသလို မှတ်ချက်ချဖူးပါတယ် ခင်ဗျာ။

တဖြည်းဖြည်းနဲ့ ခပ်ကြမ်းကြမ်း စကားလုံးတွေ သုံးတတ်တယ်။ ရန်ကုန်မှာလည်း အဲဒီအတိုင်းပါပဲ။ အမေရိကန်ရောက်တော့လည်း ကျနော် သူ့ကဗျာလေးတွေ တွေ့ရပြန်တယ်။ အဲဒီမှာတော့ အများကြီး ပြောင်းလဲသွားပါပြီ။ စောစောက သူမလုပ်ခဲ့တဲ့ ဝေဖန်တာတို့၊ ခနဲ့တဲ့တဲ့နဲ့ရေးတာတို့ သရော်တာတို့ ပါလာတယ်။ တက်ကြွတဲ့သဘောတွေလည်း ပါလာတယ်။ သူ့ကဗျာတွေရဲ့ ထူးခြားချက်ပါပဲ။

တနည်းပြောရရင်တော့ တက္ကသိုလ်မှာ တုန်းကတော့ နုတာပေါ့လေ၊ လူကလည်း ငယ်သေးတာကိုး။ အသက်ကြီးသွားတဲ့အခါကျတော့ ရင့်ကျက်သွားတယ်၊ ရင့်ကျက်တဲ့ကဗျာတွေကို တွေ့ရတယ်လို့ ကျနော် ပြောချင်ပါတယ်။ ။

**မောင်သာနိုး**

**အာအက်ဖ်အေ၊ ဇန်နဝါရီ ၂၃**

---

သူဟာ ပြည်သူလူထုနဲ့ ခံစားချက်အတူတူပဲ။ ပြည်သူလူထုဘက်က သူ အမြဲတမ်းရပ်ခဲ့တယ်။ ၁၉၈၈ လူထုလှုပ်ရှားမှုကြီးဖြစ်တဲ့အချိန်ကျတော့ သူက လူထုတရားပွဲတွေမှာ ကိုယ်တိုင်ပါပြီးတော့ တက်တက်ကြွကြွနဲ့ တရားဟောတယ်။ ဒီမိုကရေစီတောင်းဆိုတဲ့ပွဲတွေမှာ သူကိုယ်တိုင်ပါတယ်။ အနုပညာလှုပ်ရှားမှုတွေမှာ သူပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဖွဲ့တဲ့အခါမှာ ပါတီတာဝန် မယူပေမယ့်လည်း တတ်သိပညာရှင်အနေနဲ့ သူ အမြဲတမ်း နီးနီးကပ်ကပ်နေတယ်။

မှတ်မှတ်ရရဆိုရင် ၁၉၈၉ ခုနှစ် အာဇာနည်နေ့ပေါ့လေ၊ အဲဒီနေ့အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကြွေးကြော်သံ၊ ဆောင်ပုဒ်လုပ်ဖို့အတွက် ဒေါ်အောင်ဆန်းစုကြည်က အကူအညီတောင်းတဲ့အခါကျတော့ ဦးတင်မိုးက ရေးပေးတာ။ အဲဒါဘာလဲဆိုတော့ 'အာဇာနည်မျိုး၊ သေရိုးမရှိ' ဆိုပြီးတော့။ သူ ရေးပေးတာက ၇ ခု၊ ၈ ခု လောက်ရှိမယ်။ အာဇာနည်မျိုး၊ သေရိုးမရှိ ဆိုတာရယ်၊ 'အာဇာနည်တိုင်း၊ သမိုင်းမသေ' ဆိုတာရယ်။ အဲဒီ ၂ ခုကို တော်တော်ကြိုက်ကြတယ်။ ဒေါ်စုက ရွေးလိုက်တာကတော့ 'အာဇာနည်မျိုး၊ သေရိုးမရှိ'၊ ၈၉ ခုနှစ် အာဇာနည်နေ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ကြွေးကြော်သံအဖြစ် သတ်မှတ်တယ် ဆိုပြီးတော့ ပိုစတာတွေ ဘာတွေ လုပ်ကြတာပေါ့။ ။

**မောင်ဝံသ**

**ဘီဘီစီ၊ ဇန်နဝါရီ ၂၃**


www.burmesesclassic.com

www.burmesesclassic.com


ကျွန်တော်နဲ့ ကိုဘဂျမ်းတို့ဟာ ၁၉၅၇ ခုနှစ်ကတည်းက အိပ်ရာတခုတည်းအိပ်ပြီး အတူစားအတူသွားနေလာခဲ့ပါတယ်။ လည်ပင်းဖက်သွားရင်းက ရန်ဖြစ်ချင်ဖြစ်ပါတယ်။ တခါမှ မလိုမုန်းထား ခွဲခြားသွားတယ်လို့ မရှိဘူးပါဘူး။ ခုဆိုရင်နှစ်ပေါင်း ၅၀ တိတိရှိခဲ့ပါပြီ။ သူဟာ ကျွန်တော့်ကို ညီအရင်းလိုချစ်ခင်ပြီး ဆုံးမပဲ့ပြင်စရာရှိရင်လည်း ဆုံးမပဲ့ပြင်ပါတယ်။ ကျွန်တော့် အစ်ကိုကို ကျွန်တော် ကန်တော့ပါတယ်။

ဆရာ မင်းသုဝဏ်က ဇော်ဂျီ မင်းသုဝဏ်အတွဲကို ရာမ လက္ခဏာ အတွဲလို့ တင်စားပြောလေ့ရှိပါတယ်။ ဒီစကားကို ကိုဘဂျမ်းရဲ့ ဇနီးမမြင့်မြင့်စန်းဗျာပနနေ့က ကြံတောသုသာန်မှာကျွန်တော်တို့ကို ပြောဖူးတာပါ။ ဒီစကားကိုယူပြီး ကျွန်တော့်စိတ်ထဲမှာ တင်မိုး မောင်စွမ်းရည်တို့ဟာလည်းပဲ ရာမ လက္ခဏာလိုပဲ လို့တိတ်တခိုး ခိုင်းနှိုင်းခဲ့ဖူးပါတယ်။ ခု ဆရာမင်းသုဝဏ်ရဲ့စကားကိုယူပြီး ဖွဲ့ထားတဲ့ကဗျာလေးကို အမှတ်တရ ရေးပါမယ်။ ဆုံမိတုန်းပြောရရင် တင်မိုးဟာ ဆရာဇော်ဂျီ မင်းသုဝဏ်တို့ရဲ့ အရင်းနှီးဆုံး အချစ်ဆုံးတပည့်ဆိုတာပါပဲ။

ဆရာဇော်ဂျီဆီကို တင်မိုးရဲ့ ဖန်မီးအိမ်ကဗျာစာအုပ်မူကြမ်း သွားပေးပြီး အမှာစာတောင်းရတဲ့တာဝန်ကို မောင်စွမ်းရည်လုပ်ပါတယ်။ ဆရာက မြန်မာစာပေလောကမှာ စာဆိုထူးတဦး ထွန်းပေါ်လာပြီဆိုတဲ့စကားမျိုးနဲ့လက်ခမောင်းခတ်တဲ့စာတစောင် ရေးပေးဖူးပါတယ်။ နာမည်ကြီးတွေကိုကျော်ပြီး ဆရာနှစ်ပါးလုံးက စာပေဆုပေးဖို့ ရွေးချယ်လိုက်ပါတယ်။ ချစ်ကြည်ညိုတဲ့ဆရာကြီး နှစ်ဦးကိုပါ တပါတည်းပူဇော်ရင်း ကျွန်တော် ကပျာကယာ ရေးလိုက်မိတဲ့ ကဗျာလေးကိုပဲ ကျွန်တော့် သူငယ်ချင်းအတွက် ပူဇော်လိုက်ပါတယ်။

## ရာမ နဲ့ လက္ခဏာ

တောမျှော်ရုံ စုံမြိုင်ကြားဆီသို့
ရာမအစ်ကို တကိုယ်မသွားစေရ
ညီဘွားတဲ့ လက္ခဏာ ပါလေခဲ့အမြဲ။

ဘီလူးတွေ ခေါင်း ၁၀ လုံးကိုဖြင့်
တလုံးစီ အစွယ်ချိုးမယ်လို့
ရွယ်ကိုးကာ ကဗျာတပ်တွေနဲ့
ရွာရပ်တကာကို မကွာချပ်သာ
ညီလျာလိုက်ပါလေ့
တိုက်ပွဲစဉ် ရင်ဘောင်တန်းစေခဲ့
စခန်းမြိုင် ပန်းတိုင်ချဉ်းကာမှ
ညီရင်းဆွေ ကဗျာသင်းတို့ကို
တာဝန်တွေ ချန်ကာနှင်းခဲ့ပေါ့
တို့တာဝန် မလစ်ဟင်းစေနဲ့
ခံပြင်းသမို့ မလွဲရအောင်
မာန်တင်းလို့ခဲ။ ။

မောင်စွမ်းရည်
၂၀၀၇ ဇန်နဝါရီ ၂၃
(လေယာဉ်ပေါ်မှာ)

www.burmesesclassic.com

www.burmesesclassic.com


တင်မိုး ဆုံးတယ်ကြားတော့ အမေဖြင့် နှမြောလိုက်တာ၊ သူက နှစ်ယောက်မရှိဘူးကွ။ သူ့ဆရာကြီးတွေဖြစ်တဲ့ ဆရာဇော်ဂျီတို့၊ ဆရာမင်းသုဝဏ်တို့ ရှိတာပေ့ါ။ ဒါပေမယ့်လို့ အဲဒီလူတွေရဲ့ ကဗျာတွေကလည်း တင်မိုးကဗျာလို့ အညာလေ မပါဘူးကွ။ တင်မိုးက အညာလေ ပါတယ်။ အဲဒါတို့က သိပ်သဘောကျတာ။ ငါကတော့လေ သူ့ကို ဒီမှာ သေစေ့ချင်တာ၊ ဒီမှာ သင်္ဂြိုဟ်ချင်တာ၊ ဒီမှာ မြှုပ်နှံချင်တာ။ အခု သူ့အကြောင်းတောင် ဒီမှာရေးလို့ မရဘူးကွယ်၊ ဝမ်းနည်းစရာ ကောင်းလိုက်တာ။ ။

**လူထု ဒေါ်အမာ**
**ဘီဘီစီ၊ ဇန်နဝါရီ ၂၃**

---

ခေတ်သစ်စာပေလောကမှာ အရေးအကြီးဆုံး ကဗျာဆရာတစ်ယောက်ပေ့ါ။ ဒီမိုကရေစီလှုပ်ရှားမှုမှာလည်း အရေးအကြီးဆုံး ကဗျာဆရာတစ်ယောက်၊ ပြည်ပမှာလည်း အရေးအကြီးဆုံး ကဗျာဆရာတစ်ယောက် စာပေခေါင်းဆောင်တစ်ယောက် ဒီလို ကွယ်လွန်သွားတဲ့အတွက် မြန်မာ စာပေလောကအတွက်ရော၊ ကျနော်တို့သူငယ်ချင်းတစ်ယောက်အနေနဲ့ရော အင်မတန် နှမြောပါတယ်။ ။

**မောင်စွမ်းရည်**
**ဘီဘီစီ၊ ဇန်နဝါရီ ၂၃**

---

လသာသာ ည
မမ က
လှမှ လှ
ဘဘရေ ထထ၊ ဘဘ ထ။

က ခ ဂ … … ဠ အ
မမ စာရ
ထထ က
ဘဘရေ ထထ၊ ဘဘ ထ။ ။

**မောင်ဖိုးထောင်**


www.burmesesclassic.com

www.burmesesclassic.com



တင်မိုးဆုံးတာ အမေသိပ်နှမြောတာ။ ဖြစ်မှဖြစ်ရလေလို့။ လွမ်းတာတော့ မပြောနဲ့တော့၊ ငါကြားတာနော်၊ ယိုးဒယားဘက် လာလာပြီးတော့ ချောင်းကြည့်တာ … တဲ့။ အမေကတော့ သေခြင်းသေရင် ငါပဲ သေလိုက်ပါတော့လို့ အောက်မေ့တာပေ့ါကွယ်။ ။

**လူထု ဒေါ်အမာ**

**ဒီဗွီဘီ၊ ဇန်နဝါရီ ၂၄**

---

မန္တလေးတက္ကသိုလ်မှာကတည်းက ရင်းနှီးခင်မင်ခဲ့ရတဲ့လူတစ်ယောက်ဆိုတော့ တော်တော်စိတ်မကောင်းဖြစ်ပါတယ်။ ဒီလူဟာ အင်မတန်ချစ်စရာကောင်းတဲ့ စာရေးဆရာ ကဗျာဆရာ တစ်ယောက်ပါ၊ သူ့ရဲ့ အကောင်းဆုံးအရည်အချင်းက ရိုးသားဖြူစင်မှုပဲ။ ဒီ ရိုးသားဖြူစင်မှုကြောင့် သူ့ကဗျာလေးတွေက ချစ်စရာကောင်းသလိုပဲ သူ့ကို လူတိုင်းကလည်း ချစ်ကြတယ်။ ဒီလို ချစ်စရာ အင်မတန်ကောင်းတဲ့ ဗမာနိုင်ငံနဲ့ ဗမာလူမျိုးကိုလည်း အင်မတန်ချစ်တဲ့ ကဗျာဆရာ စာရေးဆရာ တစ်ယောက် ဆုံးပါးသွားတာဟာ အင်မတန် ဝမ်းနည်းကောင်းတဲ့ ကိစ္စကြီးဖြစ်ပါတယ်။

တစ်ခုတော့ ဖြေသာပါတယ်။ သူက လက်ဖက်ရည်ဆိုင်ကို အင်မတန် စွဲလမ်းတဲ့သူပါ။ လက်ဖက်ရည်ဆိုင်ကို ဒီမှာ အပေါင်းအသင်းတွေနဲ့ ၂ ဆိုင် ၃ ဆိုင် ပြောင်းပြီး ထိုင်တတ်တဲ့ လူမျိုးပါ။ လက်ဖက်ရည်ဆိုင်နဲ့ အပေါင်းအသင်းကို အင်မတန် ခင်တွယ်တယ်။ အခု သူဆုံးတဲ့ အခါမှာလည်း သူစွဲလမ်းတဲ့ လက်ဖက်ရည်ဆိုင်ကိုထိုင်းရင်း ဆုံးရတယ်ဆိုတာလေးကတော့ ဖြေသာပါတယ်။

ယူကြုံးမရဖြစ်တာကတော့ အမြဲတမ်း ဗမာပြည်ကို ပြန်လာချင်တယ်ဗျာ ပြန်လာချင်တယ်ဗျာလို့ ပြောတဲ့လူတစ်ယောက် သူ အင်မတန်ချစ်တဲ့ ဗမာပြည်ကို သူအင်မတန်ချစ်တဲ့ မန္တလေးကို ပြန်မလာနိုင်တဲ့အတွက်တော့ တဖက်က ယူကြုံးမရ ဖြစ်ပါတယ်။ ။

**လူထုစိန်ဝင်း**

**အာအက်ဖ်အေ၊ ဇန်နဝါရီ ၂၃**

---

မြန်မာပြည်မှာ
အမှောင်ကျတဲ့
ညတိုင်း ညတိုင်း
ဖယောင်းတိုင်ထွန်းရင်း
ဆရာ့ကို
အစဉ်သတိရနေမှာပါ။ ။

**မချို**



www.burmesesclassic.com

www.burmesesclassic.com


ဆုံးရှုံးမှုကြီး ကြုံရပြန်ပြီဆိုပြီးတော့ (ခံစားရပါတယ်)။ အများသိကြတဲ့အတိုင်း တင်မိုးဆိုတာ မြင်းခြံနယ် ကန်မြဲ ဇာတိ တောသား၊ စာပေသူရဲကောင်းကြီးပါဗျာ။ မြန်မာစာပေနဲ့ ပတ်သက်ပြီးတော့ နိုင်ငံခေါင်းဆောင်တစ်ယောက် ဖြစ်သလို ပညာရေးခေါင်းဆောင်၊ လူမှုရေးခေါင်းဆောင်၊ နိုင်ငံရေးခေါင်းဆောင်ဆိုရင်လည်း ဖြစ်တာပဲဗျ။ ဘာဖြစ်လို့လဲဆိုတော့ သူက သဒ္ဓါတရား အလွန်ကြီးမားတယ်ဗျ။ သဒ္ဓါတရား အလွန်ကြီးမားတဲ့အလျောက် သူ့စာပေ၊ သူ့ကဗျာတွေကို သုံးသပ်မယ်ဆိုရင် အလွန်ကြီးမားတဲ့ သူရဲ့ စေတနာ သဒ္ဓါတရားပေါ်မှာ တည်ဆောက်ထားတာတွေလည်း များတယ်ဗျ။ ဒါကြောင့်မို့ သူကဗျာတွေက ရိုးသားတယ်ဗျာ၊ ရဲရင့်တယ်ဗျာ၊ ပြတ်သားတယ်ဗျာ၊ တချိန်တည်းမှာ ယဉ်ကျေးသိမ်မွေ့တယ်။ ။

**ဝင်းဖေရဲ့ အလွမ်းစကား**

**ဘီဘီစီ၊ ဇန်နဝါရီ ၂၄**

---

ဆရာ(ဦး)တင်မိုး ကွေ့လွင့်သွားရခြင်းသည် ... ... မြန်မာစာပေအတွက်၊ မြန်မာတမျိုးသားလုံးအတွက် ... ... အားလုံးအတွက် အစားထိုးမရသော ဆုံးရှုံးမှုဟု ယုံကြည်ပါသည်။ ။

ဆရာ့အား အစဉ်ထာဝရ ဦးညွတ်လျက် ... ...

**သန်းနိုင်ဦး**

---

ဘဘကိုမမြင်ဖူးပေမယ့် ဘဘရဲ့ ကဗျာတွေ၊ စာတွေကို လူမှန်းသိတတ်စကတည်း ရင်းနှီးခဲ့ရပါတယ်။

သမီးတို့ စာတတ်အောင် အကူအညီပေးခဲ့တဲ့ ဘဘကို အထူးလေးစားကြည်ညိုမိပါတယ်။ ဘဘ သမီးတို့ကို စွန့်ခွာသွားတဲ့အတွက် ဝမ်းနည်းစိတ်မကောင်း ဖြစ်မိပါတယ် ... ...

**သဲနုရင်**

---

မြန်မာပြည်အတွက် တန်ဖိုးရှိတဲ့လူတစ်ယောက် မြန်မာပြည်မှာ မသေရဘူးဆိုတာ ကျနော်လည်း စိတ်မကောင်းပါဘူး။ ။

**ရုပ်ရှင်မင်းသားကြီး ဦးအောင်လွင်**


www.burmesesclassic.com

www.burmesesclassic.com


ကျနော်သိတာကတော့ သူဟာ ပထမပိုင်းမှာ လက်ဝဲဘက်ကို တော်တော်ယိမ်းခဲ့တယ်။ ဒါပေမယ့် သူ အင်မတန် ရိုးသားခဲ့ပါတယ်။ သူက ဗမာမှု၊ ဗမာစာပေကို အင်မတန်ချစ်တာ။ စိတ်ထဲ အသည်းထဲကကို ချစ်တာ။ သူ့ကဗျာတွေကို ကြည့်လိုက်ရင် ကဗျာကိုဖြစ်စေ လူကိုဖြစ်စေ အင်မတန် ရိုးသားပါတယ်။ ကျနော်က လက်ဝဲဝါဒကို စွဲစွဲလမ်းလမ်းလည်း မရှိဘူး။ သိပ်ပြီးတော့လည်း လိုက်လိုက် လှဲလှဲ မရှိဘူး။ သူ ယုံကြည်တယ်။ ကျနော်နဲ့စကားပြောတဲ့အခါ ကျနော်က ထင်တာမြင်တာတွေ လျှောက်ပြောပေမယ့်လို့ သူ ကျနော့်အပေါ်မှာ အများကြီး နားလည်စွာနဲ့ နားထောင်နိုင်တဲ့ သတ္တိ ရှိတယ်။ အမှန်အတိုင်းပြောရရင် အခု သူ သေသွားတဲ့အခါ ကျနော် နမြောပါတယ်။ ။

**အောင်သင်း**

**အာအက်ဖ်အေ၊ ဇန်နဝါရီ ၂၃**

---

ကျနော်က အမေရိကန်မှာ ၂၀၀၀ ပြည့်နှစ်နဲ့ ၂၀၀၂ ခုနှစ်မှာ ပညာသင်တယ်။ ပညာလာသင်တော့ အဲဒီ ဆရာဦးတင်မိုး ကျနော်နေတဲ့မြို့မှာ စာပေဟောပြောပွဲလေး လာတယ်။ ကျနော်နေတဲ့ တက္ကသိုလ်၊ ကျနော်တက်တဲ့ တက္ကသိုလ် ပတ်ဝန်းကျင်ကို သူ၊ သူက တက္ကသိုလ် လက်ဖက်ရည်ဆိုင်လေးတွေ သိပ်ပြီးတော့ သဘောကျတယ်လေ။ အဲတော့ လက်ဖက်ရည် လာလာသောက်တယ်။ သူက အဲဒီမြို့မှာ တစ်လလောက်နေတော့ ကျနော့်ကျောင်းဘက်ကို ခဏခဏလာပြီး လက်ဖက်ရည် အတူတူ သောက်ကြတယ်။ ဆရာနဲ့ လက်ဖက်ရည်သောက်တဲ့ ရက်ကလေးတွေ တော်တော် သတိရတယ်။

ကျနော် ဗမာပြည်ကို ပညာသင်ပြီးလို့ ပြန်လာမယ်ဆိုတော့လေ ဆရာကလေ “ကိုအော်ပီကျယ် ... ခင်ဗျားပြန်ရင် ကျနော်လည်း လိုက်ချင်လိုက်တာ” တဲ့ အဲလိုပြောတယ်ဗျ။ ကျနော်နဲ့ လိုက်ချင်လိုက်တာ၊ သူ တကယ်ကို ပြန်ချင်တယ်ဗျ။ ကျနော်ကတော့ ဆရာရယ် တနေ့တော့ ပြန်ရောက်မှာပေါ့လို့ ကျနော်တောင် အဲလို ပြောခဲ့သေးတယ်။ အဲ ... အခုတော့ ဆရာကတော့ မရောက်တော့ဘူးပေါ့ဗျာ။ ။

**ကာတွန်း အော်ပီကျယ်**

**ဒီဗွီဘီ၊ ဇန်နဝါရီ ၂၄**


www.burmesesclassic.com

www.burmesesclassic.com


ဆရာတင်မိုးသို့

အဲဒီညက ဘဘနဲ့ ကျနော်
နောက်ဆုံး ဆုံခဲ့ကြတာမှန်း သိခဲ့ရင် …
အမေ့မွေးနေ့ ၉၁ နှစ်ပြည့်တုန်းက
ဘဘရဲ့ ကဗျာရွတ်သံ
နောက်ဆုံး ကြားရတာမှန်း သိခဲ့ရင် …
နောက်ဆုံး …
နောက်ဆုံး …
နောက်ဆုံး …
ဆိုတာတွေ သိခဲ့ရင် …
အစ အစ အစ ဆိုတာတွေနဲ့ ပြန်တွေ့ချင်တယ်။ ။

**ဇာဂနာ**
**၂၃၊ ဇန်နဝါရီ၊ ၂၀၀၇**

အမှောင်တွင်း၌
ရှန်းရင်းဆန်ခတ်၊
လုံးထွေးသတ်လျက်
မရပ်မနား၊ တိုက်ပွဲကြားတွင်
အင်အားသစ်တို့ ပေါ်လိမ့်မည်။

အမှောင်တွင်း၌
အပျင်းပိုးထိုး၊
အတွေးသိုးအောင်
မနိုးမကြား မအိပ်နှင့်၊
အိပ်လည်းသတိ၊ နိုးသတိနှင့်
မိမိ ကမ္ဘာ ထွန်းသစ်လာအောင်
ကြယ်တာရာစုံ ဖူးပွင့်ကုန်။
မိုးဝေစာပေမဂ္ဂဇင်း (ဇူလိုင် – ၁၉၈၁)
ဒါ … ဖန်မီးအိမ်ကြီး ထွန်းညှိပေးခဲ့တဲ့ ‘ကြယ်ပွင့်သစ်များသို့’ ကဗျာပါ။

**အောင်မြင့်ဦး**


www.burmesesclassic.com

ကြည်ရွှင်နှလုံးနဲ့ အစဉ်ပြုံးနေပြီး၊ လူတိုင်းအပေါ် အချစ်သဒ္ဒါဝင်တဲ့ မေတ္တာရှင်ဆရာကြီးအား လေးစားစွာ ဦးညွှတ်ပါ၏။ ။

**ဇော်ဝင်းမောင် (လော့စ်အိန်ဂျယ်လိစ်)**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**
**ရန်ကုန်တိုင်း ဦးဆောင်အဖွဲ့ဝင် (ဟောင်း)**
**၂၅၊ ဇန်နဝါရီ၊ ၂၀၀၇**

---

ဆရာ

နှုတ်မဆက်ဘဲ ထွက်သွားတဲ့သူတွေ ကျနော် အများကြီး တွေ့ဖူးတယ်။

ဒီတခါ ဆရာ ထွက်သွားတဲ့အချိန်က ကျနော်တို့အားလုံးအတွက် တန်ဖိုး မဖြတ်နိုင်တဲ့ ဆုံးရှုံးမှုကြီးပဲ။

ကျနော့်ဆရာ ဘယ်မှာ ခုရောက်နေသလဲ ဆရာ။

အညာလမ်းက တမာတန်းမှာလား၊ တောင်သမန်အင်းစောင်းမှာ တယောက်တည်း ထိုင်ပြီး ကဗျာတွေ ရေးနေလား၊ ပျဉ်းမငုတ်တိုပေါ်မှာ ထိုင်ပြီး တယောက်တည်း တယောလေးထိုးနေလား။

ဘယ်ကိုပဲရောက်ရောက် ဆရာ

ဆရာ့ကို ချစ်သူ ခင်သူတွေကိုပြောပါ

ဆေးလိပ်လည်းတို

နေလည်းညိုပြီ

ငါ့ကို အိမ်ပြန်ပို့ပါလို့။ ။

**ဆရာ့ကို ခင်တဲ့**
**ဘိုဘို**
**ခေတ္တ အယ်လ်အေ**

---

ဆရာရေ
"ဘယ်တော့မှ ပျောက်ဖျက်လို့ မရတဲ့
ဆရာရဲ့ သမိုင်းဝင် ကဗျာတွေအတွက်
အမြဲဂုဏ်ယူ လေးစားလျက်ပါ ..."

**နေတင်မြင့်**
**၂၅၊ ဇန်နဝါရီ၊ ၂၀၀၇**



www.burmesesclassic.com

တခါတုန်းက
ညှော့သည်ကြီး ဆိုတဲ့
ဆရာ့ရဲ့ ကဗျာ
ဆေးလိပ်လည်းတို
နေလည်းညိုပြီ
ငါ့ကို ပြန်ပို့ကြပါလေ
ထောင်တိုက်ခန်းနံရံမှာ
ကျနော်တို့ ရေးခဲ့ကြတယ်။

အမှောင်မပျောက်
မိုးမသောက်
အလင်းမရောက်မီ
မမျှော်လင့်ဘဲ လမ်းခွဲရလို့
တသကြေကွဲ ရပါတယ်။

ဆရာ့ကဗျာ ဆရာ့စာနဲ့
ပညာဖြည့်ဆည်း ခရီးဆက်ရင်း
အလင်းရလို့ ဆရာ့ကျေးဇူး
အထူးထူးကို ရည်စူးဦးခိုက်
နှုတ်ဆက်လိုက်ပါသည် ဆရာ။ ။

**ဦးမြဝင်း**
**ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်**
**အင်္ဂပူမြို့နယ် အမှတ်(၁) မဲဆန္ဒနယ်**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)**
**လော့စ်အိန်ဂျယ်လိစ်**

---

ဆရာကြီး ဦးတင်မိုးကို ရည်စူး၍ ရေးပါသည်။

ဆရာကြီးကို မမြင်မတွေ့ဖူးပေမယ့် ဆရာ့ရဲ့ ကဗျာတွေက ငယ်စဉ်က ဖတ်ခဲ့၊ မှတ်ခဲ့၊ ရွတ်ခဲ့ပါတယ်။ ဆရာနဲ့တွေ့တော့ ဆရာရဲ့သန့်စင်၊ ဖြူစင်တဲ့ စေတနာတွေကို မြင်တွေ့ရတော့ ဆရာ့ကို အလွန်ကြည်ညိုမိပါတယ်။

ဆရာနဲ့လည်း ခင်မင်ရင်းနှီးခဲ့ပါတယ်။ ဆရာကြီးနဲ့ ၃ လကြာ အတူ ဘော်ဒွင်ပ့် (Baldwin Park) မြို့မှာ တအိမ်တည်းအတူ နေထိုင်ခွင့်ကြုံခဲ့ရတော့ ဆရာကြီးရဲ့ ကဗျာနဲ့ စာပေပညာ အရည်အသွေးတွေကို ကိုယ်တိုင်မြင်တွေ့ရပါတယ်၊ အလွန်ကြည်ညိုလေးစားမိပါတယ်။

ဆရာကြီး ကောင်းရာသုဂတိလားပါစေ။ ။

**သိန်းချစ်** (Rich Hoo)
Jan 24, 2007



www.burmesesclassic.com

ဆရာ

တိုက်ဆိုင်စွာဖြင့် ရှစ်ဆယ့်ရှစ်အတွက် ကဗျာဟာ ဆရာရဲ့နောက်ဆုံးလက်ရာ ဖြစ်ခဲ့ပါတယ်။ ကျွန်တော်တို့ အသိတစ်ခုရလိုက်ပါရဲ့။ 'နောက်ဆုံး' ဆိုတာ အချိန်မရွေးဖြစ်သွားနိုင်တဲ့ ကိစ္စပါလား ဆိုတာ ဆရာ့အသက်နဲ့ ရင်းပေးခဲ့တဲ့ တွေးစရာ ဒီအတွက် ကျွန်တော်တို့ လေးနက်ကြပါမယ်။

လူတစ်ယောက်အကြောင်း ဒီလူသကြ်ိဳဟ်ပြီးမှ စပြောရမယ်ဆိုတော့ ဆရာဟာ စ လယ် ဆုံး မှတ်ကျောက်တင်ခံဝံ့သူဆိုတာ သက်သေပြနိုင်ပါပြီ။ ။

**ရိုသေသော**
**မင်းကိုနိုင်**
**၂၅၊ ဇန်နဝါရီ၊ ၂၀၀၇**

---

ဆရာကြီးရေ

ဆရာ့ကို ပထမဆုံးတွေ့ခဲ့တာကတော့ ၁၉၉၉ နယူးယောက်က စာပေဟောပြောပွဲမှာပေါ့။ ဆရာ့ကို ကြည်ညိုပြီး ငွေ ၁၀၀ ကို လှူခဲ့ပြီး၊ ဆရာ့ကဗျာလေးကို ယခုထက်ထိ မြတ်မြတ်နိုးနိုး သိမ်းထားဆဲပါ။

ဆရာနဲ့ မကြာမကြာ ငြိမ်းချမ်းဆိုင်မှာ ဆုံခဲ့တယ်။ ဆရာရဲ့ ကဗျာလေးက ဆရာသေပေမယ့် ရှင်သန်နေဆဲပါ။ ဆရာ့ရဲ့ ဆေးလိပ်လည်းတို ကဗျာလေးက ရသ အမြောက်ဆုံးပါပဲ။ ကဗျာကိုကြိုက်တဲ့သူအတွက်တော့ သိပ်ခံစားရပါတယ်။ အခုဆရာ့ကို အပြီးပြန်ပို့ကြပြီလေ။

ဆရာ့ကို ကန်တော့ခဲ့ပါတယ်။ ။

**ဆရာ့ကို လေးစားကြည်ညိုတဲ့**
**ချစ်တဲ့**
**ဝေဝေလွင်ဦး**
**၀၁၊ ၂၅၊ ၂၀၀၇**
**အမှတ်တရ**

---

ဆရာ
ကျွန်တော် ဆရာ့ကို အများကြီးမသိပါ။
ကျွန်တော်သိသမျှ လေးစားစရာတွေ များလှပါသည်။
ကျွန်တော် နှမြောလှပါသည်။ ။

**ဆွေချစ်ကို**



www.burmesesclassic.com

www.burmesesclassic.com


ဆရာရေ ...
ရိုးသားမှုတွေ
သရောကြီးခိုင်းနေတဲ့ကာလ
ကဗျာဆိုလည်းရိုး
လူလည်းရိုးတဲ့ဆရာ
ဆုံခဲ့ရတာ ဒုလ္လဘပါ။
ရိုးရိုးပဲ
ပြောပါရစေ။
'နှမြောတယ်' လို့။ ။

**ကိုကိုကြီး**
**၂၅၊ ဇန်နဝါရီ၊ ၂၀၀၇**

ဆရာကြီးရေ
ဆရာကြီးရဲ့အကြောင်းတွေကို သမိုင်းစာအုပ်ထဲမှာ အားလုံးဖတ်ခွင့်ရဖို့ ကျွန်တော်တို့ ကြိုးစားရဦးမယ်။ ။

လေးစားစွာဖြင့်

**ပဏ္ဍိတ်ထွန်း**
**၂၅၊ ဇန်နဝါရီ၊ ၂၀၀၇**

ဆရာကြီး ...
အရှိတရား
အမှန်တရားတွေကို
အမြဲ 'ဖော်ကျူး' တတ်တဲ့
ဆရာကို
အစဉ် ဦးညွှတ်လျက် ...

**လေးစားလျက်**
**နီလာသိန်း**


www.burmesesclassic.com

www.burmesesclassic.com


ဆရာ
အရှေ့က နေဝန်းထွက်လာပေမယ့်
ဒို့ခေတ်မရောက်ဘဲ
ဒုက္ခတွင်းထဲ ရောက်နေတဲ့
ဗမာပြည်သူလူထုနဲ့
တသားတည်း ရပ်တည်ရင်း
ကွယ်လွန်သွားတဲ့
မျိုးချစ်စာဆိုကြီးအတွက်
ဝမ်းနည်းကြေကွဲလျက်။ ။

**တင်မောင်ဦး**

---

ဆရာ

ဆရာဟာ ကျောင်းသားတွေရဲ့ လမင်းတစ်စင်းပါ။

ဆရာဟာ လူငယ်စာရေးဆရာတွေရဲ့ လမ်းပြကြယ်တစ်ခုပါ။

ဆရာဟာ လူငယ်ထုအားလုံးရဲ့ အသိပညာကမ္ဘာကြီးပါ။

ဆရာမရှိတာဟာ လောကလူသားအားလုံးရဲ့ ကမ္ဘာတစ်ခု – လမင်းတစ်စင်းနဲ့ ကြယ်တစ်ခုပါ ပျောက်ဆုံးသွားရတာပါ။

အစားထိုးလို့ မရနိုင်တော့တဲ့ ပူဆွေးမှုတွေနဲ့ ဆရာဦးဆောင်လမ်းပြသွားတဲ့ ဒီမိုကရေစီပန်းတိုင်ကို လက်ဆင့်ကမ်းသွားပါမယ်။ ။

**မာမာဦး**

---

မြန်မာစာပေလောကရဲ့ ဆုံးရှုံးမှုတစ်ခု
ဒါမှမဟုတ်
ကဗျာဆရာတစ်ယောက်ရဲ့ သင်္ချိုင်းရနိဂုံး
ဒါမှမဟုတ်
မြန်မာလူငယ် မြန်မာတစ်မျိုးသားလုံးရဲ့
အလင်းပြ ကြယ်တစ်ပွင့် ကြွေလွင့်ခြင်း
ဆရာကြီး ကောင်းရာသုဂတိ လားပါစေ။ ။

**မြဒေး**


www.burmesesclassic.com

www.burmesesclassic.com


ဆရာကြီးဦးတင်မိုး

ကွယ်လွန်သွားခြင်းသည် အနုပညာနယ် အတွက်သာမက ဒီမိုကရေစီ နှင့် လူ့အခွင့်အရေး အတွက် ရပ်တည်ဆောင်ရွက်နေသော ယနေ့ကာလအတွက် နိုင်ငံနှင့် လူ့အဖွဲ့အစည်းအတွက် ကြီးမားသော ဆုံးရှုံးမှုတစ်ခုအဖြစ် ခံစားရပါသည်။

မိသားစုနှင့်အတူ ထပ်တူကြေကွဲ ဝမ်းနည်းရပါကြောင်း

ဦးတင်မိုး၏ ရပ်တည်ဆောင်ရွက်မှုများအား ဦးညွတ်ဂုဏ်ယူရင်း ... ...

လေးစား ဂုဏ်ယူစွာဖြင့်

**ဇေယျ**

**၂၅၊ ဇန်နဝါရီ၊ ၂၀၀၇**

(ABFSU, DPNS) 88

---

ဆရာ

ဆရာကို ဆုံးရှုံးလိုက်ရတာဟာ

အနာဂတ်မျိုးဆက်တွေအတွက် အလင်းပြကြယ်တစ်စင်း

ကြွေသွားသလိုပါပဲ။

ကျနော်တို့ ငယ်စဉ်က ဆရာ့ကဗျာတွေနဲ့ ကြီးပြင်းခဲ့ကြတယ်။

ဆရာ့ကဗျာတွေဟာ ကောင်းမွန်မြင့်မြတ်တဲ့

စိတ်ဓာတ်အင်အားတွေ ဖြည့်ဆည်းပေးနေတယ်။

ကျွန်တော်တို့ လူငယ်မျိုးဆက်သစ်တွေ ဆရာ့ကဗျာတွေနဲ့

ဆက်ပြီး စီးမျောဖြတ်သန်းရင်း

မပြီးသေးတဲ့ခရီးကို

အဆုံးထိ လျှောက်ကြမယ် ဆရာရေ။ ။

**စိုးထွန်း**

**၂၅၊ ဇန်နဝါရီ၊ ၂၀၀၇**


www.burmesesclassic.com

ဆရာရေ
ကျွန်တော်က စာပေလောက ကလည်း မဟုတ်ပါ။
နိုင်ငံရေးလောက ကလည်း မဟုတ်ပါ။
ဒါပေမယ့် ...
ဆရာရဲ့ ... နိုင်ငံရဲ့စာပေနဲ့လူမျိုးအပေါ်ကို
ရိုးသားပွင့်လင်းစွာနဲ့ချစ်မြတ်နိုးပြီး
ပြောခဲ့တဲ့ ဆရာရဲ့လေလှိုင်းထဲက
အသံတွေကို အမြဲတမ်း ကြားနေမိမှာပါ ...

အစဉ်လေးစားလျက်
**အောင်မြင့်သိန်း**

---

ကဗျာသာမက စကားပြေပါအရေးကောင်းတဲ့ 'ကဗျာဆရာကြီး ဦးတင်မိုး' ကွယ်လွန်သွားတာဟာ ကျောင်းသားဘဝကတည်းက ဆရာရဲ့ ကဗျာတွေ စကားပြေ ကဗျာတွေကို ပျော်ပျော်ပါးပါး ရွတ်ဆိုရင်း ပညာတတ်တွေ တတ်မြောက်လာခဲ့ရတဲ့ ကျနော့်လို ထာဝရကျောင်းသားတစ်ဦးအတွက် ဆုံးရှုံးမှုတစ်ရပ်ဖြစ်သလို မြန်မာစာပေကို ချစ်ခင်မြတ်နိုးကြတဲ့ ကျောင်းသားလူငယ်ထုတစ်ရပ်လုံးနဲ့ မြန်မာစာပေလောကအတွက်ကတော့ အစားထိုးမရတဲ့ ဆုံးရှုံးမှုကြီးတစ်ရပ် ဖြစ်တာကြောင့် 'အလှကိုယ်စီ' ရှိကြတဲ့ ကမ္ဘာကြီးတစ်ခုလုံးအတွက် ဝမ်းနည်းကြေကွဲစရာပါ။ ။

**အောင်ထွန်းဦး**
**၂၆၊ ဇန်နဝါရီ၊ ၂၀၀၇**

---

ထာဝရ လေးစားလျက်ပါဆရာ ...
ကောင်းမြတ်သော ဘုံဘဝမှာ
ဖန်မီးအိမ်လေး ဆက်လက်ထွန်းညှိ
လင်းလက်လို့နေမယ်ဆိုတာကို ယုံကြည်လျက်ပါ။ ။

ဖန်မီးအိမ်ရှင်ရဲ့
**ကိုမာသီ**
**၈၈ မျိုးဆက်ကျောင်းသား**



www.burmesesclassic.com

www.burmesesclassic.com


ဆရာ

ကျွန်တော်တို့ လေးစားခဲ့
အားထားခဲ့ရတဲ့ ဆရာ
ဟီးနိုးဂိတ် လက်ဖက်ရည်ဆိုင်လေးမှာ
ဆရာတို့ ပြောဆိုခဲ့တာတွေကို
နားထောင်ရင်း နိုင်ငံရေးလောကကို
စရောက်ခဲ့ရတာကို မေ့မရပါ။ ။

လေးစားစွာဖြင့်
**ကိုသိမ်းဆွေ**
**ရောဝတီတိုင်း**
**ဖျာပုံမြို့နယ်။**
**၂၅၊ ဇန်နဝါရီ၊ ၂၀၀၇**

---

ဆေးလိပ်မတို နေမညိုခင်
ဆရာ့ကို ပြန်ပို့ကြရပါပြီ။ ။
**မောင်တင်သစ်**

---

ဆရာ့ခန္ဓာ အမိမြေမှာ
နားစေချင်လိုက်တာ ဆရာရယ်
(ဆရာရေ ဆရာ့ရဲ့ဖန်မီးအိမ်က
ဗမာတစ်ပြည်လုံးမှာ ခေတ်အဆက်ဆက်
ထွန်းလင်းနေဦးမှာပါ ဆရာရယ်)

**ညိုထွန်း**


www.burmesesclassic.com

www.burmesesclassic.com


ဆရာ

ကျနော်နဲ့ 'ထီးကလေးနဲ့မနီ' တို့
ကြေကွဲမဆုံးတော့ပါ။ ။

ချစ်ကြည်လေးစားစွာ

**ဇော်မောင်**
**၂၆၊ ဇန်နဝါရီ၊ ၂၀၀၇**

---

ဆရာ

ဆေးလိပ်လည်းတို
နေလည်းညိုပြီပေါ့ ဆရာရယ် ...

လေးစားလျက်

**ကိုဟန်**
**၂၆၊ ဇန်နဝါရီ၊ ၂၀၀၇**

---

ဆရာ

လူချင်းတော့ မကျွမ်းဖူးလိုက်ပေမယ့်
စာတွေနဲ့တော့ အကျွမ်းဝင်ခဲ့ပါတယ်။
'ထီးကလေးနဲ့မနီ' နဲ့ စရင်းနှီးခဲ့တာပါ။
နောက်ပြီး 'ဘဝနာရီတွေလည်း အလှရာသီ မဟုတ်တော့ပါလား' ဆိုတဲ့
စာသားကောက်နုတ်ချက်ကလေးကိုလည်း သဘောကျလှပါတယ်။
အတိုင်းအတာတစ်ခုအထိ နိုင်ငံအပေါ် တာဝန်ကျေတဲ့ ဆရာကို ဂါရဝပြုရင်း ...

**ထင်ကျော်**
**၂၆၊ ဇန်နဝါရီ၊ ၂၀၀၇**


www.burmesesclassic.com

www.burmesesclassic.com


ဆရာ

နောက်ဆုံးကဗျာတစ်ပုဒ်ကို
နောက်ဆုံးကဗျာတစ်ပုဒ် မဖြစ်စေချင်တဲ့ အခိုက်အတန့်တိုင်းမှာ
နောက်ဆုံး တစုံတရာတစ်ခုကို
နောက်ဆုံးတစုံတရာတစ်ခု မဖြစ်စေချင်တဲ့ အခိုက်အတန့်တိုင်းမှာ
ဆရာနဲ့ ဆရာရဲ့စာပေတွေမှာ ရရှိတတ်တဲ့
ကြည်လင်မှု၊ လန်းဆန်းမှု၊ သန့်စင်မှုတွေကို
သယ်ဆောင်သွားနိုင်အောင်
ကျွန်တော်တို့ ကြိုးစားပါ့မယ်။

နောက်ဆုံးမျှော်လင့်ချက်တစ်ခုကို နောက်ဆုံးမျှော်လင့်ချက်တစ်ခုမှန်း သိလိုက်တဲ့အခါတိုင်း ယုံကြည်ချက်တစ်ခုဟာ ယုံကြည်ချက်တစ်ခုဆိုတာထက် ပိုမိုမှန်း သတိထားလိုက်မိတဲ့အခါတိုင်း ဆရာနဲ့ ဆရာတို့ခေတ်ရဲ့ ဆရာရဲ့ ရဲဘော်တွေရဲ့အရိပ်အာဝါသကို ပြန်လည်ပြီး ဦးညွှတ် အလေးပြုပါတယ်။ ။

**ရဲကျော်စွာ**
**၂၆၊ ဇန်နဝါရီ၊ ၂၀၀၇**

---

ဆရာ

ဆရာ အင်းစိန်တောရက ပြန်ရောက်တဲ့နေ့မှာ ကျွန်တော်ရယ်၊ ဆရာမြသန်းတင့်၊ ဆရာပါ (ပါရဂူ)၊ မောင်ခိုင်မာ၊ ကိုသွေးသစ်၊ ရွှေနေကြီးကိုပိုက်တို့နဲ့ ဝမ်းသာအားရကြိုခဲ့ဖူးတယ်။ အဲဒီ့နေ့က ကမ္ဘာကြီးက လှလို့ပေါ့။

အခုတစ်ခေါက် ဆရာ့အိမ်ကို ကျွန်တော်ပြန်ရောက်တော့ ဆရာမြလည်း မရှိတော့။ ဆရာ မောင်ခိုင်မာလည်း မရှိတော့။ ဆရာလည်း မရှိတော့။

ဆရာရေ ဟောဒီလောကကြီးတစ်ခုလုံး မှောင်ပြိန်းသွားသလိုပါပဲ။ ။
**ကိုအေးနိုင်**
**(စိတ်ကြိုက်ကဖီး)**


www.burmesesclassic.com

www.burmesesclassic.com


ဆရာ

တချို့က လူသေပြီး နံမည်ပါ လိုက်ပါသေကြတယ်။
တချို့က လူကတော့သေသွားပေမယ့် နံမည်ကျန်ခဲ့တယ်။
ဆရာလည်း ဒီလိုပဲ … လူကသေသွားပေမယ့် နံမည်က ဘယ်တော့မှ သေမှာမဟုတ်ဘူး။
ကျွန်တော်တို့ မြန်မာပြည်သမိုင်းမှာ ဆရာနံမည်ဟာ ကျွန်တော်တို့ သားစဉ်မြေးဆက်တွေအထိ ထွင်းကျန်ရစ်ခဲ့မှာပါ။ ။

**ကိုအေးနိုင်**
**(စိတ်ကြိုက်ကဖီး)**

---

ဆရာဦးတင်မိုးသို့

ပြည်သူနဲ့စာပေအပေါ် သစ္စာသိခဲ့ရှိခဲ့တဲ့ဆရာ …
သမိုင်းကပေးလာတဲ့ တာဝန်မှန်သမျှ ကျေပွန်ခဲ့တဲ့ဆရာ …
ဘာသာတရားနဲ့ ကိုယ်ကျင့်သီလကို တန်ဖိုးထားခဲ့တဲ့ဆရာ …
ဆရာ့သစ္စာ၊ ဆရာ့မေတ္တာ၊ ဆရာ့ကရုဏာနဲ့ ဆရာ့ကိုယ်ကျင့်သီလကို ဆရာသာလျှင် အသိဆုံးဖြစ်လို့ …
ဆရာ့ကောင်းမှုတွေက ဆရာ့ဘဝသစ်ကို ရာနှုန်းပြည့် အထောက်အပံ့ဖြစ်စေခဲ့ပြီလို့ အကြွင်းမဲ့ ယုံကြည်လျက်
ကျွန်တော် သံသရာလဆန်း ၁ ရက်နေ့မှစ၍ ယနေ့တိုင်အောင် စောင့်ထိန်းခဲ့သော ဒါန၊ သီလ၊ ဘာဝနာကုသိုလ်အစုစုကို ကျွန်တော်နဲ့ထပ်တူ ရရှိခံစား စံစားနိုင်ပါစေ။ ။

ဆရာရေ …

အမျှ အမျှ အမျှ …

ချစ်တပည့်
**ထွန်းထွန်း**
**ညောင်တုန်းမြို့။**
**၂၈ ဇန်နဝါရီ၊ ၂၀၀၇**


www.burmesesclassic.com

www.burmesesclassic.com


မြန်မာပြည်မှာပဲ သေသေ၊ အမေရိကားမှာပဲ သေသေ
မြန်မာကဗျာဆရာ သေဆုံးတဲ့သတင်းဟာ
ကျွန်တော့်ရင်ထဲကို ပြင်းပြင်းထန်ထန် ကွဲကြေစေလိုက်တာ ...

**မလေးထိုက်**
**၂၆ ဇန်နဝါရီ၊ ၂၀၀၇**

---

ဆရာဦးတင်မိုးဟာ ကဗျာနဲ့အတူ တထပ်တည်းတူပါတယ်။ အပြစ်ကင်းတယ်။ ရိုးသားတယ်။ နှစ်လိုဖွယ်ရှိတယ်။ ပြီးတော့ ရဲရင့်တယ်။ အမှန်တရားဘက်က ရပ်တည်တယ်။

ဆရာကွယ်လွန်ခဲ့ပေမယ့် ဆရာ့ကဗျာ၊ စာနဲ့ ရုပ်ပုံလွှာတွေကတော့ အမြဲရပ်တည်နေမှာပါ။ ဆရာ့ကို နှမြောလှပါတယ်။ ။

**ဆရာရဲ့ ချစ်ခင်လေးစားတဲ့**
**နေဝင်း**

---

ပြည်ချစ်ဆရာ
ဤကမ္ဘာက ထွက်သွား
အများသူငှာ လူတကာတို့
ဝမ်းနည်းကြေကွဲ
ဖြစ်ခြေပြီ ... မြန်ပြည်ရွာ
ငြိမ်းချမ်းရအောင်
စွမ်းဆောင်ခဲ့တဲ့
ဆရာကြီး ဦးတင်မိုး
ကောင်းရာသုဂတိ
လားစေသော် ... ...

ထပ်တူထပ်မျှ ဝမ်းနည်းစေလျက်
**ဦးအောင်ဝင်း**
**မြောက်ဥက္ကလာ။**


www.burmesesclassic.com

ဆရာကြီး

အင်းစိန်မှာ ရက် လ နှစ်ရှည်စွာ အတူနေ၊ အတူစားခဲ့တာ။ ဒုက္ခ သုခတွေ မျှဝေခံစားခဲ့တာတွေ ဒီတစ်သက် မမေ့နိုင် မမေ့ရက်စရာ မရှိပါ။

ဆရာကြီး အမြဲ ကျွန်တော်ကို တိုက်တွန်းခဲ့တဲ့ စာရေးပါ ဆိုတဲ့စကားလေး အမြဲ ကြားယောင်နေမိပါတယ်။ ဒါပေမယ့် ဒီစာအုပ်မှာ ရေးရတာ ဝမ်းနည်းမဆုံး ဖြစ်မိတယ်။ ။

**ကိုကြီး**
**စမ်းချောင်း**
10 D Novel

---

ဆရာကို မျှော်နေတာ
ဆရာ ဘယ်တော့ပြန်လာမလဲ
အခုတော့ ဆရာပြန်မလာရတော့ဘူး ဆရာရယ်။
ဆရာချစ်တဲ့ စနေစာပေဝိုင်းလေး
ကျွန်တော်တို့ရှင်သန်အောင်
ကန္တာရထဲမှာ ပေါင်းသင်၊ မြေစာကျွေး
ရာသီဥတုဒဏ်က ကာကွယ်နဲ့
ဆရာပြန်လာတဲ့ထိ
ရှင်သန်နေဖို့ ကြိုးစားခဲ့ကြတယ်
ဆရာရယ် ခုတော့ ...
သို့သော်
ဆရာ့ဆန္ဒအတိုင်း ဆက်လက်ရှင်သန် ဖွံ့ဖြိုးဖို့
ကျွန်တော်တို့ အသက်ရှင်နေသရွေ့
ကြိုးစားတည်ဆောက်သွားမယ် ဆရာ။ ။

**မောင်တင်ဆင့်**
**၂၃၊ ဇန်နဝါရီ၊ ၂၀၀၇**



www.burmesesclassic.com

www.burmesesclassic.com


မနက်က ကြားလိုက်ရတဲ့အချိန်မှာ တုန်လှုပ်သွားတယ်။ ၁၉၉၉ ခုနှစ်က ဆရာတာရာ ၈၀ ပြည့်နှစ်က အောင်ပန်း အတူသွားခဲ့တာကိုလည်း သတိရတယ်။

ဆရာဂျမ်းဟာ သူလုပ်ရမယ့်အလုပ်တွေကို လုပ်သွားတယ်။ သူပြောသမျှကို ကြားနေရပေမယ့် သူ့ကို မတွေ့လိုက်ရဘူး။ တစ်နေ့ပြန်တွေ့ကြရမှာပဲဆိုတဲ့ ဒီမိုကရေစီနိုင်ငံ ရောက်ရှိချိန်ကို မျှော်ရင်း ဆရာဂျမ်းဟာ လှေလှော်ရင်း တက်ကျိုးခဲ့ရတယ်။ ဒါပေမယ့် ဆရာဂျမ်း မျှော်လင့်တဲ့နေ့သစ်ဟာ မလွဲမသွေရောက်လာမှာပဲဆိုတာ ကျွန်တော်တို့ ယုံကြည်နေပါတယ်။

မကောင်းတာ၊ မမှန်တာ၊ မတရားတာ ဘာမှမလုပ်ခဲ့သလို တရားမျှတမှုနဲ့ အမှန်တရားအတွက် တချိန်လုံး လုပ်ကိုင်သွားတာကြောင့် ဆရာဂျမ်းဟာ ကောင်းရာသုဂတိကို ရောက်မှာ သေချာတဲ့ အတွက် အထွေအထူး ဆုမတောင်းတော့ပါဘူး။ ။

**လွမ်းဆွတ်တမ်းတနေတဲ့**
**ထက်မြက်**
**၂၃၊ ဇန်နဝါရီ၊ ၂၀၀၇**

---

ဂျမ်းဆရာက
လွမ်းဆရာပါ။ ။

**နေထက်နိုင်**

---

ဆရာနဲ့ ပတ်သက် အမွေဆိုတဲ့
ကလောင်တစ်ခုနဲ့သာ ကျန်ခဲ့ပါတယ်။
ဒီနာမည်နဲ့ စာတွေ ဆက်ရေးသွားပါမယ်။ ။

**သစ်မွေး**


www.burmesesclassic.com

www.burmesesclassic.com


ဆရာ

အညာရဲ့ အငွေ့အသက်ပါတဲ့
ကဗျာတစ်ပုဒ် လက်ဆောင်ပေးမယ်ဆိုလို့
ကျွန်တော်မျှော်လင့်နေပေမယ့်
ကဗျာလည်းမရောက်
ဆရာလည်းမရောက်လာနိုင်တာကို ဝမ်းနည်းမိပါသည်။ ။

**အညာက ဆရာ**

---

ဦးဂျမ်း ခင်ဗျာ

ဦးဂျမ်းရဲ့ကျေးဇူးများကို ထာဝရ အောက်မေ့လျက်ပါ။ ။

**မြင့်သိန်း**
သုဝဏ္ဏ

---

မချစ်မနှစ်သက်သောသူများက သက်တမ်းရှည်၏
ချစ်နှစ်သက်သောသူများက သက်တမ်းတို၏
လွန်စွာဝမ်းနည်းမိ၏
ဆရာ့အား ဆရာ၏ဆောင်ပုဒ်ဖြင့် ဂါရဝ ပြုခဲ့ပါ၏။ ။

**ကိုနီ**
**တောင်ကြီး**


www.burmesesclassic.com

www.burmesesclassic.com


နိုင်ငံခြားသတင်းတွေ နားထောင်တိုင်း ဆရာ့အသံ မကြားရတော့ အမြဲသတိရနေမှာပါ။ ။

**ကိုကြည်ဝင်း (၈ မိုင်)**
**၂၅၊ ဇန်နဝါရီ၊ ၂၀၀၇**

---

ကန်မြို့ရှာထိပ်
သစ်ပင်ရိပ်၌
မှေးအိပ်ချင်ရှာပေလိမ့်မည်။ ။

**အောင်ကျော်ဆန်း**
**မြင်းခြံ**

---

ဂျမ်းရေ
လွမ်းတယ်ဆိုတာ
ချစ်ခင်သူတို့
ကွေကွင်းခြင်းကို ကိုယ်စားပြုတဲ့ စကားမို့ .... ....

**သိန်းထိုက်**
**၂၃၊ ဇန်နဝါရီ၊ ၂၀၀၇**

---

ဆရာခင်ဗျာ

ကျွန်တော့်ကလောင်နာမည် 'စစ်တင်မိုး' လို့
ကျွန်တော့်ဘာသာ ကျွန်တော် ပြောင်းလိုက်ပါပြီ။ ။

လေးစားစွာ
**စစ်တင်မိုး**
**၂၄၊ ဇန်နဝါရီ၊ ၂၀၀၇**


www.burmesesclassic.com

ဆေးလိပ်လည်းတို
နေလည်းညိုပြီ
ဆရာအို အိမ်ပြန်မရောက်ခဲ့ပါလား။ ။

**မောင်သိန်းမြတ်**
**၂၃၊ ဇန်နဝါရီ၊ ၂၀၀၇**

---

ဆရာ
ဆရာသင်ပေးခဲ့တဲ့ စာများအား
ဘယ်တော့မှ မမေ့ပါ။ ။

**ဒေါ်သိန်းညွန့် ဘာသာပြန်ဌာနရဲ့သား**
**ဆန်နီ**

---

ဆရာဂျမ်းနဲ့ ပြန်ဆုံမယ်လို့
မျှော်လင့်နေတုန်းပဲ ....
ဆရာဂျမ်း ရှင်သန်နေဆဲလို့
ယုံကြည်နေတုန်းပဲ .... ....

**စိုးဝင်းငြိမ်း**
**၂၃၊ ဇန်နဝါရီ၊ ၂၀၀၇**

---

ထာဝရ နှမြောတသ
လွမ်းနေမယ့် သမီးငယ် .... ....

**ရင်ရင်မြ**



www.burmesesclassic.com

www.burmesesclassic.com


ဆရာဂျမ်း

မနေ့ကပဲ ဗုဒ္ဓနဲ့တွေ့ခြင်း ကဗျာကိုဖတ်တယ်။
ဒီနေ့ ဗုဒ္ဓက ခေါ်တာကို သိရလို့
ဆရာ့ကို ချစ်တယ်။ ။

**တင်ဝင်း**
**မြင်းခြံ**
**၂၃၊ ဇန်နဝါရီ၊ ၂၀၀၇**

---

ဆရာဂျမ်းနှင့် ထာဝရ ကွဲကွာသွားရတဲ့အတွက်
အလွန်ကြေကွဲမိပါသည်။
ထို့ထက်ပို၍ 'ဆုံးရှုံး' ရခြင်းက အလွန်ပင် နှမြောမိပါသည်။ ။

**သိမ်းမောင်**
**၂၂၊ ဇန်နဝါရီ၊ ၂၀၀၇**

---

ဆရာကြီးရေ
ခုတော့ လွတ်လပ်တဲ့ ဆရာကြီး ဝိညာဉ်က
ပြည်တော်ပြန်နိုင်ပြီပေါ့နော်။
ကျမတို့ကတော့ အားကျရုံကလွဲလို့
ဆရာကြီးကို လွမ်းဆွတ် သတိရလျက်။ ။

**ကြင်ကြင်ညိမ်း**
**လော့စ်အိန်ဂျယ်လိစ်၊ အမေရိကန်ပြည်ထောင်စု**


www.burmesesclassic.com

www.burmesesclassic.com


ဆရာ
ဆေးလိပ်လည်းတို
နေလည်းညိုပြီ
ငါ့ကို ပြန်ပို့ကြပါလေ ...

ခုတော့ ... ဆရာရယ်
ဆရာ့ဆုတောင်းမပြည့်ပါလား ဆရာရယ်။
ကျွန်တော်တို့လည်း ဆရာ့ကို ပြန်မခေါ်နိုင်
သူတို့လည်း ဆရာ့ကို ပြန်မပို့နိုင်နဲ့
ကြေကွဲရပါတယ်ဆရာရယ် ... ...

**ဇော်ဦးလင်း**
**၂၅၊ ဇန်နဝါရီ၊ ၂၀၀၇**

---

ဂျမ်း
ငါခေါ်ပေမယ့် နင်မကြားနိုင်တော့ပါလား။
လူကောင်းတွေ အသက်တိုပြီး
လူဆိုးတွေကျတော့ မသေနိုင်ကြပါလား။
ဒီမိုတိုက်ပွဲမရမီ ကျဆုံးသွားတာကို အနာဆုံးပါပဲ။
မြင်းခြံမှာ ဆုံဖို့ပြောထားတာလေးတောင် မဆုံလိုက်ရဘူး။ ။

**ဟန်ထွန်း**

---

ဆရာဂျမ်း
တာဝန်ကျေပါတယ်။
ဂုဏ်ယူပါတယ်။
မကြာမီက တွေ့ခဲ့စဉ်က
ပြောခဲ့ကြတာတွေ သတိရနေမှာပါ။ ။

**မြင့်မြင့်ခင်**
**၂၃၊ ဇန်နဝါရီ၊ ၂၀၀၇**


www.burmesesclassic.com

www.burmesesclassic.com


ဂျမ်းရေ …
မမိုး (မိုးမိုး အင်းလျား) ဆုံးတုန်းက
ဂျမ်းပြောခဲ့သလိုပါပဲ။
ချစ်သူတွေ အသက်တိုပြီး
မုန်းသူတွေ အသက်ရှည်လှချည်ရဲ့ …။

၂၀၀၀ ပြည့်နှစ် အိုင်အိုဝါ၊ အီလီနွိုက်၊ နယူးယောက်တို့မှာ
တွေ့ဆုံပျော်ရွှင်ခဲ့ခြင်းများအား အမှတ်တရ
လွမ်းဆွတ်ကြေကွဲလျက် … …

**နုနုရည် (အင်းဝ)**
**၂၃၊ ဇန်နဝါရီ၊ ၂၀၀၇**

---

ကိုဘဂျမ်း

အတူအိပ် အတူစား
အတူသွား အတူလာတွေ
အခြေအနေအရ
ဒီလိုပဲ ဝေးနေကြရတာပါ။ ။

**သူငယ်ချင်း**
**မောင်တင့်ဝေ**
**၂၃၊ ဇန်နဝါရီ၊ ၂၀၀၇**

---

အဝေးက အသံကြားနေရတာလေးတောင် ပျောက်ကွယ်သွားရပြန်ပြီမို့
နှမြောဝမ်းနည်းမဆုံးပါ။
အားလုံးအတွက် ဆုံးရှုံးကြရတာပါပဲ။ ။

**စန်းဦး**
**၂၃၊ ဇန်နဝါရီ၊ ၂၀၀၇**


www.burmesesclassic.com

ဆရာဂျမ်း

ဝေးမြေရပ်ခြားမှာနေရင်း မြန်မာပြည်ကို လွမ်းနေပါသတဲ့ ...
ကျမကတော့ မြန်မာပြည်မှာနေရင်း မြန်မာပြည်ကိုပဲ လွမ်းနေရတယ်။ ။

**ငြိမ်း (ဒဿန)**
**၂၄၊ ဇန်နဝါရီ၊ ၂၀၀၇**

---

ဦးဂျမ်း
ကျွန်တော် ဒီမှတ်တမ်းမျိုး မရေးချင်ဘူးဗျာ။ ။

**ဘမော်**
**၂၃၊ ဇန်နဝါရီ၊ ၂၀၀၇**

---

ဘဘဦးတင်မိုး

ဘဘဟာ ကျွန်တော်တို့ မိသားစုရဲ့ လေးစားခင်မင်ရတဲ့ ဦးလေးတစ်ယောက်ဖြစ်ပါတယ်။
ဦးလေးတစ်ယောက် ဆုံးရှုံးသွားတဲ့အတွက် ဝမ်းနည်းကြေကွဲရပါတယ်။ ။

**လေးစားစွာဖြင့်**
**ကျော်စွာထွန်း**

---

ဆရာဂျမ်း

တကယ်ပဲ ဝမ်းနည်းကြေကွဲရပါတယ် ဆရာ။ ။

**ဖေမြင့်**
**၂၄၊ ဇန်နဝါရီ၊ ၂၀၀၇**



www.burmesesclassic.com

www.burmesesclassic.com


ကျွန်တော်တို့မိသားစု မိတ်ဆွေ ကဗျာဆရာ ဦးတင်မိုးကို
ကဗျာလေးနဲ့ ဂုဏ်ပြုချင်ပါရဲ့။
ဒါပေမယ့် ကျွန်တော်က ကဗျာမစပ်တတ်လို့
ထိုက်တန်တဲ့ ဂုဏ်ပြုကဗျာမျိုးကို ရေးနိုင်မည်မဟုတ်ပါ။
ဒါကြောင့် ဒီစာကိုပဲ ဂုဏ်ပြုလွှာလို့ပဲ သဘောထားလိုက်ပါ။ ။

**ဒေါက်တာ ခင်မောင်ဝင်း**
**၂၄၊ ဇန်နဝါရီ၊ ၂၀၀၇**

---

မိသားစုအားလုံးရဲ့ ကြည်ညိုလေးစားရသော
ဆရာ၏ အမှတ်တရအဖြစ် မေမေတို့၊ ဘဘတို့ကိုယ်စား
သား မောင်ရစ်မိသားစုနဲ့ သမီး ဂျူနီယာဝင်းတို့ ကိုယ်စား
မှတ်တမ်းတင်လိုက်ပါတယ်။ ။

**တက္ကသိုလ် ရွှေရီဝင်း**
**၂၄၊ ဇန်နဝါရီ၊ ၂၀၀၇**

---

အင်းစိန်လမ်းမပေါ်မှာ
ဆရာဂျမ်းရဲ့ လက်ကိုတွဲ
လက်ဖက်ရည်ဆိုင်တွေ တစ်ဆိုင်ပြီးတစ်ဆိုင်
ပြောင်းထိုင်ခဲ့ အချိန်များ
မေ့ပျောက်ရနိုင်မယ် မထင်တော့ပါ။ ။

**ရန်နောင်ဦး (၀၇)**


www.burmesesclassic.com

www.burmesesclassic.com


ကဗျာဆရာ 'ကြယ်ပွင့်ကြီး' ကြွေလွင့်သွားပေမယ့်
ဆရာမွေးဖွားခဲ့တဲ့ ကဗျာကြယ်လေးတွေက
အစဉ်အမြဲ တောက်ပဆဲပါ။ ။

ဆရာနှင့် ကဗျာများအား အစဉ်လေးစားလျက်

**ဦးတင်ဝင်း**

**ဥက္ကဋ္ဌ**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**
**ကမာရွတ်မြို့နယ်။**

---

မနေ့ညက VOA ဖွင့်တော့ ဆရာက အဘရဲ့ 'သပြေညို' ကို ရွတ်လို့။
ဆရာမရှိတော့ပေမယ့် ဆရာ့စာနဲ့ ကဗျာတွေ၊
အဘမွေးနေ့တွေမှာ ရေးစပ်ခဲ့တဲ့ အမှတ်တရမွေးနေ့လက်ဆောင်ကဗျာတွေ၊
လေလှိုင်းထဲက အဘကို သတိတရတမ်းတ ပြောဆိုခဲ့တာတွေကတော့
ကျွန်တော်တို့မိသားစုနှလုံးသားထဲမှာ အမြဲရှိနေမှာပါဆရာ။
ဆရာ ကောင်းရာသုဂတိလားပါစေလို့ ... ...

နှမြောလွမ်းဆွတ်စွာဖြင့်

**ထင်ကျော်**
**၂၄၊ ဇန်နဝါရီ၊ ၂၀၀၇**

---

မမျှော်လင့်တဲ့သတင်းကြောင့် တုန်လှုပ်မိတယ်။
ဆရာ့ကို ပြန်တွေ့ရအုန်းမယ်လို့ မျှော်လင့်နေခဲ့တယ်။
ဆရာ ကောင်းရာသုဂတိလားပါစေ။ ။

**ကျော်လှိုင်**


www.burmesesclassic.com

www.burmesesclassic.com


ကဗျာတစ်ပုဒ်ရဲ့အန္တိမ
မုန်းသူတချို့ရဲ့
ခိုးကျတဲ့ မျက်ရည်တွေ
ဈာပန ပို့ကြလိမ့်မယ်
အလင်းခပ်သွားပေးပါ ဆရာ။ ။

**ဇော်မင်း** (T.G.K.N)

---

ချစ်ရသော ...

စာပေနဲ့ နိုင်ငံရေးရဲဘော် မြန်မာပြည်ကို လွမ်းရင်းနဲ့
ဝေးရပ်မြေမှာ ဆုံးပါးရတယ်လို့ ကြားရတော့
အတော် စိတ်ထိခိုက်ရပါတယ်။
စာပေလောကမှာ အရိုးသားဆုံး လူ့ဘဝမှာ အရိုးသားဆုံး
နေထိုင်သွားကြတဲ့ စာပေတာဝန် နိုင်ငံရေးတာဝန်တွေ ထမ်းဆောင်ရင်း
ကျဆုံးရတဲ့ ဆရာ ဗန်းမော်တင်အောင်နဲ့ ဆရာဂျမ်းတို့ကို
မှတ်တမ်းပြုပါတယ်။ ။

**လေးမြင့်**
**လှကျွန်း**

---

ကျနော်
ဆရာ့ရဲ့ တောင်ဝှေး
မဖြစ်ရတော့ဘူးပေါ့လေ ... ...

**သက်ဇော်**
**၂၄၊ ဇန်နဝါရီ၊ ၂၀၀၇**


www.burmesesclassic.com

ဆရာကြီး

ပြန်ဆုံမယ်ထင်နေတာ ... ပြန်မဆုံဖြစ်တော့ဘူး။
ကျွန်တော်နဲ့ မြို့ပတ်ရထား ပတ်စီးတဲ့မြင်ကွင်းတွေ
အကျဉ်းထောင်အတူနေ ဘဝတွေ
ကျွန်တော့်ဘဝအတွက် အမှတ်တရတွေပါ။ ။

**ထိန်လင်းနိုင်**
**၂၈၊ ဇန်နဝါရီ၊ ၂၀၀၇**

---

ဆရာဂျမ်း

လာလမ်းကို ပြန်ကြည့်စရာမလိုအောင်
သမိုင်းကြောင်း ကောင်းခဲ့သူပါ။ ။

**နှင်းနှင်းမွှေး**
DPNS
**၂၄ ဇန်နဝါရီ၊ ၂၀၀၇**

---

ဆရာ့ကို အစဉ်အမြဲ သတိရပါသည်။

အထူးသဖြင့် လိုင်းပေါက်ဘက်သို့ ဆရာနဲ့အတူ လမ်းဖြတ်ပြေးကြတာကို
မကြာခဏ သတိရမိတယ်။
သောကြာတိုင်းဟာ ရင်ထဲမှာ အမြဲကျန်ရစ်နေဆဲပါ ဆရာရှင့်။ ။

**မြနှောင်းညို**
**၂၄၊ ဇန်နဝါရီ၊ ၂၀၀၇**



www.burmesesclassic.com

www.burmesesclassic.com


ဆရာကြီး ဦးတင်မိုးခင်ဗျား

ဆရာကြီး ကွယ်လွန်သော်လည်း
ဆရာကြီး၏နာမည်နှင့် ဂုဏ်သိက္ခာတို့သည်
ဘယ်သောအခါမှ ကွယ်ပျောက်သွားမည် မဟုတ်ပါ။
မြန်မာပြည်သူ/သားတို့၏ နှလုံးသားတွင်
ထာဝရ တည်တံ့နေမည်သာ ဖြစ်ပါသည်။ ။

ဆရာကြီး ကောင်းရာသုဂတိရောက်ပါစေဟု ဆုတောင်းလျက်

**ကျော်လင်း + မဘောဘီ မိသားစု**
**စပယ်ရုံလမ်း**
**၂၄၊ ဇန်နဝါရီ၊ ၂၀၀၇**

---

ဆရာဂျမ်းရေ ...

ကျနော့်ရဲ့ ၄ လအရွယ် မြေးကလေးကို ဆရာ့ကဗျာတွေနဲ့ ချော့သိပ်နေတုန်းမှာ
ဆရာချစ်တဲ့ ကလေးငယ်တွေရဲ့ လောကသစ်ကို မစောင့်နိုင်ဘဲ
လမ်းခွဲသွားခဲ့တာပါလား။
အဲဒီကဗျာတွေနဲ့အတူ ဆရာ့ဝိညာဉ် ဆက်လက်အသက်ရှင်နေမှာပါ။ ။

ဆရာချစ်တဲ့
လက်ရင်းတပည့်

**မောင်စိုးဝင်း**
**ရဲမှိုင်း (စစ်ကိုင်း)**
**၂၄၊ ဇန်နဝါရီ၊ ၂၀၀၇**


www.burmeseclassic.com

မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းပါသည် ဆိုပြီး
ဆရာ 'တင်မိုး' မသေပါဘူး။
ကမ္ဘာတည်သည် ရှိနေမှာပါ
သိနေမှာပါ။
ဘယ်သူတွေ ဖျက်ဖျက် မပျက်ပါဘူး။
လူသားဆန်တဲ့ လူတွေရဲ့နှလုံးသားမှာ ကမ္ဗည်းကျောက်စာ …။

**ကိုပိုက်**
**၂၅၊ ဇန်နဝါရီ၊ ၂၀၀၇**

---

ကိုတင်မိုးရေ …

လူလောကအကြောင်းကိုတော့ ခင်ဗျားက အများကြီးသိသွားတဲ့လူပါ။

ဒီလမ်းကတော့ လူတိုင်းလျှောက်ရမယ့်လမ်းပါ။ ဒါပေမယ့် ခင်ဗျား အခုလို ကျွန်တော်တို့ ခွဲသွားလိမ့်မယ်လို့တော့ ဘယ်တုန်းကမှ မထင်ခဲ့တာပါ။

ကျွန်တော်တို့လို Unproductive Life နဲ့ စွန့်ခွာသွားရမယ့်အစား ဒီလူ့အဖွဲ့အစည်းအတွက် ထူးထူးခြားခြား ပြောင်ပြောင်မြောက်မြောက် ထွန်းထွန်းပေါက်ပေါက် ဆောင်ရွက်သွားတဲ့အတွက်တော့ ဒီလူ့အဖွဲ့အစည်းက ခင်ဗျားကို လွမ်းဆွတ်ကြ၊ ကျေးဇူးတင်နေကြမှာပါ။ လွမ်းနေကြမှာပါ ဆိုတာကိုတော့ ဒီနေ့ပြောဆိုရင်း နိဂုံးချုပ်ပါတယ်။ ။

**အုန်းမောင်**
**၂၅၊ ဇန်နဝါရီ၊ ၂၀၀၇**

---

ဆရာမိုး

ဆရာ့အတွက် အမြဲတမ်း ဂုဏ်ယူလျက်ပါပဲ။ ။

ထာဝရလေးစားသော
**ရွှေမြတ်ဇော်ဇော်**
**၂၅၊ ဇန်နဝါရီ၊ ၂၀၀၇**



www.burmesesclassic.com

www.burmesesclassic.com


ကိုတင်မိုး

ခင်ဗျားနဲ့ ကျွန်တော်တို့ ဆရာဒဂုန်တာရာ ၈၀ ပြည့်နှစ်က အောင်ဆန်းကို အတူသွား အတူစား အတူလည်ပတ်ခဲ့တာတွေကို အမြဲသတိရနေပါသည်။

ခင်ဗျား မြန်မာပြည်မှ ခဏတဖြုတ် ထွက်ခွာသွားတာလို့ ထင်ခဲ့တာ ... အခုတော့ ...
ခင်ဗျားက ကျွန်တော်တို့နဲ့ ထာဝရ ထွက်သွားပြီဆိုတဲ့သတင်း နားထောင်လိုက်ရတာ
ကျွန်တော် ယူကျုံးမရဆုံးပဲဗျာ။

ကျွန်တော် အောင်ဆန်းမှာ ရိုက်ခဲ့တဲ့ Group Photo ကို မြင်တိုင်း မြင်တိုင်း ခင်ဗျားကို အမြဲသတိရနေမှာပါပဲ။

ခင်ဗျား ကောင်းရာရောက်မယ်ဆိုတာ ကျွန်တော်တို့ သိနေပါတယ်။ ။

အစဉ်ထာဝရ သတိရနေမယ့်

**စိုးမြင့်**
**သဘော်အရာရှိဟောင်း**
**၂၅၊ ဇန်နဝါရီ၊ ၂၀၀၇**

---

ကိုတင်မိုး (ကိုဘဂျမ်း)

အစားထိုးလို့မရတဲ့ ကိုတင်မိုး
ဆုံးရှုံးသွားတဲ့အတွက် ကြေကွဲလို့မဆုံးပါဘူး။
ခင်ဗျားနဲ့အတူ ခရီးသွားခဲ့ရတာကို ဘယ်သောအခါမှ
မေ့ပျောက်နိုင်မှာ မဟုတ်ပါဘူး။
ခင်ဗျားရဲ့ ပညာဂုဏ်နဲ့ ရိုးသားမှုဂုဏ်ဟာ သမိုင်း တွင်ရစ်မှာပါ။ ။

ဘယ်တော့မှ မမေ့နိုင်တဲ့
**မောင်မောင်ခင်**


www.burmesesclassic.com

www.burmesesclassic.com


ဦးဂျမ်း

ကျွန်တော့်ဘဝမှာ ဦးဂျမ်းဟာ ...
ရိုးဂုဏ်အရှိဆုံး
ချစ်စရာအကောင်းဆုံး
သတ္တိရှိတဲ့သူ
အနုပညာ ကြွယ်ဝသူ
မြန်မာပြည်နဲ့ မြန်မာပြည်သူလူထုအပေါ် အလွန် သံယောဇဉ်ကြီးတဲ့သူ တစ်ယောက်အဖြစ်
ထာဝရလေးစား သတိရနေမှာပါ။ ။

ဦးဂျမ်း ကောင်းရာသုဂတိ ရောက်ရှိပါစေ။

**မောင်မိုးဟိန်း**
**၂၆၊ ဇန်နဝါရီ၊ ၂၀၀၇**

---

ဆရာကြီးတင်မိုး
မိုးထိအောင် အသိအတတ်ပညာတွေကို အဖိုးတန်တဲ့ လူသားတွေကို ပေးဝေခဲ့လို့ ကျေနပ်ပါတယ်။ ။

**သောင်းကြိုင်**
**ရွှာမအနောက်ရပ်ကွက်**
**၂၅၊ ဇန်နဝါရီ၊ ၂၀၀၇**

---

ဘဘဦးတင်မိုး

အဖေတစ်ယောက် ထပ်ဆုံးရှုံးသွားသလို ကြေကွဲမဆုံးပါ ...။

**ဦးခမ်းဗိုလ်မိသားစု**
**၂၆၊ ဇန်နဝါရီ၊ ၂၀၀၇**


www.burmesesclassic.com

www.burmesesclassic.com


ဆရာတင်မိုး
ကျွန်တော်တို့အပေါ် ဘဝမီးအိမ် ထွန်းညှိပေးသူ
ကျွန်တော်တို့အပေါ် မိဘသဖွယ် ဆက်ဆံခဲ့သူ
ကျွန်တော်တို့အပေါ် ဆရာတစ်ဦးရဲ့ သိက္ခာပြည့်စုံစွာ နေခဲ့သူ
ကျွန်တော်တို့အပေါ် အလွန်တန်ဖိုးထား ဆက်ဆံခဲ့သူ
သေမင်းနဲ့ ညှိကြည့်လို့ရရင်
ကျွန်တော်နဲ့ နေရာချင်း လဲပေးချင်ပါတယ်။ ။

**ကျော်ဇေယျ**
**၂၆၊ ဇန်နဝါရီ၊ ၂၀၀၇**

---

မုန်းသူတို့ အသက်ရှည်၍
ချစ်သောသူတို့ သက်တမ်းတိုကြသည်။ ။

**ကိုကြီး**
**စမ်းချောင်း** 10 D

---

အဘဦးတင်မိုး

အဘရဲ့ အမှတ်တရ နေရာမျိုးပေါ်လာစေဖို့ကို အဘရဲ့ တပည့်တစ်ဦးအနေနဲ့ လုံးဝ မျှော်လင့်လျက်ပါ။ ။

**မောင်ချိုး**
**၂၆၊ ဇန်နဝါရီ၊ ၂၀၀၇**


www.burmesesclassic.com

မိုးကြီး
ဗမာပြည်ကို သိပ်ပြန်ချင်တာပဲ ...
ဗမာပြည်ကို သိပ်လွမ်းတာပဲ ... တဲ့။
မိုးကြီးပြောတဲ့စကားတွေကြောင့်
နှင်း ... ဗမာပြည်က မထွက်ဖြစ်တာပါ။
ကျေးဇူးတင်ပါတယ်။ ။

မိုးကြီး ဝိညာဉ် လွတ်လပ်စွာ ပျံနိုင်ပါစေ။

**ရွှေကူမေနှင်း**
**၂၇၊ ဇန်နဝါရီ၊ ၂၀၀၇**

---

ဆရာကြီး ရေးခဲ့တဲ့ကဗျာတွေထဲက
ကဗျာလေးတပုဒ်ကို သူငယ်ချင်းတွေထဲ
မျှဝေပေးပြီးခဲ့ပါပြီ။ ။

**သိန်းအေး**
**၂၆၊ ဇန်နဝါရီ၊ ၂၀၀၇**

---

အဖေတစ်ယောက် ဆုံးရှုံးသလိုပါပဲ။ ။

**ဆန်းလွင်**
**၂၇၊ ဇန်နဝါရီ၊ ၂၀၀၇**



www.burmesesclassic.com

www.burmesesclassic.com


ဆရာ

ဆရာနဲ့ ၈၈ မတိုင်ခင် ...
'ဝင်းပပ' ဟီးနီးဂိတ်ဆိုင်မှာ လက်ဖက်ရည်ပါဆယ်ကို
ဆရာနဲ့အတူ သောက်ပြီး ဆရာ့ဆီက ဗဟုသုတတွေ ရခဲ့ ...

၈၈ ကျတော့ ကျောင်းသားလှုပ်ရှားမှု အင်းစိန်မှာ
ဆရာက ကျွန်တော်တို့ရှေ့ကရပ်ပြီး ကျွန်တော်တို့အတူ ပါခဲ့ ...

နောက်ပြီး ဆရာ့ရဲ့အသံကို မျှော်နားထောင်ရင်း လွမ်းရ
ဆရာနဲ့ ပြန်ဆုံဖို့ မျှော်ခဲ့ရ ...

ဒါပေမယ့် ဆရာဟာ ဆရာ့ကဗျာတွေနဲ့အတူ
ဆရာ့ ရပ်တည်ချက်နဲ့အတူ
မြန်မာမြေမှာ ... ထာဝရ ... လင်းလက် တောက်ပနေမှာပါ ဆရာ။ ။

ဆရာ့ကို ပြည်သူတွေနဲ့အတူ ထာဝရ တန်ဖိုးထား သတိရနေမှာပါ။

**ဆန်နီ**
**အင်းစိန်**
**၂၆၊ ဇန်နဝါရီ၊ ၂၀၀၇**

---

လူသားတွေအတွက် အလင်းရောင်တွေ
အများကြီးပေးနိုင်ခဲ့ပါတယ် ဆရာကြီး ... ...

**ကိုမျိုးမြင့်**
**အညာသား**
10 D Group **အင်းစိန်**
**၂၆၊ ဇန်နဝါရီ၊ ၂၀၀၇**


www.burmesesclassic.com

www.burmesesclassic.com


ကဗျာမသေ၊ ဆရာမသေ
ကဗျာမဆုံး ဆရာမဆုံး
ကဗျာတွေ စာပေတွေ ရှိနေသမျှ
ဆရာ ရှိနေပါသည်။

နှစ်ယောက်မရှိ၊ အို … ကဝိ
ဘယ်လိုပြောရမှန်း မသိအောင်ခံစားမိ … …

**တပည့် မြန်မာစာတစ်ဦး**
**၂၇၊ ဇန်နဝါရီ၊ ၂၀၀၇**

---

ဆရာ့ကို အမေ လူထုဒေါ်အမာလို အသက်ရှည်စေချင်တယ်။
ဆရာ့ဆီက အတွေး၊ အလုပ်၊ အပြော အားလုံးဟာ
ကျနော်တို့လို နိုင်ငံရေးသင်သမားများအတွက် 'စိန်ပွင့်' တွေပါပဲ။ ။

နှမြောတသ လေးစားစွာဖြင့်

**ကိုကိုကြီး**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**
**ဒဂုံမြို့သစ်မြို့နယ်။**
**၂၇၊ ဇန်နဝါရီ၊ ၂၀၀၇**

---

ကြွေလွင့်သွားတဲ့
'ဖန်မီးအိမ်' ရှင်သို့ …

အထူးနှမြောတသမှုများဖြင့်

**မင်းဟန်**
**၂၇၊ ဇန်နဝါရီ၊ ၂၀၀၇**


www.burmesesclassic.com

www.burmesesclassic.com


ဆရာဦးတင်မိုး

ကောင်းရာသုဂတိလားပါစေ။

Moat Thone
၂၇၊ ဇန်နဝါရီ၊ ၂၀၀၇

---

အိမ်ကိုလာလျှင် လှေကားထစ်မှ ကိုကို့ခေတ်ပုံကို အလေးပြုပြီးမှ
အိမ်ထဲဝင်တတ်တဲ့ ဆရာကြီး

အခု ဆရာကြီးအိမ်ကို ကျွန်တော်လာတာ ဆရာကြီးကို
အလေးလာပြုတာပါ။ ။

**သုတညီ**

---

ငါတို့အဖေ
လမ်းပြခဲ့ပြီ ...

**ကိုမောင်**

---

ဆရာဂျမ်း

ကောင်းရာသုဂတိဘုံမှ စောင့်နေပါ။
အောင်ပွဲကို ခေါ်လာခဲ့မယ်။ ။

**ထိုက်**


www.burmesesclassic.com

ဆရာကြီးရဲ့ ဖြူစင်လှတဲ့စေတနာတရားနဲ့
ရိုးစင်းလှတဲ့သဘောတရားတွေနဲ့
ကဗျာများစွာကို အလှခြယ်ရေးဖွဲ့နိုင်ခဲ့တာကို ဂုဏ်ပြုလျက်ပါ။
လူသေပေမယ့် ကဗျာ ဘယ်တော့မှ မသေပါ။ ။

**ကိုကိုအောင်**
**၂၇၊ ဇန်နဝါရီ၊ ၂၀၀၇**

---

'ချစ်စရာကောင်းတဲ့ဆရာ'
'မြင့်မြတ်'တဲ့နေရာမှာ ရှိနေမှာ ...

**မချို**

---

ဆရာကြီးကို မမြင်ဖူးခဲ့ပေမယ့် ဆရာကြီးရဲ့ ပေးတဲ့ပညာ
အများကြီးသိခဲ့ရတဲ့ ကျေးဇူး
ဆရာကြီးကို အမြဲမေ့မှာ မဟုတ်ဘူးဆိုတာနှင့်အတူ
ဆရာကြီး ကောင်းရာသုဂတိ လားပါစေ။ ။

**နော်အုန်းလှ**
**မော်ဘီ**

---

ဆရာ

ကြေကွဲဝမ်းနည်းမဆုံးပါ။ ။

**မြင့်အေး**
HRDP
**၂၈၊ ဇန်နဝါရီ၊ ၂၀၀၇**



www.burmesesclassic.com

www.burmesesclassic.com


ဆရာကြီးတင်မိုး ဆရာဂျမ်း

ဆရာ … ဆရာကွယ်လွန်ပြီဆိုတာ သိရတာနဲ့
ဆရာနှင့်အတူ ပါရမီဖြည့်ခဲ့ကြတဲ့ မိသားစုဝင်တစ်ဦးကဲ့သို့
ကြေကွဲဝမ်းနည်းခြင်းများစွာ ဖြစ်ရပါသည်။

ရဲရင့်ပြောင်မြောက်ခြင်း သတ္တိရှိခြင်း ပြတ်သားခြင်း
အပြည့်ရှိတဲ့ဆရာ့ကို ဆုံးရှုံးလိုက်ရပြီဆိုတာ သိရတော့
ရင်ထုမနာ ခံစားရပါတယ်။

အဆုံးအစွန်ဆုံး ပြောရမယ်ဆိုရင်တော့ …
အဖိုးမဖြတ်နိုင်တဲ့ အစားထိုးမရနိုင်တဲ့ သမိုင်းမှတ်တမ်းစာအုပ်ကြီးတစ်အုပ်
ပျောက်ဆုံးသွားပြီလို့ တသသ တရှိုက်ရှိုက် ခံစားခဲ့ရပါတယ်။ ။

**မြင့်စိုး L.S**
**အလုပ်သမားသမဂ္ဂ**

---

အထူးပဲ စိတ်ထိခိုက်ရပါတယ်။
ဆရာနဲ့ကြုံခဲ့ ဆုံခဲ့ရတာတွေ ပြန်အမှတ်ရနေမိပါတယ်။ ။

**မြင့်ဆန်း**
**၂၇၊ ဇန်နဝါရီ၊ ၂၀၀၇**

---

ဆရာကြီးဂျမ်း
ပြည်သူတွေ လိုလားတဲ့ပန်းတိုင်သို့ အရောက်ချီတက်
ဆက်လက်ထမ်းဆောင်သွားမယ်လို့ ဆရာကြီးအိမ်မှ
ဝမ်းနည်းစွာ ရေးသားလိုက်ရပါတယ်။ ။

**အောင်သန့်**


www.burmesesclassic.com

ဆရာဂျမ်း (ဆရာဦးတင်မိုး)

စာသင်ကျောင်းခန်းထဲမှာ ဆရာရဲ့ကဗျာတွေကို မာန်ပါပါနဲ့ သီဆိုပြရင်း ပျော်ရွှင်ခဲ့ရပါတယ် ဆရာ။

အခုတော့ ပျော်ရွှင်မှုတွေ တဒင်္ဂ ရပ်တန့်သွားခဲ့ရပါပြီ။

ဘာကြောင့်လဲဆိုတော့ ဆရာထွက်ခွာသွားခဲ့ရလို့ပေါ့ ဆရာရေ ...

ဒါပေမယ့် ကျွန်မရဲ့ဘေးမှာတော့ ဆရာ့ရဲ့ကိုယ်ပွား

ဆရာ့ကဗျာတွေ ကျန်နေသေးတယ်လေ။

စစ်အာဏာရှင်က ဒီပြဋ္ဌာန်းကဗျာတွေကို မဖြုတ်ပစ်ပါစေနဲ့လို့ ဆုတောင်းရင်း

ဆရာ့ကို အစဉ်လေးစား ဦးညွှတ်ဂါရဝပြုလျက်ပါဆရာ။ ။

**ပညာရေးဝန်ထမ်းတစ်ဦး (ပုဇွန်တောင်မြို့နယ်)**
**၂၇၊ ဇန်နဝါရီ၊ ၂၀၀၇**

---

၂၂၊ ၁၊ ၂၀၀၇ နေ့က အမေရိကန်နိုင်ငံတွင် ရုတ်တရက်ကွယ်လွန်သွားသော ကဗျာဆရာကြီး ဦးတင်မိုးသည် မြန်မာစာပေသမိုင်းတွင် အလွန်ပြောင်မြောက်သော ပညာရှင်တစ်ဦး ဖြစ်ပါသည်။

သူကွယ်လွန်သွားခြင်းသည် တန်ဖိုးမဖြတ်နိုင်သော ရတနာတစ်ပါး ဆုံးရှုံးသွားခြင်းအဖြစ် ခံစားရပါသည်။ ။

**ဇော်ဝင်း**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**
**ကျောက်ပန်းတောင်းမြို့နယ်**
**မန္တလေးတိုင်း**

---

ဆရာရဲ့ကဗျာကို
အားပေးထောက်ခံတဲ့
ပြည်သူထဲမှ
ဆရာရဲ့အားပေးဖော်

**နိုင်ကိုမင်း**
**တောင်တွင်းကြီး**



www.burmesesclassic.com

www.burmesesclassic.com


ဆရာဂျမ်း (ဆရာတင်မိုး)

ဆရာရဲ့ကဗျာတွေဟာ ကျောင်းစနေစဉ်ထဲက ကလေးတွေကို သင်ကြားပေးခဲ့တာပါ။
ဆရာ့ရဲ့ တိုင်းပြည်အပေါ်မှာ ချစ်တဲ့စိတ်၊
ပြည်သူလူထုအပေါ်မှာ ချစ်တဲ့စိတ်၊
ဒီမိုကရေစီအပေါ်မှာ မြတ်နိုးတဲ့စိတ်တွေဟာ
ကျွန်တော်တို့အနေဖြင့် အလွန်လေးစားပြီး တန်ဖိုးထားပါတယ်။
ဆရာ့ရဲ့စိတ်ဓာတ်ကို အမြဲတမ်း လေးစားဦးညွှတ်ဂုဏ်ပြုလျက် ...

**ခင်မောင်ဝင်း**
**ပုဇွန်တောင်**
**၂၇၊ ဇန်နဝါရီ၊ ၂၀၀၇**

---

ဆရာဟာ တော်လှန်ရေးရဲ့ပြယုဂ်ဖြစ်တယ်။
ဆရာရဲ့အနုပညာဟာ တော်လှန်ရေးဖြစ်တယ်။
ဒါကြောင့် ...

ဆရာနဲ့ တော်လှန်ရေးဟာ ထာဝရလက်တွဲဖော်

**သန်းနိုင်**
**တောင်တွင်းကြီး**

---

ဖန်မီးအိမ် (သို့) ဆရာတင်မိုးသို့

ကမ္ဘာအကြိမ်ကြိမ် ပွင့်ခဲ့မယ်ဆိုရင်တောင်
နောက်တဖန် ...
ကဗျာဆရာအဖြစ် ဆရာရပါစေသား ...

**နေပန်ဦး**
**၂၇၊ ဇန်နဝါရီ၊ ၂၀၀၇**


www.burmesesclassic.com

ချစ်စရာကောင်းတဲ့ ဆရာ ...

ဆရာက လူတွေကို ချစ်၊
လူတွေကလည်း ဆရာ့ကို ချစ်၊
ဒါကြောင့် ...
ထောင်သုံးခါပြန် မွေးစားသမီးမှတဆင့်
ဆရာ့ထံလူကြုံပါးလိုက်တဲ့စာထဲမှာ
'ချစ်စရာကောင်းတဲ့ဆရာ' လို့
နှုတ်ခွန်းဆက်ခဲ့တာပါ။

အဲဒီစာကို ဆရာဖတ်ရင်း
မျက်ရည်တွေ ရစ်ဝဲစီးကျတယ်လို့
မွေးစားသမီးရဲ့ခင်ပွန်း
မွေးစားသား ဇဖြ က ကျွန်တော့်ထံ
အကြောင်းကြားခဲ့တယ်။

ဆရာ့အသည်းက မာလွန်းပေမယ့်
ဆရာ့နှလုံးသားက လူ့နှလုံးသား
စစ်လွန်းလေတော့ ဖွဲ့ဖွဲ့နွဲ့နွဲ့
မရေးတတ်တဲ့ ကျွန်တော့်ရဲ့
'ဒွဲ' စာဟာ ဆရာ့အတွက်
အနုပညာ မြောက်သွားပြီကိုး။

ဆရာ
ကျွန်တော် ပြည်ပရောက်ခိုက်
ဆရာနဲ့ကျွန်တော် ဖုန်းလိုင်းပေါ်မှာ
ဆုံကြတော့ ဆရာက ကျွန်တော့်ကို
တောင်းပန်ခဲ့တယ်။
ဆရာ ရန်ကုန်ကအထွက်
လေဆိပ်ရောက်တော့
ကျွန်တော့်ကို အရမ်းသတိရတယ်။
နှုတ်မဆက်နိုင်ခဲ့တာကို ခွင့်လွှတ်ပါလို့
ကျွန်တော့်ကို တောင်းပန်ခဲ့တယ်။

ကျွန်တော့်ကို တောင်းပန်တာဟာ
တကယ်တော့ ဒီကမိတ်ဆွေတွေ၊
လုပ်ဖော်ကိုင်ဖက်တွေ အားလုံးကို
**တောင်းပန်တာ** လို့
ကျွန်တော်သဘောပေါက်ပါတယ်ဆရာ။
တကယ်က တောင်းပန်ဖို့
လိုအုန်းမှာလား ဆရာရယ်။
အားလုံးက နားလည်ပြီးသားပါ။

ဆရာ
ဆရာဆုံးတဲ့နေ့က ...
ဒီမှာတော့ နံနက်ပိုင်းပေါ့ ဆရာ ...။
ကျွန်တော့်ဆီကို ဖုန်းဝင်လာတယ်။
ဒရောသောပါးအသံဖြစ်နေလို့
အသံရှင်ကို ကျွန်တော်မရိပ်မိခဲ့ဘူး။
အသံရှင်က သူ့အသံကို
မမှတ်မိရကောင်းလားလို့



www.burmesesclassic.com

www.burmesesclassic.com


ကျွန်တော့်ကို ငေါက်တယ်ဆရာ။
ဒီတော့မှ သူ့ကို သတိရလိုက်တယ်။
**ဇာတ်ဆရာ** ဖြစ်နေတာကိုး။
ဆက်တိုက်ပါပဲ
သူက ခပ်သုတ်သုတ်ပြောတယ်။
**'ဆရာတင်မိုး ဆုံးသွားပြီ'** တဲ့။
ကျွန်တော့်နားထဲ မိုးကြိုးပစ်သွားတယ်။
"ဟာ ... ဟယ် ... အား ..."
အဲဒီလို ကျွန်တော်အံ့အားသင့်ပြီး
"ဗျာ ... ဗျာ ... "ဆိုတဲ့ စကားနှစ်လုံး
ကျွန်တော့်နှုတ်မှ ခုန်ထွက်သွားတယ်။
သူက ထပ်ပြီး စကားတစ်လုံးချင်း
အော်ပြောတယ်။
"ဆ ... ရာ ... တင် ... မိုး ... ဆုံး ... သွား ... ပြီ
လုပ်စရာရှိတာလုပ်"

လက်လှမ်းမီသမျှ ဆရာ့ရောင်းရင်းတွေဆီ
ကျွန်တော် ချက်ချင်း
ဖုန်းဆက်အကြောင်းကြားခဲ့တယ်။
အားလုံးဟာ ကျွန်တော့်လိုပဲ
'ရှော့ခ်'ဖြစ်ကုန်ကြတယ်။
"ဟယ်" ..."ဟာ" ... "အား"
တစ်ယောက်သောသူဆီကို
ကျွန်တော်အပြေးသွားပြီး
ပြောပြတော့ "တကယ်ဟုတ်ရဲ့လားတဲ့"
ဆရာဆုံးတာကို သူက မယုံနိုင်ဘူး။
မယုံချင်ဘူး၊ လက်မခံနိုင်ဘူး။
လက်မခံချင်ဘူး။
"အဖြေရခက်လိုက်တာ"လို့
ကျွန်တော် ညည်းလိုက်တော့
သူက ကျွန်တော့်လက်ကို
ဖမ်းဆွဲရင်း ပုံလျက်လဲကျကာ
ဟီးလေးတိုက် ငိုချပါတော့တယ်။
ကျွန်တော်လည်း
မျက်ရည်မထိန်းနိုင်ဘူး ဆရာ။
ကျွန်တော်တို့ဟာ
လူ့နှလုံးသားစစ်စစ်နဲ့
လူလုပ်နေကြတာကလား။


www.burmesesclassic.com

www.burmesesclassic.com


ဆရာ
"ဆရာအဝေးရောက်နေခိုက်
ကျွန်တော်ဟာ ဆရာ့ကိုယ်စား
ဆရာ့ကလေးတွေရဲ့မိဘပါ" လို့
ဆရာ့ကို ကျွန်တော်ပြောခဲ့တယ်။
ကတိပေးခဲ့တယ်ပေါ့။
ကျွန်တော့်ကတိကို ကျွန်တော်
တည်စေရမယ် ဆရာ။
အခြား အခြားသော ဆရာ့ရောင်းရင်း
တွေဟာ အခြေအနေမပေးလို့သာ
ကျွန်တော့်လို ကတိမပေးနိုင်ကြတာပါ
တကယ်တော့ သူတို့အားလုံးဟာ
ဆရာ့ကလေးတွေကို
သမီးများသဖွယ်၊ နှမများသဖွယ်
မလွဲသေချာ စောင့်ရှောက်ကြမှာပါ။
စိတ်သာချ ဆရာရေ ...။

ဆရာ
နိဂုံးချုပ်အနေနဲ့ ကျွန်တော် အမျှဝေပေါ့မယ်။
အထူး အာရုံပြုပါဆရာ။
"ကျွန်တော်၏
ဒါနကုသိုလ်၊ သီလကုသိုလ်၊
ဘာဝနာကုသိုလ်၊ နိုင်ငံရေးကုသိုလ် ...
အစရှိတဲ့ ကောင်းမှုကုသိုလ်
အစုစုတို့ကို
လူတွေချစ်ကြတဲ့
ဆရာဂျမ်း (ခေါ်) ဆရာတင်မိုး
မလွဲမသွေ
ရပါစေဟု
အမျှဝေလိုက်ပါသည်။
ခေါ်လေသာဓု
သာဓု ... သာဓု ... သာဓု ခေါ်စေသော်။ ။

**ဆရာ့ရောင်းရင်း**
**၂၉၊ ဇန်နဝါရီ၊ ၂၀၀၇**


www.burmesesclassic.com

www.burmesesclassic.com


သမိုင်းစာမျက်နှာမှ ဒဏ်ရာများ

“အရှုံးငပေါက်တွေကို ဒူးမထောက်ကြနဲ့ဟေ့”
ဆိုတဲ့ ကဗျာစာသားတွေဟာ
အာဏာရှင်တွေကို အမြစ်ဖြတ် တော်လှန်ဖို့
ကျနော့်အတွက် တကယ့် ‘အား’ တွေပါပဲ ဆရာကြီး။ ။

ဆရာကြီး ကောင်းရာသုဂတိလားပါစေ။

**ကိုကျော်နိုင် (မာတ်ပုံနဲ့ ဗွီဒီယို)**
**တောင်တွင်းကြီးမြို့။**
**၂၇၊ ဇန်နဝါရီ၊ ၂၀၀၇**

---

ဆရာ

ဆရာသေသွားတော့ ဆရာနဲ့အတူ ဒီမိုကရေစီတရားပွဲတွေ၊ မဲအောင်နိုင်ရေးတို့က ဆရာ ပြောခဲ့တဲ့ ဟောခဲ့တဲ့ တရားတွေဟာ အခုချိန်အထိ ကျွန်တော်တို့ ရေနံချောင်းသူ ရေနံချောင်းသား တွေရဲ့ရင်ထဲ အမြဲထာဝရ ကျန်ခဲ့ပါတယ်ဆရာ။ ။

အစဉ်ထာဝရ လေးစားနေဆဲ
**သာချို**
**ရေနံချောင်း**

---

ဆရာ
ဆရာကွယ်လွန်သွားပေမယ့်
ဒီနေ့မှာ ငှ နှင့် ပိတောက်ကြိုင်သည်
ဒီမေမှာ ‘စု’နှင့် ခမောက်နိုင်ပြီ ဆိုတာတို့
ပြည်သူတွေ မေ့နေကြမှာ မဟုတ်ပါဘူးဆရာ။ ။

အစဉ်လေးစားလျက်
**ခင်ဝင်း**
**ဘူးကျွန်းရွာ ရေနံချောင်းမြို့**
**၂၇၊ ဇန်နဝါရီ၊ ၂၀၀၇**


www.burmesesclassic.com

www.burmesesclassic.com


ဆရာ
ကဗျာတွေနဲ့
ပျော်နေခဲ့
ဆရာ့ကဗျာ
ဆရာ့စာသည်
မြန်မာရန့်
သင်းပျံ့မွှေးမြ
လှအကြွရှ။
မြန်မာကဗျာဆရာ
မြန်မာကိုချစ်လျက်
နှိပ်စက်သူ့ဒဏ်
မခံသာပေ
ဝေးမြေရပ်ခြား
ဆရာသွား၍
ဆုံးပါးခဲ့ပြီ။
ဆရာဆုံးလည်း
ဓားမသုဉ်းပါ
ဆရာ့ကဗျာ
ဆရာထံ၌
ပြည်ရွာအနှံ့
ခရီးပြန့်လျက်
သင်းပျံ့မြ။ ။

**ကိုသန်းအောင်**
**ရေနံချောင်း**

ပျားတို့သည်မချို
မှိုတို့သည် မပေါက်
ယာတို့သည် ခြောက်ကုန်၏။

ကန္တာရနှစ်များကို
ခွပ်ဒေါင်းမာန်နဲ့ ဖြတ်သန်းခဲ့တဲ့ဆရာ
ခေါင်းလောင်းသံချို
စမ်းရေလိုအေးတဲ့ အဂ္ဂဘုံမှာ
ဒီမိုကရေစီ အောင်မောင်းသံကို
နားစွင့်နှင့်ပါဆရာ။
နားစွင့်နှင့်ပါ ...

**ရာဇာနမောင်**
**တောင်တွင်းကြီး**


www.burmesesclassic.com

www.burmesesclassic.com


ဆရာ

လူချင်းမရင်းနှီးခဲ့ပေမယ့်
စိတ်ဓာတ်ချင်းက အတူပါ။ ။

**ထွေးမြင့်**
**၂၉၊ ဇန်နဝါရီ၊ ၂၀၀၇**

စိမ်းတဲ့မြေသို့ ပြန်လာခဲ့ပါဆရာ။ ။

**မောင်မျိုးသန့်**
**တောင်တွင်းကြီး**

ဆရာ့ရဲ့စာ၊ ကဗျာတွေ
လေလှိုင်းက ဆရာ့ရဲ့အသံတွေ
အားလုံးဟာ မြန်မာရနံ့တွေနဲ့ပါ။
မြန်မာဆိုတာ မဟုတ်မခံတဲ့လူမျိုး
ရည်မှန်းချက် ခံယူချက်ကို အသက်နဲ့လဲ
ကာကွယ်တတ်တဲ့ လူမျိုးပါ။
ဆရာဟာ တကယ့်မြန်မာစစ်စစ်ပါ။ ။

**ကျော်ဆွေ**
**တောင်တွင်းကြီး**
**၂၇၊ ဇန်နဝါရီ၊ ၂၀၀၇**

ကျွန်တော်တို့ရဲ့ ကဗျာသူရဲကောင်းကြီးကို
အမြဲတမ်းအမှတ်တရ ရှိနေကြလျက်
အထူးဝမ်းနည်းခြင်းများစွာနဲ့ ခွဲခွာခဲ့ပြီ။ ။

ဆရာကြီးရဲ့တပည့်
**တပ်ဦးလ**
**၂၇၊ ဇန်နဝါရီ၊ ၂၀၀၇**


www.burmesesclassic.com

ဆရာ ဆုံးပါးသွားပြီ ... တဲ့။
ရင်ထဲမှာ ဆို့နစ်ကြေကွဲတယ်ဆို နားလည်ခံစားလိုက်ရပါတယ်။
၉၀ ပြည့်နှစ်က ရေနံချောင်းမြေမှာ ထားခဲ့တဲ့ဆရာ့စကားတွေဟာ ...
ပြည်သူလူထုကို
အမှန်တရားကို
အနုသုခုမကို ...
ပီပီပြင်ပြင် ထင်ကျန်ခဲ့တာဟာ ...
ဆရာ့သမိုင်းထဲက မှတ်တိုင်အဖြစ်
မှတ်မိနေမှာပါ အမှန်ပါ။ ။

ဆရာ့ကို ရိုသေလေးစားစွာဖြင့်

**မြင့်ငွေ**
**ရေနံချောင်း**
**၂၇၊ ဇန်နဝါရီ၊ ၂၀၀၇**

---

ဆရာကြီးကိုဘဂျမ်း

ပညာကို တန်ဖိုးမထားတတ်တဲ့ စစ်အစိုးရကြောင့်
ပညာရှင်တစ်ယောက် တိုင်းတပါးမှာ ကွယ်လွန်ခဲ့ရခြင်း။
ကျန်ရစ်တဲ့အရိုးတောင် ကိုယ့်မြေမှာမထားရတဲ့ဘဝကို
ရင်နာမိတယ်။ ဝမ်းနည်းကြေကွဲရပါတယ်။
ဒါပေမယ့် ပြည်သူတွေရဲ့ နှလုံးအိမ်မှာတော့ ထာဝရမြှုပ်နှံထားပြီးခဲ့ပါပြီ။ ။

**ကိုအေးနိုင်**
**ဒဂုံမြို့သစ်**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**


www.burmesesclassic.com

www.burmesesclassic.com


သို့

ဆရာ ...
ကျွန်တော်တို့ ... ဆရာနဲ့ မသင်ခဲ့ မမြင်ခဲ့ဖူးပါဘူး။ သို့ပေမယ့် ဆရာ ...
မိုးရေတက်ရေ တဖွေးဖွေးကြားမှာ ကြီးပြင်းရှင်သန်လာခဲ့ကြတဲ့ ကျွန်တော်တို့နဲ့ဆရာ ...
ကွင်းကျယ်အဝေးဝေး ... လို ဝေး ... ဝေး ... မှာနေခဲ့ကြရလို့
လယ်စောင့်တဲကလေး ခြေတံရှည်သလို ... ကိုယ့်အိမ်ကိုယ်ပြန်ချင်တဲ့ဆရာ
လယ်စောင့်တဲကလေးရဲ့ ခြေတံလိုပဲ လည်တံတွေများ ရှည်ခဲ့လေရော့သလား ...။
မိုးကုပ်အောက်မှာနေ ... ဆိုလို့ ကျွန်တော်တို့အားလုံး တစ်မိုးတည်းအောက်မှာတော့ အတူတူရှိခဲ့ကြပါရဲ့။
သို့ပေမယ့် ကျွန်တော်တို့တိုင်းပြည်မှာ ကြာနီတစ်ပွင့် ဖြူတစ်ပွင့် ... တဲနဲ့ပန်တင့်နိုင်ဖို့
ကျွန်တော့်တို့ ... ဆက် ... ဆက် လုပ်ကြရဦးမယ်ဆရာ ...

ခံယူခဲ့သော ဆရာ့တပည့်တစ်ဦး

**နီမိုလှိုင် (ယမင်းလှိုင်)**
Member of NLD
**၂၉၊ ဇန်နဝါရီ၊ ၂၀၀၇**

---

ချစ်သောဆရာသို့

ဆရာဆုံးပြီ ဆိုတဲ့စကား
ရုတ်တရက်ကြားရတာ
လွမ်းစရာနဲ့ တုန်လှုပ်
အားငယ်ပြီး မလှုပ်ချင်ဘူး။
အလင်းမှ မရောက်သေးဘူး။
အိပ်မက်ဆိုး မက်သလိုပဲဆရာ ...။

လွမ်းလိုက်တာလွန်ပါရော။
မိုးလင်းမှ အမျှဝေမယ်နော်
သာဓုသာ ခေါ်ပါတော့ဆရာ ...။
မြကန်သာနှင့် ပန်းတင့်သည့်
ကြာပွင့်တော့ မဖြစ်သေးပါဆရာ။ ။

**ချစ်သောဆရာ**
**တပည့်တစ်ဦး**


www.burmesesclassic.com

www.burmesesclassic.com


ဘဘဂျမ်း

သဇင်ထိုက်ဆိုတဲ့နာမည် ဘဘပေးခဲ့တာပါ။
ဘဘပေးခဲ့သလို သဇင်လိုပဲ မြင့်မြင့်မားမားမှာ ရပ်တည်ပြီး
ထိုက်တန်တဲ့လူတစ်ယောက်ဖြစ်အောင် ကြိုးစားပါ့မယ်။
ဘဘဟာ နိုင်ငံအတွက် မြန်မာပြည်သူတွေအတွက် လူငယ်တွေအတွက် နှိုင်းဆမရတဲ့ ဆုံးရှုံးမှု ကြီးပါ။
သမီးတို့ တက်လူငယ်တွေအားလုံး ကြိုးစားကြရင် ဘဘလိုချင်တဲ့ဘဝ ရနိုင်မှာပါ။
ဘဘကို လွမ်းတယ်။ ဘဘ ဖုန်းပြောတဲ့အသံ ခုထိကြားယောင်မိတယ်။
သမီးတို့ရင်ထဲမှာ ဘဘဂျမ်းဆိုတာ ဘယ်တော့မှ ညှိုးနွမ်းခြင်းမရှိတဲ့ ရှင်သန်ခြင်းသစ်ပင်ပါပဲ။

**သဇင်ထိုက်**
**၂၉၊ ဇန်နဝါရီ၊ ၂၀၀၇**

---

အသက်အရွယ်မှာသာမက
ပညာအရာမှာပါ ... အစ်ကိုကြီးသဖွယ်ဖြစ်သော
အစ်ကိုကြီး ဆရာတင်မိုးကို
အစဉ်အမြဲ သတိရတမ်းတလျက်ပါ။ ။

**တက္ကသိုလ်ဘာသာပြန်ဌာန**
**လုပ်ဖော်ကိုင်ဖက်**
**၂၉၊ ဇန်နဝါရီ၊ ၂၀၀၇**

---

ဆရာတင်မိုးကို လွမ်းတယ်။ ။

**ဗိုလ်စတီး**
**ရွှေအိုး (၁)**
**မြို့ပတ်လမ်း**
**တောင်တွင်းကြီး။**


www.burmesesclassic.com

www.burmesesclassic.com


ဆရာဂျမ်းသို့ ကန်တော့ပန်း

ကဗျာကို ချစ်
စာကို ချစ်
တိုင်းပြည်ကို ချစ်
အမျိုးကို ချစ်တဲ့
ကျွန်တော်တို့ရဲ့
ဆရာဂျမ်း
အရမ်း အရမ်းနှမြောမိတယ်။
အရမ်း အရမ်းလည်း ဝမ်းနည်းမိတယ်။
... ... ... ... ... ...
... ... ... ... ... ...
... ... ... ... ... ...
ထို့ကြောင့်
ဆရာဂျမ်း ခင်ဗျား ...
ဦးထိပ်တင်မိုး
ရှိခိုးကန်တော့လိုက်ပါ၏
ကောင်းရာသုဂတိလားပါစေသော်ဝ်။ ။

**ကျော်ကျော်**
**၂၇၊ ဇန်နဝါရီ၊ ၂၀၀၇**

---

မြန်မာ့ စာဆိုကြီးအတွက်
ဝမ်းနည်းရပါတယ်။
လူသေပေမယ့် ကဗျာမသေ
အမြဲရှင်သန်နေပါဦးမယ်။ ။

**မောင်မောင်လှိုင်**
**အပ်စိုက်ကု**
**၂၉၊ ဇန်နဝါရီ၊ ၂၀၀၇**


www.burmesesclassic.com

www.burmesesclassic.com



လူသားသည်
လောက တစ်ယောက်တည်းမဟုတ်။
ဘဝမှာ တစ်ယောက်တည်းသာဖြစ်သည်။

လူသားသည်
အာကာသ၌ လွင့်မျောနေရသည်မဟုတ်။
ကာလ ဒေသ ပယောဂမှာ
(ဖြစ်/ပျက်) ရှင်သန်နေရသည်။ ။

**သိပ္ပံမောင်ကြည်**

ဧည့်သည်ကြီးသို့ ...
ကမ္ဘာမြေအနှံ့
ကဗျာခြေဆန့်လေတဲ့ သခင်စာဆို။

ဆေးလိပ်လည်းတို
နေလည်းညိုခဲ့ပြီတကား။

ဖန်မီးအိမ်
ဉာဏ်မီးတထိန်ထိန်နဲ့
မြူမှောင်တိမ် သူဖယ်ရှင်းလို့ရယ်
လင်းလိမ့်ဆပွား။ ။

**ဇော်နောင်**
**၂၉၊ ဇန်နဝါရီ၊ ၂၀၀၇**

ကဗျာဆရာကြီးဦးတင်မိုး
(အမျိုးသားစာဆိုကြီး)

ဆရာသည် အမိမြေ၌
ခေါင်းချလိုခဲ့သည်။
သူ့ဆန္ဒမပြည့်ဝခဲ့သယောင်
သို့သော် ...
ယခုအခါ သူ့၏ဝိညာဉ်သည်
မြန်ပြည်တခွင်၌ လွတ်လပ်ပျံသန်းခွင့်
ရခဲ့ပြီဆိုသည်ကို
၂၉၊ ၁၊ ၂၀၀၇ နေ့ သူ့ဆွမ်းကျွေးပွဲတွင်
အားလုံးမြင်တွေ့ရပြီတကား။ ။

**ခင်မြင့်**



www.burmesesclassic.com

www.burmesesclassic.com


'အာဇာနည်မျိုး သေရိုးမရှိ'
ဆရာ့စကား
နောင်ကာလကြာကြာ မမေ့နိုင်ပါ။
ကဗျာအာဇာနည်ဆရာ
မသေပါ ...
မပြီးဆုံးသေးတဲ့
ကျွန်တော်တို့တိုက်ပွဲမှာ
ဆရာ ... ကျွန်တော်တို့နှင့်အတူ
ရှိနေမှာပါ ...။

ဆရာ့ကို လွမ်းတဲ့

**ဖျာပုံနီလုံဦး**
**ဗဟန်း NLD**
**၂၉၊ ဇန်နဝါရီ၊ ၂၀၀၇**

ဆရာဂျမ်းက
လွမ်းလို့သေ
ကျွန်တော်တို့က
စွမ်းလို့ကြေ
ဘယ်တော့
လန်းလို့နေရမလဲ။ ။

**မိုးဦးဆွေညိန်း**
**၂၉၊ ဇန်နဝါရီ၊ ၂၀၀၇၊**

ကဗျာဆရာကြီး ဦးတင်မိုး ...
ကလောင်သံသည် မြန်မာနိုင်ငံ ဒီမိုကရေစီ အလင်းရောင်တောက်ပခဲ့တယ်။
ဘယ်တော့မှ မမေ့နိုင်ပါ။
ဦးတင်မိုး ကောင်းရာသုဂတိလားပါစေ။ ။

**စန်းစန်းမြင့်**
**ဒီ/ငြိမ်း ဗဟိုအမှုဆောင်**


www.burmesesclassic.com

www.burmesesclassic.com


ဦးတင်မိုးအတွက်ဆိုရင်
ငွေကြယ်တစ်ပွင့်ရယ် ကြွေရက်ကယ်စော လို့သာ ပြောချင်ပါတယ်။
ဒီမိုကရေစီနေ့ကို ဦးတင်မိုး ထင်မြင်ယောင်မိပါလိမ့်မယ်။ ။

**ဦးအောင်သိန်း**
**တရားရုံးချုပ်ရှေ့နေ**

---

ဖန်မီးအိမ် အလင်းနဲ့
စီးချင်းထိုးခဲ့
ဒီမိုကရေစီအရေး
တေးသီငှက်ပမာ
ညှော့သည့်ကြီး
ရပ်ကြီးဝေးလည်း
ညှော့ပြန်ခရီးကား
နီးနီးလေးသာ
လူတိုင်းရင်မှာ ... ...

**ထွန်းနိုင်နောင်**
**၂၉၊ ဇန်နဝါရီ၊ ၂၀၀၇**

---

ပညာရေး၊ စာပေနဲ့ တိုင်းပြည်အတွက် ထူးချွန်ပြောင်မြောက်ရိုးသားစွာ
စွန့်လွှတ်ရှက်ဆောင်သွားတဲ့ ဆရာဂျမ်းလို မျိုးဆက်သစ်တွေ
အများကြီးလိုပါသေးတယ်။

၉၈ က ဂျမ်းနဲ့ စွမ်းတို့နဲ့ တောင်သမန်ညနေချမ်းကို အမှတ်ရနေဆဲပါ။ ။

**ဘိုဘိုလန်းစင်**


www.burmesesclassic.com

www.burmesesclassic.com


ပြည်သူ့အပေါင်း ခမောက်ဆောင်း
တခေတ်ပြောင်းခြင်း ရင်တွင်းဆန္ဒ
မြင်စမ်းချင်သပ – မြင်နေချင်ရဲ့ဆို။

ငနဲ့ပိတောက် နွေမှာလှိုင်သည်
စုနဲ့ခမောက် မေမှာနိုင်မည်တဲ့။

"ခုတော့တစ်ယောက် မြေမှာ ယိုင်နဲ့ခဲ့ပြီ"

ဆေးလိပ်မတို၊ နေမညို
ဘယ်လိုဖြေဆည်ရပ့်။ ။

**လူလပ်ဆမ်**

ဆေးလိပ်လည်း မတို
နေလည်း မညို
အိမ်ကိုလည်း ပြန်လိုလျက်
ဆရာနှုတ်ဆက် လက်ပြသွားခဲ့ပြီ။ ။

နှမြောတသ၊ ကြေကွဲရခြင်းများစွာဖြင့် ...

**သန်းစိုးနိုင်**
**မှိုင်းမိသားစု**

ဆရာနဲ့ကျွန်တော်
ပင်းချောင်းတလျှောက်
အတူလျှောက်လို့
ခမောက်မှိုင်းမှိုင်း ဆောင်းဖူးတယ်။ ။

**နေထက်နိုင်**
**၂၉၊ ဇန်နဝါရီ၊ ၂၀၀၇**


www.burmesesclassic.com

ဆရာကိုတင်မိုးရေ
ဆရာ့ကို ဆရာ့ကဗျာများကို အဘွားအသက်ရှိသရွေ့ ရင်ထဲမှာ အမြဲရှိနေမှာပါ။ ။

ခင်မင်လေးစားလျက် ...
**ဒေါ်ခင်မေ**

---

အဘဦးတင်မိုး

အဘမိုးနဲ့ ကဗျာ
ကဗျာနဲ့ အဘမိုး
အမြဲထပ်တူရှိနေသလို
ပြည်သူရဲ့ အဘမိုး
အဘမိုးရဲ့ ပြည်သူ
အဘမိုးရဲ့ကဗျာတွေနဲ့အတူ
အမြဲ ထပ်တူရှိနေဦးမှာပါ ... ...

**ကျော်သီဟ**
**တော်တော့်မြေးကြီး**
**၂၆၊ ၁၊ ၂၀၀၇**

---

ဆရာမိုးရေ
နှင်းဆီပွင့်နီပေါ်မှာ အိပ်စက်ခြင်းကဗျာ အရင်တည်းက ကျွန်မဝတ္ထုလုံးချင်းတွေမှာ ထည့်ရေးမိပါတယ်။ ဒီတုန်းက ဆရာနဲ့ ကျွန်မ မတွေ့ရသေးဘူး။ နောက်ဟောပြောပွဲတွေမှာ အမြဲလိုလို ပွဲပေါင်းများစွာ ဆရာမြသန်းနှင့်အတူတကွ တရေတည်းသောက် တခရီးတည်းသွားခဲ့ကြတာတွေကို အလွမ်းပန်းတွေ ရင်ထဲစိုက်ပျိုးခဲ့ပြန်ပါပြီ။ ခု ကျွန်မရေးဆဲ လုံးချင်းဝတ္ထုသစ် 'နှင်းဆီများရဲ့ လေချွန်သံ' လုံးချင်းဝတ္ထုထဲ ဘယ်သို့ကဗျာ မွှေးမြမြအလှတွေကို ထည့်သွင်းရမလဲ။ စဉ်းစားနေမိပါတယ်။ ။

ကျွန်မတို့ ချစ်ပြီး ဆရာချစ်တဲ့ စာပေရဲဘော်
**ခင်ဆွေဦး**



www.burmesesclassic.com

www.burmesesclassic.com


ဆရာ
သိပ်အများကြီး မရေးချင်ပါဘူး ။
ကိုတင်မောင်ဝင်းဆိုတဲ့ ဆရာချစ်တဲ့ရဲဘော်ရဲ့ဇနီး
ခိုင်ဝတ်မှုန် ဆိုတဲ့ ဆရာချစ်တဲ့ တပည့်ရဲ့အမေ
ကျမ သိပ်ချစ်ခင်လေးစားတဲ့ဆရာ့ကို နှမြောမဆုံး ကြေကွဲမဆုံးပါ။ ။

ခင်မင်လေးစားစွာဖြင့်
**ခင်လိုင်ကြူ**
**၂၆၊ ၁၊ ၀၇**

---

ဆရာဂျမ်း
ဆေးလိပ်လည်းတို၊ နေလည်းညိုသွားပေမယ့်
ဘဝမှာ ဘယ်တော့မှမညိုတဲ့ အေးရိပ်သာယာကို ရောက်နေပြီလို့ ယူဆပါတယ်။ ။

**ကြည်ဦး**
**၂၆၊ ၁၊ ၀၇**

---

ဆရာ
အင်းစိန်ဂီတအိုင်မှာ ကျွန်မရဲ့ပထမဦးဆုံး ဟောပြောပွဲ … ဆရာနဲ့အတူလေ … လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်ကျော်ကျော်ကပေါ့။ တနေ့တုန်းကတောင် အဲဒီအကြောင်း ပြန်ပြောနေမိသေးတယ် ဆရာရယ် … ဆရာမောင်စွမ်းရည်ရယ်၊ မမဦးရယ်၊ ကျွန်မရယ်။ လေးယောက်လေ … အခုတော့ ဆရာက သွားနှင့်ပြီပေါ့ ။ … နေ့ခင်းတုန်းကတော့ ဆရာ့ကို သတိရရင်း ‘အလှကိုယ်စီ’ ကဗျာလေးကို ရွတ်မိတယ်။
ဒီလောကမှာ အလှတွေအများကြီးကို ဆရာထားခဲ့ပါတယ်။ ဆရာ … ကောင်းရာသုဂတိလားဖို့ ဆုတောင်းပေးစရာမလိုပါဘူး။ ကောင်းရာသုဂတိရောက်မှာ သေချာပါတယ်။ ။

အစဉ်သတိရလျက် …
**မစန္ဒာ**
**၂၄၊ ၁၊ ၀၇**


www.burmesesclassic.com

www.burmesesclassic.com


ဆရာမိုးရေ

ကဗျာတွေ အသံတွေ မကြားရတော့ဘူးနော်။ သင်္ခါရတရားတွေမို့ စိတ်ထဲက ဖြေပေမယ့် ဆရာမိုးလို လူတော်တစ်ယောက်ကို နှမြောလှတယ်။

အမြဲအမှတ်ရနေမယ့်

**မောင်နေဝင်း ဇနီး**
**၂၆၊ ၁၊ ဝ၇**

---

ဆရာဦးတင်မိုး

ဆရာဆုံးပြီ ဆိုတဲ့သတင်းကို နာရီပိုင်းအတွင်းမှာပဲ ကြားခွင့်ရခဲ့ပါတယ် ....

ကဗျာလောကရဲ့ အလင်းလက်ဆုံး တောက်ပဆုံး ကြယ်ကြီးတစ်ပွင့် ကြွေလွင့်သွားခဲ့ပါပြီ

ခင်မင်ရင်းနှီးစွာ လေးစားခဲ့ရသော ဆရာ့ရဲ့သက်မဲ့ရုပ်သွင်ကိုတောင် မြင်ခွင့်မရတဲ့အတွက် အလွန်ပဲ ဝမ်းနည်းမိပါတယ်။

**ဒေါ်ကလျာ**
**(ကလျာမဂ္ဂဇင်း)**
**၂၄၊ ၁၊ ၂၀၀၇**

---

ဆရာမိုး

ဆရာမိုး ကျွန်မတို့ ဆရာကြီးမင်းသုဝဏ်ဆီ လိုက်ပို့တာ ဘယ်တော့မှ မမေ့ပါဘူး။ ကျွန်မက ဆရာကြီးကို ကန်တော့တော့ ဆရာမိုးတို့နဲ့ ဝင်ကန်တော့ပြီး ကျွန်မနည်းတူ မျက်ရည်တွေ ဝဲလို့လေ။ အဲဒီနေ့ကစပြီး ဆရာကြီး ကွယ်လွန်တဲ့အထိ သားအဖတွေလို ချစ်ခင်ကြတယ် ဆရာရယ်။

**ခင်စောတင့်**
**၂၆၊ ၁၊ ဝ၇**


www.burmesesclassic.com

www.burmesesclassic.com


ချစ်သော ဂျမ်း

ကျွန်တော်တို့ မြန်မာကဗျာလောက
ကနေ့မျက်မှောက်ခေတ် ကဗျာဆရာတွေထဲမှာ
ဆရာဂျမ်းဟာ နံပါတ်တစ် ပဲ။

နိုင်ငံရေးစကား ဟောင်ဖွာဟောင်ဖွာမပြောဘဲ
နိုင်ငံရေးစိတ်ဓာတ်အပြည့်နဲ့
သတ္တိရှိရှိ လုပ်ကိုင်ဆောင်ရွက်သွားတဲ့ ကဗျာဆရာဟာလည်း
ဆရာဂျမ်းပဲ ဖြစ်ပါတယ်။

အနေအထိုင်ရိုးပြီး
မြန်မာစာပေ မြန်မာကဗျာနဲ့ပတ်သက်ပြီး
'အထိမခံ' စိတ်ဓာတ်ပြင်းထန်သူဟာလည်း
ဆရာဂျမ်းပဲဖြစ်ပါတယ်။

ဆရာ ကွယ်လွန်ခဲ့ရှာပြီ
သို့သော်
'တင်မိုး' ကားမသေ
မြန်မာပြည်သူတွေ ရင်ထဲ၌
ထာဝရ ဒီမိုကရေစီကြယ်နီ
သို့မဟုတ်
ကျွန်တော်ချစ်ခင်လေးစားရပါသော 'ဆရာတင်မိုး'

ကောင်းရာသို့လားပါစေ ... ...

လေးစားစွာ

**မောင်သွေးသစ်**

**၂၅၊ ၁၊ ၀၇**


www.burmesesclassic.com

ဆရာ
ကျွန်တော်တို့ရင်ထဲက ... ဆရာ
ကျွန်တော်တို့ နှလုံးသားထဲက ... ဆရာ
ကျွန်တော်တို့ဘဝထဲက ... စံပြဆရာ

ဆရာဆုံးပြီး နာရီဝက်အချိန်အတွင်း 'ကိုသူရ' ဖုန်းဆက်လို့ သိခဲ့ရပါတယ်။
သိခဲ့ပေမယ့် ... ကျွန်တော်တို့ ဘာတတ်နိုင်မည်နည်း
ကျွန်တော်တို့ ဘာလုပ်နိုင်ပါမည်နည်း

ကျွန်တော်ကတော့ အဲဒီနေ့မှာ ဆရာ့အား ရည်စူးပြီး နာရေးလမ်းကြောင်း ၃ ကြောင်း မောင်းပစ်လိုက်တယ် ဆရာ ...

ဆရာတစ်ယောက် ကောင်းမြတ်သော ဘုံဘဝမှ မြန်မာပြည်သူလူထုကို စောင့်ရှောက်နိုင်ပါစေလို့ ... ...

**ကျော်သူ + ရွှေဇီးကွက်**
၂၅၊ ၁၊ ၂၀၀၇
11:15 AM

---

ကျွန်မတို့အားလုံး
ချစ်ခင်မြတ်နိုးရတဲ့
ဂုဏ်ယူလေးစားရတဲ့
မြေပြင်ပေါ်က နှလုံးသား ကြယ်ပွင့်ကြီးတစ်ပွင့်
ကောင်းကင်ကို မြင့်တက်သွားတယ် ...
သတိရ ... လွမ်းဆွတ်စိတ်နဲ့
အမြဲ မော့ကြည့်နေပါ့မယ် ဆရာ ... ...

**သန်းမြင့်အောင်**
၂၅၊ ၁၊၂၀၀၇
11:15AM


www.burmesesclassic.com

www.burmesesclassic.com


ဖန်မီးအိမ်ဟာ
မိမိအတွက်
ဘယ်တော့မှ မငြိမ်းသော အလင်းတစ်ပွင့်။ ။

ဆရာ့တပည့်
**မိချမ်းဝေ**
**၂၅၊ ၁၊ ၀၇**

---

ဆရာဂျမ်း

ဆရာနဲ့အတူ ကျွန်တော်တို့တတွေ အတူထိုင်ကြ
စာပေစကားတွေ တဝကြီးပြောကြ ... တစ်ဆိုင်ထိုင်လို့
ညောင်းရင် ... နောက်ဆိုင် ပြောင်းထိုင်ကြခဲ့။

ဆရာ့အတိတ်၊ ဆရာ့အရိပ်၊ ဆရာ့အသံ
ဆရာ့စာ၊ ဆရာ့ကဗျာ ... ကျွန်တော်တို့ရင်ထဲ
အစဉ်အမြဲ ပဲ့တင်ရိုက်ဟည်းနေမှာပါ ဆရာ ... ...

နှမြောတသစွာ ချစ်ခင်စွာ ရိုသေစွာဖြင့်

**ကြည်နိုင်**
**၂၅၊ ၁၊ ၀၇**

---

အလှရှာဖွေတတ်တဲ့ဆရာ
ကမ္ဘာတည်တဲ့ထိ လှနေမှာပါ။ ။

**ကိုချစ်**
**၂၅၊ ၁၊ ၀၇**


www.burmesesclassic.com

www.burmesesclassic.com


မန်းတက္ကသိုလ်အရိပ်၊
လူထုအရိပ်မှာ အတူခိုလှုံခဲ့ကြပြီး
ရွှေပြည်တော်သစ်ဆီ ချီတက်ရာလမ်းကို အတူလျှောက်လှမ်းခဲ့ကြရာက၊ ရုတ်တရက် ရွှေပြည်တော်သစ်ဆီ ရောက်လုနီးမှာ ကွယ်လွန်ခဲ့ရတဲ့ ရဲဘော်တစ်ယောက်မို့ ယူကျုံးမရ ဖြစ်ရတယ်။

**လူထုစိန်ဝင်း**
**၂၆၊ ၁၊ ၂၀၀၇**

---

ဆရာမိုး

ကောင်းသောမျိုးစေ့ကို ကမ္ဘာ့မြေပေါ် ပျိုးကြဲခဲ့တဲ့ဆရာတစ်ယောက်
ကောင်းသော မွန်မြတ်သော နေရာတစ်ခုမှာ
ထာဝရပျော်ရွှင်နိုင်ပါစေ ... ...

**ရွှယ်ဂျာ**
**၂၆၊ ၁၊ ၀၇**

---

ဆရာကြီးဦးတင်မိုး

ရေခြားမြေခြားရောက်နေပေမယ့် ဆရာကြီးတတ်တဲ့အနုပညာနဲ့ လေလှိုင်းမှတဆင့် ကမ္ဘာသိအောင် ဆောင်ရွက်ပေးခဲ့တဲ့အတွက် ကျေးဇူးတင်လျက်ပါ။ ။

**ဒေဝီသန့်စင်**
**၂၆၊ ၁၊ ၂၀၀၇**


www.burmesesclassic.com

www.burmesesclassic.com


ဆေးလိပ်မတို
နေမညိုဘဲ
ဘယ်ကို ပြန်သွားတာလဲဆရာ။

ချိန်မတန်ဘဲ
အိမ်ပြန်ခဲ့တော့
လွမ်းပွဲကြော်ကွဲ ဖြေမဆည်
အမေ့ကျောင်းက
ခေါင်းလောင်းသံများ
နားမှာအစဉ် ကြားနေဆဲ။ ။

**ညီညီနိုင် (စာရေးဆရာ)**
**၂၉၊ ၁၊ ၀၇**

ဆရာဦးတင်မိုး

ဆရာ့ရဲ့ကဗျာတစ်ပုဒ်ကို ဆရာဆုံးသွားပြီး နောက်ရက်မှာ ဖတ်ရတဲ့အတွက် ဝမ်းသာဝမ်းနည်း ဖြစ်ခဲ့ရပါတယ်။

ဆရာရေးထားတဲ့ ဘဘမှိုင်းအတွက် ရေးပေးတဲ့ကဗျာလေးကို အမြဲအမှတ်ရနေမှာပါ။

နောင်ဘဝကျရင် ဆရာ့ရဲ့တပည့်ဖြစ်ရပါစေလို့ ... ...

ဆရာ ကောင်းရာသုဂတိလားပါစေ။

**ဖြိုးဆုမွန်**
26.1.07

ဆရာတင်မိုး

ကောင်းရာ သုဂတိလားပါစေ။ ။

**ဝင်းနိုင်**


www.burmesesclassic.com

ဆရာ

မီးစက်သံတွေ ဆူပွက်နေတဲ့ကြားက ဆရာ့သတင်းဆိုး ပျံ့လွင့်နေတဲ့ ဆရာ့ရဲ့ရန်ကုန်လေနုအေးတွေက ဖန်မီးအိမ် ငွေရတုဆင်နွှဲခဲ့ရာ အိမ်ဂေဟာလေးကို တဝုန်းဝုန်း ရိုက်ခတ်နေပါတော့တယ်။

ငယ်ငယ်က လီနင်နဲ့တွေ့ခဲ့ပြီး အရွယ်ထောက်လာတော့ လင်ကွန်းနဲ့တွေ့ချင်တယ်လို့ ပြောခဲ့ပေမယ့် ...

ဆရာဟာ ... ကျွန်တော်တို့ကို ဦးဆောင်ခဲ့တဲ့ ကျွန်တော်တို့ရှေ့က ဖလ်မီးအိမ်တစ်စင်းအဖြစ် အစဉ်ထာဝရ ထွန်းတောက်နေမယ်လို့ (လုံး၀) ယုံကြည်မျှော်ရည်နေလျက် ... ...

ကြေကွဲစွာဖြင့်
**ခင်မောင်ဇော်**
26.1.07

---

ဆရာဦးတင်မိုး

၃၊ ၁၁၊ ၉၅ နေ့က ဆရာရေးခဲ့တဲ့ 'အချစ်အိမ်' ဆိုတဲ့ ကဗျာလေးနဲ့ ကျမတို့နှစ်ယောက်ရဲ့ ဘ၀ကို စခဲ့ပါတယ်။

၂၈၊ ၁၊ ၉၆ နေ့က မင်္ဂလာဆွမ်းကျွေးပွဲမှာ ဆရာနဲ့ဆရာစွမ်းတို့ အတူလာပြီး ချီးမြှင့်အားပေးခဲ့တယ်။

ကျမဘ၀ရဲ့ အထိမ်းအမှတ်တစ်ခုမှာ အရမ်းကို ဂုဏ်ယူစရာပါပဲ။ တစ်သက်လုံး အမှတ်ရနေမှာပါ ဆရာ။

အစဉ်အမြဲ ရိုသေချစ်မြတ်နိုးလျက် ... ...

**ဆွေဆွေထွန်း** **အောင်ကျော်ဆန်း**
**၂၅ ဇန်နဝါရီ ၀၇**

www.burmesesclassic.com

www.burmesesclassic.com


ဆရာဦးတင်မိုး
မြင့်မြတ်သောဘုံဘဝမှာ ပျော်ရွှင်နိုင်ပါစေ။ ။

ရှိသေလေးစားစွာဖြင့်
**နော်စမ်းစမ်းနွယ်**
Whiz-Kids

ဆရာဦးတင်မိုး
ကောင်းရာသုဂတိလားပါစေ။ ။

ရှိသေလေးစားစွာဖြင့်
**ဟေမာခင်**

ဆရာတင်မိုး ကွယ်လွန်ခြင်းဟာ
စာပေလောကအတွက်ရော
တိုင်းပြည်အတွက်ပါ
ဆုံးရှုံးမှုပါပဲ။
အစားထိုး မရနိုင်သူပါ။ ။

နမြောတသလျက်
**လှရွှေ**
**ဒေါ်ခင်မာအေး**

မိသားစုနဲ့ထပ်တူ ခံစားမိပါတယ်။ ။
**မဒုံ**
**၂၉၊ ၁၊ ၀၇**


www.burmesesclassic.com

www.burmesesclassic.com


ဂျမ်း

မင်းကွာ ...

ဖြစ်မှ ဖြစ်ရပလေ ...

မင်းနဲ့ငါ ဒေါ်ဒေါ်မွေးနေ့ (Nov 29, 2006) မတိုင်ခင် တရက်က တယ်လီဖုန်းထဲမှာ တွေ့ရသေး။ မင်းရယ်၊ စွမ်း(ဝေကံ) ရယ်၊ အုပ်ကြီး (ဝင်းဖေ) ရယ်လေ။ အဲဒီတုန်းက အုပ်ကြီးက ငါ ခုပန်းချီဆွဲနေတယ်ဆိုတော့ သူမရှိလို့ ပန်းချီဆွဲရဲတာပေ့ါလေလို့ ပြောသေး။ မင်းကတော့ ငါ့ကိုလာခဲ့ဖို့ ခေါ်တယ်။ ငါက ကြောက်တယ်ကွာဆိုတော့ ... မင်းက ဘာကြောက်စရာရှိလဲ။ ငါရှိတာပဲကွလို့ ပြောတယ်။ ဒီတော့မှ ငါက အေး ငါကြောက်တာက မင်းလို မြန်မာပြည်ပြန်မလာရမှာ ကြောက်တာကွဆိုတော့ မင်းဘာပြောရမှန်းမသိတော့ဘူး။ ငါသိတယ်၊ မင်းမြန်မာပြည်ကို သိပ်ချစ်တယ်။ သိပ်ပြန်ချင်တယ်ဆိုတာကို။ ခုတော့ မြန်မာပြည် ပြန်မလာနိုင်တော့ဘဲ၊ မင်းဆုံးပေ့ါ။

မင်းဆုံးပြီဆိုတဲ့သတင်းကို မင်းဆုံးတဲ့မနက်မှာပဲ အမေရိကန်ရောက်နေတဲ့ နေထွတ်က ဖုန်းဆက်လို့ ငါသိရတယ်။ မင်းသမီး မိုးစံဆီကို ဖုန်းဆက်တော့ သူတို့လည်း သတင်းကြားရပြီ။ အင်းစိန်အိမ်ကိုသွားတယ်ဆိုတော့ ငါလည်း မောင်သာနိုးတို့ မောင်သိန်းနိုင်တို့ ခင်မောင်ဝင်းတို့ဆီကို အကြောင်းကြား။ ပြီးတော့ မင်းရဲ့တပည့် နိုင်ကြီးဆီကို ဖုန်းဆက်၊ မင်းရဲ့အင်းစိန်အိမ် လိုက်ပို့ခိုင်းရပါတယ်။ ကားပေါ်မှာပါလာတဲ့သူ မင်းရဲ့မိတ်ဆွေ သူငယ်ချင်းပါပဲလေ။ ဆရာဆောင်ရဲ့သား တဲ့ကွ။ သူ့သားက ပြောမှ ဆရာဆောင်က ဘုန်းကြီးဝတ်နေတာတဲ့။ ၂ ဝါတောင်ရှိပြီတဲ့။ ထားပါ။ အင်းစိန်အိမ်ရောက်တော့ မိုးစံ၊ မိုးအေးတို့နဲ့ တွေ့ရတယ်။ ကလေးတွေလည်း ငါ့တွေ့တော့ ငို ၊ ငါလည်း ငိုပေ့ါကွာ။ ငိုလို့မဝသေးဘူး ... ဘုန်းကြီးကြွလာလို့ တို့ သက်ပျောက်ဆွမ်း ကပ်ကြပါတယ်။ ရက်လည်ဆွမ်းကိုတော့ ၂၆ ရက် တနင်္လာနေ့မှာ လုပ်ကြမယ်လို့ စီစဉ်ပါတယ်။ သတင်းစာထဲမှာ ထည့်ကြည့်ဖို့ စီစဉ်ကြပါတယ်။ (နောက်နေ့ရောက်တော့ မပါဘူးကွ)။ အဲ ... သတင်းဌာနတွေက ငါ့ဆီကို ဖုန်းဆက်ပြီး မင်းအကြောင်းပြောဖို့ မေးကြပါတယ်။ ငါဘာပြောရမှာလဲ ဟင်။

မင်း မြန်မာပြည်ရဲ့ အထူးချွန်ဆုံးကဗျာဆရာကြီးတစ်ယောက် ဖြစ်တဲ့အကြောင်းလား။ မလိုဘူးထင်ပါရဲ့ကွာ၊ အားလုံး သိပြီးသားပဲ။ မင်းဟာ အနုပညာသမားစစ်စစ်ကြီး ဖြစ်ပါရက်နှင့် တိုင်းပြည်ရဲ့ အရေးဆိုရင် မနေဘူး။ ရှေ့ဆုံးက ပါတယ်။ မင်းတို့ဆရာကို စာရင်းတို့သာထားလိုက်ပါတော့ဆိုတဲ့ ဆရာမှိုင်း၊ သပြေညိုရွှေဘိုပန်းရယ်က လန်းလျက်ပါကို ဆိုတဲ့ ဆရာဝန် ( ဆရာကြီးမင်းသုဝဏ်) လိုပါပဲကွာ။ မင်းတို့ဆရာတပည့် မြေးအဘိုး သုံးယောက်ကတော့ စံနမူနာတင်လောက်တဲ့ ပုဂ္ဂိုလ်တွေပါပဲ။

ဂျမ်း တို့ဆုံခဲ့ကြတာက ၁၉၅၆ ခုနှစ်ဆိုတော့ မနှစ်ကပဲ နှစ် ၅၀ ပြည့်ခဲ့ပေ့ါကွာ။ ငါတို့အတူ လုပ်ခဲ့ကြတဲ့ ငါတို့အတူလျှောက်ခဲ့ကြတဲ့ ခရီးရှည် နှစ် ၅၀ ကာလကြီးအကြောင်း ပြောမယ်ဆိုရင် သိပ်ထူတဲ့စာအုပ်ကြီးတစ်အုပ် ဖြစ်သွားနိုင်တာပေ့ါနော်။ တို့စုပြီး မန်းတက္ကသိုလ်ကလောင်ရှင်အသင်းက ထုတ်ခဲ့ကြတဲ့ ဖန်မီးအိမ်ကဗျာစာအုပ်ကလေးက စရမှာလား။ ကန်မြနန်းမြင့်နွယ်က တင်မိုးဖြစ်လာခဲ့ကြတာလေး ဖန်မီးအိမ်ကို ကက်နက်ဘစိန်ရဲ့ အင်္ဂလိပ်ဘာသာပြန်စာအုပ်ကိုတော့ ငါရဲ့မိုးဦးနိုးစာပေ


www.burmesesclassic.com

www.burmesesclassic.com


တိုက်က ထုတ်ခဲ့တာ။ အဖုံးကို ပေါ်ဦးသက်က ဆွဲပေးတာ။ အနီရယ်၊ အနက်ရယ်၊ ရွှေရယ်၊ အဖြူရယ် အဖုံးလေးနဲ့ ကြာပေါ့ကွာ။ မင်းအိမ်မှာများ အဲဒီစာအုပ် ရှိသေးရဲ့လားမသိ။

မင်းမရှိတော့တဲ့ မရှိဘူးဆိုတာ မင်း အမေရိကန်ရောက်သွားတဲ့အချိန် မင်းရဲ့မွေးနေ့မှာ ငါတို့ သုံးယောက် မောင်သိန်းနိုင်၊ ဝေက်နဲ့ငါ မင်းရဲ့သမီးတွေ အိမ်သွားဖြစ်တယ်။ မင်းကွယ်ရာမှာ မင်းသတင်းတွေ ပြောလိုက်ကြတာကွာ။ သိပ်ပျော်စရာကောင်းတာပဲ။ ငါတို့သုံးယောက် မင်းအတင်းတွေချကြတော့ မင်းသမီးတွေက ရယ်ရလွန်းလို့ မျက်ရည်တောင် ကျတယ်ကွ။ အဲဒီအချိန်မှာ ငါ့မိန်းမ အမာက မရှိတော့ဘူးကွ။ ငါနှင့်အမာ လက်ထပ်တုန်းက မင်းတို့တတွေ အတူရှိခဲ့ကြတာလေ။ အမာကလည်း မင်းရဲ့သူငယ်ချင်းပါပဲ။ အမာက သင်္ဘောသားပစ္စည်းတွေကို ဗိုလ်ချုပ်ဈေးသစ်မှာ ရောင်းတုန်းက မြန်မာသင်္ဘောသားတွေ ဂျပန်အမှိုက်ပုံက ကောက်လာပုံရတဲ့ ရောင်စုံ ရုပ်မြင်သံကြား (တီဗီ) ၂ လုံးကို ဈေးတော်တယ် ဆိုပြီး မောင်သာနိုးတစ်လုံး မင်းတစ်လုံး ဝယ်ခိုင်းတယ်။ အဲဒီတုန်းက မောင်သာနိုးက အိမ်ထောင်မကျသေးဘူးကွ။ ငါမှတ်မိသေးတယ်ကွာ။ မင်းကလေ တီဗီရတော့ ရွာ(ကန်မြဲဇဂျမ်း)က အမျိုးတွေကို ကြွားတယ်လေ။ မင်းမှာ အခု တီဗီရှိပြီ လို့။ ဒီတော့ ရွာက အမျိုးတွေက ပြန်ပြောတယ်။ တီဘီရှိမှာပေါ့၊ ဒီလောက် ဆေးလိပ်သောက်တဲ့ လူဆိုတာလေ။ တို့တတွေ အဲဒီလို မင်းအတင်းတွေ ပြောကြတာ။ မြင့်မြင့်စန်းဆုံးတော့ ငါက အထဲမှာကွ။ အဲဒီတော့ အမာက သွားရတာပေါ့ကွာ။ အမာက မင်းအကြောင်း အမြဲပြောတယ်ကွ။ မြင့်မြင့်စန်းရဲ့ရုပ်ကလာပ်ကို နောက်ဆုံးကန်တော့ကြတော့ မင်းကလည်း ကလေးတွေနဲ့ အတူ ရောကန်တော့တာ တဲ့။ တကယ်တမ်းကျတော့ မြင့်မြင့်စန်းကို မင်းကန်တော့ထိုက်ပါတယ်ကွာ။ မြင့်မြင့်စန်းလက်ထဲကျမှ မင်း ပေတူးစုတ်ပြတ်နေတာ အထိုက်အလျောက် သန့်သန့်ရှင်းရှင်း နေထိုင်တတ်လာတာ။ နောက်တစ်ခု အမာပြောတာရှိသေးတယ်ကွ။ အမာကတော့ မင်း အကြောင်း အားလုံးသိပြီးသားလေ။ တို့နှစ်ယောက် နှစ်ယောက်ထိုင် ဆက်တင်ပေါ်မှာ ထိုင် စကားပြောနေတုန်းလည်း မင်းက အိပ်သွားတဲ့သူလေ။ တစ်နေ့တော့ အမာက ဘူးဘူး (ငါ့ သားအငယ်ဆုံးကောင်) ဘွဲ့ယူလို့ ဘွဲ့နှင်းသဘင် သွားတက်သတဲ့။ အဲဒီအချိန်မှာ ခပ်လှမ်းလှမ်းမှာ ထိုင်နေတဲ့ မိန်းကလေး၂ ယောက်ကို ကိုဘဂျမ်းသမီးတွေနှင့် တူလိုက်တာ ဆိုပြီးကြည့်နေတုန်း အဲဒီမိန်းကလေးတစ်ယောက်က ဘွဲ့နှင်းသဘင်မှာ အိပ်သွားတော့ ဒါဆိုရင်တော့ ကိုဘဂျမ်းသမီးဆိုတာ သေချာသွားပြီလို့ ပြောတာလေ။ အဲဒီလို မင်း အကြောင်း အတင်းပြောကြတာ။

ဒေါ်ဒေါ် (လူထုဒေါ်အမာ) ရဲ့မွေးနေ့တိုင်း တို့တတွေ ဆုံကြတယ်လေ။ ဂျမ်းရယ်၊ ကြည်အောင်ရယ် ဝေက်ရယ်(မောင်စွမ်းရည်) ငါရယ်ပေါ့။ တို့လေးယောက်ဆုံတိုင်း တစ်ယောက်နဲ့ တစ်ယောက် ဖက်လိုက် ဆဲလိုက် ထိပ်ပုတ်လိုက် ခေါင်းရိုက်လိုက် လုပ်တာကို ဒီနေ့ခေတ်လူငယ်တွေ မြင်ရတော့ သူတို့ကပြောကြတယ်။ မင်းကို "ဆရာတို့ကြည့်ရတာ ကြည်နူးလိုက်တာဗျာ။ တကယ့်ကို ကလေးတွေ ကျနေတာပဲ" လို့ ဆိုတော့ မင်းက "အေး ... ဟုတ်တယ်။ ငါတို့က ဘယ်တော့မှ မကြီးသွားကြဘူးကွ။ မင်းတို့ကသာ ကြီးသွားကြတာ" လို့ ပြောခဲ့တာလေ။


www.burmesesclassic.com

ခုတော့ ဘယ်တော့မှမကြီးတဲ့မင်းက ဆုံးပြီ ...။

သတင်းဌာနတွေက ငါ့ကို တစ်ခုခုပြောပါဆိုတော့ ငါ မင်းရဲ့ ညှော့သည်ကြီးကဗျာလေးကိုပဲ ရွတ်လိုက်ပါတယ်။

ဆေးလိပ်လည်းတို

နေလည်းညိုပြီ

ငါ့ကို ပြန်ပို့ကြပါလေ ဆိုတဲ့ ကဗျာလေ။

မင်းပြန်ချင်တဲ့ မြန်မာပြည်ကို မင်းပြန်မရောက်လာနိုင်တော့ပါလားကွာ။

ဒါပေမယ့် မင်းရဲ့ကဗျာစိတ်ဓာတ် ကဗျာဝိညာဉ် အမျိုးသားရေးစိတ်ဓာတ်ကတော့ မြန်မာပြည်အနှံ့ ရာသက်ပန် လွှမ်းခြုံနေမှာပါ သူငယ်ချင်း။ ။

မင်းရဲ့သူငယ်ချင်း

**မင်းအမြဲခေါ်တဲ့ မောင်စိန်ဆိုတဲ့ မောင်မိုးသူ**
**၂၆၊ ၁၊ ၀၇**

---

Dear U Tin Moe,

It was a wonderful occasion to meet you in Brussels, when you just arrived in Europe.

Unfortunately I did not have the opportunity to meet you again.

I am still looking forward through to read more of your writing.

Yours sincerely,
T. Kramer
29.01.07

---

ဆရာဂျမ်း
အမြဲသတိရနေပါတယ်။ ။

**အန်တီမြိုင်**



www.burmesesclassic.com

www.burmesesclassic.com


ဘဘဦးတင်မိုး

မမျှော်လင့်ဘဲနှင့် ရုတ်တရက်ကြီးဆုံးပြီလို့ ကြားတော့ ယုံတောင်မယုံမိဘူး။
ချင်းမိုင်မှာ ဘဘအကြာကြီးနေခဲ့ပြီး စကားတွေလည်း အများကြီးပြောခဲ့တယ်။
ဘဘနဲ့တွေ့တာ နောက်ဆုံးဖြစ်နေတယ်။ ။

**ပန်းသီး**
**၂၉၊ ၀၁၊ ၀၇**

---

ဆရာဂျမ်း

အင်းစိန် ဟီးနိုးဂိတ် One Tea လက်ဖက်ရည်ဆိုင်က ညနေပိုင်းလေးတွေကို သတိရမိတယ် ဆရာဂျမ်းရယ်။ ။

**ကိုမြင့်ဆွေ**
**အင်းစိန်**

---

ဆရာကြီးဦးတင်မိုး

အဘ လေ့ခွက်ကြီးကျန် အလံမလဲဘဲ
အသက်ရှိနေသမျှ ခေါင်းငုံ့မခံဘဲ
မလျှော့သောဇွဲနဲ့ မိစ္ဆာဒိဋ္ဌိတို့ကို တိုက်ပွဲဝင်မည်ဟု သန္နိဋ္ဌာန်ပြုပါသည်။ ။

Robert


www.burmesesclassic.com

www.burmesesclassic.com


ဆရာဦးတင်မိုး

ဆရာနိုင်ငံခြားကို မထွက်ခွာခင်တစ်ပတ်က ဆရာနဲ့ ကျွန်တော်ဆုံခဲ့ကြတယ်။
ဆရာတို့ ထိုင်နေကျခြံကြီးထဲက လက်ဖက်ရည်ဆိုင်မှာ နှုတ်ဆက်လက်ဖက်ရည် ဆရာတိုက်ခဲ့တယ်။ အဲဒါ အပြီးအပိုင် နှုတ်ဆက်သွားခဲ့တာဆိုတာ အခုမှ သိရတော့တယ်။ အဲဒီနေ့က ဆရာကျွန်တော့်ကို ခေါ်ခဲ့တာ အခုထိ နားထဲမှာ ကြားယောင်နေတုန်းပါ။
"ကောင်လေး ... နင် အားလား" တဲ့။ အားပါတယ်ဆိုတော့ "အားရင် လက်ဖက်ရည်ဆိုင်သွားရအောင်" တဲ့။ အဲဒါ ဆရာနဲ့နောက်ဆုံး ဆုံခဲ့တာပါပဲ။
ဒါပေမယ့် ကျွန်တော်တို့ ရင်ထဲမှာ ဆရာအမြဲရှိနေမှာပါ။
ထို့အတူပဲ ဆရာကဗျာတွေ အမြဲရှင်သန်နေမှာပါ။

အောင်ပွဲဆင် ပန်းဝင်တဲ့နေ့တွေအထိပေါ့။ ။

ဆရာ ကောင်းရာသုဂတိရောက်ပါစေ။

**ကိုဇော်မင်းကျော် + မခင်လေး**
NLD Youth

---

ဆရာတင်မိုး

ငှားမရ
ဝယ်မရ
အစားထိုးမရသည်မှာ ကဗျာဆရာ့နှလုံးသား
ဤနှလုံးသားပိုင်ရှင် ဆရာ့အား ရိုသေစွာ ဂါရဝပြုပါ၏။ ။

**စောညိုဝေ**
**ရွှေပြည်သာ**


www.burmesesclassic.com

www.burmesesclassic.com


ဆရာတင်မိုး

ရိုးသားတဲ့ တိုင်းပြည်နဲ့လူမျိုးကိုချစ်တဲ့ အမေကိုမြတ်နိုးတဲ့ ဆရာ
တိုင်းပြည်နဲ့လူမျိုးအတွက် အစားထိုးလို့မရတဲ့ ဆုံးရှုံးမှုပါ။ ။

ရိုသေလေးစားစွာဖြင့် ...
**ကိုဝ**
**၂၉၊ ၁၊ ၀၇**

---

ငယ်ငယ်လေးကတည်းက
ရင်းနှီးခင်မင်ခဲ့ရတဲ့ ဦးဦးတင်မိုး
ဦးဦးတင်မိုးရဲ့ အနာဂတ်သမိုင်းဟာ အစဉ်လှနေမှာပါ။ ။

**အုံ့ဘွယ်ကျော်**
**၂၉၊ ၁၊ ၂၀၀၇**

---

ကလောင်ကိုင်လျက်
ကဗျာလက်နဲ့
ဆက်လက်တော်လှန်
အောင်ပွဲခံထိ
မာန်ဦးမကျ
ဦးညွှတ်ကြလော့
မှချပန်းတိုင်ရောက်ရမည်။

ဆရာ့ကိုလေးစားချစ်ခင်သော ... ...
**ကဗျာဆရာ ကိုရွှေအောင်သင်း**
**၂၉၊ ၁၊ ၀၇**


www.burmesesclassic.com

www.burmesesclassic.com


အတ္တာနဲ့ပိတ်ပိတ်မှောင်တဲ့
လူ့ဘောင်အမည်တပ် နှောင်အိမ်မှာ
ဖန်မီးအိမ်မေတ္တာအလင်းနဲ့
မျှော်လင့်ခြင်းကဗျာတွေ
ပေးဝေခဲ့တဲ့ဆရာ ...

လှေတစ်စင်းနဲ့
သီချင်းဆီ ခရီးဆန့်ရင်း
လွင့်ပျံလာတဲ့ဆရာ့တေး
ဘယ်လောက်ဝေးပေမယ့်
နံဘေးမှာ ဆရာရှိသလို
ကြားခါတိုင်း အားရှိစေတဲ့ဆရာ ...

ခုတော့
ဆေးလိပ်မတို နေမညိုပါပဲ
ကျွန်တော်တို့ကို ခွဲတော့
အမှောင်တကာ့ အမှောင်ထဲမှာ ...
ဝမ်းနည်းအားငယ် ကျန်ရစ်ရင်း
ချစ်တဲ့ဆရာရဲ့
ကဗျာအမွေများနဲ့ပဲ
အားခဲ ခရီးဆက်ရဦးမယ်ဆရာရေ ...

**မောင်လွင်မွန် ( ကသာ )**

---

စိန်ပေဒါကို မြတ်နိုး
ခင်မောင်ရင်ကို နှစ်ခြိုက်
မြို့မကို တွယ်တာ
ကိုစောညိမ်းကို သဘောကျ
တသသ တေးတွေကို တလေးတစားသီဆို
နေ့စဉ်နဲ့အမျှ
သီချင်းတအေးအေး
ကဗျာရေးခဲ့တဲ့ဆရာ။

အဖိုးတန်တဲ့ လူသားတွေကို
ကြမ္မာရဟတ် အဆုံးသတ်တိုင်း
ကဗျာတွေစပ်
ကမ္ဘည်းတပ်လို့
ဂုဏ်ပြုဖို့ မလစ်လပ်ခဲ့တဲ့ဆရာ။

ဆရာ့ကို ဂုဏ်ပြုဖို့တော့
ကျွန်တော့မှာ အဆင့်မီတဲ့စာသား
တပိုင်းတစတောင် ရှာလို့မရတော့ပါ။

တမလွန်မှာ
ဂီတသံနဲ့ သာယာနိုင်ပါစေလို့။ ။

**ဆရာ့ရဲ့ တပည့်**
**ဂီတမြတ်နိုးသူ**
**ကိုလေး (ဘော်စတွန်)**
**ဇန်နဝါရီလ ၂၄ ရက်၊ ၂၀၀၇**


www.burmesesclassic.com

www.burmesesclassic.com


ဆရာတင်မိုး
ဆိုတာ
မြန်မာ့ကဗျာ
ကမ္ဘာ့ကဗျာ ဆရာမို့
ကျွန်တော်တို့အားလုံး
ဦးညွှတ်လျက်ပါ။ ။

**မျိုးမြင့်အောင်**
**၈၈ မျိုးဆက်ကျောင်းသား**

---

ဘဘတင်မိုးသို့

ဝေဟင်မှ ပျံသန်းရင်း
အနာဂတ်ကို ရှာဖွေနေတဲ့ဘဘ
ကောင်းရာဘုံကို ရောက်ပါစေ။ ။

**မျိုးခင်**
**ရန်ကင်း**

---

ဘကြီးမိုး

ကောင်းရာသုဂတိလားပါစေ
ကောင်းရာဘဝရောက်ရှိပါစေ
ဘကြီးမိုးလိုပုဂ္ဂိုလ်မျိုးအား ဂုဏ်ယူလေးစားလျက် ... ...

**ပေါ်အောင်ချစ် (ပန်းချီ)**
**ဦးထင်အောင်** (Japanese)


www.burmesesclassic.com

www.burmesesclassic.com


ဆရာရေ

အမြဲတမ်း ဆရာ့သမိုင်းက ထင်ကျန်နေရစ်ပါ့မယ် .... ....

**နေတင်မြင့်**

---

ဆရာမိုး

မန္တလေးကဗျာဆရာထဲမှာ လေးစားရတဲ့အထဲမှာ ဆရာပါပါတယ်။

ဆရာကြည်၊ ဆရာကိုလေးတို့နဲ့ထပ်တူ လေးစားရတဲ့ ဆရာဆုံးပါးတာ အလွန် ဝမ်းနည်းမိပါတယ် ဆရာ။ ။

**ညွန့်သစ်**

---

ဥယျာဉ်မှူးကတော့ ကြွေလွင့်သွားခဲ့ပါပြီ။ ဒါပေမယ့် ပန်းများကတော့ ထာဝစဉ် ဖူးပွင့်ဝေမြဲပါပဲ။

**ကိုဖြောင့် (ရွှာတန်းရှည်)**
**၂၉၊ ၁၊ ၀၇**

---

Sayagyi Moe

An irreplaceable loss to Myanmar literary world!

Nyunt Wai Moe
29.1.2007


www.burmesesclassic.com

www.burmesesclassic.com


မမျှော်လင့်ပဲ ဆရာ့သတင်းကြားတဲ့နေ့က ...
ဒီကနေ့ထိ မယုံနိုင်သေးပါဘူး
ဆရာ့ကို ထပ်ပြီးတွေ့ရဦးမယ်လို့ ထင်ထားတာ ...
ဆရာ့စာတွေ ဆရာ့ကဗျာတွေ ... ဆရာ့အသံတွေ
ကျွန်တော်တို့ရင်ထဲမှာ ထာဝရပါ ... ...

**သန်းငွေမောင်**

---

ဆရာကြီးတင်မိုး

စာပေလွတ်လပ်ခွင့်ရရှိရေး၊ ဒီမိုကရေစီရေးအတွက် ကျနော်တို့မျိုးဆက် ဆက်လက်တာဝန်ယူသွားပါမယ်။ ။

**တင်မောင်သော်၊ ခင်အေးသော်**

---

ဆရာဂျမ်းရေ
အလွမ်းပိုလျက် ... ကောင်းရာသုဂတိလားပါစေလို့ ...

**မြင့်မြင့်စိန် မိသားစု**
**ဘော်စတွန်**

---

ဆရာကြီးကို လူကိုယ်တိုင် မမြင်ဖူး၊ မသိဖူးခဲ့ပေမယ့် ဆရာကြီးရေးသော ကဗျာများမှ တဆင့် ရင်းနှီးခဲ့ပါတယ်။ မိသားစု တပည့်များနှင့် ထပ်တူ ဝမ်းနည်းကြေကွဲ နှမြောတသမိပါတယ်။ ။

**ဦးမောင်ဝင်း၊ ဒေါ်စောရွှေ မိသားစု**


www.burmesesclassic.com

To family of U Tin Moe

He was a treasure for the people of Burma and the world. His words inspire us and his actions move us to act. He lives on in our hearts – a hero.

Jeremy Woodrum

---

‘နိဗ္ဗာန်သို့ ရောက်ရန်
သချိုင်းပေါင်းများစွာကို
ကျော်ဖြတ်ရန် ဝန်မလေးတော့ပြီ’ တဲ့လား။
ဆရာရေးခဲ့ တွေးခဲ့သလို
ခွဲထားရစ်ခဲ့ပြီပေါ့။
တခါတခါ သေခြင်းတရားဟာ
လူမှားခေါ်တတ်သလား။
မယုံချင်ပေမယ့်
ဆရာ တကယ်ကွယ်လွန်ခဲ့ပြီ တဲ့။
ဆရာ့အတွက် အမှတ်တရစကား
ကျနော်နှုတ်ဖျား ဆွံ့ အ နေရဲ့။
အလွမ်းပြေ မတဲ့လား
တွေးမိတိုင်း အလွမ်းက ပိုပိုနေပါတယ်။ ။

**အောင်ကျော်ထွန်း၊ ဆုဆုမောင်**

---

ဆရာ

ဇာတိသွေး၊ ဇာတိမာန်ကလွဲလို့ ဘာမာန်မာနမှ မရှိ။ ပကတိ ရိုးရှင်းတဲ့ ဆရာ့ရဲ့ ကဗျာ၊ ဆရာ့ရဲ့စာတွေ၊ ဆရာ့မျှော်မှန်းချက်တွေ ကျနော်တို့ တိုင်းပြည်မှာ လက်တွေ့ဖြစ်ထွန်းလာတဲ့အခထိ တတ်နိုင်သမျှ ကြိုးပမ်းသွားပါမယ်လို့ ကတိပြုလိုက်ပါတယ် ဆရာ။

ဆရာကောင်းရာသုဂတိမှာ ကဗျာတွေ စာတွေနဲ့ ဆက်လက်ပျော်နိုင်ပါစေ။ ။

**ဘိုလှတင့်**



www.burmesesclassic.com

www.burmesesclassic.com


ထွန်းညှိတုန်းကတော့ ဖန်မီးအိမ်ကလေးပါပဲ။
အချင်းကတော့ နေလို လင်းပြီး လလို အေးပါပေတယ်။ ။

**ဝင်းဖေ**

---

ဆရာကြီးဦးတင်မိုး သေဆုံးသွားတဲ့အတွက် အရမ်းပဲ နှမြောဝမ်းနည်းမိပါတယ်။ ။

**ဇော်မိုးကျော်**

---

ဆရာကြီး
ဆေးလိပ်လည်း တို
နေညိုပေမယ့်
ဖလ်မီးအိမ်ကတော့
အလင်းရောင် ဖြန့်ဝေဆဲပါ။
ဆရာကြီး ကောင်းရာသုဂတိလားပါစေ။ ။

အစဉ်ရှိသေလေးစားလျက်
**တင်မေသိန်း**

---

ဦးလေးမိုး
အမြဲတမ်း သတိရစွာဖြင့် ... ...

**အေးမင်း၊ သိန်းစည်၊ သက်မောင်**
**ပုဂံခြံ မိသားစု**


www.burmesesclassic.com

www.burmesesclassic.com


ဆရာဦးတင်မိုး
ပို၍ကောင်းသော ဘဝမှ နေပြီး ကျနော်များရဲ့ ပြုမူမှုများကို
သာခုခေါ်နိုင်ပါစေလို့ ပန်ကြားရင်း ... ...

**မောင်ခင်မောင်ဝင်း**
**(VOA မှ မိတ်ဆွေဟောင်းတဦး)**

---

စာကဗျာများမှမက
ဆရာကြီး ပြောဆိုလုပ်ရှား၊ မာန်မာနကင်း၊ သစ္စာတရား၊ ရိုးသားမှု၊ အားစိုက်မှု ချစ်မေတ္တာတွေ၊ မြန်မာလူမျိုးဂုဏ် စာပေအကျိုး နောက်ဆုံးထွက်သက်ရောက်ချိန်ထိ မမောမပန်း မလျှော့ဇွဲဖြင့် ကျနော်သက်ထက်ဆုံး သတိရ ဂုဏ်ယူလျက် ကြိုးစားလုပ်ကိုင် နေထိုင်သွားပါမယ်။ ။

**သားတပည့်**

---

နှင်းယှဉ်မရ အလွန်လေးစားဂုဏ်ယူနေပါတယ် ဆရာကြီးတင်မိုး ... ...

ချစ်ခင်လေးစားစွာဖြင့်
**ဇော်အောင်**

Sayagyi,

I met you only two times. But you taught me and let you so many valuable things. Both my husband & I dearly love you. May you rest in peace.

Aree


www.burmesesclassic.com

www.burmesesclassic.com


ဘဘ ဆရာကြီး ဦးတင်မိုး

အမိမြန်မာပြည်ကို အလွန်ချစ်တဲ့၊ အမြဲတမ်း အမိမြေကို တမ်းတ လွမ်းဆွတ်နေတဲ့ အမိမြေကို အလွန်ပြန်ချင်တဲ့ ဆရာကြီး၊ နိုင်ငံရပ်ခြားမှာ ခေါင်းချရတဲ့အတွက် အလွန်စိတ်မကောင်းဖြစ်ရပါတယ်။ ဆရာကြီးလို တန်ဖိုးဖြတ်လို့ မရနိုင်တဲ့ ကဗျာကဝိ ပညာရှင်တဦး ဆုံးရှုံးရတဲ့အတွက်လည်း လွန်စွာ နှမြောတသမိပါတယ်။ ဆရာကြီး မျှော်မှန်းထားတဲ့ အမိမြန်မာပြည် ဒီမိုကရေစီ အမြန်ဆုံးရရှိပြီး ပြည်တော်ဝင်နိုင်ဖို့ သမီးတို့တတ်နိုင်တဲ့ဘက်ပေါင်းစုံက ဆက်လက်ဆောင်ရွက်ပါမယ်လို့ ကတိပြုပါတယ် ။ ။

**သမီး မြတ်ယဉ်ချော**

---

ဆရာကြီး ဦးတင်မိုး

မူလတန်းကလေးဘဝက စတင်ပြီး ဆရာကြီးရဲ့ ကဗျာများနဲ့ စတင်ရင်းနှီးသိကျွမ်းခဲ့ရပြီး ၂၀၀၂ ခုနှစ်ရောက်မှ ဆရာကြီးနဲ့ ကိုယ်တိုင်တွေ့ဆုံခဲ့ရပါတယ်။ ဆရာကြီးရဲ့ ရိုးသားမှု တိုင်းပြည်နဲ့လူမျိုး အပေါ်ထားတဲ့ မေတ္တာစေတနာကြီးမားမှုတို့ကို ကိုယ်တွေ့ကြုံရချိန်မှာ ပိုပြီး သိမြင်ခံစားခဲ့ရပါတယ်။

နိုင်ငံခြားရောက်ရှိနေချိန်မှာလည်း စာပေလက်နက်ကိုင်စွဲပြီး တိုင်းပြည်နဲ့ လူမျိုးအတွက် တတ်စွမ်းသမျှ ဆက်လက်ကြိုးပမ်းဆောင်ရွက်နေခဲ့တာတွေအတွက် အထူးပင် ဝမ်းသာဂုဏ်ယူနေရပါတယ်။ မမျှော်လင့်ဘဲ ဆရာကြီး အကြွေစောခဲ့ရတာအတွက် မိသားစုနဲ့ ထပ်တူ ကြေကွဲဝမ်းနည်း နှမြောတသ ကြေကွဲရပါကြောင်းနှင့် ဆရာကြီး ကောင်းရာသုဂတိ ရောက်ပါစေကြောင်း ဆုတောင်းရင်း ... ... ။

အစဉ်လေးစားစွာဖြင့်

**တေဇ** (U.S.A)

---

ဆရာကြီးဦးတင်မိုး

ကောင်းရာသုဂတိလားပါစေ။ ။

နှမြောတသလျက်

**တင်မောင်သော်**


www.burmesesclassic.com

ဆရာကြီး ကောင်းရာသုဂတိလားပါစေ။ ။

**ဒေါ်သင်းလှိုင်**
**ကျော်ကျော် + မိုးမိုးခင် မိသားစု**
**ဝါရှင်တန် ဒီစီ**

---

မြန်မာပြည်သူတွေရဲ့ ဒီမိုကရေစီတိုက်ပွဲမှာ ကလောင်လက်နက်နဲ့ ရှေ့တန်းက ဦးဆောင်ပါဝင်ခဲ့တဲ့ စာဆိုကဝိ အကျော်အမော် ဆရာဦးတင်မိုး ကွယ်လွန်သွားတဲ့အတွက် မြန်မာပြည်သူတွေအဖို့ ဆုံးရှုံးမှုကြီးတရပ်လို့ ယူဆပါတယ်။

ဆရာဦးတင်မိုးရဲ့ ကျန်ရစ်သူ မိသားစုနဲ့အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း ...

ဆရာဦးတင်မိုး ကောင်းရာသုဂတိလားပါစေ။

**ခင်မောင်ကြီး (စိုင်းသီဟ)နှင့် မိသားစု**
**နယူးယောက်မြို့**

---

မိုးမိုးနှင်း၊ မိုးချိုသင်းနှင့် မိသားစုများ

ဆရာကြီးဦးတင်မိုး ကွယ်လွန်ကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းရပါတယ်။ စိတ်မကောင်းလည်း ဖြစ်ရပါတယ်။ ဆရာကြီး ဦးတင်မိုး ကောင်းရာသုဂတိလားပါစေလို့ ဆုတောင်းလိုက်ပါတယ်။ ဒီနေ့ အင်္ဂါနေ့တိုင်း ဘုရားရှိခိုး ဆုတောင်းပွဲမှာလည်း အထူးထည့်ပြီး ဆုတောင်းမှာပါ။ ဆရာကြီးနဲ့ ၉၄ ကြိမ်မြောက်မှာ အတူ ဆုတောင်းခဲ့ရသေးတယ်။ ။

**ကိုအောင် + မြမြစိုး သား အောင်မင်းစိုး**



www.burmesesclassic.com

www.burmesesclassic.com


Ah pe,

So unexpectedly you left on your last journey

but

in our hearts you will always be with us.

You were a lot to us, a father, a grandfather, a writer, a freedom fighter.

Many more things you still wish to do, the path is written for us just to follow,

A guide for many...

A father for me,

Carl De Moor

Your son

---

မြန်မာစာပေနဲ့ အနုပညာလောကရဲ့ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီး ဆရာဦးတင်မိုး ကွယ်လွန်သွားတဲ့အတွက် ဆရာ့ရဲ့ ကျန်ရစ်တဲ့မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါတယ်။

ဆရာမရှိတော့ပေမယ့် တိုင်းပြည်နဲ့ လူမျိုးကို အကျိုးပြုတဲ့ ဆရာ့ ကဗျာစာပေတွေ နောင်လာနောက်သားတွေကို ဆက်လက်အကျိုးပြုဖို့ ဖန်မီးအိမ်လို ထာဝစဉ်ထွန်းလင်း တောက်ပနေမယ်လို့ ယုံကြည်ပါတယ်။ ။

ဆရာဦးတင်မိုး ကောင်းရာသုဂတိလားပါစေ။

**ရွှေစင်ဦး**
**နယူးယောက်**

---

Sayagyi U Tin Moe

We all love you and you're always in our hearts.

Ko Shwe Sin Tun

(ADPEM)


www.burmesesclassic.com

www.burmesesclassic.com


၂၀၀၅ ခု မေလ ရွေးကောက်ပွဲနှစ်ပတ်လည်နေ့မှာ သဝဏ်လွှာရေးပေးတော့ 'ခေတ္တ U.S.A' တဲ့ ...။

ခေတ္တ ဆိုတဲ့ ဆရာကြီး ကျနော်တို့ကို ပစ်ချသွားပြီလား
ရုပ်ခန္ဓာ တံခါးပိတ်သွားပေမယ့်
စိတ်များစွာ လွတ်မြောက်
ပြည်သူများ ထံမှောက်မှာ
ခေတ်သစ်ကို တံခါးခေါက်နေမယ်ဆိုတာ
မုချ ယုံတယ်။ ။

တော်လှန်ရေး သစ္စာဖြင့်
**အောင်စောဦး**

---

ဆေးလိပ်အတို နေအညိုမှာ
ခေတ်ကို ခွာပြေး သူဝေးသွားပြီ
ချစ်သောသူတို့ အသက်တို့၏။ ။

**ဇော်သက်ထွေး**

---

မျိုးချစ်စာဆို ကဗျာဆရာကြီး ဦးတင်မိုး သို့

ဆရာဟာ တန်ဖိုးမဖြတ်နိုင်တဲ့ ကျောက်မျက်ရတနာပါပဲ။

ကျနော်တို့အားလုံး ဆရာ့ကို ဆုံးရှုံးလိုက်ရတာဟာ မြန်မာပြည်သူအားလုံး၊ ကဗျာချစ်သူ စာချစ်သူ အားလုံးရဲ့ ထာဝရ ဆုံးရှုံးမှုပါပဲ။

ဒါပေမယ့် ဆရာထားခဲ့တဲ့ တန်ဖိုး မဖြတ်နိုင်တဲ့ ကဗျာအမွေ စာအမွေ မျိုးချစ်စိတ်အမွေတွေ အားလုံးကတော့ ကျနော်တို့အားလုံးအတွက်ပါပဲ။ ။

လေးစားချစ်ခင် ကြည်ညိုစွာဖြင့်
**ဒေါက်တာ ဇော်ထွန်း၊ ဒေါက်တာ ဇော်ဝင်းလှိုင်**
Southern California Burmese Association


www.burmesesclassic.com

www.burmesesclassic.com


ဆရာ

ဆရာ ကွယ်လွန်သွားတော့ ဒီ ဝမ်းနည်းသဝဏ်စာအုပ်လေးမှာ ဆရာ့ကို ချစ်ခင်ရှိသေတဲ့ ဆရာ့ကို သတိတရရှိနေကြမယ့်သူတွေအားလုံး ရေးစေချင်လို့ မိသားစုဝင်တွေကို အကြံပေးရင်း ဒီစာအုပ်လေးနဲ့ ဆရာ့ဓာတ်ပုံ၊ ဆရာချစ်တဲ့ တယောလေး အတူထားစေဖို့ အကြံပေးခဲ့ပါတယ်။

ကျနော်က ရင်ထဲမှာ ဆရာ လို့ ထာဝရခေါ်ခဲ့ရတဲ့ ဆရာ့အတွက် အမှတ်တရတွေ အများကြီးပါ။ ဆရာ့ညီမ (အန်တီ ဒေါ်ထားမြင့်)အိမ် ရန်ကုန်အနောက်ပိုင်း ၁၄ လမ်းမှာ ဆရာနဲ့ စတင် ဆုံဆည်း ဆရာသင်ကြားပေးခဲ့တဲ့ တက္ကသိုလ်ဝင် ဆယ်တန်းစာမေးပွဲအတွက် မြန်မာစာအနီးကပ်သင်တန်းက ကျနော့်ရဲ့ ဆရာ … ကျနော်တက်ခဲ့တဲ့ ဆေးတက္ကသိုလ်(၁) လိပ်ခုံး ဘီအိုစီ စားသောက်ဆိုင်ဝင်းထဲမှာ လက်ဖက်ရည်သောက်ချိန်တိုင်း ဆေးလိပ်နဲ့ လက်ဖက်ရည်ဆိုင် ထိုင်လေ့ရှိတဲ့ဆရာ …။

ဆေးတက္ကသိုလ်(၁) အနုပညာအသင်း၊ ဆေး(၁)နှစ်ပတ်လည် မဂ္ဂဇင်းကော်မတီဝင်အနေနဲ့ ဆရာ့ဆီက စာမူတောင်းလို့ ဆရာ့စာကြမ်းဖတ်ခဲ့ရတဲ့ ပုံနှိပ်တိုက်က စာပြင်အလုပ်လုပ်ချိန် …

၁၉၉၆ ဒီဇင်ဘာ ၂၀။ ကျနော့်ဖေဖေ (သခင်လွင်) ကွယ်လွန်တော့ ဆရာရယ်၊ ဒေါ်စု (ဒေါ်အောင်ဆန်းစုကြည်)ရယ်၊ ကျနော့်မေမေရယ် အတူဝိုင်းဖွဲ့ခဲ့တဲ့ စကားဝိုင်း …

တိုင်းပြည် လူမျိုး ဇာတိမာန် မျိုးချစ်စိတ်ရှိတဲ့ ဆရာ၊ တိုင်းပြည်ကို ခေတ္တခွဲခွာပြီး ရောက်လာတဲ့ အမေရိကန် Los Angeles မှာ ဆရာရဲ့စာပေဟောပြောပွဲများ ဒေါ်စုမွေးနေ့ပွဲများ၊ ဆရာ ရဟန်းခံတဲ့နေ့ စတဲ့ ပုံရိပ်များစွာ …

ဆရာနဲ့နောက်ဆုံး ဆုံခဲ့ရတဲ့ ၂၀၀၆ ဒီဇင်ဘာရက်များ၊ အမျိုးသားအောင်ပွဲနေ့၊ ဒီဇင်ဘာ မြန်မာပွဲတော်၊ အားလုံးဟာ အမှတ်တရ ပုံရိပ်တွေပါပဲ။

ဆရာ ဆုံးတဲ့သတင်း၊ ဆရာဆုံးပြီး နာရီပိုင်းအတွင်းမှာပဲ သိရတော့ ကြေကွဲ ဝမ်းနည်းရပါတယ်။ ဆရာ့စာ ဆရာ့စကား ဆရာ့ပုံရိပ်၊ ရိုးသားဖြူစင်တဲ့ ဆရာ့အရင်းခံ ပကတိစိတ်ထား၊ လူတိုင်းက ပြောတဲ့ ရင်ထဲက ပွင့်ကျတဲ့ လွမ်းသူ့စာများစွာကို ဆရာဆုံးပြီးချိန် ကွန်ပျူတာမျက်နှာပြင်တွေမှာ နေ့စဉ်ဖတ်နေရပါတယ်။

ကျနော်တို့ မိသားစု အားလုံးရင်ထဲမှာ ဝမ်းနည်းကြေကွဲရင်းနဲ့ ပိုသိရတာကတော့ အလွန် တန်ဖိုးရှိ၊ လေးစားကြည်ညိုဖွယ်၊ ကျနော့်ဆရာရဲ့ တန်ဖိုးဟာ ကွယ်လွန်ချိန်မှာ ပို၍ပို၍ တန်ဖိုးကြီး၊ ကြီးမြတ် မြင့်မားနေလျက်ပါလား ဆရာရယ်။ ။

ထာဝရ ရိုသေချစ်ခင်လေးစားလျက်
ဆရာ ကောင်းရာသုဂတိလားပါစေ။

**ဒေါက်တာ ဇော်ဝင်းလွင်**
**'လွင်'မိသားစု**


www.burmesesclassic.com

သူငယ်ချင်း ကိုဘဂျမ်း

ခင်ဗျားလူသေပေမယ့် ခင်ဗျားရဲ့ ပညာသတ္တိ၊ စိတ်စွမ်းသတ္တိတို့ မသေဘူး။ ဒီ စစ်အစိုးရ တည်နေသရွေ့ မြန်မာလူမျိုးရယ်လို့ တည်နေသရွေ့ ခင်ဗျားရဲ့ ကဗျာတွေဟာ ကမ္ဘာမှာ ပဲ့တင်ဟည်းပြီး ကြွေးကြော်အော်ဟစ်နေတုန်းပဲ။ အတွင်းသဏ္ဍာန်မမှန်တဲ့ အစိုးရနဲ့ လူတွေဆက်တိုက် တုန်လှုပ်နေမယ်ဆိုတာ စိတ်ချပါ။ ။

သင့်ရဲဘော်
**ဆလိုင်းထွန်းသန်း**

---

Poem in my heart

Saya Moe passed away
Saya Maha Kabya Moe passed away
Tha-khin Kodaw Moe passed away
Irreplaceable!!!
Big..Big.. Big.. Loss..

Dr. Aung Tun

---

ဆရာတင်မိုး

ဆရာ့ရဲ့ ဒေါက်တာဂျော်နီကဗျာကို အမြဲသတိရမိပါတယ်။ ကျနော်တို့ ကျောင်းသားဘဝ လိပ်ခုံးမှာ ကျောင်းတက်တုန်းကလည်း ဆရာ့ကို အမြဲတွေ့ခဲ့ရတာကို သတိရနေမိပါတယ်။ ဒီ ရောက်လာတော့လည်း ဆရာနဲ့တွေ့ရ၊ စကားပြောခဲ့ရတာတွေကို သတိရနေဆဲပါ။

ဆရာ့ကို အမြဲသတိရနေမယ့်
**ဒေါက်တာ ထွန်းတင်**



www.burmesesclassic.com

www.burmesesclassic.com


ဆရာကြီး

စကားလုံးတွေနဲ့ ဖော်ပြလို့ မရအောင် ကြီးမားတဲ့ ဆုံးရှုံးမှုကြီး။ ကျနော့်ဘဝရဲ့ နေနဲ့လ ကွယ်သလို ဆရာတဆူ မရှိတော့တာပါ။ မေလ ၂၇၊ ၂၀၀၀ မှာ စပြီး မြန်မာစာပေဟောပြောပွဲကြီး နယူးယောက်မှာဖြစ်ဖို့ စပြီး မြေစမ်း ခရမ်းပျိုးခဲ့ရာက ဆရာရဲ့ သွန်သင်မှုတွေ ကျနော့်ဘဝ တဆစ်ချိုး ခဲ့ရတယ်။

ဆရာရေ …

"ချစ်သူတို့ သက်တမ်းတိုကြ၏

မုန်းသူတို့ သက်တမ်းရှည်ကြ၏

ကြေကွဲ၍ မဆုံးပါ" ဆိုတဲ့ ဆရာ့ရင်ထဲက ဆရာမ မိုးမိုးအင်းလျားအတွက် ကြေကွဲသံ … အခု ကျနော့်ရင်ထဲ ပဲ့တင်ထပ်နေပြီ။

ဆရာယုံကြည်တဲ့ အမှန်တရား၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးတိုက်ပွဲအတွက် ဗမာပြည်မှာ ရှင်သန် အမြစ်တွယ် ထွန်းကားအောင် ဦးဆွေးဆံမြေ့ ကြိုးစားသွားပါမယ် ဆရာရေ။ ။

'ဆရာ ကောင်းရာသုဂတိလားပါစေ'

**မောင်ဇော်ဝင်း (နယူးယောက်)**

---

ဆရာကြီးရေ

ကျနော့်ဘဝမှာ အလေးစားရဆုံးတွေထဲမှာ ဆရာကြီးဟာ ထိပ်ဆုံးမှာ ရှိပါတယ်။ အခုလို မမျှော်လင့်ဘဲ ဆရာကြီး ကျနော်တို့ကို ခွဲခွာသွားတာကို ဝမ်းနည်းလို့ မဆုံးပါဘူး။

ကျနော်တို့ ဖို့ဝိန်းမြို့ကို ချစ်တဲ့ ဆရာကြီး၊ စတိတ်နဲ့ ဝဲလ်လမ်းထောင့်က လက်ဖက်ရည်ဆိုင်ကို တွယ်တာတဲ့ ဆရာကြီး၊ ကျနော်တို့အတွက် တသက်လုံး အမှတ်ရစရာ ကဗျာတွေ ရေးထားပေးခဲ့တဲ့ ဆရာကြီးကို ကျနော်တို့ နှလုံးသားမှာ ထာဝစဉ် သတိရနေမှာပါ။

ဆရာကြီးနေထိုင်တဲ့ အယ်လ်အေကို အမြဲတမ်းအလည်လာဖို့ ဖိတ်ခေါ်နေပေမယ့် ဆရာကြီး ဆုံးမှ လာနိုင်ခဲ့တာကိုလည်း ရင်ထဲမှာ စိတ်မကောင်းပါဘူး။ နောင်ဘဝဆိုတာများရှိခဲ့ရင် ဆရာကြီးနဲ့ ပြန်ဆုံနိုင်ဖို့ ဆုတောင်းပါတယ် ဆရာကြီးရယ် … …

"သံသရာတကွေ့ ပြန်ကာတွေ့ရင်ဖြင့်

ဆရာ့ကို ဖူးမဝ ဦးချလို့ ကန်တော့မှာပါ ဆရာကြီး"

ဆရာကြီး ကောင်းရာသုဂတိလားပါစေ။

**ခင်မောင်လေး (ဖို့တ်ဝိန်း)**


www.burmesesclassic.com

www.burmesesclassic.com


ဆရာ

ဆရာက နှုတ်မဆက်သွားသလို ချောစုတို့ရင်ထဲမှာ ဆရာက အမြဲတမ်းရှိနေမှာပါ။ နယူးယောက်က ဆရာချစ်တဲ့အိမ်ကလေးနဲ့ ပြတင်းပေါက်နားက စားပွဲလေးမှာ ဆရာ အမြဲတမ်းရှိနေမယ်လို့ ထင်နေမှာပါ။ 'ဆုံဆည်းရာ' ဆိုတဲ့ ဆရာပေးထားတဲ့ နာမည်ကလေးကို အမြဲတမ်း တည်မြဲအောင် ကြိုးစားပြီးလုပ်ပေးပါ့မယ်။

ဆရာ စိတ်ချပါ ဆရာရယ်။ ။

**ချောစု (ဆုံဆည်းရာ)**

---

အန်ကယ်

ငယ်ငယ်ကတည်းက သိခဲ့၊ ခင်ခဲ့၊ ချစ်ခဲ့ရတဲ့ မိသားစုတွေ ဖြစ်ခဲ့ရတဲ့အတွက် အထူးပဲ ဝမ်းနည်းကြေကွဲရပါတယ်။ ။

**ဦးအောင်နိုင်+ဒေါ်သိန်း**
**ကိုလင်းနိုင်၊ ကိုအုံးနိုင်၊ အေးချမ်း ကိုယ်စား**

**ချစ်တဲ့ သမီး**
**ဝေဝေနိုင်**
**နယူးယောက်**

---

ဆရာကြီး

ငယ်ငယ်ကတည်းက သိခဲ့ရ၊ နောက် အဖေဆုံးတော့ အဖေ့အမှတ်တရတွေ ပြောဖြစ်ခဲ့၊ ပြီးတော့ Antwerp က ကော်ဖီဆိုင်တွေမှာ အတူထိုင်၊ တောင်တောင်မြောက်မြောက် ပြောကြ ... ...၊ ဆရာကြီးရယ် ပြောရရင်တော့ အရာရာ သတိရစရာ အမှတ်ရစရာတွေပါပဲ။

ကိုယ်နဲ့ မတွေ့ရတော့တာကလွဲလို့ ကောင်းမွန်ရာဂတိကို ရောက်မယ့် ဆရာကြီးကတော့ ထာဝရ ငြိမ်းချမ်းနေမှာပါ။ ။

**အောင်မော်ဇင်**


www.burmesesclassic.com

www.burmesesclassic.com


ဆရာ

ဆရာ ယခုလို အချိန်စောပြီး လောကကို စွန့်သွားတော့ အားလုံးနဲ့ထပ်တူ ကြေကွဲမိပါတယ်။ ကျနော့်ရဲ့ သတ်ပုံ ခွင့်လွှတ်ပါ။

ဆရာရဲ့ လူအများ အထူးသဖြင့် လူငယ်တွေအပေါ် အကျိုးသက်ရောက်မှုကို အထူးအားရမိပါတယ်။ လူငယ်တွေရဲ့ ရှေ့ဆောင်လမ်းပြ ပြည်သူ့ကဗျာဆရာအဖြစ် ကျနော်တို့ ဂုဏ်ယူမိပါတယ်။

ဆရာ့ကို နော်ဝေမှာ ဝါရှင်တန်မှာ တွေ့ရလို့ ဝမ်းသာမိပါတယ်။ ဆရာ့ရဲ့ ဩဝါဒတွေဟာ နောင်လူငယ်တွေရဲ့ အတုယူစရာ လိုက်နာစရာဖြစ်မယ်လို့ ယုံကြည်ပါတယ်။ ။

ဆရာ ကောင်းရာသုဂတိလားပါစေ။

**စိန်ဝင်း**

---

ဆရာကြီး

ဆရာကြီးနဲ့ စတင်ရင်းနှီးခဲ့စဉ်မှာပဲ အမှတ်မထင် ကျနော့်ရဲ့ အချစ်ဆုံးသူငယ်ချင်း ညီညီနိုင် (ဒေါက်တာဇီဝ)ရဲ့ အဖေ (ဂုဏ်ထူး ဦးသိန်းနိုင်) ဟာ ဆရာကြီးရဲ့ အချစ်ဆုံး သူငယ်ချင်း ဖြစ်တာကို မှတ်မှတ်ရရ သိခဲ့ရပါတယ်။

ဆရာကြီးနဲ့အတူ ဘုန်းဘုန်း ဦးဂုဏသိဿရ၊ ကျနော်တို့ မကြာခဏ စာပေစကားဝိုင်း လက်ဆုံကြရင်းမှ မြန်မာစာလောကရဲ့ ရေးဟောင်းနှောင်းဖြစ်တွေကို နှံ့စပ်ကျွမ်းကျင်စွာ ပြောပြခဲ့တဲ့အတွက် ဆရာကြီးဟာ မြန်မာစာလောကကြီးရဲ့ ပုံရိပ်တခုအဖြစ် ဂုဏ်ယူလေးစားခဲ့ရပါတယ်။

ဆရာကြီး မနှစ်က နှစ်ကုန်ပိုင်းလောက်မှာ ယိုးဒယားကအပြန်မှာ ဗိုလ်မှူးချုပ်ကျော်ဇောကိုယ်တိုင် ဆရာကြီးကို လက်ဆောင်ပေးခဲ့တဲ့ သူ့ရဲ့ ကိုယ်ရေးအတ္ထုပ္ပတ္တိကို အရင်ပေးဖတ်ခဲ့တဲ့ ဆရာကြီးရဲ့ သံယောဇဉ်နဲ့ ချစ်ခင်မှုကို ဂုဏ်ယူလေးစားနေမိပါတယ်။

ဆရာကြီး ကွယ်လွန်သွားသော်လည်း ကမ္ဘာလောကကြီးက အမြဲတမ်း ကျေးဇူးတင်၊ မှတ်တမ်းတင်နေရမည့် ဆရာကြီး၏ မျိုးချစ်စိတ်၊ စာပေချစ်စိတ်၊ လူသားချစ်စိတ်များကို အားကျ၊ ဂုဏ်ယူလေးစားစိတ်များ အမြဲဦးထိပ်ပန်ဆင် ဂါရဝပြုလျက်

ဆရာကြီး ကောင်းရာဘုံဘဝမှာ ခံစားနေမယ်လို့ ယုံကြည်လျက် ... ...

**ဒေါက်တာ အောင်မျိုးသန့်**

Los Angeles


www.burmesesclassic.com

www.burmesesclassic.com


ချစ်ခင်လေးစားအပ်တဲ့ ဆရာကြီး ဦးတင်မိုးအတွက်

အမှတ်ရနေမှာကတော့ ဆရာကြီး အောင်ဆန်းဦးနဲ့တွေ့စဉ် ဆရာကြီး ဒေါသဖြစ်စဉ် ထွက်လာတဲ့ ကဗျာစာသားလေး၊ စာရွက်ပေါ်မှာ တင်မရေးဖြစ်ပေမယ့် အမှတ်ရစေမယ့် ကဗျာတိုလေး ...

"ဒေါ်အောင်ဆန်းစုကြည်ဟာ
ကျနော်တို့ရဲ့ ခေါင်းဆောင်
မြန်မာပြည်ရဲ့ အလင်းရောင်"
လို့ဆိုတဲ့ ဆရာကြီးပြောပြတဲ့ ကဗျာတိုလေးနဲ့ ဂါရဝပြုပါရစေ။

**သန်းငွေ**
**ဆန်ဖရန်စစ္စကို ဘေးရီးယား**

---

ဆရာကြီးတင်မိုး

"မိုးကြိုးထက် ထက်သည့်ကဗျာ
ရင်ထဲမှ အန်ထွက်လာ"
ဒီ ကဗျာရွတ် ဒီကဗျာဆို၍
ဆရာကြီးကို
BADA စာပေဟောပြောပွဲ အဖွင့်မိန့်ခွန်း ပြောခဲ့ပါသည် ဆရာကြီး။

ဆရာကြီး၏ ဒဿန
ကင်းကွာတာ အတ္တ
တပည့်တွေ လိုက်နာကြ
ထာဝစဉ် ဦးနှိမ်ချ။ ။

**ချမ်းမင်း**


www.burmesesclassic.com

www.burmesesclassic.com


မြတ်ဆရာ ...
သမိုင်းလမ်းဟာ
ကြမ်းလည်းကြမ်း
အရင်းအနှီးလည်း ကြီးပါတယ်။
အဲဒီသမိုင်းလမ်းကို
ဆရာမပါဘဲ
ပြည်သူတွေ ဘယ်လို လျှောက်ရပဲ့။ ။

**ခင်တင့်တင့်**
BAWA

---

အန်ကယ်
အန်ကယ်ရဲ့ ဖန်မီးအိမ်ကလေးနှင့်အတူ
အန်ကယ်ရဲ့ ရယ်သံ၊ ပြုံးသံ၊ စကားပြောသံ၊ သီချင်းဆိုသံ
အမှတ်တရအားလုံး
ကျနော် ကျမတို့ရဲ့ နှလုံးသားထဲမှာ
ထာဝရ ထွန်းလင်းတောက်ပနေမှာပါ။

အန်ကယ်ရဲ့ လွတ်လပ်သော ဝိညာဉ်လေး အန်ကယ်ချစ်သော မြန်မာပြည် အညာမြေကို ခဏခဏ အလည်သွားနိုင်ပါစေ။ ။

ဂါရဝ တရားများဖြင့်
**လမင်း၊ မိုးငယ်ငယ်**
**သျှားသျှား**

---

ဆရာ

ဆရာဆုံးသွားတာ ကျနော် ကျမတို့အတွက် အဖိုးမဖြတ်နိုင်သော ဆုံးရှုံးမှုပါ။ ဖြစ်ရာဘဝတိုင်းမှာ ဒုက္ခဆင်းရဲက ကင်းဝေးတဲ့ဘဝမျိုး ရပါစေလို့။ ။

ဆရာ့ကို ချစ်တဲ့
**စိန်ထွန်း + မေဘယ်လ်**


www.burmesesclassic.com

ချစ်တဲ့ အဘရေ ...
မတွေ့ကြတော့ပေမယ့်
မေ့မရတဲ့ သမီးက
လွမ်းနေမှာပါ။ ။

ချစ်သော
**လေးနိုင်အိ**

---

မြန်မာပြည်က ကျောင်းသားကျောင်းသူတွေ အားလုံးက ဆရာကြီးရဲ့ ကဗျာများနဲ့ ဆရာကြီးကို ထာဝရ လေးစားနေကြမှာပါ။ ။

**နီလာစိန်**
**ရတနာပုံနေပြည်တော်**

---

အဘရေ ...
ဆရာတင်မိုး
ကဗျာဂျိုးက
နှုတ်မဆက်ခဲ့ခွာ
ဝမ်းနည်းပါဘိ။ ။

**ချစ်သော**
**မျိုးမျိုး**

---

ဆရာကြီး

မွန်မြတ်သော စိတ်ထားနှင့် ကဗျာများ ရေးသားခဲ့သူ ကောင်းရာသုဂတိလားပါစေ။ ။

**ညိုခက်ကျော်**



www.burmesesclassic.com

www.burmesesclassic.com


သူကတော့ ဖလ်မီးအိမ်ကလေး ထွန်းညှိလိုက်တာပါပဲ။
ထွန်းတောက်လာတော့ သောက်ရှူးကြယ်မကြီးပါပဲ။ ။

**ဝင်းဖေ**

---

ဖန်မီးအိမ် အမှောင်ခွင်း
မှောင်လေ လင်းလေ လင်းထက်လင်း။ ။

**မောင်စွမ်းရည်**

---

ဆရာ့ကို မြန်မာနိုင်ငံကသာ ဆုံးရှုံးတာမဟုတ်ပါဘူး။ ကမ္ဘာလောကကြီး တရပ်လုံးကပါ ဆုံးရှုံးတာ။ ဘာကြောင့်လဲဆိုတော့ ဆရာ့နှလုံးသားက ကဗျာ၊ မေတ္တာ၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ လွတ်လပ်ခွင့်တွေ ဖြစ်နေလို့ပါပဲ။ ။

**တင်မောင်သန်း**

---

ဆရာရေ

ဆရာဟာ အဖေ့သူငယ်ချင်း။ ဆရာဟာ အဖွားတပည့်။ ဆရာ့သမီးကြီးက ကျနော့် ကျောင်းနေဖက်။ ဆရာ့သမီးလတ်က ကျနော့်ဇနီး သူငယ်ချင်း။ ဆရာ့သမီးငယ်က ကျနော့်ကျောင်းသူ။ ဆရာဟာ ကျနော်တို့ဘဝရဲ့ ကဗျာကဝိ။ ဆရာဟာ တစိမ်းမဟုတ်။ ဆရာဟာ အဖေပါ။ ဆရာဟာ ဆရာပါ။ ဆရာ့ကဗျာတွေက မြေတောင်မြှောက်ပေးခဲ့။ နေညိုနေပါပြီ။ အိမ်ပြန်ဖို့တော့ စောလွန်းသေးတယ် ထင်ပါတယ် ဆရာ။ ။

**ကိုကိုသန့်**


www.burmesesclassic.com

ဆရာကြီးနှင့် အတူနေခဲ့သော နေ့များအတွက် အမှတ်တရ ...

**သားတပည့်**
**မောင်ရဲမင်းဦး**

---

မြန်မာအားလုံးရဲ့ အားအကိုးရဆုံး ဆရာကြီးဆုံးရှုံးရတဲ့အတွက်
အထူးဝမ်းနည်းကြေကွဲရပါတယ်။ ။

**မြင့်ငွေး**

---

လေးစားရပါသော ဆရာကြီး ဦးတင်မိုး
ကောင်းရာသုဂတိလားပါစေ။ ။

**စောအောင်**
**တက္ကသိုလ်ရိပ်သာလမ်း ကျောင်းသားဟောင်း**

---

ချစ်သော သူရဲကောင်းကြီး ဆရာတင်မိုး
ယဉ်ကျေးမှုရဲ့ ဖခင်
စာပေရဲ့ ဖခင်
မြန်မာ့လွတ်လပ်ရေးနဲ့ ဒီမိုကရေစီရဲ့ သားကောင်းကြီး
ကျနော်ဘယ်တော့မှ မမေ့ပါ။
ဒီမိုကရေစီတိုက်ပွဲ အောင်ရမည်။ ။

**ပြည့်ညိမ်း**



www.burmesesclassic.com

www.burmesesclassic.com


လေးစားအပ်ပါသော ဆရာကြီး ဦးတင်မိုး
ကောင်းသောဘုံဘဝကို ရပါစေ။ ။

**စန္ဒာ**

---

ဆရာကြီး

လက်ဖက်ရည်သောက်တိုင်း သတိရနေမယ်။ ။

Tin M Aye

---

Grand Canyon ထိပ်ဖျားမှာ မြေပဲလှော်စားရင်း ဆရာဆိုခဲ့တဲ့ သီချင်းသံများကို ကြားယောင်နေပါတယ်။ ။

**ညိုကြည်**

---

ဘဝတူဖြစ်ခဲ့ဖူးသော ကဗျာဆရာကြီး ဦးတင်မိုး ကွယ်လွန်ခြင်းကို ကိုယ်တိုင်မလာရောက်နိုင်သော်လည်း မိသားစုနှင့် ထပ်တူ ဝမ်းနည်းမိပါကြောင်း။ ဆရာဦးတင်မိုး ကောင်းရာသုဂတိဘုံ အဆင်သင့်ဖြစ်ပါစေဟု အမြဲဆုတောင်းပေးပါသည်။ ။

**ဆရာတော် ဦးအဂ္ဂဓမ္မ**


www.burmesesclassic.com

ဆရာဦးတင်မိုးအတွက် လွမ်းသူ့မှတ်တမ်း

ဆရာဦးတင်မိုးသည် လွတ်လပ်ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ တရားမျှတရေးများကို မြတ်နိုးတန်ဖိုးထားသူ တိုင်းပြည်နှင့်လူမျိုးအပေါ် ခင်တွယ်တန်ဖိုးထားရှိသူ အဖြူရောင် မြန်မာစာဆို ကဗျာဆရာကြီး တဦးဖြစ်ခြင်းများကြောင့် ဆရာ့အပေါ် လေးစားခဲ့ရပါသည်။

ဆရာနှင့် ရင်းနှီးခင်မင်ခဲ့သောအချိန်သည် ရွှေရတုတခေတ်ကျော်လွန်ခဲ့ပြီး မောင်နှမ အရင်းတယောက်လို ရင်းနှီးခဲ့ရသော ဆရာကိုတင်မိုးကို ဘယ်သောအခါမှ မေ့ဖွယ်ရာ မရှိနိုင်ပါ။

ဆရာ့ကျန်ရစ်သူ မိသားစုများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။ ။

**ဒေါ်မြင့်မြင့်**
**(လွင်မိသားစု)**

---

ရဲဘော်ကြီး

ရဲဘော်ကြီးကို အားကိုးလာတယ်။ ခုတော့ စွန့်ခွာသွားပြီပေါ့။ အထီးကျန်ဘဝရောက်ခဲ့ပြီ။ ရဲဘော်ကြီး သတင်းကြားတော့ ဗိုလ်ချုပ်ကြီး Rommel ၏ ဈာပနမှာ Field Martial Runsted ပြောခဲ့တဲ့မိန့်ခွန်းကို သွားသတိရတယ်။

Pitieless destinity had snatched him away from us.

တော်လှန်ရေးကြီးမပြီးခင် အခေါ်စောတဲ့ ရက်စက်သည့် ရှင်သေမင်းကို စစ်ခင်းကာ ပြိုင်လိုက်ချင်တယ်။

ပြုခဲ့သည့် ကတိ၊ ဆိုခဲ့သည့်ဒွိသစ္စာအတိုင်း ရွှေတိဂုံဘုရားခြေရင်းမှာ သူတော်ကောင်းတရားတွေ ပွားများပြီး စောင့်ပါ။ အားလုံးစုံသည့်အခါ We have done one duty ဟု အားလုံး သံပြိုင်ကြွေးကြော်ပြီး လက်သီးလက်မောင်း တန်းကြမယ်။

လာသောကောင်းခြင်း လားသောကောင်းခြင်းဖြင့် ပြည့်စုံသည့် ရဲဘော်ကြီးအား နောက်ဆုံးအလေးပြုလျက် ... ...

ရဲဘော်ကြီး၏
**ရဲဘော် ညွန့်ကြည်**



www.burmesesclassic.com

www.burmesesclassic.com


ဆရာဦးတင်မိုးဟာ ကျွန်တော်တို့ရဲ့ မျက်မှောက်ခေတ် ကဗျာတပ်မှူးကြီးပဲဗျ။ ခေတ်သစ်လူငယ်တွေရဲ့ ခေါင်းဆောင်လည်းဖြစ်သလို တခေတ်လုံးရဲ့တပ်မှူးကြီးလည်း ဖြစ်တယ်။ အဲဒီတော့ သူက အာဏာရှင်စနစ်ဖျက်သိမ်းရေး ဒီမိုကရေစီတိုက်ပွဲထဲမှာပေါ့ဗျာ၊ ရှေ့ကနေ မားမားမတ်မတ်ရပ်ပြီးတော့ ကျွန်တော်တို့ရဲ့ မှိုခိုအားထားရာခေါင်းဆောင်အဖြစ်နဲ့ ပါဝင်ခဲ့တာဆိုရင်ဖြင့် နောက်ဆုံးထွက်သက်အထိပဲဗျ။ အဲဒီတော့ကျွန်တော်တို့အတွက် စံနမူနာကောင်းတွေပေးထားတာဖြစ်တယ်။ အဲဒီစံနမူနာကောင်းတွေကို ခေတ်သစ်ကဗျာဆရာတွေ ယနေ့ကဗျာဆရာတွေ အတုယူရမှာဖြစ်ပါတယ်။ ရန်သူကို ပြတ်ပြတ်သားသား ကဗျာနဲ့ချေမှုန်းနိုင်တယ်။ ကဗျာနဲ့ထိုးနှက်နိုင်တယ်။ ပြည်သူဘက်က ရပ်တည်နိုင်တယ်။ ပြည်သူ့စာပေတွေကို ဖန်တီးနိုင်တယ်ဆိုတဲ့ ဖန်တီးလို့ရတယ်ဆိုတဲ့ ကဗျာတွေကို သူလမ်းပြပေးတာပဲဗျ။

အဲဒီလိုပဲ ကျွန်တော်ပြောပါရစေခင်ဗျာ။ ။

**မောင်စိုးချိန်**

---

ဆရာကြီးဦးတင်မိုးကတော့ ကျွန်တော်မြင် တာကတော့ ကျွန်တော်တို့အတွက် Legend of Rythem ကာရန်တွေရဲ့သူရဲကောင်းလို့ပဲ ဂုဏ်ပြုလိုက်ချင်ပါတယ်။ ဆရာကြီးဦးတင်မိုးနဲ့ ကျွန်တော်က ပုဂ္ဂိုလ်ရေးအရ ရင်းနှီးတယ်။ သူရဲ့ကျေးဇူးကြောင့်ပဲ ကျွန်တော်တို့က ရသတွေကို ခံစားခွင့်ရတယ်။ အတွေ့အကြုံဗဟုသုတတွေ အများကြီးရတယ်၊ သူ့ရဲ့စာပေကျေးဇူးလည်း အများကြီးရှိတယ်။ ဆရာကြီး ရေးထားခဲ့တဲ့ ကဗျာတွေထဲမှာ အထူးခြားဆုံးကတော့ ကလေးကဗျာတွေ ရေးခဲ့တာ၊ ဗမာပြည်မှာ ကလေးတွေ စာပေ မရှိဘူး။ ဗမာပြည်တွင်းမှာရှိတဲ့ ကလေးတွေဟာ မေ့ပျောက်ခံထားရတဲ့ ကလေးတွေပါ။ အဲဒီအတွက်ကို ဆရာကြီးကစပြီး ကလေးစာပေ တွေကို ရေးခဲ့တဲ့ကဗျာဆရာကြီးလည်းဖြစ်တဲ့အတွက် အင်မတန်မှ ကျေးဇူးကြီးလှတယ်လို့ ကျွန်တော်မြင်ပါတယ်။ ဆရာကြီးကွယ်လွန်သွားတာ ဗမာပြည်အတွက် အစားထိုးမရတဲ့ ဆုံးရှုံးမှု ဖြစ်တယ်။ ဆရာကြီးဟာ ဗမာပြည်အတွက် သားကောင်းကြီးဖြစ်တယ်လို့ ကျွန်တော်ပြောချင်ပါတယ်။ ။

**မိုးသီးဇွန်**


www.burmesesclassic.com

ကျွန်တော်နဲ့ဆရာကြီးနဲ့ ၁၉၉၁ မှာ ကျွန်တော် ထောင်ကျသွားတယ်။ ဆရာကြီးက ၁၉၉၁ အကုန်လောက်မှာ အင်းစိန်ထောင် အမှတ်(၁)အဆောင်ကို ရောက်လာတယ်။ ရောက်လာတဲ့အခါမှာ ကျွန်တော်က ထောင်ကျသွားပြီ။ ဒါပေမယ့် ဆရာကြီး အချုပ်ဘဝနဲ့ ရောက်လာတဲ့အခါမှာ ကျွန်တော်နဲ့အတူ မနေလိုက်ရဘူး။ ပြီးလည်းပြီးရော ကျွန်တော် ထောင်ကျပြီးမကြာဘူး၊ ဆရာကြီးလည်း ထောင်ကျလာတယ်။ ဆရာကြီးထောင်ကျလာတော့ ကျွန်တော်နှင့်အတူ ၅ ဆောင်မှာနေရတယ်။ ဆရာကြီး ရောက်လာတဲ့အချိန်မှာ ဆရာကြီးအတွက် ဝမ်းနည်းကြရတယ်။ အဲဒီတုန်းက ကျွန်တော်တို့မှာက ခိုကိုးရာမဲ့နေတာကိုး။

ဆရာကြီးကလည်း အဲဒါကို ကောင်းကောင်းသိတယ်။ ငါတို့ဆရာကြီးလာပြီ ... ငါတို့ဆရာကြီးလာပြီ ဆိုပြီးတော့ လူငယ်တွေအကုန်လုံးက ဆရာကြီးထောင်ကျဆောင်ဖြစ်တဲ့ အင်းစိန်ထောင်က အမှတ် ၅ အဆောင်မှာ ဆရာကြီးကို ဝိုင်းပြီး သွားကြည့်ကြတယ်။ သွား ကြည့်ကြတော့ ကျွန်တော်တို့ ဆရာကြီးကို အပြင်မှာတွေ့ဖူးတယ်။ ဒါပေမယ့် တကယ်တမ်း တရင်းတနှီးနေရတာတော့ အင်းစိန်ထောင် အမှတ်(၅)ကို ရောက်တဲ့အချိန် ကျွန်တော်တို့နဲ့ အတူနေခဲ့ရတယ်။ ဆရာကြီး ကျွန်တော်တို့နဲ့နေသွားတဲ့ တလျှောက်မှာ တုန်လှုပ်တာ ဘာမှမရှိဘူး၊ စရောက်ကတည်းကိုက လူငယ်တွေနဲ့ တရင်းတနှီးနေတယ်။ ကဗျာ သင်ချင်တဲ့သူကို ကဗျာသင်ပေးတယ်။ သူခံစားခဲ့ရတာကို စစ်အာဏာရှင်တွေနဲ့ပတ်သက်ပြီးတော့ သူ့ကို ဖိနှိပ်လိုက်တာ တုန်လှုပ်သွားတာ ဘာမှမရှိခဲ့ဘူး။

ကျွန်တော် အဓိကပြောချင်တာကတော့ ဆရာကြီးကွယ်လွန်သွားတာဟာ ဗမာပြည်အတွက် အဓိကဆုံးရှုံးမှုပဲ။ အဆုံးစွန်ဆုံး ကျွန်တော့်ရင်ထဲက ခံစားချက်က ဆရာကြီးဟာ ဗမာပြည်အတွက် လွတ်လပ်ရေးကာလ တလျှောက် လုံးမှာ ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ဗမာပြည်ငြိမ်းချမ်းရေး ဖခင်ကြီး၊ အားလုံး နိုင်ငံရေးခေါင်းဆောင်တွေ အကုန်လုံး လေးစားရတဲ့ဖခင်ကြီး၊ ကျွန်တော်တို့ ဒီဘက်ခေတ်မှာ ကျော်ကြားတဲ့သူတွေရှိတယ်။ စာပေနဲ့ပတ်သက်ရင်ရော ကျော်ကြားတဲ့သူတွေရှိတယ် အများကြီး။ ဒါပေမယ့် ဆရာကြီးနဲ့ပတ်သက်တာ ဆရာကြီးက စာပေမှာကျော်ကြားတယ်။ ဒါပေမယ့် အားလုံးနဲ့ မတူညီတာကတော့ ဘက်ပေါင်းစုံက အလေးထားခံရမယ့် အနေအထားမျိုးကျတော့ ဆရာကြီးနဲ့ဘယ်ပုဂ္ဂိုလ်မှမတူဘူး။ နိုင်ငံရေး အသိုင်းအဝိုင်းကလည်း လေးစားမှုကိုခံရတယ်။ စာပေအသိုင်းအဝိုင်းက လေးစားမှုကိုလည်း ခံရတယ်။ ပညာရေးလောကရဲ့ လေးစားမှုကိုလည်း ခံရတယ်။ ပြည်သူတရပ်လုံးရဲ့ လေးစားမှုကိုလည်းခံရတော့ ကျွန်တော့်အမြင်ကိုပြောရရင် ဒီမိုကရေစီဖြစ်ရပ်မှာ ဒါ ... ဒုတိယ ဆရာကြီး သခင်ကိုယ်တော်မှိုင်း ပါ။ ။

**ဇေယျာဝင်း**

www.burmesesclassic.com

www.burmesesclassic.com


ကျွန်တော်ပြောချင်တာကတော့ ကိုတင်မိုးဟာ အလွန်ရိုးသားတဲ့ တကယ့်ကဗျာဆရာ တယောက်ပါ။ သူဟာ ကဗျာဝါသနာပါသူ မဟုတ်ဘူး၊ ကဗျာချစ်သူပါ။ ချစ်ကို ချစ်တတ်တာ၊ အဲဒီအပြင် သူ့မှာ သိပ်ကိုထူးခြားချက်က ဘာလဲဆိုတော့ … ဗမာပြည်မှာရှိတဲ့ တော၊ တောင်၊ ရေ၊ မြေ ပတ်ဝန်းကျင်အားလုံးကို ချစ်တယ်၊ တကယ်ချစ်တာပါ။ သူ ချစ်သလိုလည်း သူများချစ်တတ်အောင် ပြန်ပြောတတ်တယ်။ ကျွန်တော့်စိတ်ထဲမှာ သူ့ကိုကြည့်ပြီးတော့ သဘောပေါက်လာတာက ပတ်ဝန်းကျင် ရေ၊ မြေ၊ တော၊ တောင် အလှကို ဖွဲ့ခြင်းဟာ ပထမတုန်းကတော့ အလှဖွဲ့သက်သက်လို့ ထင်တယ်။ နောက်ကျမှ တစိမ့်စိမ့်နဲ့ ကျွန်တော့်စိတ်ထဲမှာပေါ့နော် တိုင်းချစ်ပြည်ချစ်စိတ်ကို ဖွဲ့နေပါလားဆိုတာ သဘောပေါက်လာတယ်။ ကိုယ့်တိုင်း ကိုယ့်ပြည်မှာရှိတဲ့၊ ကိုယ့်မြေ ကိုယ့်ရေမှာရှိတဲ့ ပန်းတွေ၊ ပတ်ဝန်းကျင်တွေ၊ ရေတွေ၊ ငှက်တွေ၊ ကျေးတွေ အဲဒါတွေအကုန်လုံးကို ချစ်တတ်ခြင်းနဲ့ မျိုးချစ်စိတ်ဆိုတာ သဘောပေါက်လာတယ်။

ဒီတော့ ကိုတင်မိုးဟာ သူဟာ ရုတ်တရက်ကြည့်ရင်တော့ဖြင့် ပတ်ဝန်းကျင် ရေမြေတောတောင် ဖွဲ့တဲ့သူ၊ ပတ်ဝန်းကျင်အလှကို ဖွဲ့တတ်တဲ့သူလို့ ထင်ရတယ်။ တကယ်ကျတော့ သူဟာ တိုင်းချစ်ပြည်ချစ်စိတ်ကို ရေးသွားတဲ့သူဖြစ်တယ်လို့ ကျွန်တော်ခံစားမိပါတယ်။ နောက်ပြီးတော့ အခု သူဟာ ကျွန်တော် စိတ်မကောင်းပါဘူး၊ သူဟာ အမေရိကမှာပေါ့၊ ပြည်ပမှာ သေသွားတယ်။ ဒါပေမယ့် သူ ကျွန်တော်တို့ဆီကို ပြန်လာနေတယ်လို့လည်း ကျွန်တော်ယုံကြည်တယ်။ အခု ကျွန်တော်တို့ ပတ်ဝန်းကျင်မှာရှိတယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူ ဗမာပြည်ကို သိပ်ချစ်တဲ့သူဆိုတာ ကျွန်တော် သူနဲ့အတူ ကြိမ်ဖန်များစွာ ခရီးသွားခဲ့ဖူးလို့၊ စာပေဟောပြောပွဲတွေ ခရီးထွက်ဖူးလို့ ကျွန်တော်သိနေတာ ဖြစ်ပါတယ်။ ဒါပဲ ကျွန်တော်ပြောချင်ပါတယ်။ ။

**အောင်သင်း**

---

ဆေးလိပ်အတို
နေအညိုမှာ
ဘယ်ကိုသွားတာလဲ ဆရာရယ်။ ။

**သူရဇော်**
**၂၈ ဇန်နဝါရီ၊ ၂၀၀၇**


www.burmesesclassic.com

www.burmesesclassic.com


ဦးတင်မိုး သေတာ သိတယ်၊ တော်တော် စိတ်မကောင်းဖြစ်ပါတယ်။ သေသေချာချာ မှတ်ထားနော်၊ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀ ကျော်လောက် ကျွန်တော် အိန္ဒိယသွားတယ်။ အဲဒီ အိန္ဒိယရောက်တော့ အိန္ဒိယစာနယ်ဇင်းတွေက ကျွန်တော့်ကို အင်တာဗျူးလုပ်တယ်။ အဲဒီလုပ်တဲ့အခါမှာ မြန်မာနိုင်ငံမှာ ကဗျာဆရာ အတော်ဆုံးဘယ်သူလဲလို့ မေးတယ်။ မေးတဲ့အခါမှာ ကျွန်တော်က 'တင်မိုး' လို့ ဖြေခဲ့တယ်။

ဗာရာဏသီထွက်လာတော့ ဗာရာဏသီမှာ ကျွန်တော့်အရင် စာရေးဆရာ၊ သူကတော့ မြန်မာပြည်အကြောင်း ရေးနေတဲ့သူဖြစ်တော့၊ သူကလည်း အဲဒီမေးခွန်းကို မေးတယ်။ မြန်မာနိုင်ငံမှာ ကဗျာဆရာ အတော်ဆုံးဘယ်သူလဲ ဆိုတော့ ကျွန်တော်က 'တင်မိုး' လို့ ပြောလိုက်တော့ သူက ဦးနုကိုလည်း သူမေးဖူးတယ်တဲ့။ အဲဒီတော့ ဦးနုကလည်းပဲ အဲဒီအဖြေကိုပဲ ရတယ်တဲ့။ ဦးနုကလည်းပဲ မြန်မာနိုင်ငံမှာ အတော်ဆုံး ကဗျာဆရာဟာ တင်မိုးဖြစ်တယ်လို့ ပြောတယ်တဲ့၊ အဲဒါပါပဲ ...။ ။

**ပါရဂူ**

---

ဆရာ

လွတ်လပ်မှုကို နှစ်သက်မြတ်နိုးရတဲ့ ဆရာရယ် ...
ခုတော့ လွတ်လပ်သွားပြီပေါ့နော်။

ပငိုသန္ဓေနေရတဲ့ ကျဉ်းမြောင်းကျပ်တည်းမှုက လွတ်မြောက်ပြီး သံသရာနှောင်ကြိုးကင်းတဲ့ နိဗ္ဗာန်ရွှေပြည်မှာ အေးချမ်းကြည်လင်စွာ စံပါလေတော့ဆရာ။

လူတိုင်းအပေါ် မေတ္တာထားတတ်တဲ့ဆရာဟာ မေတ္တာခါတ်တွေ ပျံ့နှံ့နေတဲ့နေရာမျိုးနဲ့သာ ထိုက်တန်ပါတယ်။

အမြဲတမ်း သတိရနေပါ့မယ်ဆရာ။ ။

**နတ်မောက် အနီချို**
**၂၈ ဇန်နဝါရီ၊ ၂၀၀၇**


www.burmesesclassic.com

www.burmesesclassic.com


ကျွန်တော် ပထမဆုံး အလွတ်ရတဲ့ကဗျာက ဆရာ့ 'မပိုင်ပန်း' ကဗျာပါ။

ကျွန်တော် ပထမဆုံး စတွေ့ ခင်မင်ရင်းနှီးခွင့်ရတဲ့ စာရေးဆရာထဲမှာ ဆရာက ပထမဆုံးပါ။

ဆရာ့ရဲ့ လက်တွဲခေါ်ယူ၊ တွန်းပို့မှုကြောင့်သာ ကျွန်တော် အခုလိုတစိုက်မတ်မတ် ဆက်ပြီး စာပေလောကမှာ ကျင်လည်နေရတာပါ။

ကျွန်တော့်ရဲ့စာပေဖခင်ကြီး 'ဆရာ' ဆုံးရှုံးရမှုအတွက် ကျွန်တော် ကြေကွဲဝမ်းနည်းမဆုံးပါ။

ဒေါက်တာသန်းထွန်းနဲ့ ဆရာ နောက်ဆုံးတွေ့တုန်းက ဆရာက "ကျွန်တော်လွှတ်ပေးလိုက်တဲ့ တပည့် (ရွှေကျော်) စွံတယ်မဟုတ်လား" လို့ ကျွန်တော့်အတွက် ဆရာ ဂုဏ်ယူဝင့်ကြွား ပြောလိုက်တယ်ဆိုတာ ကျွန်တော်သိရလို့ ကျွန်တော့်အတွက် ဆရာ ဂုဏ်ယူနိုင်ခဲ့တာမို့၊ ကျွန်တော် ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရပါတယ်။

ဆရာ ... 'ဆေးလိပ်မလို၊ နေမညို၊ ဇာတ်သိမ်းခန်းမရောက်ခင်
ဘာကြောင့်များ ထပြန်သွားရတာလဲဆရာ ...'

ကျွန်တော့် စာပေဖခင်ကြီး (ဆရာဂျမ်း) ကောင်းရာသုဂတိလားပါစေ ...။ ။

**ရွှေကျော်**
**၂၈ ဇန်နဝါရီ၊ ၂၀၀၇**

---

သက်ဆုံးတိုင် တိုင်းပြည်နှင့်လူမျိုးတွက် ရတက်မအေးနိုင်သော ဆရာကြီး၏ ရည်မှန်းချက်ပန်းတိုင်သို့ ပြည်သူတရပ်လုံး ရရှိခံစားရနိုင်ရေးကို ကျွန်တော်မှ ဆက်လက်၍ အသက်နှင့်ရင်းပြီး တာဝန်ထမ်းဆောင်သွားပါမည်ဟု ဤနေ့ရက်ကို တိုင်တည် သစ္စာပြုပါသည်။ ။

**မောင်မောင်ကြီး**
**မြို့နယ်စည်းရုံးရေးအဖွဲ့ ဥက္ကဋ္ဌ**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**
**အိမ်မဲမြို့နယ်၊ ဧရာဝတီတိုင်း**
**၂၉ ဇန်နဝါရီ၊ ၂၀၀၇**


www.burmesesclassic.com

ဆေးလိပ်ကတော့ တိုပါပြီ။
နေက မညိုသေးဘူးလို့ပဲ ထင်တယ်။
'ဂျမ်း' ကို အိမ်ပြန်မပို့သင့်သေးပါဘူး။ ။

**မောင်သာနိုး**
**၂၈ ဇန်နဝါရီ၊ ၂၀၀၇**

ဆရာနဲ့ဝေးသွားပေမယ့်
ဆရာ့စာ ဆရာ့ကဗျာ
ဆရာ့အသံတွေနဲ့
နီးနေပါတယ် …။ ။

**ကာတွန်းမြေဇာ**
**၂၉ ဇန်နဝါရီ၊ ၂၀၀၇**

ဆရာဂျမ်း

ဆရာ့ရဲ့ခရီး ပြီးဆုံးပြီလို့
ကျွန်တော် မယူဆပါ။
ဆရာ့စေတနာ၊ ဆရာ့မေတ္တာဟာ
ကျွန်တော်တို့ခရီးမှာ
စီးမျောနစ်ဝင်လျက် ရှိနေဆဲပါ။ ။

**ခင်မောင်ရှိန်**

ဒေါ်လေးကို သိပ်ချစ်တဲ့ ဦးဦးကိုဘဂျမ်း
ဒေါ်လေးနဲ့ ပြန်တွေ့ပါစေ။ ။

**တူမ**
**ဝင်းဝင်း**
**၂၉ ဇန်နဝါရီ၊ ၂၀၀၇**


www.burmesesclassic.com

www.burmesesclassic.com


မြန်မာစာပေခရီးတွက် ဆုံးရှုံးမှု
နိုင်ငံအတွက် ဆုံးရှုံးမှုတွေ ရှိပေမယ့်
ဆရာ့ရဲ့သြဝါဒတွေက မပျောက်ပျက်ပါ။ ။

**ခင်မောင်ချို**
**အင်းစိန်**
**၂၉ ဇန်နဝါရီ၊ ၂၀၀၇**

---

ဆရာကြီး

အပြီးမပျက် အမုန်းမဖက် သူ့တသက်မှာ ကဗျာလက်နက် ကိုင်စွဲသူ။

ကျွန်ုပ်တသက် မေ့ရက်မရ သူ့အလှ၊ သူ့အပြုံး၊ သူ့အရိုးသားဆုံး အမူအရာ ကျွန်ုပ်အား စွဲခဲ့သည်။ ။

**ဘိုစိန်**
**၂၉ ဇန်နဝါရီ၊ ၂၀၀၇**

---

ဆရာတင်မိုး

ဆရာလည်းမသေ တို့လည်းမသေ
အစဉ်ရှင်သန်မည့် ဆရာ့စိတ်ဓာတ်၊ တို့စိတ်ဓာတ်
ဆရာဦးဆောင် တို့လိုက်မည်
ဆရာ့အနား ဝိုင်းရံလျက် ရှိကြသည်
ဆရာ ကောင်းရာမြင့်မြတ်ဘုံသို့ လားရမည်။ ။

**မြင့်လှိုင်**
**လှိုင်သာယာ**


www.burmesesclassic.com

www.burmesesclassic.com


ဆရာ

ကျနော်တို့ကို စာလည်းသင်ပေးတယ်။
ကဗျာလည်း သင်ပေးတယ်။
ဘဝတူတွေကို ကူညီဖို့ အသိတွေလည်းပေးတယ်။
ဆရာပေးတဲ့ အသိတွေနဲ့ ကျနော် လမ်းလျှောက်နေပါ့မယ်ဆရာ။ ။

**အဂျစ်ဟိန်း**
**၂၉ ဇန်နဝါရီ၊ ၂၀၀၇**

---

ဖတ်ဖူးလို့ သိခဲ့တယ်။
သိပြီးမှ မှတ်မိနေတုန်း ...
အခုတော့ မသနားပါဘူး
ကြီးပြီလေ ပင်ပန်းလှပါပြီ
နှမြောတာပဲ ခံခက်နေပါတယ်။ ။

**ခင်မောင်**
**ရွှေပြည်သာ**

---

ဆရာ

ဝမ်းနည်းကြေကွဲ ယူကျုံးမရဖြစ်ရပါတယ်ဆရာ ...
ကျနော်တို့အတွက် ကဗျာနေမင်းကြီးတဆူ ကွယ်လေပြီ ...
၁၉၆၉ ခုနှစ် နာနတ်မြေသစ္စာနီ ဆိုတဲ့ကဗျာပေါက်စလေး အားမာန်တွေ လျော့နေတဲ့အချိန်များ ဆရာ့ရဲ့ အားမာန်တွေပေးခဲ့ပါတယ် ဆရာ ...။
အမျိုး ဘာသာ သာသနာနှင့် မြန်မာကိုသိပ်ချစ်တဲ့ မျိုးချစ်ပြီး ဆရာ – ဆရာ့စိတ်ဓာတ်၊ ဆရာ့ယုံကြည်ချက်တွေအတိုင်း ဆရာ့တပည့် – နာနတ်မြေ သစ္စာနီ (၁) နွေတမာ ကဗျာခရီးကို ဆက်လက်ချီတက်ပါမယ်လို့ ဆရာ့တပည့် ကတိပြုပါတယ် ဆရာ။ ။

**နာနတ်မြေ သစ္စာနီ (၁) နွေတမာ**
**၂၉ ဇန်နဝါရီ၊ ၂၀၀၇**


www.burmesesclassic.com

www.burmesesclassic.com


ဆရာတင်မိုး

ချိုးကျိုးဂုဏ်ပြုလိုက်သော ပုဂ္ဂိုလ်တဦး ဖြစ်သည်။ ဆရာဦးတင်မိုး သေဆုံးသွားရခြင်းသည် မိသားစုနှင့် မိတ်ဆွေရောင်းရင်းများ၊ ရဲဘော်များနှင့်အတူ ဝေဒနာတရပ် ဖြစ်ပေါ်ခံစားရပါသည်။ ။

**ဦးစိုးမြင့် (သခင်)**
C.E.C (NLD)

---

ဆရာဂျမ်း

လွမ်းစရာလေးတွေကနေ လွမ်းစရာတွေချည်းပဲ ဖြစ်ကုန်ပြီ။ နောက် တွေ့ခွင့်ကြုံဦးမယ်ဆိုရင် သည်ဘဝမှာလို ညီအစ်ကိုရင်းချာသဖွယ် ဖြူစင်တဲ့မေတ္တာ သံယောဇဉ်တွေနဲ့ ပြန်ဆုံကြတာပေါ့ဗျာ။

You are one of the best.

**စိုင်းအောင်ဝင်း**
**၂၉ ဇန်နဝါရီ၊ ၂၀၀၇**

---

ဆရာဂျမ်း

တာဝန်ကျေတဲ့ ဆရာ့ကဗျာတွေက ...
သမိုင်းအဆက်ဆက် လျှောက်လှမ်းနေမှာပါဆရာ။ ။

**လင်းထင်**
**မဟေသီမဂ္ဂဇင်း**

---

ဆရာဦးတင်မိုးသို့

ကဗျာတွေ၊ စာတွေနဲ့ လူထုနဲ့ တော်လှန်ရေးအပေါ် ပေးဆပ်ခဲ့တဲ့ဆရာ့ကို နှမြောတသမိပါတယ်။

**အောင်ကြီး**


www.burmesesclassic.com

ဆရာဂျမ်း
ကမ္ဘာမှာ ရှားပါးတဲ့ အစားထိုးမရသူများရှိကြပါတယ်။
အဲဒီအထဲမှာ ဆရာဂျမ်း (ကဗျာဆရာတင်မိုး) တယောက်ပါကြောင်းကို
အသိအမှတ်ပြုပါတယ်။ ။

**အောင်နီ**

---

ကိုတင်မိုး – ကိုဘဂျမ်းရေ ...

ဘဝမှာ ခင်ဗျားဟာ မွန်မြတ်တဲ့အလုပ်တွေ လုပ်သွားတာပါ။ ။

လေးစားလျက်

**သာဆန်း**
**၂၉ ဇန်နဝါရီ၊ ၂၀၀၇**

---

ဆရာကြီး ကဗျာတင်မိုး ... သို့

ရွက်ဟောင်းတွေကြွေလို့ ရွက်သစ်တွေလည်း လဲခဲ့ပြီး
ဘဝဟောင်းလည်း ကြွေလို့ ဘဝသစ်လည်း စခဲ့ပါပြီ ဆရာရယ်။
ဒီမိုကရေစီလေးတောင် မြင်မသွားရဘူး။

မြင့်မြတ်သောဘုံဘဝသို့ ရောက်ပါစေ။ ။

M.Z
NLD Insein
**၂၉ ဇန်နဝါရီ၊ ၂၀၀၇**



www.burmesesclassic.com

www.burmesesclassic.com


ဆရာ

ရင်ထဲမှာ ထာဝရရှိနေမယ်။ ။

**ဒေးဗစ်လှမြင့်**
**၂၉ ဇန်နဝါရီ၊ ၂၀၀၇**

---

Yellow leves are Falling,
to serve as Fertilizer for
the coming generation.

Khin Maung Aye
Attorney & Consultant

---

ရဲရင့်သော ကဗျာစာဆို

ဒီမိုကရေစီရေး
ငြိမ်းချမ်းရေး
စစ်အာဏာရှင် ဆန့်ကျင်ရေး
တိုင်းရေးပြည်ရေး
ဗမာတမျိုးသားလုံးအရေး ... တို့အတွက်
မပျက်မကွက် လှမ်းဆက်နေတုန်း
ကျဆုံးသွားတဲ့ စာဆိုရှင်
သင့်ကို ဂုဏ်ပြုလိုက်ပါသလေ ...။ ။

**မောင်ဉာဏ်လင်း**
**၂၉ ဇန်နဝါရီ၊ ၂၀၀၇**


www.burmesesclassic.com

ကျွန်တော်က ဆရာနဲ့မတူတဲ့ (ပုံသဏ္ဍာန်) ကဗျာတွေ ရေးတယ်။
ဆရာတင်ဖို့ ဝန်လေးတယ်။
ဒါပေမယ့်
ဆရာတင်မိုးဟာ ထာဝရ ကျွန်တော့်ဆရာ ကျွန်တော့် ကောင်းကင်ထက်က ကြယ်။ ။

များစွာဖြင့်
**စောဝေ**

---

ဆရာရှင့်

ဆရာသည် ကျွန်မဆရာ ဖြစ်ပါသည်။ ။

**ဒေါက်တာခင်မြင့်ဦး**

---

ဆရာ

အနုပညာအောင်လံကို အမြင့်ဆုံး လွှင့်ထူနိုင်ခဲ့ပါတယ်။ ။

**ဝင်းသူရ**
**ကဗျာဆရာ**
**၂၉ ဇန်နဝါရီ၊ ၂၀၀၇**

---

ဆရာ ဦးတင်မိုးသို့
ဘဝတပါးပြောင်းသွားသော်လည်း ဆရာ့အား အမြဲဂါရဝပြုလျက်ပါ ...

**ဒေါက်တာနွယ်နွယ်ဦး**



www.burmesesclassic.com

www.burmesesclassic.com


ကဗျာဆရာ အဘဦးတင်မိုး

ကွယ်လွန်ခြင်းဟာ ဘယ်အရာနဲ့မှ အစားထိုးမရတဲ့ဝမ်းနည်းမိလို့ မဆုံးပါဘူးဆရာ။

ကောင်းရာသုဂတိလားပါစေ။ နောင်ဘဝဆိုတာရှိခဲ့ရင် မြန်မာနိုင်ငံမှာ ယခုလို မြင့်မြတ်တဲ့ ကဗျာဆရာ ပြည်သူချစ်တဲ့ကဗျာဆရာ ဖြစ်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။ ။

**ဒေါ်နု**
**စမ်းချောင်းမြို့နယ်**
**မြို့နယ်စည်းရုံးရေးမှူး**
**၂၉ ဇန်နဝါရီ၊ ၂၀၀၇**

---

ဆရာ

လွမ်းမဝနိုင်ပါဘူး ဆရာ။ ။

တပည့်
**မမြငြိမ်း**
**သန့်စင်အေး**

---

ချစ်ခင်လေးစားရသော ဆရာ

ကဗျာကို ချစ်သော
အပေါင်းအသင်းများကို ခင်တွယ်သော
တိုင်းပြည်ကို ချစ်သော
ဆရာ ဘယ်တော့မှမသေပါ။ ။

ရိုသေလေးစားစွာဖြင့်
**တင်တင်လှ**


www.burmesesclassic.com

www.burmesesclassic.com


ဆရာ

ဆရာရေးခဲ့ဖူးတဲ့ ကဗျာလိုလို စကားပြေလိုလို နှစ်မျိုးလုံးဖြစ်တဲ့ အကြောင်းလေးတွေကို ကျွန်မ အမြဲသတိရနေခဲ့ပါတယ်။ မမိုး (မိုးမိုးအင်းလျား) ရဲ့ အမှတ်တရတုန်းကလေ ...

"ချစ်သူတို့ သက်တမ်းတိုလှ၏
မုန်းသူတို့ သက်တမ်းရှည်လှ၏
ကြေကွဲ၍ မဆုံးပါ ... ' တဲ့

ကျွန်မတို့အားလုံး ကြေကွဲရပါတယ်ဆရာ။ ။

ဆရာ့ကို လေးစားချစ်ခင်သော

**ချူး**

**၂၉ ဇန်နဝါရီ၊ ၂၀၀၇**

---

အမျိုးသားစာဆို လှေကားထစ်ပေါ်က
ဆရာတင်မိုး
ကောင်းရာသုဂတိ ရောက်ပါစေ။ ။

**စိုးမြင့်လတ်**

**၂၉ ဇန်နဝါရီ၊ ၂၀၀၇**

---

ဆရာကြီး ဦးတင်မိုးကတော့ ကျမတို့အားလုံးနဲ့ လုံးဝ မစိမ်းပါဘူး။ သူ့ရဲ့အသံနဲ့ သူ့ရဲ့အနုပညာကဗျာစကားတွေဟာ ကြားနေကျမို့ နားဘဝင် ယဉ်ပါးနေကျပါ။ နိုင်ငံတကာ လေးစားလောက်တဲ့ပုဂ္ဂိုလ်မို့ နောက်တယောက်ဆို နောက်တခါ မလာနိုင်ပါ။ ။

စိတ်နဲ့ထပ်တူ ဝမ်းနည်းရပါကြောင်း ... ...

**ဥမ္မာဦး**

**အင်းစိန်**

**ကျောင်းသားဟောင်း**

**၂၉ ဇန်နဝါရီ၊ ၂၀၀၇**


www.burmesesclassic.com

www.burmesesclassic.com


ဆရာ ...
ရေမြောင်းဘေးက
ခွပ်ဒေါင်းအလံလေး
ပြန်လည်လွင့်ပျံလာတဲ့အခါ
ဆရာတို့ ကဗျာ ရေးဆိုနေကြပါစေ။
ဆရာချစ်သော သက်ဝင်းအောင်နဲ့လည်း ရွတ်ဆိုကြပါစေ။ ။

**ဖြိုးချို**
**၂၉ ဇန်နဝါရီ၊ ၂၀၀၇**

ဆရာဖေဖေ

ကျနော်တို့ ဆရာဖေဖေ
ကဗျာထဲကလို
အလံမလဲ အောင်ပွဲဆင်နွှဲဖို့
ဆက်လက်ကြိုးစားလျက် ...

**ဇော်မင်း (၈၈)**
**၂၉ ဇန်နဝါရီ၊ ၂၀၀၇**

ဆရာကြီး

တိုင်းပြည်အတွက် စွန့်လွှတ်စွန့်စား အနစ်နာခံပြီး
တာဝန်ကျေသွားတဲ့ ဆရာကြီး
ကောင်းရာသုဂတိ လားပါစေကြောင်း ...

**မစုစုနွေး**
**ကော့မှူး**
**၂၉ ဇန်နဝါရီ၊ ၂၀၀၇**


www.burmesesclassic.com

www.burmesesclassic.com


မိုးစံ

ကျမနာမည် နီနီမာပါ။ ဆရာကြီးဦးတင်မိုးရဲ့ကဗျာလေးတွေနဲ့ ကြီးခဲ့ရသူတယောက်ပါ။ ဆရာကြီး ဦးတင်မိုးရဲ့ ကဗျာသားသမီးတွေထဲက တယောက်ပေါ့။ မြန်မာပြည်ထဲမှာ ကျမတို့လို အသက် ၄၀ အရွယ်တွေဟာ ဆရာကြီးရဲ့ ထီးကလေးနဲ့မနီ၊ ပူစီ၊ အမေ့ကျောင်း စတဲ့ကဗျာလေးတွေနဲ့ လူဖြစ်လာရတာပါ။ **23.1.07 RFA** အသံလွှင့်ဌာနက အသံလွှင့်သွားတဲ့ ဆရာကြီး ကွယ်လွန်ကြောင်းကို ကြားရတော့ မိုးစံတို့နဲ့အတူ နှမြောတသ ဝမ်းနည်းကြေကွဲခဲ့ရပါတယ်။

ကျမရဲ့အဖေဟာလည်း ဆရာနဲ့ အသက်တူ၊ တက္ကသိုလ်ရောက်ချိန်လည်းတူ၊ ဆရာက မန်းတက္ကသိုလ် တပ်ဦးကျောင်းသား၊ ဖေဖေက ရန်ကုန်တက္ကသိုလ်တပ်ဦးကျောင်းသား။ ကျောင်းဆရာလုပ်တာချင်းလည်း တူ၊ ငယ်ငယ်တည်းက ဖေဖေဝယ်ပေးခဲ့တဲ့ ဆရာ့ကဗျာစာအုပ်ကလေးတွေ ဖတ်ရင်း ဆရာ့အကြောင်းတွေ ဖေဖေပြောခဲ့လို့ မမြင်ဖူးပေမယ့် ရင်းနှီးနေတာပါ။

ဖေဖေကလည်း ဆရာ့လို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကနေ ၁၉၉၀ ပြည့် ရွေးကောက်ပွဲမှာ ပေါင်းတည် မဲဆန္ဒနယ် အမှတ် (၁)က အရွေးခံခဲ့ရတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းနိုင်ပါ။ အကြိမ်ကြိမ် အထိန်းသိမ်းခံခဲ့ရပေမယ့် ဆရာ့လိုတော့ အင်းစိန်ထောင်ထိ မရောက်ခဲ့ပါဘူး။ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ကနေ အမျိုးသားရေးထက် လူမှုရေးကို ဦးစားပေးသည့် (ဒေါ်စုခေတ်ပုံတွေ ရုံးမှာမချိတ်ရ အမိန့်ကို ဆန့်ကျင်ခဲ့၍) စွဲချက်နှင့် ထုတ်ပယ်ခံရသူပါ။ ဒေါ်စုကို **NLD** မှထုတ်သည့် အချိန်ကပေါ့။ အခုတော့ အိမ်မှာပဲ စာရေးစာဖတ်ပြီးနေပါတယ်။ တိုင်းပြည်ကို သစ္စာရှိလျက်ပေါ့။

ဒါတွေ ရေးပြနေတာက ဆရာ့လိုအခုချိန်မှာ ဘဝတူရင်ဆိုင်နေရတဲ့ အခက်အခဲဒုက္ခတွေကို အတူတူ ခံစားနေရလို့ပါ။ **25.1.06 RFA** သတင်းမှာ မမိုးစံနဲ့ **Interview** ကိုလည်း နားထောင်ရလို့ သတင်းစာမှာ ဆရာ့နာရေး ဖော်ပြခွင့်မရတာကို သိရလို့ ဝမ်းနည်းမိပါတယ်။

တိုင်းပြည်ရဲ့ရှားပါးတန်ဖိုးကြီးမြတ်တဲ့ ဆရာတွေကို ထိန်းသိမ်းရကောင်းမှန်းမသိတဲ့ တိုင်းပြည်မှာ ပူးတောင်းနစ်ပြီး ဇောင်းချမ်းပေါ်နေရတာ အလွန်ဝမ်းနည်းကြေကွဲရပါတယ်။ ဆရာ့အတွက် ခံစားရတဲ့ ကဗျာလေးတပုဒ်ကို ရေးပေးလိုက်ပါတယ်။

ပေါင်းတည်ဘက်ရောက်ရင် လိုအပ်တဲ့အကူအညီမှန်သမျှ တတ်နိုင်သမျှ ကူညီဖို့အသင့်ပါပဲ။ ဆရာ့သမီးများဟာ ဆရာမရှိပေမယ့် ကျမတို့ရဲ့ ညီအစ်မတွေပါပဲ။ ဆရာမျှော်လင့်တဲ့ တိုင်းပြည်အဖြစ် အမြန်ဆုံးရောက်ဖို့ ဆုတောင်းသလို အစွမ်းရှိသမျှ ကြိုးစားပါ့မယ်။

ဆရာ့အတွက်အမှတ်တရ ကဗျာလေးပါ။


www.burmesesclassic.com

www.burmeseclassic.com


## ဆရာဂျမ်း

ကဗျာကြွယ်တပွင့်
ခရီးရှည်တခု ရွက်လွှင့်သွားတယ်။
ဒေါနတောင်ခြေကနေ
လွမ်းတဝေဝေနဲ့၊ မှန်းဆနေစရာလည်း မလိုတော့ဘူး။
ဟိုးမှာ ရွှေတိဂုံလို့လည်း
အဝေးက တမ်း၊ ရည်မှန်းဖူးမြော်စရာလည်း မလိုတော့ဘူး။
သူချစ်တဲ့မြေမှာ
သူ့ဝိညာဉ်လိပ်ပြာကို
ဘယ်မကောင်းဆိုးဝါးမှ၊ မတားဆီးနိုင်တော့ဘူး။
ပြည်ရွာအနှံ့၊ လွတ်လပ်စွာ ခြေဆန့်ပလေ။
သူ့သားသမီးတွေက
သူ့မြေးမောင်နှမတွေက
သူ့တေးတွေဆိုပြီး ချော့သိပ်လို့
သူ့တေးတွေထဲက
သူ့ရဲ့မေတ္တာ၊ သူ့ရဲ့သစ္စာ
ရိုးသားမှုနဲ့သတ္တိ
သူ့မြေးမြစ်တွေရဲ့ ရိုးတွင်းခြင်ဆီထိ
သူပြုံးပြီး ကြည့်နေမှာ မြင်ယောင်ပါတယ်။ ။

**နီနီမာ**
**ပေါင်းတည်မြို့၊ ပဲခူးတိုင်း။**
**၂၃၊ ဇန်နဝါရီ၊ ၂၀၀၇**


www.burmeseclassic.com

မိုးစံတို့မောင်နှံ

စာရေးမယ် ရေးမယ်နဲ့ဟာ ရေးလို့ကို မထွက်ဘူး။ ဘယ်ကစလို့ ဘာရေးရမှန်းတောင် မသိလောက်အောင် စိတ်ထိခိုက်မိပါတယ်။ အဲဒီလို စိတ်ထဲ မကောင်းတာကြောင့်ရော၊ ကျောင်းအလုပ်တွေ ပစ်ထားခဲ့လို့ မရတာကြောင့်ရော ဆိုပါတော့။ ဆရာမိုး ဈာပနကို မရောက်ဖြစ်တော့ပါဘူး။

မရောက်ဖြစ်ပေမယ့် ဒီအချိန်မျိုးမှာ ဆရာမိုးကို ပူဇော်လိုက်ချင်တာနဲ့ ကဗျာတပုဒ်ကောက်ရေးနေမိတာ။ စိတ်တိုင်းကျမရပေမယ့် ကဗျာယောင်ယောင်တော့ဖြစ်တယ်လို့ သဘောရတာနဲ့ မိုးစံတို့ဆီကိုပါ ပို့လိုက်တယ်။ ချိုသင်းတို့ဆီကိုလည်း ပို့ထားပါတယ်။ ဒီပြန်ရောက်စ အားအင်ကုန်ခန်းသွားတော့ တပတ်လောက် ကိုယ့်ဟာကိုယ် ပြန်ထူထောင်နေရတယ်။ ဒါကြောင့် ဆရာမိုးဆီကို ဖုန်းမဆက်နိုင်ဘူး။ ၂၁ ရက်မှာမှ တမင်အချိန်ရှာပြီး ဆက်ရတယ်။ ပြောဖြစ်ကြတော့လည်း အတော်ကြာကြာပြောဖြစ်ကြပါရဲ့။ အဲဒီပြောဖြစ်တဲ့အကြောင်းတွေ တနေရာရာမှာ ရေးပါဦးမယ်။

အဲဒီနေ့က ဆရာမိုးရယ် ... အခါတိုင်းနဲ့မတူတာက အရင်လို တို့စကားလမ်းကို သိပ်ဆက်ခွင့်မပေးဘူး။ တခုခုတို့ပြောနေရင် အပြီးတိုင်အောင် စောင့်နားမထောင်ဘဲ သူ့ချည်းပြောချင်တာ ပြောပြောသွားတာ။ ဆရာနိုင့်အိမ်မှာလုပ်ခဲ့တဲ့ ဘာသာစကားဝိုင်းလေးအကြောင်းပြောချင်တာ အဲဒီစခန်းကို မရောက်လိုက်ဘူး။ သူပြောနေတာတွေကလည်း စိတ်ဝင်စားစရာတွေချည်းဆိုတော့ သူ့စကားနောက် လိုက်သွားမိတာပါပဲ။

မိုးနှင်းကို သူပြောတဲ့အတိုင်း တို့နှစ်ယောက် သဘောတူကြတာကတော့ မြန်မာနိုင်ငံက စာကြည့်တိုက်တွေ ဖွံ့ဖြိုးအောင် တတ်နိုင်သမျှ ဒီဘက်မှာ စိုင်းပြင်းကြဖို့ပါပဲ။ တို့ပြောတဲ့အထဲမှာ မြန်မာပြည်က နိုင်ငံရေးအကြောင်း တစွန်းတစမှ မပါပါဘူး။ အစိုးရအကြောင်းလည်း မပါ။ ပါတီအကြောင်းလည်း မပါ။

အဲဒီလို စကားအကြာကြီးပြောပြီး နောက်နေ့ကျ သူဆုံးတဲ့သတင်းကြီးက ရောက်လာတာပဲ။ စိတ်မထိခိုက်ဘဲ ဘယ်ရှိပါ့မလဲ။

ကဲဟယ် ... အများချစ်တဲ့ ဆရာမိုးအတွက် မိုးစံတို့လို ယူကျုံးမရဖြစ်နေမယ့် ပြည်သူတွေ အများကြီးဆိုတာ တွေးပြီး အားတင်းထားပါ။

ဘယ်တော့မှမသေမယ့် အဖေကို ရထားတာ မိုးစံတို့ ကံကောင်းပါတယ်။ ဆရာမိုး မသေသေးဘူးလို့ပဲ သဘောထားပါ။

တို့ဆို အခုထိ တို့အမေဟာ အဖေနဲ့အတူ အသက်ရှင်နေတုန်းပဲ။ ။



www.burmesesclassic.com

www.burmesesclassic.com


# တင်မိုး ဂုဏ်

ကဗျာဆရာ
အထောင်အရာ
များစွာ များစွာ
ဖွားလာနိုင်၏ ပွားနိုင်၏။

အာဏာ ရှူးတုံ
အသပြာ ရှူးတုံ
အရာရာ ရှူးကုန်
တဏှာဘုံ အရှုပ်ရုပ်က
မဟုတ်မဟတ်

အယုတ်ဇာတ်တွေကို
သရုပ်ပြတ် အမှန်မြင်ပြီး
အော့အန်ချင် ဟားတိုက်တတ်အောင်
ပုတ်ခတ်ခတ် မျက်တောင်
လှောင့်ထေ့ယောင် နှုတ်ခမ်း
အသွမ်းသွေး သရော်သံနဲ့
တော်လှန်ရဲတဲ့ သတ္တိ
မမောစတမ်း ဟောစွမ်း ပြောစွမ်းတဲ့ သတ္တိ
ရှားပချေ၏ ရှားပေ၏၊
ကဝိဂုဏ် အဟံဝန္ဒာမိ။ ။

**မောထွန်း**

---

ဆရာ
ကျနော်တို့ အားလုံးရဲ့ ဆုံးရှုံးမှုကြီးကို စကားလုံးဖြင့် မဖော်ပြနိုင်ပါ။
ဆရာ ကောင်းရာသုဂတိ လားပါစေ။ ။

ရှိသေလေးစားစွာဖြင့်

**ညွန့်သန်း**
**၁၊ ၂၈၊ ၀၇**

---

ဆရာကြီးအတွက် ဆုံးရှုံးသွားမှုကြီးအား မိသားစုနှင့် အတူ
ထပ်တူထပ်မျှ ဝမ်းနည်းမိပါကြောင်း ... ...

**ညီညီ**
**အရီဖိုးနား**


www.burmesesclassic.com

www.burmesesclassic.com


ဗမာနိုင်ငံနဲ့ သမိုင်းရေစီးကြောင်းထဲမှာ
ထာဝရ မေ့မရတဲ့ သမိုင်းမှတ်တိုင်တခုဟာ
ကဗျာဆရာကြီး တင်မိုး ဖြစ်တယ်။ ။

**သက်ထွန်း**
**ဗကသ-လဘသ**

---

လူငယ်တွေအတွက် အစားမရတဲ့ ဆုံးရှုံးမှုပါ ဆရာ။ ဆရာဟာ ကျနော်တို့ ရင်ထဲမှာ အမြဲ ရှင်သန်နေတုန်းပါ။ ။

**အောင်ကျော်ခိုင်**
**အရီဇိုးနား**

---

ဆရာကြီးတင်မိုး ကောင်းရာသုဂတိ လားပါစေ။ ။

တော်လှန်ရေးသစ္စာဖြင့်
**ကိုကိုလေး**
**ဆန်ဖရန်စစ္စကို**

---

ခဏခဏ တွေ့တိုင်း ဆုံးမသြဝါဒတွေပေး နေတဲ့ ဆရာကြီး။ အစားထိုးမရတဲ့ အမျိုးသား စာဆို ပညာရှင်ကြီး ကွယ်လွန်သွားတဲ့အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းရပါတယ်။ ။

**ကြည်ဝင်း**
(NLD-LA)


www.burmesesclassic.com

www.burmesesclassic.com


ဆရာမိုး ဈာပန အခမ်းအနားမှာ ပြောခွင့်ရလို့ ဆရာ့ကို 'သခင်ကိုယ်တော်မိုး'အဖြစ် ဂုဏ်ပြုလိုက်ရတာ အလွန်ကျေနပ်လှပါတယ်။ ။

**ဒေါက်တာအောင်ထွန်း**
(ဆရာမိုးနဲ့ တရွာတည်းဖွား၊ ရေစကြိုသား၊ တကျောင်းတည်းထွက်၊ အပေါင်းအဖက်ပါ။)

---

ဆရာကြီးရေ
ဆရာပြောတဲ့ စကားတခွန်းဖြစ်တဲ့ ချစ်သူတွေ အသက်တို၏ မုန်းသူတွေ အသက်ရှည်၏ ဆိုတာ မှန်နေပါလား။ ။

**ရန်အောင်**

---

ဆရာကြီးခင်ဗျား
ကျနော်တို့အားလုံး မမေ့နိုင်အောင်ပါပဲ။ ဆရာကြီးမရှိမှ ဆရာကြီးကို ပိုပြီး သတိရနေတယ်။ ဆရာကြီး ကျနော်တို့ ရင်ထဲမှာ အမြဲတမ်း ရှင်သန်နေမှာပဲ။ ။

**မိုးသီးဇွန်**
(နတ်ပြည်မှာ လက်ဖက်ရည်ဆိုင်နဲ့ စီးကရက်ရှိတယ်လို့ ကြားတယ်။ ဆရာကြီး ဘာမှမပူနဲ့)

---

သင်ဆရာ မြင်ဆရာ ကြားဆရာများထဲက ဆရာ ...
ဆရာချစ်တဲ့ တိုင်းပြည်နဲ့ လူမျိုး
ဘာသာ၊ သာသနာ၊ ကဗျာ၊ စာပေ
တိုးတက်မြင့်မားလာတာတွေ မြင်ရတဲ့အခါ
မြင့်မြတ်ရာအရပ်က သာဓုခေါ်နိုင်ပါစေ။
ဆရာ ကောင်းရာသုဂတိ လားပါစေ။ ။

**အောင်ကျော်ဦး**
၂၈-၁-၀၇


www.burmesesclassic.com

www.burmesesclassic.com


မြန်မာနိုင်ငံအတွက် အစားထိုးမရတဲ့ အနုပညာတခု ဆုံးရှုံးမှုဟု သက်ဝင်ယုံကြည်သည်။ ။

**ကျော်နိုင် (လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ)**

---

ဆရာကြီးရေ

ခံစားချက်တွေ ရင်ဖွင့်ရမယ်ဆိုရင် ဘယ်တော့မှ ပြီးဆုံးမှာ မဟုတ်ဘူး။ ကျနော်တို့ရဲ့ဖြတ်သန်းရမယ့် ဘဝတလျှောက်အတွက် ဆရာကြီး အမြဲလွမ်းမိုးနေမှာပါ။ ။

ဆရာကြီးရဲ့ သားတပည့်
**ဇေယျာဝင်း (အကသ ၈၈)**

---

ဆရာမိုး
ငယ်ဘဝကတွေ့ခဲ့
ဒုက္ခအကျဉ်းထောင်မှာ ဆရာရဲ့ သွန်သင်မှုများနဲ့ ခိုင်မာအောင် တည်ဆောက်ခဲ့ရ
ဆရာ ဘဝတပါးပြောင်းသွားပေမယ့်
ဆရာ မသေပါဘူး ဆရာ။ ။

**ကျော်ငွေဦး**
**ခေတ္တ အယ်လ်အေ**

---

ဆရာကြီးတင်မိုး

ဆရာကြီး ကျနော်တို့ကို ပောလီးဝုဒ်က ထိုင်းဆိုင်မှာ ဆုံးမခဲ့တဲ့ စကားလေးတွေနဲ့ ကျနော်တို့ ဆက်လက်ရှင်သန်ပါရစေ။ ဆရာကြီး ကောင်းရာသုဂတိ လားပါစေ။ ။

**ဇော်မင်းအောင်**
**ကုဋေသူရ**
**နန်းဖောင်နွန်း**


www.burmesesclassic.com

ဖန်မီးအိမ်
မှောင်ချိန်ကိုခွင်း။
မီးအိမ်ရှင် ကွယ်ကာ ပျောက်ပေမယ့်
ဖန်မီးအိမ် ထိန်ထိန်တောက်ပေလိမ့်
ထိုးဖောက်ညတွင်း
မိုးသောက်လမင်း။ ။

**ရန်ဖြစ်ဗက် ငယ်သူငယ်ချင်း မောင်စွမ်းရည်**

---

ဦးတင်မိုး
ဆရာကြီး တော်လှန်ရေး မပြီးခင် ကျနော်တို့ကို စွန့်ခွာသွားတာ မတရားဘူးဗျာ။ လူဝင်စားအဖြစ်နဲ့ ကျနော်တို့နဲ့အတူ တော်လှန်ရေး ဆင်နွှဲဖို့ အမြန်ပြန်လာပါ။ ။

ငြိမ်ပိစစ်အစိုးရ ပြုတ်ကျရေး (ဒို့အရေး)၂
အောင်ဆန်းစုကြည်နဲ့ တော်လှန်ရေး အကျဉ်းသား လွတ်မြောက်ရေး (ဒို့အရေး)၂

**ဒေါက်တာ အောင်ခင်**

---

ဆရာကြီး ဦးတင်မိုး ကောင်းရာသုဂတိလားပါစေ။ ။

**ဦးသိန်းနိုင် + ဒေါ်ကျင်ရီ မိသားစု**

---

ဆရာ့ ကျေးဇူးကြီးလှသော စေတနာ၊ မေတ္တာနှင့် အရေးအကြီးဆုံးသော ရိုးသားမှုတို့ကို မည်သူမှ မေ့နိုင်လိမ့်မည် မဟုတ်ပါ။ ။

**သူရ**
**၈၈ မျိုးဆက်ကျောင်းသားတဦး**



www.burmesesclassic.com

www.burmesesclassic.com


ဆရာ ...

အညာမှာ တမာတွေ မမွှေးတော့ဘူး

အညာသားတစ်ယောက်

ပျောက်နေလို့ တဲ့။ ။

**ထိန်လင်း**

**၂၈-၁-၀၇**

ဆရာကြီး

ကျမတို့ လေးစားမြတ်နိုးရတဲ့ ဆရာကြီးကို ဆုံးရှုံးရတာ ဘယ်လိုမှ အစားထိုးလို့ မရတဲ့ ဆုံးရှုံးကြေကွဲရမှုပါပဲ ဆရာကြီး။ ဆရာကြီး အားပေးခဲ့တဲ့ စကားများကို အမြဲအမှတ်ရလျက်ပါ။ ။

**အေးအေးသန်း**

**၁-၂၈-၀၇**

ဆရာရေ

ကျနော်တို့

အိမ်ပြန်ကြစို့ .... ....

**မောင်ရစ်**

**(၀၁၊ ၂၄၊ ၂၀၀၇)**

လေးစားရပါသော ဆရာကြီး

တိုင်းပြည်ပ တိုင်းတပါး ယူအက်စ်အေမှာ မထင်မှတ်ဘဲ တမိုးတအိမ်တည်း နေခဲ့ရစဉ် ဆရာကြီး၏ ဆိုဆုံးမစကားများကို အမြဲသတိတရ လေးစားလျက်။ ဆရာကြီး ကောင်းရာသုဂတိသို့ ရောက်ပါစေကြောင်း ဆုတောင်းလျက်၊ ရှိခိုးဦးချ ကန်တော့ပါ၏။ ။

**စောမြတ်မာ**


www.burmesesclassic.com

www.burmesesclassic.com


လေးစားရပါသော ဆရာ
ဆရာ့ကဗျာ
အထဲမှာ အမြဲ
စွဲလျက်ထာဝရ။ ။

ထာဝရ
**ထွေးခိုင်**
San Jose

---

Uncle,
With my deepest sympathy..
My prayers & thoughts are always with your family.

Wai Wai (NY)

---

ဆရာရေ
ကျနော် ဆရာ့ကို လာနှုတ်ဆက်တယ်နော်။
နတ်ပြည်ကနေ ကျနော်တို့ကို သတိရနေပါ။ ။

**စိုးနိုင်**
**နယူးယောက်ခ်**

---

အဘ
ကျနော် ဘာပြောရမယ် မသိတော့ဘူး။
အဘကို လွမ်းနေ တမ်းတနေတာပဲ သိတော့တယ် အဘရယ်။ ။

**လှစိုး**
**ဖို့တ်ဝိန်း**


www.burmesesclassic.com

www.burmesesclassic.com


ကဝိတဆူ ပျောက်တော်မူပြီ။ ။

**ဒေါ်မမအိ**

---

ဆရာကြီးတင်မိုး
ဆရာလိုရော ဖခင်လိုပါ လေးစားချစ်ခင်ခဲ့ရပါတယ်။ ။

**မသိန်းသိန်းငွေ**

---

ဆရာ
သွားနှင့်တော့။ ။

**အောင်လတ်**

---

ဘဘရေ
ဘဘလို မိသားစုအပေါ်မှာသာမက တိုင်းပြည်အတွက်ပါ ကောင်းတဲ့ လူတော်လူကောင်း တယောက် ဆုံးရှုံးရတဲ့အတွက် ကျမတို့ တမိသားစုလုံး ဝမ်းနည်းလို့ မဆုံးပါဘူး။ ဘဘ ကောင်းရာ သုဂတိလားပါစေ။ ။

**စန်းစန်းအေး (ဆေး ၁)**
**ကိုလှအောင် (ဆေး မန်း)**

---

မိသားစုသာမက အားလုံးအတွက် ဆုံးရှုံးမှုကြီး ဖြစ်ပါတယ်။ ။

**ဦးစောထွန်း + အေးအေးမော် မိသားစု**


www.burmesesclassic.com

www.burmesesclassic.com


ဆရာကြီးတင်မိုး

ကျနော်တို့ရဲ့ ပညာရေးနဲ့ တော်လှန်ရေးမှာ လမ်းပြပေးခဲ့တဲ့အတွက် ကျေးဇူးအထူးတင်ပါတယ် ခင်ဗျာ။ ။

**ရဲဘော် ဗိုလ်စော**

---

ဆရာကြီးဦးတင်မိုး၏ တိုင်းပြုပြည်ပြု ကဗျာများဖြင့် အမျိုးသားဘာသာ သာသနာနှင့် တိုင်းပြည်အတွက် ကိုယ်ကျိုးစွန့်တတ်သော အနာဂတ်မျိုးဆက်သစ်များကို မွေးဖွားပေးခဲ့ပါသည်။

ဆရာကြီး၏ အမျိုးချစ်သော ဆန္ဒမွန်၊ ဆန္ဒမှန်များ ပြည့်ဝပါစေ။ ။

**သန်းသန်းဌေး**

---

ဆရာကြီး

ဆေးလိပ်တိုနေမှန်းလဲ သိပါတယ်

နေညိုနေပြီမှန်းလဲ သိပါတယ်

အိမ်ပြန်ပို့ဖို့ကတော့ စောနေသေးသလားလို့

နောက်ထပ် လက်ဖက်ရည်ဆိုင်တဆိုင်လောက် ရှာပြီး ထိုင်ကြရအောင်လေ ...

**ကိုမိုး**

---

Dear Saya U Tin Moe

May you rest in peace and may God welcome you in his Kingdom.

U Win Maung

BADA-SF


www.burmesesclassic.com

ဆရာကြီးဦးတင်မိုး

အနေမနီးခဲ့ပေမယ့် နှလုံးသားချင်းနီးအောင် ကြိုးစားလျက်ပါ။ ကျနော်တို့ နှလုံးသားတွေ ကျနော်တို့မြေအတွက် ရှိစေချင်တဲ့အတိုင်း ... ...

**စန်းနိုင် (မြင်းခြံသား) + ကေခိုင်ဝင်း**

---

ဆရာက ကျနော်တို့အတွက် ရိုးသားမှုရဲ့ နမူနာပါ။ ဘဝမှာ မရိုးသားမှုတွေနဲ့ တွေ့တဲ့အခါ ဆရာ့ရဲ့ နမူနာကို အာရုံပြုပြီး ကြိုးစားပါအုံးမယ်။ ။

**အေးမြင့် (အရီဖိုးနား)**

---

ဘဘရေ

နောင်လုပ်မယ့် နိုင်ငံရေးပွဲတွေ၊ စာပေဟောပြောပွဲတွေမှာ ဘဘအသံ၊ ဘဘဟန်နဲ့ ဘဘရဲ့ ဒဿနတွေ ကဗျာတွေကို မကြားရ၊ မတွေ့ရ နိုင်တော့ဘူးလို့ တွေးတွေးပြီး လွမ်းရပါတယ်။ ဘဘ ကောင်းရာသုဂတိကို လားပါစေလို့ ဆုတောင်းပေးနေပါ့မယ်။ ဘဘရဲ့ အမှန်တရား၊ အပြုသဘော စိတ်ဆန္ဒတွေ၊ လုပ်ဆောင်ချက်တွေကြောင့်လည်း ကောင်းရာကိုပဲလားမယ်လို့ သမီးက ယုံကြည်ပါတယ်။ ။

ဘဘကိုလေးစားတဲ့

**နှယ်နီဦး**

San Jose

---

ဆရာကြီး

ကျနော်တို့ နောက်ကျမှ ရောက်လာတယ်။ ဆရာ့ကို ကန်တော့လျက် ... ...

**အိုးဝေအောင်**

Las Vegas



www.burmesesclassic.com

www.burmesesclassic.com


ကျနော်တို့ နှုတ်ဆက်ပါတယ် ဆရာကြီး။ ။

**မိုးကျော်**
Las Vegas

---

ဆရာကြီးသမီး သူငယ်ချင်းတို့
သမီးချိုသင်း နှင့် ညီလေး ကျော်ဝဏ္ဏ

- ကိုယ့်အဖေမရှိတော့သလို
  ခိုင်ခိုင့်အဖေ မရှိတော့သလို
  ရင်နှင့်အမျှ ခံစားကြေကွဲရပါတယ်။

- ရန်ကုန်တက္ကသိုလ်ပရိဝုဏ်များမှာ
  ပုဂံလမ်းမှာ ရေတမာတန်းမှာ
  လမ်းတွေပေါ်မှာ
  အမေရိကားရဲ့ နေ့ရက်တွေများစွာမှာ
  ဆရာ့အရိပ်၊ ဆရာ့စကား၊ ဆရာ့ ကဗျာများစွာနဲ့။

- ဆရာ့ပရိသတ် ဆရာ့လူမျိုး ဆရာ့တိုင်းပြည်အတွက်
  တာဝန်ကျေပွန်လွန်းမက ကျေခဲ့တဲ့ ဖခင်လို ကဗျာဆရာပါ။

- ငါတို့မိသားစု အားလုံးကိုယ်စား
  ဘူမိဗေဒ မိသားစု အားလုံးကိုယ်စား
  များစွာဝမ်းနည်းကြောင်း ပြောကြားရေးသားလိုပါတယ်။ ။

**ကိုကိုသန့် + ခိုင်ခိုင်ညွန့်**
**တင်နိုင်သန်း၊ ထူးမြတ်၊ ညီထွေး**
**အမေရိကရောက် ရန်ကုန်တက္ကသိုလ် ဘူမိဗေဒ သူငယ်ချင်းများ နှင့် မေဦးကိုကို**


www.burmesesclassic.com

မန်းတက္ကသိုလ်သင်ပုန်းမှာ
ဆရာရေးပြရင်း
'ဖျောက်'ခနဲ ထက်ပိုင်းကျိုးတဲ့ မြေဖြူခဲဟာ
ဆရာကိုယ်တိုင် ဖြစ်ခဲ့ပြီ
သေချာပါပြီ
ဇာတိအညာ ကန်မြဲရွာကို
ဆရာ့ဝိညာဉ် ပြန်သွားပြီ။

'အမေ့ကျောင်း'အတွက်
'မနီ' အတွက်
'ဖန်မီးအိမ်' တလက်နဲ့ 'ပိတောက်မှသရဖီ'
'ကန္တာရနှစ်များ' ဆီ
ဆရာပစ်ချတဲ့ သက်ပြင်းမောမှာ
မေတ္တာလေညင်း ပါနေတုန်း။

ဆရာ
ကျွန်တော်တို့မှာ
မဒမ်တူးဆော့ ပြတိုက်လို
ဖယောင်းရုပ်တု လုပ်ပေးဖို့တော့ မတတ်နိုင်။

ဆရာထားခဲ့သမျှ
ကဗျာဝိညာဉ် မျိုးစေ့များစွာကို
လက်လှမ်းမီသမျှ နှလုံးသားတွေပေါ်
ကျနော်တို့ ကြဲပက်ပေးပါရစေ။ ။

**မင်းကိုနိုင်**



www.burmesesclassic.com

www.burmesesclassic.com


ဆရာသို့

ငါ ငယ်ငယ်ကတည်းက
သိခဲ့ရတဲ့
ဆရာ့ဘဝ၊ ဆရာ့စာ ... ... ...
ရိုးဂုဏ်၊ အသံသာ
လူထုဘက်က ရပ်ခဲ့တဲ့ဆရာ ... ... ...
ရေပြာ ရွှေကြာ
ဝေဆာမွှေးတဲ့
အနာဂတ်အတွေး
ဆရာပျိုးပေးခဲ့ပါပြီ။ ။

**ငွေးကြွယ်**

အနာဂတ်အလှ

ငယ်စဉ်ကတည်းက
ရင်းနှီးခင်မင်ခဲ့ရ
မေ့မရတဲ့
တက္ကသိုလ်ကျောင်းဝင်းထဲက
ဆရာ့ရဲ့ အိမ်
ကျွန်တော်တို့ တက်ဆော့ခဲ့ကြ။

မတွေ့ရ မမြင်ရ
နှစ်ပေါင်းကြာခဲ့မှ
ကြားရသတင်းက
နှလုံးစိတ်မှာ မချမ်းမြ။

ဒါပေမယ့်
ကျန်ရစ်ခဲ့
ဆရာ့သမိုင်းက
အနာဂတ်မှာ အစဉ်လှ။ ။

**အံ့ဘွယ်ကျော်**


www.burmesesclassic.com

အမှန်တရားမှဆိုး

အဲဒီမနက်က
သစ္စာတရားတောင် မျက်နှာမကောင်းဘူး
"ကျုပ်ကို ရှာတွေ့သူတယောက် လျော့သွားပြီ" တဲ့။
ကဗျာဆရာကြီး (ဦး) တင်မိုးအား အလေးပြုပါ၏။

**ဂျင်မီ**

---

မသဲမကွဲ ညအမှောင်ထဲ
အလင်းတပွင့် ဖိတ်ကျသွားတယ်၊
အနာဂတ်လက်ထဲ
ဖန်မီးအိမ်က ကွဲမသွားဘူး။

**ကိုအောင်**

---

ကဗျာတပုဒ်ရဲ့ အနွံ့မ
မုန်းသူတချို့ရဲ့
ခိုးကျတဲ့ မျက်ရည်တွေ
ဈာပန ပို့ကြလိမ့်မယ်
အလင်းခပ်ပေးလိုက်ပါ ဆရာ။

**ဇော်မင်း (သက်န်းကျွန်း)**



www.burmesesclassic.com

www.burmesesclassic.com


... ကျွန်တော်တို့က ကဗျာနဲ့ စခဲ့ကြတယ်လေ။
ဇော်ဂျီ မင်းသုဝဏ် ဆိုကြပေမယ့်
လူပျိုပေါက်မှာ တင်မိုးနဲ့တွေ့တော့
ဖလ်မီးအိမ်လေး တကိုင်ကိုင်နဲ့ပေါ့ ...

ဝါသနာတူ သူငယ်ချင်းတွေနဲ့
ဆယ်တန်းတုန်းက 'မြတ်နိုးစေချင်' ဆိုတဲ့လက်ရေး
စာစောင်လေးထုတ်တော့ အားလုံးလိုလိုဟာ
ဆရာ့ကဗျာတွေကို အတုခိုးရေးတဲ့ ကဗျာတွေချည်းပဲ ...

ဆရာက ကျွန်တော့်ကို သူ့ကဗျာတွေ ထုတ်ဝေဖို့ ခွင့်ပြုဖူးတယ်။
အကြောင်း မညီညွတ်ခဲ့ဘူး။
ကျွန်တော် ဆရာ့ကဗျာစာအုပ်ကို မထုတ်ခဲ့ရဘူး။

ခုအချိန်ထိ ကျွန်တော်တို့ဟာ ဖလ်မီးအိမ်ကို
လက်ထဲက မချသေးပဲ လေ့တစင်းနဲ့သီချင်းသည်ကို အဖော်ပြုပြီး
ပန်းဈေးခင်းထဲကနေ ကန္တာရနှစ်များကို ဖြတ်ကျော်ပြီး
စိမ်းလန်းတဲ့အိပ်မက်တွေကို မက်နေဆဲပါ ဆရာ။

ဆရာ့ကို ထဲထဲဝင်ဝင် ပူးပူးကပ်ကပ် နေခွင့်မကြုံခဲ့ပေမယ့်
ကျွန်တော်ရင်ထဲမှာ
ဆရာက အခိုင်အမာရှိမြဲရှိဆဲမို့ ဆရာရေ ...

**သင့်နေဘ်**


www.burmesesclassic.com

# သစ္စာမဲ့ရဲ့ ကောက်နုတ်ချက်

www.burmesesclassic.com

www.burmesesclassic.com


NATIONAL COALITION GOVERNMENT OF THE UNION OF BURMA

## ကဗျာဆရာကြီး ဦးတင်မိုး (၁၉၃၃ - ၂၀၀၇)
## ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း သဝဏ်လွှာ

မြန်မာပြည်သူလူထု၏ ဂုဏ်ထူးဆောင် ကဗျာဆရာကြီး ဦးတင်မိုး ၇၄ နှစ် သည်ဇန်နဝါရီ ၂၂ ရက်နေ့က အမေရိကန်ပြည်ထောင်စု လော့(စ်)အင်ဂျလိ (စ်)မြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် ဆရာကြီး၏ ကျန်ရစ်သူ မိသားစုဝင်များနှင့် ထပ်တူထပ်မျှ ဝမ်းနည်းပူဆွေးမိပါသည်။

ဆရာကြီးသည် မျက်မှောက် မြန်မာနိုင်ငံ စာပေလောကတွင် စာဆိုဂုဏ်ရည်ပြည့်ဝသော အမျိုးသားစာဆို အကျော်အမော် တဦးဖြစ်ပါသည်။ ဆရာသည် သူ ကြီးပြင်းကျင်လည်ဖြတ်သန်းခဲ့ရာ လူမှုပတ်ဝန်းကျင်နှင့် သမိုင်းခေတ်တို့ကရိုက်ခတ်လိုက်သော ပြည်သူတို့၏ခံစားမှုများကို ရိုးရိုးသားသား ဖြူဖြူစင်စင် သစ္စာရှိစွာ ကဗျာဖွဲ့ခဲ့သည့် ခေတ်ပေါ်ကဗျာဆရာကြီး ဖြစ်သဖြင့် သူ့ခေတ် သူ့ကာလ၏ ခေတ်ပြိုင်သမိုင်းကို ကဗျာကြေးမုံပြင်၌ မှတ်တမ်းတင်နိုင်ခဲ့သူ ဖြစ်ပါသည်။

ပြည်သူလူထု၏ မေတ္တာ သစ္စာ စေတနာ ဝေဒနာ အစရှိသော၊ ပြည်သူလူထု၏ နှလုံးသားမှ ပေါ်ထွက်လာသော အသံများကို ကြားတတ်မြင်တတ်သူဖြစ်၍၊ ဂန္ထဝင်မြောက် တိုင်းပြုပြည်ပြု ကဗျာလင်္ကာ မြောက်များစွာ ရေးဖွဲ့နိုင်ခဲ့သူ ဖြစ်ပေသည်။ အရေးကြီးသည့် အခါတွင်လည်း ပြည်သူနှင့် တသွေးတသားတည်းရှိကြောင်း လက်တွေ့ပြသခဲ့သဖြင့် စစ်အာဏာရှင်တို့၏ ငရဲခန်း၌ (၄) နှစ်ကြာမျှ အကျဉ်းကျခဲ့ရသည် ။ ထောင်တွင်း ဆင်းရဲဒုက္ခတို့ကိုလည်း ဆရာသည် ဘဝတူ အကျဉ်းသားများနှင့် အတူ တည်ငြိမ်ရင့်ကျက်စွာ ဖြတ်သန်းနိုင်ခဲ့သည်။ ထောင်အတွင်း၌ တွေ့ဖူးဆုံဖူးသူများက ဆရာအား စံနမူနာယူစရာ ပုဂ္ဂိုလ်အဖြစ် တညီတညွတ်တည်း လက်ခံသတ်မှတ်ကြပေသည်။

ဆရာဦးတင်မိုး ကွယ်လွန်သွားခြင်းသည် ဆရာ့မိသားစုအတွက် အစားထိုးမရသော ဆုံးရှုံးမှုကြီး ဖြစ်သကဲ့သို့၊ မြန်မာစာပေ လောကနှင့် တိုင်းပြည်အတွက်လည်း အစားထိုး မရနိုင်သည့် ဆုံးရှုံးမှုကြီး ဖြစ်ပါသည်။ သို့သော် ဆရာ၏ နိုင်ငံအကျိုးဆောင်ခဲ့သည့် ကြီးမြတ်သော ကဗျာစာပေ ဂုဏ်သတင်း


www.burmesesclassic.com

မှာမူ မျက်မှောက် မြန်မာ့သမိုင်းတွင် မော်ကွန်းမှတ်တိုင်အဖြစ် ထာဝစဉ် ကမ္ပည်းတင် ကျန်နေပါလိမ့်မည်။ ဆရာသည် လူသေသော်လည်း ဘယ်သောအခါမှ နာမည်ဂုဏ်သတင်း သေဆုံးမည့်သူမဟုတ်ဟု ယုံကြည်လျှက် အစဉ်ပင် အောက်မေ့ သတိရနေကြမည် ဖြစ်ပါသည်။

ဆရာသည် ကလောင်လက်နက်ဖြင့် ပြည်သူ့ဘက်မှ ထာဝစဉ် ရပ်တည်၍၊ ကဗျာ လက်နက်ဖြင့် ဒေါ်အောင်ဆန်းစုကြည်အား တစိုက်မတ်မတ် ထောက်ခံမှုပေးခဲ့သူလည်း ဖြစ်ပါသည်။ ဆရာ မျှော်လင့်တောင့်တခဲ့သော မြန်မာနိုင်ငံ လွတ်လပ်ရေးနှင့် မြန်မာစာပေ လွတ်လပ်ရေးတို့အတွက် အမျိုးသားညွန့်ပေါင်းအစိုးရအနေဖြင့် အောင်ပွဲရသည်အထိ ဆက်လက်ကြိုးပမ်းသွားမည် ဖြစ်ပါသည်။

ပြည်သူ့ ကဗျာဆရာကြီး ဦးတင်မိုး ကောင်းရာသုဂတိ ဘဝသို့ ရောက်ရှိပါစေ။



www.burmesesclassic.com

www.burmesesclassic.com


ဗဟိုစည်းရုံးရေးကော်မတီဗမာပြည်ကွန်မြူနစ်ပါတီ

CENTRAL ORGANIZING COMMITTEE, COMMUNIST PARTY OF BURMA

သို့

ဆရာဘဂျမ်း (တင်မိုး) ၏ ကျန်ရစ်သူမိသားစု

မှ

မျိုးဆက်ဟောင်း၊ မျိုးဆက်သစ်ရဲဘော်များ

ဗမာပြည်ကွန်မြူနစ်ပါတီ

အကြောင်းအရာ။ ။ဆရာဘဂျမ်းကွယ်လွန်သွားခြင်းအတွက် ဝမ်းနည်းကြောင်း သဝဏ်လွှာ။

လေးစားရတဲ့ ဆရာဘဂျမ်းရဲ့ကျန်ရစ်သူများ ခင်ဗျား/ရှင့် –

ဆရာဘဂျမ်းကွယ်လွန်သွားတဲ့သတင်းကို ရုတ်တရက်ကြားလိုက်ရတဲ့အခါမှာ ကျွန်တော်/ကျွန်မတို့ အံ့သြတုန်လှုပ်သွားပြီး အတိုင်းမသိ ဝမ်းနည်းခြင်းကို ခံစားကြရပါတယ်။ တိုင်းပြည်နဲ့ နိုင်ငံသားများက သူ့ကို အလိုအပ်ဆုံးအချိန်မှာမှ သူချစ်တဲ့ တိုင်းပြည်နဲ့ သူချစ်တဲ့ပြည်သူများကို ခွဲခွာသွားရပလေတယ်လို့ စိတ်မကောင်းလည်း ဖြစ်ကြရပါတယ်။ တိုင်းပြည်နဲ့ ဒီမိုကရေစီအရေးတော်ပုံအတွက် အစားထိုးမရတဲ့ ဆုံးရှုံးမှုဖြစ်ပါတယ်။

ဆရာဘဂျမ်းဟာ ကျောင်းသားဘဝကနေ ဒီနေ့အထိ အမှန်တရားဘက်က ရပ်တည်ပြီး ဖိနှိပ်သူအစိုးရအမျိုးစုံကို ရဲရဲရင့်ရင့် ဆန့်ကျင်ခဲ့သူဖြစ်ပါတယ်။ ကလောင်လက်နက်နဲ့ရော၊ ပိစတာလက်နက်နဲ့ပါ တိုက်ပွဲဝင်ခဲ့တဲ့သူ့ကို ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ တပည့်သားမြေးအစစ်လို့ ခေါ်နိုင်ပါတယ်။ သူဟာ ဗမာပြည် စာပေလောကမှာ ရွှေဒေါင်းတောင် ကလောင်တချောင်းနဲ့ဝင့်ခဲ့သလို နိုင်ငံရေးနယ်ပယ်မှာလည်း ခွပ်ဒေါင်းအလံကို တလူလူလွှင့်ခဲ့သူဖြစ်ပါတယ်။ ဗမာပြည်သူတွေရဲ့ နယ်ပယ်အသီးသီးက အမျိုးသားအမွေအနှစ်များကို ဆက်ခံထားတဲ့သူဟာ ကွယ်လွန်ချိန်မှာ တမျိုးသားလုံးရဲ့ ရတနာတပါးဖြစ်နေပြီဖြစ်တဲ့အတွက် တမျိုးသားလုံး ဝမ်းနည်းကြေကွဲကြမှာ မုချမလွဲပါပဲ။

ဒီလိုအချိန်ဒီလိုအခါမှာ ကျန်ရစ်သူမိသားစုနည်းတူ ကျွန်တော်/ကျွန်မတို့လည်း လွန်စွာမှ ဝမ်းနည်းပူဆွေးကြရပါကြောင်း အသိပေးလိုပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီအတွင်းက ဆရာဘဂျမ်းနဲ့ ရင်းနှီးချစ်ခင်သူ၊ ဆရာဘဂျမ်းကို လေးစားချစ်ခင်သူများက ဆရာ့ကိုဂုဏ်ပြုတဲ့ ကဗျာ ဆောင်းပါးတွေ ရေးသွားကြပါမယ်။

ဆရာဘဂျမ်းရဲ့ ထွန်းပြောင်တဲ့အစဥ်အလာ အစွန့်ရှည်ပါစေ။

မျိုးဆက်ဟောင်း၊ မျိုးဆက်သစ်ရဲဘော်များ

ဗမာပြည်ကွန်မြူနစ်ပါတီ


www.burmesesclassic.com

OFFICE OF THE SUPREME HEADQUARTERS
KAREN NATIONAL UNION
KAWTHOOLEI

## ဆရာတင်မိုး ကွယ်လွန်သွားခြင်းအတွက် ဝမ်းနည်းဂုဏ်ပြု သဝဏ်လွှာ

ဆရာတင်မိုးသည် မြန်မာပြည် ဒီမိုကရေစီ အရေးတော်ပုံကြီးအတွင်း စာပေယဉ်ကျေးမှု စစ်မျက်နှာမှ အလံကိုင်ကြီးတဦး ဖြစ်ပါသည်။ ထို့ကြောင့် သူ ကွယ်လွန်သွားခြင်းသည် မြန်မာပြည် အတွက် ကြီးမားသည့် နစ်နာဆုံးရှုံးမှုကြီး ဖြစ်ပါသည်။

သူသည် စာပေယဉ်ကျေးမှု စစ်မျက်နှာမှနေ၍ ပြည်သူများ၏ နိုင်ငံရေးဦးတည်ချက် မှန်ကန် ခိုင်မာအောင်၊ ပြည်သူများ၏ စိတ်ဓာတ်နှင့် ယုံကြည်ချက် မှန်ကန်ခိုင်မာအောင်၊ ပိုမို စည်းရုံးနိုး ကြားလာအောင်၊ ပိုမိုထက်သန်တက်ကြွလာအောင်၊ ကဗျာစာပေများနှင့် ဆယ်စုနှစ်ပေါင်းများစွာ ထုထောင်လာခဲ့ ကြိုးပမ်းလာခဲ့သူ ဖြစ်ပါသည်။

သူ၏ လှပသည့်စိတ်ကူး၊ သူ၏ လှပသည့်တင်ပြမှု၊ သူ၏ လှပသည့်စကားလုံး အသုံးအနှုန်း၊ သူ၏ စေတနာ သဒ္ဓါတရား၊ သူ၏ မွန်မြတ်သည့် စိတ်ဓာတ်၊ သူ၏ ရိုးသားမှု၊ သူ့၏ စိတ်ထားနှိမ့်ချမှု များသည် သူ့ကို ပြည်သူချစ်သည့် စာဆိုအဖြစ် ရောက်ရှိစေခဲ့၊ ပြည်သူများ၏ ချစ်ခင်လေးစားမှုကို ရရှိစေခဲ့ပါသည်။

အင်းစိန်ထောင်အတွင်း အကျဉ်းကျခံနေစဉ်၊ ဘိုကလေးအရေးအခင်းမှ ရောက်လာကြသည့် အပြစ်မဲ့ကရင်ပြည်သူများ အင်းစိန်ထောင်အတွင်း ရက်စက်စွာ နှိပ်စက်ညှင်းပန်းခံခဲ့ခြင်းကို မျက်မြင် ကိုယ်တွေ့ ကြုံရပြီးသည့်နောက် သူ့အနေဖြင့် အကြီးအကျယ် စိတ်ထိခိုက်ခဲ့ရ၊ တုန်လှုပ်ခြောက်ခြား ဖြစ်ခဲ့ရခြင်းကို လူသိရှင်ကြား ထုတ်ပြောခဲ့ဖူးပါသည်။

www.burmesesclassic.com


၁၉၉၉ ခုနှစ်က ကျနော်နှင့်အတူ KNU ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့၊ ထမင်းလက်ဆုံစားခဲ့၊ စကားလက်ဆုံပြောခဲ့ကြပြီး၊ KNU ဌာနချုပ်အထိ အလည်အပတ်ရောက်ခဲ့၊ အခမ်းအနားတခုတွင် အားပေးစကား ပြောခဲ့ပါသည်။ အစည်းအဝေးခန်းမအနီး စမ်းရေစီးသံကို နားခံရင်း စိတ်ကြည်နူးမှုကို ရရှိခဲ့ကြောင်းလည်း ပြောခဲ့ပါသည်။

အဖိနှိပ်ခံ အမျိုးသားများ၊ အဖိနှိပ်ခံပြည်သူများ၊ ကျေးကျွန်များ နင်းပြားဘဝမှ လွတ်မြောက်ရန် ကျနော်တို့က သေနတ်ထမ်းပြီး တော်လှန်ရေး ဆင်နွှဲကြပါသည်။ သူကတော့ ကလောင်ကိုထမ်းပြီး ပြည်သူ့အကျိုး၊ တိုင်းပြည်အကျိုးကို ရွက်ဆောင်ပါသည်။ နောက်ဆုံးတွင် ကျနော်တို့အားလုံးသည် လွတ်လပ်မှု၊ တရားမျှတမှု၊ အရေးတော်ပုံအတွင်းက လူတွေ၊ ရဲဘော်ရဲဘက်တွေသာ ဖြစ်ကြပါသည်။

သူကွယ်လွန်သွားသည့်အတွက် ကျနော်တို့ အလွန်ဝမ်းနည်းပါကြောင်း သူ၏ မိသားစုအား ဖော်ပြအပ်ပါသည်။

၂၄၊ ၁၊ ၂၀၀၇
မန်းရှာလာဖန်း
အထွေထွေအတွင်းရေးမှူး
KNU


www.burmesesclassic.com

## ကဗျာဆရာကြီး (ဦး) တင်မိုး ကွယ်လွန်ခြင်းအတွက် ၈၈ မျိုးဆက်ကျောင်းသားများမှပေးပို့သော ဝမ်းနည်းကြေကွဲကြောင်း သဝဏ်လွှာ

နေ့စွဲ။ ။ ဇန်နဝါရီ၊ ၂၃၊ ၂၀၀၇
ကြေညာချက်အမှတ် ။ ။ ၂/၂၀၀၇ (၈၈)

မြန်မာနိုင်ငံ၏ နိုင်ငံ့ဂုဏ်ဆောင် ကဗျာဆရာကြီး (ဦး) တင်မိုး ကွယ်လွန်ဆုံးပါးသွားကြောင်းကို ယနေ့(ဇန်နဝါရီ၊ ၂၃၊ ၂၀၀၇) နံနက်ပိုင်းတွင် ကြားသိလိုက်ရသဖြင့် ကျွန်တော်တို့ ၈၈ မျိုးဆက် ကျောင်းသားများအနေဖြင့် အထူးကြေကွဲ ဝမ်းနည်း စိတ်ထိခိုက်ကြရပါသည်။

ဆရာကြီး တင်မိုးသည် မြန်မာ့စာပေနယ်တွင် အလွန်ရှားပါးခဲ့သော ကလေး ကဗျာများကို အများဆုံး ရေးသားခဲ့သည့်အပြင် သူ၏ စာပေများမှာလည်း မြန်မာ့စာပေသမိုင်းတွင် လွန်စွာထင်ရှားခဲ့ သော မီးရှူးတန်ဆောင် ဖြစ်ပေသည်။

ထို့အပြင် ဆရာကြီးသည် ၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံကြီးတွင် စာရေးဆရာများ၏ အခန်းကဏ္ဍဘက်မှ တက်ကြွစွာပါဝင်ခဲ့ပြီး မြန်မာနိုင်ငံ ဒီမိုကရေစီရေးအတွက် ကလောင်ကိုင်ဆွဲ၍ ဆက်လက်ဆင်နွှဲလာခဲ့ရာ စစ်အစိုးရ၏အကျဉ်းထောင်အတွင်း၌ ထိန်းသိမ်းခံရသူလည်း ဖြစ်သည်။

မြန်မာ့စာပေသမိုင်းဝင်နှင့် ဒီမိုကရေစီတိုက်ပွဲဝင် ကဗျာဆရာကြီး (ဦး)တင်မိုး သည် မကွယ်လွန်မီ နှစ်ရက်အလို ၂၀–၁–၂၀၀၇ နေ့စွဲဖြင့် 'မျိုးဆက်သစ်ရဲ့စေတနာ' အမည်ပေးထားသည့် ကဗျာတစ်ပုဒ် ကို ၈၈ မျိုးဆက်ကျောင်းသားများအတွက် ရည်ရွယ်ဖွဲ့ဆိုပေးသွားခဲ့ပြီး ကျွန်တော်တို့ ၈၈ မျိုးဆက်ကျောင်းသားများအား အင်အားတစ်ရပ်ကို ဖြည့်ဆက်ပေးခဲ့သည်။

ထိုကဲ့သို့ မြန်မာ့စာပေကိုမြှင့်တင်ခဲ့သော မြန်မာနိုင်ငံ၏ အမျိုးသားယဉ်ကျေးမှု မှတ်တိုင်တစ်ခု ဖြစ်သူ ဆရာကြီး (ဦး) တင်မိုးသည် မိမိ၏မွေးရပ်မွေးမြေကို မစွန့်ခွာလိုပါဘဲလျက်နှင့် ဒီမိုကရေစီရေး အတွက်ကြိုးပမ်းရင်း တစ်ပါးမြေ၊ တစ်ပါးရေသို့ရောက်ရှိနေခဲ့စဉ် ကွယ်လွန်ဆုံးပါးသွားရခြင်းမှာလည်း အလွန်စိတ်မချမ်းမြေ့ဖွယ်ရာကောင်းသည့် အခြေအနေတစ်ရပ် ဖြစ်နေပေသည်။

ကဗျာဆရာကြီး (ဦး)တင်မိုး ကွယ်လွန်ဆုံးပါးသွားခဲ့ခြင်းသည် ကျွန်တော်တို့ မြန်မာနိုင်ငံ၏ စာပေသမိုင်းဝင်ပုဂ္ဂိုလ်ကြီးတစ်ဦး ဆုံးရှုံးရခြင်းဖြစ်သည်သာမက ကျွန်တော်တို့၏ ဒီမိုကရေစီရေး ဖော်ဆောင်မှုတွင်လည်း အင်အားတစ်ရပ် ဆုံးရှုံးရ ခြင်းဖြစ်သဖြင့် ကျွန်တော်တို့ ၈၈ မျိုးဆက်ကျောင်း သားများမှ အထူးတလည် ဝမ်းနည်းကြေကွဲ ထိခိုက်ခံစားကြရပါကြောင်း ဝမ်းနည်းခြင်းသဝဏ်လွှာကို ပေးပို့လိုက်ရပေသည်။

၈၈ မျိုးဆက်ကျောင်းသားများ



www.burmesesclassic.com

www.burmesesclassic.com


မြန်မာနိုင်ငံ ဒီမိုကရက်တစ်အင်အားစု
Forum for Democracy in Burma

## ဆရာကြီးတင်မိုး ဆုံးပါးကွယ်လွန်ခြင်းအတွက်
## မြန်မာနိုင်ငံ ဒီမိုကရက်တစ်အင်အားစုမှပေးပို့သော ဝမ်းနည်းကြောင်း သဝဏ်လွှာ

ဆရာကြီးတင်မိုး ဆုံးပါးကွယ်လွန်ခြင်းအတွက် ...

မိမိတို့ မြန်မာနိုင်ငံ ဒီမိုကရက်တစ်အင်အားစုအနေ ဖြင့် မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲဖြစ်ကြရပါတယ်။

ဆရာ့ရဲ့ ဒီမိုကရေစီအရေးတော်ပုံကြီးအပေါ်မှာ အလေးထားမှု၊ စာပေသစ္စာ အပေါ်မှာ ခိုင်ကျည်မှု၊ ငြိမ်းချမ်းရေးအပေါ်မှာ မြတ်နိုးမှု၊ လူငယ်တွေအပေါ်မှာ နားလည်မှု၊ ပြည်သူတွေအပေါ်မှာ ချစ်ခင်မှု စတဲ့ ဂုဏ်ဒြပ်တွေဟာ မိမိတို့အင်အား စုများအဖို့ တလေးတစား တန်ဖိုးထားသွားကြရမယ့် စံထားချက်များ အမှန်ဖြစ်ပါတယ်။

'ရှစ်ဆယ့်ရှစ် မျိုးဆက်သစ်'တဲ့ ...
တခေတ်ထူမဲ့ လူငယ်များ
သမိုင်းထဲက မွေးလို့ဖွား
သွေးသစ် အားသစ် လောင်းပြီတကား။

ဆရာ့ရဲ့ ၂၀၊ ၁၊ ၂၀၀၇ ရက်နေ့က ရေးသားပေးပို့လိုက်တဲ့ ဒီကဗျာဟာ မြန်မာပြည်သူတွေနှင့် မြန်မာပြည်သူတွေရဲ့ ဒီမိုကရေစီအရေးတော်ပုံကြီးအတွက် သွေးသစ်အားသစ်လောင်းပေးလိုက်တဲ့ ဆရာရဲ့ စေတနာ စကားများအဖြစ် ကမ္ဘာတည်သရွေ့ ရှင်သန်နေပါလိမ့်မယ် ဆရာ။

မူဝါဒရေးရာ ဦးဆောင်အဖွဲ့
မြန်မာနိုင်ငံ ဒီမိုကရက်တစ်အင်အားစု
၂၀၀၇ ခုနှစ် ဇန်နဝါရီလ (၂၃) ရက်


www.burmesesclassic.com

ABSDF
All Burma Students' Democratic Front

## မြန်မာစာပေပညာရှင်၊ ကဗျာဆရာ၊ (၈၈၈၈) လူထုအရေးတော်ပုံကြီးတွင် တက်ကြွစွာ မြန်မာ့စာပေပညာရှင်တိုက်ပွဲဝင်ခဲ့သော ဆရာကြီးတင်မိုး ကွယ်လွန်အနိစ္စရောက်ခြင်းအတွက် ဝမ်းနည်းကြောင်းသဝဏ်လွှာ

မြန်မာ့စာပေပညာရှင်၊ ကဗျာဆရာ၊ (၈၈၈၈) လူထုတွင် ရှေ့တန်းမှ တက်ကြွစွာတိုက်ပွဲဝင်ခဲ့သော ကဗျာဆရာကြီးတင်မိုး (ဦးဗဂျမ်း) သည် ၂၀၀၇ ခု၊ ဇန်နဝါရီ ၂၂ ရက်နေ့၊ အမေရိကန်နိုင်ငံ ကာလီဖိုးနီးယား ဆေးရုံကြီးတွင် လူကြီးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားသည့်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး ရဲဘော်များမှ မြန်မာ့အဖိနှိပ်ခံ ပြည်သူလူထုကြီးနှင့်ထပ်တူ အထူးဝမ်းနည်းမိပါကြောင်း အလေးအနက် ဖော်ပြအပ်ပါသည်။

ကဗျာဆရာကြီးတင်မိုးသည် မြန်မာ့ကျေးလက်နှင့် အမျိုးသားဓလေ့ရနံ့တို့ ထုံသင်းသော ကဗျာအမြောက်အများကို ဂန္ထဝင်မြောက် ရေးဖွဲ့သီကုံးခဲ့သူ ကဗျာဆရာကြီးအဖြစ် တိုင်းပြည်က တန်ဖိုးထားရသော စာပေပညာရှင်တဦး ဖြစ်ပါသည်။ ဆရာကြီးသည် 'မနီကလေး ဘယ်ကလာ' အစရှိသည့် ကလေးကဗျာများကို ရေးဖွဲ့၍ ကျောင်းသား ကလေးသူငယ်များအား အနုပညာဖြင့် ယဥ်ကျေးသိမ်မွေ့ ရင်းနှီးစေခဲ့သူ ဖြစ်ပါသည်။

ဆရာကြီးသည် (၈၈၈၈) အရေးတော်ပုံကြီးတွင် ရှေ့တန်းမှ ဦးဆောင်တိုက်ပွဲဝင်ခဲ့သူ ဖြစ်သည်။ ဆရာကြီး၏ 'အိမ်လည်ကျူးတဲ့သား (အမေ့သားစကား တိုးတိုးပြောလှည့်ပါ)' ကဗျာသည် (၈၈၈၈) လူထုတိုက်ပွဲကြီးအတွင်း ရှေ့တန်းမှ တိုက်ပွဲဝင်ခဲ့သော ကျောင်းသားများ၏ လှုပ်ရှားမှုကို ပီပြင်စွာ ထင်ဟပ်၍ ဖိနှိပ်သူစစ်အုပ်စု၏ ယုတ်မာရက်စက်မှုကို ပေါ်လွင်ထင်ရှားကာ အနုပညာနှင့် ထိထိမိမိ ပေါင်းစပ်နိုင်ခဲ့သော တိုက်ပွဲဝင် ကဗျာတပုဒ်အဖြစ် သမိုင်းမော်ကွန်း ဝင်ခဲ့ပါသည်။

ဆရာကြီးသည် အဖိနှိပ်ခံ ပြည်သူလူထုကြီး၏ သူရဲကောင်း၊ ဘုံရန်သူ စစ်အုပ်စု၏ မုန်းတီးငြိုငြင်ခြင်းကိုခံရသော နိုင်ငံရေး အကျဉ်းသားအဖြစ် စစ်အကျဉ်းထောင်အတွင်း ၁၉၉၁ ခုနှစ်မှစ၍ နှစ်ရှည်လများ အကျဉ်းကျခံခဲ့ရသူတဦး ဖြစ်ခဲ့ပါသည်။ အကျဉ်းထောင်မှ လွတ်မြောက်လာပြီးနောက် ဆရာကြီးသည် လွတ်မြောက်နယ်မြေသို့ရောက်ရှိလာကာ 'ဒေါင်းအိုးဝေ' ... အစရှိသော စာစောင်



www.burmesesclassic.com

www.burmesesclassic.com


အသီးသီးနှင့် မီဒီယာအသံလွှင့်ဌာနများတွင် ဒီမိုကရေစီရေး တိုက်ပွဲဝင်ကဗျာများ၊ ဆောင်းပါးများကို အနုပညာမြောက် ရေးသားထုတ်လွှင့် တိုက်ပွဲဝင်ခဲ့ပါသည်။

လူသားတယောက်၏ ဘဝနိဂုံးသည် တချို့က သစ်ရွက်ကလေးတရွက်လို ကြွေသည်၊ တချို့ကျတော့ လင်းလက်တောက်ပကာ ကြယ်စင်အဖြစ် ကြွေသည်။ ဆရာကြီးသည် မြန်မာပြည်၏ တိုက်ပွဲဝင် အမျိုးသားကဗျာဆရာ၊ အနုပညာရှင်ကြီးအဖြစ် လင်းလက် တောက်ပစွာ တန်ဖိုးထားအပ်သော ကြယ်စင်တစင်းအဖြစ် ကြွေရခြင်းဖြစ်သည်ဟု အသိအမှတ် ပြုပါသည်။

အထူးဝမ်းနည်း ကြေကွဲရသည်မှာ ဆရာကြီးသည် သူချစ်သော မြန်မာ့ဝလေ့ရန့်တို့ ထုံသင်းရာ ဇာတိအမိမြေတွင် ငြိမ်းချမ်းစွာ နေခွင့်မရခဲ့ဘဲ လွတ်မြောက်ရာတိုင်းတပါးတွင် ကွယ်လွန် အနိစ္စရောက်ရခြင်းမှာ မြန်မာပြည်သူတို့အဖို့ အမျိုးသားယဉ်ကျေးမှု၏ ကြီးမားသော ဆုံးရှုံးမှုအဖြစ် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦးမှ နှမြောတသ မှတ်တမ်းတင် အပ်ပါသည်။

ဆရာကြီးမျှော်လင့်တောင့်တခဲ့သော ဒီမိုကရေစီရေးတိုက်ပွဲ မုချအောင်ရမည်။
ဆရာကြီးတင်မိုး ကောင်းရာသုဂတိလားပါစေ။

မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး။
ရက်စွဲ။ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ (၂၃) ရက်၊ (အင်္ဂါနေ့)

Website: www.absdf8888.org, Email: absdfhq@csloxinfo.com


www.burmesesclassic.com

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)

## ဆရာကြီးတင်မိုးအတွက် ဝမ်းနည်းခြင်း သဝဏ်လွှာ

ဆရာကြီး ရုတ်တရက် ဆုံးပါးကွယ်လွန်သွားပြီဖြစ်ကြောင်း ယနေ့ (၂၃၊ ၁၂၊ ၂၀၀၇) မနက်မှာ ကြားသိလိုက်ရပါတယ်။

ဆရာကြီးရဲ့မိသားစုနှင့်ထပ်တူ ကျနော်တို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက အထူးနှမြောတသ ကြေကွဲဝမ်းနည်းဖြစ်ကြရပါတယ်။

‘မုန်းသူတို့၏ အသက်ကား ရှည်ကြ၏
ချစ်သူတို့၏ အသက်ကား တိုကြ၏’

လို့ ဆရာမ မိုးမိုး(အင်းလျား) အတွက် ဆရာရေးခဲ့တဲ့ အလွမ်းစာဟာ ဆရာ့အတွက် ကျနော်တို့ ရေးကြရမယ့် အလွမ်းစာလည်း ဖြစ်သွားပါပြီ ဆရာ။

စာပေအပေါ်မှာ၊ လူမျိုးပေါင်းစုံပြည်သူတွေအပေါ်မှာ၊ ဒီမိုကရေစီနှင့် ငြိမ်း ချမ်းရေးအပေါ်မှာ ဆရာရဲ့ အတိုင်းအတာမဲ့ သစ္စာကြီးမှုတွေကို ကျနော်တို့ပါတီက အမြဲလေးစား တန်ဖိုးထားနေမှာပါ ဆရာ။

ဆရာဟာ မြန်မာပြည်သူတို့နှင့်အတူ ထာဝရဆက်ပြီး ရှိနေပါလိမ့်မယ်။

ဗဟိုကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
၂၀၀၇ ခုနှစ် ဇန်နဝါရီလ (၂၃) ရက်

www.burmesesclassic.com

Assistance Association for Political Prisoners (Burma)
နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

## ကဗျာဆရာကြီး ဦးတင်မိုး ကွယ်လွန်ခြင်းအတွက် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) ၏ ဝမ်းနည်းကြောင်း သဝဏ်လွှာ

အသက် ၇၄ နှစ်ရှိ ဆရာကြီးဦးတင်မိုး ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် ဆရာကြီးရဲ့မိသားစုနဲ့ထပ်တူ ဝမ်းနည်းပူဆွေးခဲ့ရပါတယ်။

ဆရာကြီးရဲ့ ဂုဏ်ပုဒ်တွေကို ညွှန်းဆိုရမယ်ဆိုရင် စာမျက်နှာပေါင်းမြောက်များစွာ ရေးသား သော်လည်း ပြည့်စုံလိမ့်မယ် မဟုတ်ပါဘူး။

တိုင်းပြုပြည်ပြု စာပေ၊ ကဗျာများ မြောက်များစွာ ရေးသားခဲ့သလို ကိုယ်တိုင်လည်း စစ်အာဏာ ရှင်တို့ရဲ့ အကျဉ်းထောင်ထဲမှာ ၄ နှစ်မျှ နေလာသူဖြစ်ပါတယ်။ အကျဉ်းထောင်ထဲက ထွက်လာပြီး နောက်ပိုင်းလည်း ကလောင်တချောင်း လက်မှာစွဲလို့ ဆောင်းပါး၊ ကဗျာ မြောက်များစွာကို ရေးသား နိုင်ခဲ့သူဖြစ်ပါတယ်။

ကျွန်ုပ်တို့ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) ရဲ့ အကြံပေး တဦးဖြစ်သလို အဖွဲ့ဝင်များကို ကြုံတိုင်း ဆုံးမစကားပြောတတ်တဲ့ ဆရာကြီးကို ကျွန်ုပ်တို့ အသင်းဝင် များက အမြဲ လွမ်းဆွတ်သတိရနေကြမှာပါ။

ဆရာကြီးကွယ်လွန်သွားခြင်းဟာ မိသားစုအတွက်သာမဟုတ်ဘဲ မြန်မာ့စာပေလောက အတွက်၊ တိုင်းပြည်အတွက်ပါ ကြီးမားတဲ့ဆုံးရှုံးမှုတခုပဲ ဖြစ်ပါတယ်။ သို့ပေမယ့် ဆရာကြီးရဲ့ ဂုဏ်ရောင် တွေဟာ မြန်မာ့သမိုင်းမှာ မပျောက်မပျက်ဘဲ စံထားစရာ မှတ်တိုင်တခုအဖြစ် တင်ကျန်နေမယ်ဆိုတာ အသေအချာ ဖြစ်ပါတယ်။

ဆရာကြီး အမြဲပြောဆိုနေတဲ့ လွတ်လပ်ခြင်းရဲ့ အရသာကို ဆရာကြီး မခံစားသွားခဲ့ရပေမယ့် ဆရာကြီး မြင်ချင်ဖြစ်စေချင်တဲ့ လွတ်လပ်မှုအတွက် ကျနော်တို့ ဆက်လက်တိုက်ပွဲဝင်သွားမယ်ဆိုတဲ့ အကြောင်း ကတိပြုလိုက်ပါတယ်။

ဆရာကြီး ၂၀၊ ၁၊ ၂၀၀၇ မှာ နောက်ဆုံးရေးခဲ့တဲ့ ၈၈ မျိုးဆက်ကျောင်းသားများအတွက် မျိုးဆက် သစ်တို့ရဲ့ စေတနာ ကဗျာကို လက်ဆင့်ကမ်းရင်း ဆရာကြီးကိုဂုဏ်ပြုလိုက်ပါတယ်။

ဆရာကြီး ကောင်းရာသုကတိလားပါစေ။

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)



www.burmesesclassic.com

**မြန်မာသတင်းသမဂ္ဂ**

**Burma Media Association**

Member of the RSF Network

Established in 1st of January 2001.

**3970 Legation Street, NW Washington D.C. 20015, U.S.A.**

မြန်မာ့ဂုဏ်ဆောင် ကဗျာဆရာကြီး ဦးတင်မိုး (၇၄ – နှစ်) သည် ဇန်နဝါရီလ (၂၂) ရက်နေ့က အမေရိကန်ပြည်ထောင်စု လော့(စ်)အင်ဂျလိ(စ်)မြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် ဆရာကြီး၏ ကျန်ရစ်သူမိသားစုဝင်များနှင့် ထပ်တူထပ်မျှ ဝမ်းနည်းပူဆွေးခြင်းဖြစ်ရပါသည်။

ဆရာသည် မျက်မှောက်မြန်မာစာပေခေတ်၏ ရှားပါးလှသော ရှေ့ဆောင်လမ်းပြ အမျိုးသား စာဆိုအကျော်အမော်တဦး ဖြစ်ပါသည်။ ဆရာသည် သူကြီးပြင်းခဲ့ရာ ဘဝပတ်ဝန်းကျင်၊ သူ ကျင်လည်ခဲ့ရာ လူ့အဖွဲ့အစည်း၊ သူဖြတ်သန်းခဲ့ရာ သမိုင်းခေတ်စသည်တို့က ရိုက်ခတ်လိုက်သော နိုင်ငံသူ နိုင်ငံသားတို့၏ ခံစားမှုများကို ရိုးသားဖြူစင်စွာ သစ္စာရှိစွာ ကဗျာဖွဲ့လေ့ရှိသည့် ခေတ်ပေါ်ကဗျာ ဆရာကြီးဖြစ်သည့်အလျောက် သူ့ခေတ် သူ့ကာလ၏ ခေတ်ပြိုင်သမိုင်းကို ကဗျာဖြင့်မှတ်တမ်းတင် နိုင်ခဲ့သူလည်း ဖြစ်ပါသည်။

ပြည်သူလူထု၏ လှပသော မေတ္တာ စေတနာ၊ ပြည်သူလူထု၏ အံ့လောက်သော ဇာတိမာန်၊ ပြည်သူလူထု၏ အတုယူဖွယ် ဖွဲ့သတ္တိ၊ ပြည်သူလူထု၏ မြတ်နိုးဖွယ် ယဉ်ကျေးမှု အစရှိသည့် ဂုဏ်ဝင် မြောက် တိုင်းပြုပြည်ပြု ကဗျာ လင်္ကာ မြောက်များစွာ ရေးသားခဲ့ရုံမျှမက၊ အရေးကြီးသည့်အခါ တွင်လည်း ပြည်သူနှင့် တသွေးတသားတည်းရှိကြောင်း လက်တွေ့ပြသနိုင်စွမ်းရှိသည့် ပုဂ္ဂိုလ်လည်း ဖြစ်ပါသည်။ ထို့ကြောင့်ပင် ဆရာသည် စစ်အာဏာရှင်တို့၏ ငရဲခန်း၌ (၄) နှစ်မျှ အကျဉ်းချထားခြင်း ခံခဲ့ရသည်။ ထောင်ကျနေစဉ်မှာပင် ဆရာသည် ကဗျာ အရေးအစပ် မပျက်သည့်အပြင်၊ ဘဝတူ အကျဉ်းသားများကို ကဗျာ စာပေများ ဟောပြောပို့ချကာ စိတ်အားသတ္တိများနှိုးဆော်ပေးနိုင်ခဲ့သည်။ လောကဓံကို စိန်ခေါ်အံတုပြခဲ့ သည်။ သို့ဖြစ်၍လည်း ဆရာရောက်ရှိရာ နေဒေသအသီးသီး၌ ပတ်ဝန်း ကျင်ရှိ မိတ်ဆွေများ ပြည်သူများက ဆရာ့အား စံနမူနာယူစရာ ပုဂ္ဂိုလ်အဖြစ် လက်ခံသတ်မှတ်ကြခြင်း ဖြစ်ပေသည်။

ဆရာ ဦးတင်မိုးကွယ်လွန်သွားခြင်းသည် ယနေ့မြန်မာစာပေလောကအတွက် 'နေ' တစ်စင်း ကွယ်ရသကဲ့သို့ ဖြစ်ပါသည်။ ဆရာ့မိသားစုအတွက် အစားထိုး မရသော ဆုံးရှုံးမှုကြီးဖြစ်သကဲ့သို့၊

www.burmesesclassic.com

www.burmesesclassic.com


မြန်မာ့စာပေလောနှင့် တိုင်းပြည်အတွက်ပါ အတွက်ပါ အစားထိုး မရနိုင်သည့် ဆုံးရှုံးမှုကြီးဖြစ်ပါသည်။ သို့သော် ဆရာ၏ တိုင်းကျိုးပြည်ကျိုးဆောင်ခဲ့သည့် ကြီးမြတ်သော ဂုဏ်သတင်းမှာမူ မျက်မှောက် မြန်မာ့သမိုင်းတွင် စံမှီစရာ မော်ကွန်းကျောက်တိုင်အဖြစ် ထာဝစဉ် တည်ရှိနေပါလိမ့်မည်။ ဆရာသည် လူသေသော်လည်း နာမည်သေမည့်သူမဟုတ်ဟု မမိုတ်မသုန် ယုံကြည်ပါသည်။

ဆရာသည် 'မြန်မာသတင်းသမဂ္ဂ' ၏ ဂုဏ်ထူးဆောင် နာယကအဖြစ်နှင့် 'ဥဒါန်းမဂ္ဂဇင်း' ၏ အတိုင်ပင်ခံစာတည်းအဖြစ် မေတ္တာရှေ့ထား ဆောင်ရွက်ခဲ့သည့်အလျောက် 'မြန်မာသတင်းသမဂ္ဂ' နှင့် 'ဥဒါန်းမဂ္ဂဇင်း' တို့၏ တိုးတက်ရာ တိုးတက်ကြောင်းများကို အလျဉ်းသင့်တိုင်း အကြံပြုလမ်း ညွှန်လေ့ရှိသဖြင့် ဆရာ၏ ကြီးမြတ်သော စေတနာ မေတ္တာတရားတို့ကို မြန်မာသတင်းသမဂ္ဂ အဖွဲ့သားများအနေဖြင့် အစဉ်ပင် အောက်မေ့သတိရ နေကြမည်ဖြစ်ပါသည်။

မြန်မာ့ဂုဏ်ဆောင် ပြည်သူ့စာဆို ဆရာကြီး ဦးတင်မိုး
ကောင်းရာသုဂတိ ဘုံဘဝသို့ ရောက်ရှိပါစေ။


www.burmesesclassic.com

ဒီမိုကရက်တစ်မြန်မာ့အသံ

P.O BOX 6720, ST. OLAVS PLASS, 0130 OSLO, NORWAY, WWW.DVB.NO

## ဒီမိုကရက်တစ် မြန်မာ့အသံ

P.O Box 6720, ST. Olavs Plass, 0130 Oslo, Norway. www.dvb.no

မြန်မာနိုင်ငံ စာပေသမိုင်း၏ မီးရှူးတန်ဆောင်၊ မြန်မာ့ဒီမိုကရေစီရေး တိုက်ပွဲဝင် ကဗျာဆရာကြီး တင်မိုး ဇန်နဝါရီ ၂၃ ရက် ၂၀၀၇ နံနက်ပိုင်းတွင် ကွယ်လွန် ဆုံးပါးသွားကြောင်း ကြားသိလိုက်ရပါသဖြင့် ဒီမိုကရက်တစ်မြန်မာ့အသံက အထူးတလည် ဝမ်းနည်းကြေကွဲ ဖြစ်ရပါသည်။

၁၉၈၉ ခုနှစ်နောက်ပိုင်း ၂၀၀၃ ခုနှစ်အတွင်း ဒီမိုကရက်တစ်မြန်မာ့အသံ၏ ဂုဏ်ထူးဆောင် အယ်ဒီတာအဖြစ် တာဝန်ယူရင်း လေလှိုင်းသံမှလည်း ‘ကြေးမုံ မှန်ကွဲစများ’ အစီအစဉ်ကို ကိုယ်တိုင် ရေးသားထုတ်လွှင့်ခဲ့သေးသဖြင့် ချစ်ခင်လေးစား တန်ဖိုးထားရသော ဆရာသမားတဦး၊ လုပ်ဖော်ကိုင်ဖက်တဦး ဆုံးရှုံးသွားပြီဟု ခံစားရပါသည်။

ထို့ပြင် တိုင်းပြည်လူမျိုး၊ ယဉ်ကျေးမှု၊ တရားမျှတမှု၊ လွတ်လပ်မှုနှင့် အနာဂတ် မျိုးဆက်သစ် ကလေးများအပေါ် ချစ်ခင်တွယ်တာစိတ် ကြီးမားလှသော ကဗျာဆရာကြီးတင်မိုး ကွယ်လွန်သွားခြင်းသည် မြန်မာနိုင်ငံ၏ စာပေသမိုင်းဝင် ပုဂ္ဂိုလ်ကြီးတဦး ဆုံးရှုံးရခြင်းဖြစ်သဖြင့် ဒီမိုကရက်တစ် မြန်မာ့အသံက အထူးတလည် ဝမ်းနည်းထိခိုက် ကြေကွဲခံစားရပါကြောင်း ဤသဝဏ်လွှာကို ပေးပို့လိုက်ပါသည်။



www.burmesesclassic.com

www.burmesesclassic.com


## ကဗျာဆရာကြီး ဦးတင်မိုး ကွယ်လွန်ခြင်းအတွက် မြန်မာအသင်း (ကိုရီးယား) နှင့် ရွှေသင်္ဂဟာ – မြန်မာအသင်း စာကြည့်တိုက်တို့၏ ဝမ်းနည်းသဝဏ်လွှာ

ပြည်သူ့စာဆိုကြီး ဦးတင်မိုး ကွယ်လွန်ကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ နှမြောတသ ဝမ်းနည်းရပါသည်။

ဆရာ ဦးတင်မိုးသည် နှစ်ပေါင်းငါးဆယ်ကျော်မျှ ကဗျာစာပေများကို နေ့စဉ်မပြတ် ရေးဖွဲ့ခဲ့သူဖြစ်ပြီး၊ မျက်မှောက်ခေတ် မြန်မာကဗျာသမိုင်း၏ အရေးပါသော အဓိကရ ပုဂ္ဂိုလ်ကြီး ဖြစ်ပါသည်။ ဆရာသည် 'ဖန်မီးအိမ်' ထွန်းညှိ၍ မြန်မာပြည်ကို အလင်းဆောင်ခဲ့သလို၊ လောက၏ 'အလှကိုယ်စီ' ကို ချစ်မြတ်နိုးအောင် ဖော်ထုတ်ပေးခဲ့သူလည်း ဖြစ်ပါသည်။ အသက်ရှင်သမျှ ကာလတွင် မြန်မာပြည်သူတို့နှင့် ထပ်တူထပ်မျှ နေထိုင်ခံစားခဲ့ပြီး၊ ပြည်သူလူထု၏ ခံစားမှုကို ကဗျာဖြင့် မော်ကွန်းထိုးခဲ့သူလည်း ဖြစ်သည်။ ထို့ပြင် ပြည်သူတို့၏ လွတ်မြောက်ရေးအတွက် 'ခွပ်ဒေါင်းအလံခေါ်ရာသို့' ယုံကြည်စွာ လျှောက်လှမ်းကြရန် အားမာန်သွေးပေးခဲ့သူလည်း ဖြစ်ပါသည်။

ဆရာ ဦးတင်မိုး ကွယ်လွန်သွားခြင်းသည် ယနေ့ မြန်မာစာပေလောကအတွက် ရတနာတပါး ကွယ်ပျောက်ရခြင်း ဖြစ်သလို ပြည်သူတို့အတွက် တိုင်းပြည်အတွက် အစားထိုး မရနိုင်သည့် ဆုံးရှုံးမှုတခုလည်း ဖြစ်ပါသည်။

မြန်မာအသင်း (ကိုရီးယား) သည် ဆရာကြီးအား ဖိတ်ကြား၍ စာပေဟောပြောပွဲ စသည့် စာပေလှုပ်ရှားမှုများ ပြုလုပ်ရန် နှစ်စဉ် စီစဉ်ခဲ့ကြသော်လည်း အကြောင်းအမျိုးမျိုးကြောင့် မလာရောက်နိုင်ခဲ့သည်ကို ယူကြုံးမရ ဖြစ်မိရပါသည်။ ရွှေသင်္ဂဟာ – မြန်မာအသင်း စာကြည့်တိုက်က ဆရာ၏ ကဗျာစာအုပ် သုံးအုပ် ထုတ်ဝေနိုင်ခဲ့သည်မျှနှင့်ပဲ ဖြေသိမ့်ရတော့မည် ဖြစ်ပါသည်။

ဆရာ ဦးတင်မိုး (၁၉၃၃ နိုဝင်ဘာ ၁၉၊ ၂၀၀၇ ဇန်နဝါရီ ၂၂) သည် အမေရိကန် ပြည်ထောင်စုတွင် ရုတ်တရက် ကွယ်လွန်သွားခဲ့သော်လည်း ဆရာကြီး၏ အမည်နာမသည်ကား မြန်မာပြည်သူများ၏ နှလုံးအိမ်တွင် ထာဝစဉ် အသက်ရှင်သန်နေမည် ဖြစ်ပါသည်။

မြန်မာ့ဂုဏ်ဆောင် ပြည်သူ့စာဆို ဆရာကြီး ဦးတင်မိုး ကောင်းရာသုဂတိသို့ ရောက်ရှိပါစေ။

အမှုဆောင်အဖွဲ့
မြန်မာအသင်း (ကိုရီးယား)
MYANMAR ASSOCIATION IN KOREA
၂၀၀၇ ဇန်နဝါရီ ၂၆


www.burmesesclassic.com

www.burmesesclassic.com

www.burmesesclassic.com





www.burmesesclassic.com

# နောက်ဆက်တွဲများ



www.burmesesclassic.com






www.burmesesclassic.com

## ဆရာကြီး ဦးတင်မိုး (၁၉၃၃ – ၂၀၀၇)
## ရျာပနအခမ်းအနား အစီအစဉ်

| နေ့ရက် | အချိန် | နေရာ | အစီအစဉ် |
|---|---|---|---|
| စနေ<br>၀၁–၂၇–၀၇<br>Saturday<br>January 27,2007 | ၅း၃၀ – ၈း၃၀ နာရီ<br>ညနေ<br>5:30pm-8:30pm | Rose Hills Memorial Park and Mortuary (Memorial Chapel)3888 Workman Mill Rd, Whittier, CA 90601 Tel-(562)692-1212 (562)699-0921 | အသုဘရှု<br>အခမ်းအနား<br>(Viewing) |
| တနင်္ဂနွေ<br>၀၁–၂၈–၀၇<br>Sunday<br>January 28, 2007 | ၁၁း၀၀ – ၁း၀၀<br>နာရီနေ့လည်<br>11:00am-1:00pm | ဓမ္မဇောတိကျောင်း<br>Dhammajoti Meditation Center (Baldwin Park Monastery) 4436 Walnut Street Baldwin Park, CA 91706 Tel-(626) 337-0056 | ရက်လည် ဆွမ်းကျွေး |
| | ၂း၃၀ – ၄း၁၅ နာရီ<br>2:30pm - 4:15pm | Rose Hills Memorial Park and Mortuary (SkyRose Chapel) | ရျာပနအခမ်းအနား<br>(Funeral Service) |
| တနင်္လာ<br>၀၁–၂၉–၀၇<br>January 29, 2007 | မနက်လင်းအားကြီး | Rose Hills Memorial Park and Mortuary | မီးသဂြိုလ်<br>(မိသားစုဝင်များသာ) |

Rose Hills Memorial Park and Mortuary
Location: http://www.rosehills.com/locationsContent/location.aspx
Direction: http://www.mapguest.com
Dhammajoti Meditation Center (Baldwin Park Monasery)
Location & Direction: http://www.mapguest.com/

www.burmesesclassic.com

www.burmesesclassic.com


## ကဗျာဆရာကြီး ဦးတင်မိုးအား နှုတ်ဆက်ဂါရဝပြုအခမ်းအနား အစီအစဉ်

ဇန်နဝါရီ ၂၇၊ ၂၀၀၇၊ စနေနေ့
ညနေ ၅း၃၀ မှ ၈း၃၀ အထိ

အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ ကြိုတင်ပြင်ဆင်နိုင်ကြစေရန် ကျန်ရစ်သူမိသားစုနှင့် အခမ်းအနား ကျင်းပရေးကော်မတီက အကြောင်းကြားပါသည်။

(၁) ၅း၃၀ – ပရိသတ်နေရာယူခြင်း၊
(၂) ၅း၃၀ မှ ၅း၅၀ – သံဃာတော်များက ဆုတောင်းမေတ္တာပို့ခြင်း၊
(၃) ၅း၅၀ – ကဗျာဆရာကြီးဦးတင်မိုး၏ ကလေးကဗျာများကို ကလေးများက အမှတ်တရ ရွတ်ဆိုခြင်း၊
(၄) ၆း၀၀ – ရပ်နီးရပ်ဝေးမှ ပေးပို့လာသည့် အဖွဲ့အစည်း၊ မိတ်ဆွေအသီးသီး၏ ဝမ်းနည်းသဝဏ်လွှာစာရင်းကို ကောက်နုတ်ဖတ်ကြားခြင်း၊
(၅) ၆း၀၅ – တက်ရောက်လာသည့် အဖွဲ့အစည်းအသီးသီးနှင့် မိတ်ဆွေသင်္ဂဟများက ဝမ်းနည်းသဝဏ်နှင့် အမှတ်တရစကား ပြောကြားခြင်း၊
(၆) ၇း၂၀ – အခမ်းအနားနိဂုံးအဖြစ် ကဗျာဆရာကြီး ဦးတင်မိုး၏ ရုပ်သံမှတ်တမ်း ထုတ်လွှင့်ခြင်း၊
(၇) ၇း၂၀ – တက်ရောက်လာသည့် ပရိသတ်က တစ်ဦးချင်း တန်းစီ၍ နှုတ်ဆက်ဂါရဝပြုပြီး အခမ်းအနားကို ရုပ်သိမ်းခြင်း။

အဖွဲ့အစည်းနှင့် မိတ်ဆွေသင်္ဂဟများ၏ နှုတ်ဆက်စကားပြောချိန်ကို ၃ မိနစ်မှ ၅ မိနစ်အထိသာ သတ်မှတ်ထားပါသည်။ ကြိုတင်အကြောင်းကြား စာရင်းသွင်းထားသူများကို ဦးစားပေး စီစဉ်ပေးမည်ဖြစ်ပါကြောင်း။

ပရိသတ်က တဦးချင်းတန်းစီ၍ ကဗျာဆရာကြီး ဦးတင်မိုး၏ ရုပ်ကလာပ် နှုတ်ဆက်ဂါရဝပြုချိန်ကို အချိန်လုံလောက်မှုရှိစေအောင် အခမ်းအနား ကျင်းပရေးကော်မတီက အထူးအားထုတ် စီစဉ်ပေးမည်ဖြစ်ပါကြောင်း။


www.burmesesclassic.com

## ကဗျာဆရာကြီး ဦးတင်မိုး၏ ဈာပနအခမ်းအနား အစီအစဉ်

ဇန်နဝါရီ ၂၈၊ ၂၀၀၇၊ တနင်္ဂနွေနေ့
ညနေ ၂း၃၀ မှ ၄း၁၅ အထိ


အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ ကြိုတင်ပြင်ဆင်နိုင်ကြစေရန် ကျန်ရစ်သူမိသားစု နှင့် အခမ်းအနားကျင်းပရေး ကော်မတီက အကြောင်းကြားပါသည်။

(၁) ၂း၃၀ – ပရိသတ်နေရာယူခြင်း၊
(၂) ၂း၃၀–၂း၅၀ သံဃာတော်များက နောက်ဆုံးသရဏဂုံတင်ခြင်း၊
(၃) ၂း၅၀ – အခမ်းအနား စတင်ကြောင်း ကြေညာခြင်း၊
(၄) ပရိသတ်က (၈) စက္ကန့် ငြိမ်သက်၍ ဂါရဝပြုခြင်း၊
(၅) ကဗျာဆရာကြီးဦးတင်မိုး၏ နှစ်သစ်ကူးဆုတောင်းအသံ ပြန်လည်ထုတ်လွှင့်ခြင်း
(၆) မောင်ရစ်က ကဗျာဆရာကြီးဦးတင်မိုး၏ ကိုယ်ရေးအကျဉ်း ဖတ်ခြင်း၊
(၇) ၃း၀၀ – မိသားစု၏ အထူးဧည့်သည်များက ဂုဏ်ပြုနှုတ်ဆက်စကား ပြောကြားခြင်း၊
– ဒေါက်တာစိန်ဝင်း
– ဆရာ ဦးတင်မောင်သန်း
– မောင်စွမ်းရည်
– ဆရာ ဦးဝင်းဖေ
(၈) ၃း၄၀ – ကျန်ရစ်သူမိသားစုကိုယ်စား သမီး ဒေါက်တာမိုးမိုးနှင်းက ဝမ်းနည်းစကား ပြောကြားခြင်း၊
(၉) ၃း၄၅ – ဆရာဦးဝင်းဖေက ကဗျာဆရာကြီး ဦးတင်မိုး၏ နောက်ဆုံးကဗျာကို ရွတ်ဆိုခြင်း၊
(၁၀) ၃း၅၅ – မိသားစုက ကန်တော့ခြင်း၊
(၁၁) ၄း၀၅ – ကဗျာဆရာကြီး ဦးတင်မိုး၏ ရုပ်ကလာပ် နောက်ဆုံးခရီး ပို့ဆောင်ကြမည့် မိတ်သင်္ဂဟ (၈) ဦးက နေရာယူခြင်း၊
(၁၂) ၄း၁၀ – ပရိသတ်များက ကဗျာဆရာကြီး၏ ဈာပနခရီးကို လိုက်လံပို့ဆောင် ဂါရဝပြုခြင်း၊
(၁၃) ၄း၁၅ – အခမ်းအနားနိဂုံးအဖြစ် ကဗျာဆရာကြီး ဦးတင်မိုး၏ အသံ ကောက်နုတ်ချက်များ ကို ထုတ်လွှင့်ပြီး အခမ်းအနား ရုပ်သိမ်းခြင်း။



www.burmeseclassic.com

www.burmesesclassic.com


www.burmesesclassic.com

# အက္ခရာစဉ်အညွှန်း



www.burmesesclassic.com

www.burmesesclassic.com


က

ကဒေါင်းညင်သာ – ၈၉
ကရင်အမျိုးသားအစည်းအရုံး – ၂၇၇
ကလျာ (ကလျာ မဂ္ဂဇင်း) – ၂၀၃
ကာရယ်လ်ဒီမိုရ် – ၂၂၆
ကိုကိုကြီး – ၁၅၂
ကိုကိုကြီး (ဒီချုပ်၊ အင်းစိန်) – ၁၈၁
ကိုကိုလေး – ၂၅၉
ကိုကိုသန့်၊ ခိုင်ခိုင်ညွန့်၊ ဘူမိဗေဒ – ၂၃၆၊ ၂၆၈
ကိုကိုအောင် – ၁၈၃
ကိုကျော်နိုင် (ခေတ်ပုံ နှင့် ဗွီဒီယို) – ၁၉၀
ကိုကြီး (စမ်းချောင်း) – ၁၆၁၊ ၁၇၈
ကိုကြည်ဝင်း – ၁၆၄
ကိုချစ် – ၂၀၆
ကိုရွှေအောင်သင်း – ၂၁၆
ကိုသက် – ၉၀
ကျော်ကျော် – ၁၉၆
ကျော်စွာထွန်း – ၁၆၉
ကျော်ဆွေ – ၁၉၂
ကျော်ဇေယျ – ၁၇၇
ကျော်ဇံသာ – ၁၃၈
ကျော်ဌေးဦး – ၂၆၁
ကျော်နိုင် – ၂၆၁
ကျော်လင်း၊ မဘောဘီ – ၁၇၄
ကျော်လှိုင် – ၁၇၁
ကျော်ဝင်း – ၁၅
ကျော်သီဟ – ၂၀၁
ကျော်သူ၊ ရွှေဖီးကွက် – ၂၀၄
ကျော်သက် (ရွှေဘို) – ၉၂
ကြင်ကြင်ညိမ်း – ၁၆၆
ကြည်နိုင် – ၂၀၆
ကြိုင်လင်းနိုင် – ၂၉
ကြည်အောင် – ၁၃၈
ကြည်ဦး – ၁၉၊ ၂၀၂

ခ

ခင်စောတင့် – ၂၀၃
ခင်ဆွေဦး – ၂၀၁
ဒေါ်ခင်မေ – ၂၃၄
ခင်မောင်ကြီး (စိုင်းသီဟ) – ၂၂၅
ခင်မောင်ချို – ၂၄၆
ခင်မောင်ဇော် – ၂၀၉
ခင်မောင်ရှိန် – ၂၄၅
ခင်မောင်လေး – ၂၃၊ ၂၃၀
ခင်မောင်ဝင်း (ပုဇွန်တောင်) – ၁၈၆
ဒေါက်တာခင်မောင်ဝင်း – ၁၇၀
မောင်ခင်မောင်ဝင်း – ၂၂၃
ခင်မောင်အေး – ၂၅၀၊
ခင်မောင် (ရွှေပြည်သာ) – ၂၄၇
ဒေါက်တာခင်မြင့်ဦး – ၂၅၁
ခင်လှိုင်ကြူ – ၂၀၂
ခင်ဝင်း – ၁၉၀
ဦးခမ်းပိုလ် – ၁၇၇
မချို – ၁၄၅၊ ၁၈၃
မောင်ချိုး – ၁၇၈
ချောစု (ဆုံစည်းရာ) – ၂၃၁
ချမ်းမင်း – ၂၃၃
ခွန်ဆိုင်း – ၉၃

ဂ

ဂျရမီ ဝုဒရမ် – ၂၂၁
ဂျင်မီ – ၉၆၊ ၂၇၁
ဂျူနီယာဝင်း – ၉၅
ဂျူး – ၂၅၃

င

ငြိမ်း (ဒသဿန) – ၁၆၉


www.burmesesclassic.com

စ

ဗိုလ်စတီး – ၁၉၅
စုစုနွေး – ၂၅၄
ရဲဘော်ဗိုလ်စော – ၂၆၆
စောညိုဝေ (ရွှေပြည်သာ) – ၂၁၅
စောထွန်း – ၂၅၈
ဦးစောထွန်း၊ အေးအေးမော် – ၂၆၅
စောမြတ်မာ – ၂၆၃
စောဝေ – ၉၇၊ ၂၅၁
စောအောင် – ၂၃၇
စိုးထွန်း – ၁၅၄
စိုးနိုင် – ၂၆၄
စိုးမြင့် – ၁၇၆
စိုးမြင့်လတ် – ၂၅၃
ဦးစိုးမြင့် (သခင်) – ၂၄၈
စိုးဝင်းငြိမ်း – ၁၆၅
မောင်စိုးဝင်း၊ ရဲမှိုင်း (စစ်ကိုင်း) – ၁၇၄
စိုင်းအောင်ဝင်း – ၂၄၈
စစ်တင်မိုး – ၁၆၄
စန္ဒာ – ၂၃၈
စန်းစန်းမြင့် – ၁၉၈
စန်းစန်းအေး၊ ကိုလှအောင် – ၂၆၅
စန်းနိုင်၊ ကေခိုင်ဝင်း – ၂၆၇
စန်းဦး – ၁၆၈
စိန်ထွန်း၊ မေဘယ် – ၂၃၄
စိန်ဝင်း – ၂၃၂

ဆ

ဆရာ့ရောင်းရင်း – ၁၈၉
ဆလိုင်းထွန်းသန်း – ၂၂၉
ဆူးငှက် – ၁၃၈
ဆန်နီ (အင်းစိန်) – ၁၈၀
ဆန်းလွင် – ၁၇၉
ဆွေချစ်ကို – ၁၅၁
ဆွေဆွေထွန်း၊ အောင်ကျော်ဆန်း – ၂၀၉
ဆွေနိုင် – ၉၈

ဇ

ဇာဂနာ – ၁၄၁
ဇေယျ – ၁၅၄
ဇေယျာဝင်း – ၂၄၁၊ ၂၆၁
ဇေလင်းဦး – ၁၆၇
ဒေါက်တာဇော်ထွန်း – ၂၂၇
ဇော်နောင် – ၁၉၇
ဇော်မင်း – ၁၇၂၊ ၂၇၁
ဇော်မင်း (၈၈) – ၂၅၄
ဇော်မင်းကျော်၊ မခင်လေး – ၂၁၅
ဇော်မင်းအောင်၊ ကုဋေသူရ၊ နန်းဖောင်နွန်း – ၂၆၁
ဇော်မောင် – ၁၅၇
ဇော်မိုးကျော် – ၂၂၂
ဇော်ဝင်း – ၁၈၅
မောင်ဇော်ဝင်း (နယူးယောက်) – ၂၃၀
ဇော်ဝင်းမောင် – ၁၄၉
ဒေါက်တာဇော်ဝင်းလွင် – ၂၂၈
ဇော်သက်ထွေး – ၂၂၇
ဇော်အောင် – ၂၂၃

ဉ

မောင်ဉာဏ်လင်း – ၂၅၀
ဉာဏ်ဦးမောင် – ၂၉

ည

ညီညီ – ၂၅၈
ညီစေမင်း – ၁၄၀
ညီညီနိုင် – ၂၀၈
ညိုကြည် – ၂၃၈
ညိုခက်ကျော် – ၂၃၅
ညိုထွန်း – ၁၅၆
ညွန့်ကြည် – ၂၃၉
ညွန့်ဝေမိုး – ၂၁၉
ညွန့်သစ် – ၂၁၉



www.burmesesclassic.com

www.burmesesclassic.com


ညွန့်သန်း – ၂၅၈

ဌ

ဌေးကြွယ် – ၂၇၀

တ

တီခရာမာ – ၂၁၃
တေဇ – ၂၂၄
တင်တင်လှ – ၂၅၂
တင်မေသိန်း – ၂၂၂
တင်မိုး – ၉
တင်မောင်သော်၊ ခင်အေးသော် – ၂၂၀၊ ၂၂၄
တင်မောင်သန်း – ၃၅၊ ၂၃၆
တင်မောင်ဦး – ၁၅၃
တင်မြင့် – ၁၉၇
တင်ဝင်း (မြင်းခြံ) – ၁၆၆
ဦးတင်ဝင်း – ၁၇၁
မောင်တင့်ဝေ – ၁၆၈
တက္ကသိုလ်ဘာသာပြန်ဌာန၊ လုပ်ဖော်ကိုင်ဖက်တဦး – ၁၉၅
တပ်ဦးလ – ၁၉၂

ထ

ထက်မြက် – ၁၆၂
ထင်ကျော် – ၁၅၇၊ ၁၇၁
ထိုက် – ၁၈၂
ထိန်လင်း – ၉၉၊ ၂၆၃
ပန်းချီ ထိန်လင်း – ၁၂
ထိန်လင်းနိုင် – ၁၇၃
ထွေးခိုင် – ၂၆၄
ထွေးမြင့် – ၁၉၂
ဒေါက်တာထွန်းတင် – ၂၂၉
ထွန်းထွန်း – ၁၅၉
ထွန်းထွန်းသန်း – ၁၀၀
ထွန်းနော်နိုင် – ၁၉၉

ဒ

ဒဂုန်တာရာ – ၁၀၁
ဒီမိုကရက်တစ် မြန်မာ့အသံ – ၂၈၇
ဒေဝီသန့်စင် – ၂၀၇
ဒေးဗစ်လှမြင့် – ၂၅၀
ဒေါင်းနီ – ၁၀၂

န

နာနတ်မြေသစ္စာနီ (နွေတမာ) – ၂၄၇
ကိုနီ (တောင်ကြီး) – ၁၆၃
နီနီမာ – ၂၅၆
နီမိုလှိုင် (ယမင်းလှိုင်) – ၁၉၄
နီလာစိန် – ၂၃၅
ဒေါ်နု – ၂၅၂
နုနုရည် (အင်းဝ) – ၁၆၈
နေတင်မြင့် – ၁၄၉၊ ၂၁၉
နေထက်နိုင် – ၁၆၂၊ ၂၀၀
နေထွတ် – ၁၀၅
နေပန်ဦး – ၁၈၆
နေဝင်း – ၁၆၀
နေဝင်းအောင် – ၁၄၀
နော်စမ်းစမ်းနွယ် – ၂၁၀
နော်အုန်းလှ (မော်ဘီ) – ၁၈၃
နိုင်ကိုမင်း – ၁၈၅
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) – ၂၈၄
နိုင်မြင့်သစ် – ၁၄၀
နတ်မောက်အနီချို – ၂၄၃
နန်းညွန့်ဆွေ – ၃၉
နွယ်နီဦး – ၂၆၇
ဒေါက်တာနွယ်နွယ်ဦး – ၂၅၁
နှင်းခါးမိုး – ၁၀၄


www.burmesesclassic.com

www.burmesesclassic.com


နှင်းနှင်းမွှေး – ၁၇၃

ပ

ပညာရေးဝန်ထမ်းတဦး (ပုဇွန်တောင်) – ၁၈၅
ပါရဂူ – ၂၄၃
ပေါ်အောင်ချစ်၊ ဦးထင်အောင် – ၂၁၈
ပဏ္ဍိတ်ထွန်း – ၁၅၂
ပန်းသီး – ၂၁၄
ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ – ၂၇၄
ပြုံးချို – ၂၅၄

ဖ

ဖေမြင့် – ၁၆၉
ဖိုးသံ (လူထု) – ၄၁
ဖျာပုံနီလုံဦး – ၁၉၈
ဖြိုးဆုမွန် – ၂၀၈
ကိုဖြောင့် (ရွှာတန်းရှည်) – ၂၁၉

ဗ

ဗမာပြည်ကွန်မြူနစ်ပါတီ – ၂၇၆
ဗေဒါရီ – ၄၇
ဗန်းမော်ညိုနွဲ့

ဘ

ဘားမားတူဒေး – ၅၁
ဘိုစိန် – ၂၄၆
ဘိုဘိုလန်းစင် – ၁၉၉
ဘမော် – ၁၆၉
ဘိုဘို – ၁၄၉
ဘိုလှတင့် – ၂၂၁

မ

မစန္ဒာ – ၂၀၂
မဒုံ – ၂၁၀
ဒေါ်မမအိ – ၂၆၅
မအိ – ၁၀၉
ကိုမာကီ – ၁၅၅
မာမာအေး – ၁၁၇
မာမာဦး – ၁၅၃
မိချမ်းဝေ – ၂၀၅
မေငြိမ်း – ၅၅
ကိုမိုး – ၂၆၆
မိုးကျော် – ၂၆၈
မိုးမိုးနှင်း – ၁၀၇
မိုးသီးဇွန် – ၂၄၀၊ ၂၆၀
မောင်မိုးဟိန်း – ၁၇၇
မိုးဟိန်း (သားဂျာနယ်ကျော်) – ၁၁၉
မိုးဦးဆွေညိန်း – ၁၉၈
မင်းကိုနိုင် – ၁၀၈၊ ၁၅၁၊ ၂၆၉
မင်းကျော်ခိုင် – ၁၃၄၊ ၂၇၂
မင်းဟန် – ၁၈၁
ကိုမောင် – ၁၈၂
မောင်စွမ်းရည် – ၁၁၀၊ ၁၁၁၊ ၁၄၁၊ ၁၄၃၊ ၁၄၄၊ ၂၃၆၊ ၂၆၂
မောင်တင်ဆင့် – ၁၆၁
မောင်တင်သစ် – ၁၅၆
မောင်နေဝင်းဇနီး – ၂၀၃
မောင်နွေထက် – ၁၄၁
မောင်ဖိုးထောင် – ၁၄၄
မောင်မိုးသူ – ၂၁၃
မောင်မောင်ကြီး – ၂၄၄
မောင်မောင်ခင် – ၁၇၆
မောင်မောင်လှိုင် (အပ်စိုက်ကု) – ၁၉၆
မောင်မောင်အောင် – ၂၉၆
မောင်ရစ် – ၈၆၊ ၂၆၃
မောင်လွင်မွန် (ကသာ) – ၂၁၇
မောင်လှဝင်း(မြင်းခြံ) – ၁၁၂
မောင်ဝံသ – ၁၄၂


www.burmesesclassic.com

www.burmesesclassic.com


ဦးမောင်ဝင်း၊ ဒေါ်စောရွှေ – ၂၂၀
မောင်သာနိုး – ၁၄၂၊ ၁၄၅
မောင်သွေးသစ် – ၂၀၄
မုတ်သုံ – ၁၈၂
မျိုးခင် – ၂၁၈
မျိုးမျိုး – ၂၃၅
မောင်မျိုးသန့် – ၁၉၂
ကိုမျိုးမြင့် (အညာသား) – ၁၈၀
မျိုးမြင့်အောင် – ၂၁၈
မမြငြိမ်း – ၂၅၂
မြနှောင်းညို – ၁၇၃
ဦးမြဝင်း – ၁၅၀
မြအေး – ၁၅၃
ကာတွန်းမြေဇာ – ၂၄၅
မြင့်ငွေ – ၁၉၃
မြင့်စိုး – ၁၈၄
မြင့်ဆန်း – ၁၈၄
ကိုမြင့်ဆွေ (အင်းစိန်) – ၂၁၄
မြင့်ဌေး – ၂၃၇
ဒေါ်မြင့်မြင့် – ၂၃၉
မြင့်မြင့်ခင် – ၁၆၇
မြင့်မြင့်စိန် (ဘော်စတွန်) – ၂၂၀
မြင့်လှိုင် – ၂၄၆
မြင့်သိန်း(သုဝဏ္ဏ) – ၁၆၃
မြင့်အေး – ၁၈၃
အန်တီ မြိုင် – ၂၁၃
မြတ်ယဉ်ချော – ၂၂၄
မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု – ၂၈၀
မြန်မာသတင်းသမဂ္ဂ – ၂၈၅
မြန်မာအသင်း(ကိုးရီးယား) နှင့် ရွှေသင်္ဂဟာ စာကြည့်တိုက် – ၂၈၈
မွန်ဒရာ – ၁၁၅

ယ

ယဉ်မင်းပိုက် – ၂၉၂

ရ

ရာဇနမောင် – ၁၉၁
ရီရီမြင့် – ၁၀၃
ရဲကျော်စွာ – ၁၅၈
ရဲမင်းဦး – ၂၃၇
ရောဘတ် – ၂၁၄
ရင်ရင်မြ – ၁၆၅
ရန်နောင်ဦး – ၁၇၀
ရန်အောင် – ၂၆၀
ရွှယ်ဂျာ – ၂၀၇
ရွှေကူမေနှင်း – ၁၇၉
ရွှေကျော် – ၂၄၄
ရွှေစင်ထွန်း – ၂၂၆
ရွှေစင်ဦး – ၂၂၆
ရွှေမြတ်ဇော်ဇော် – ၁၇၅
တက္ကသိုလ်ရွှေရိုဝင်း – ၁၇၀

လ

လမင်း၊ မိုးငယ်ငယ်၊ သျှား – ၂၃၄
လူထု စိန်ဝင်း – ၁၄၅၊ ၂၀၇
လူထုဒေါ်အမာ – ၇၊ ၁၄၄၊ ၁၄၅
လူလပ်ဆမ် – ၂၀၀
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ – ၂၈၃
ကိုလေး (ဘော်စတွန်) – ၂၁၇
မလေးထိုက် – ၁၆၀
လေးနိုင်အိ – ၂၃၅
လေးမြင့် (လှကျွန်း) – ၁၇၂
လေးလေး (တိုကျို) – ၁၂၂
လင်းထင် (မဟောသီမဂ္ဂဇင်း) – ၂၄၈
လင်းနွေးအိမ် (နေရိန်ကျော်) – ၁၂၃
လှစိုး – ၂၆၄
လှမွန် (မုံရွာ) – ၁၂၁
လှရွှေ၊ ဒေါ်ခင်မာအေး – ၂၁၀


www.burmeseclassic.com

www.burmesesclassic.com



ဝ

ကိုဝ – ၂၁၆
ဝေဝေ – ၂၆၄
ဝေဝေနိုင် – ၂၃၁
ဝေဝေလွင်ဦး – ၁၅၁
ဒေါက်တာဝင်းဆန်းထွန်း – ၁၂၄
ဝင်းညွန့် – ၁၂၇
ဝင်းတင့်ထွန်း – ၆၅၊ ၁၂၅
ဝင်းနိုင် – ၂၀၈
ဝင်းဖေ – ၆၁၊ ၁၄၆၊ ၂၂၂၊ ၂၃၆
ဦးဝင်းမောင် – ၂၆၆
ဝင်းဝင်း – ၂၄၅
ဝင်းသူရ – ၂၅၁

သ

သဇင်ထိုက် – ၁၉၅
သာချို – ၁၉၀
သာဆန်း – ၂၄၉
သုတညီ – ၁၈၂
သူ – ၇၇
သူရ – ၂၆၂
သူရဇော် – ၂၄၂
သဲနုရင် – ၁၄၆
သက်ဇော် – ၁၇၂
သက်ထွန်း – ၂၅၉
သင့်နော် – ၂၇၂
ဒေါ်သင်းလှိုင်၊ ကျော်ကျော်၊ မိုးမိုးခင် – ၂၂၅
သောင်းကြိုင် – ၁၇၇
သစ်မွှေး – ၁၆၂
သန်းစိုးနိုင် (မှိုင်းမိသားစု) – ၂၀၀
သန်းဌေး – ၂၃၃
သန်းဌေးမောင် – ၂၂၀
သန်းနိုင် – ၁၈၆
သန်းနိုင်ဦး – ၁၄၆
သန်းမြင့်အောင် – ၂၀၅
သန်းသန်းဌေး – ၂၆၆
ကိုသန်းအောင် – ၁၉၁
သိပ္ပံမင်းကြည် – ၁၉၇
ဒေါ်သိန်းညွန့်(ဘာသာပြန်ဌာန)ရဲ့သား၊ ဆန်နီ – ၁၆၅
သိန်းထိုက် – ၁၆၄
ဦးသိန်းနိုင်၊ ဒေါ်ကျင်ရီ – ၂၆၂
သိန်းမောင် – ၁၆၆
မောင်သိန်းမြတ် – ၁၆၅
သိန်းသိန်းဌေး – ၂၆၅
သိန်းအေး – ၁၇၉
ကိုသိမ်းဆွေ – ၁၅၆

ဟ

ဟေမာခင် – ၂၁၀
ဟေမန်သဇင် – ၁၂၈
မောင်ဟန်တင် – ၁၂၀
ကိုဟန် – ၁၅၇
ဟန်ထွန်း – ၁၆၇

အ

အဂျစ်ဟိန်း – ၂၄၇
အညာက ဆရာ – ၁၆၃
အေရီ – ၂၂၃
အေးနိုင် – ၁၉၃
ကိုအေးနိုင် (စိတ်ကြိုက်ကဖီး) – ၁၅၈၊ ၁၅၉
အေးမင်း၊ သိန်းစည်၊ သက်မောင် – ၂၂၂
အေးမြင့် – ၂၆၇
အေးဝင်း (လမင်းတရာ) – ၇၉
အေးအေးသန်း – ၂၆၃
အော်ပီကျယ် – ၁၄၃
အံ့ဘွယ်ကျော် – ၂၁၆၊ ၂၇၀
အိုးဝေအောင် – ၂၆၇
ဦးအဂ္ဂဓမ္မ – ၂၃၈
ကိုအောင် – ၂၇၁
ကိုအောင်၊ မြမြစိုး၊ သား အောင်စိုးမင်း – ၂၂၅
အောင်ကျော်ခိုင် – ၂၅၉



www.burmesesclassic.com

www.burmesesclassic.com


အောင်ကျော်ဆန်း (မြင်းခြံ) – ၁၆၄
အောင်ကျော်ထွန်း၊ ဆုဆုမောင် – ၂၂၁
အောင်ကျော်ဦး – ၂၆၀
အောင်ကြီး – ၂၄၈
ဒေါက်တာအောင်ခင် – ၂၆၂
အောင်ငြိမ်း – ၁၃၀
အောင်စောဦး – ၂၂၇
ဒေါက်တာအောင်ထွန်း – ၂၂၉၊ ၂၆၀
အောင်ထွန်းဦး – ၁၅၅
အောင်နီ – ၂၄၉
အောင်မော်ဇင် – ၂၃၁
အောင်မိုးဝင်း – ၈၁
ဒေါက်တာအောင်မျိုးသန့် – ၂၃၂
အောင်မြင့်သိန်း – ၁၅၅
အောင်မြင့်ဦး – ၁၄၈
အောင်လတ် – ၂၆၅
အောင်လွင် – ၁၄၆
အောင်ဝေး – ၁၂၉
ဦးအောင်ဝင်း – ၁၆၀
အောင်ဝန်း – ၁၃၂
အောင်သင်း – ၁၄၇၊ ၂၄၂
အောင်သန့် – ၁၈၄
ဦးအောင်သိန်း (တရားရုံးချုပ်ရှေ့နေ) – ၁၉၉
အုန်းမောင် – ၁၇၅
ဥမ္မာပိုလ် – ၁၃၃
ဥမ္မာဦး – ၂၅၃

၈၈ မျိုးဆက် ကျောင်းသားများ – ၂၇၉

❑ ❑ ❑ ❑


www.burmesesclassic.com

www.burmesesclassic.com

www.burmesesclassic.com

အခက်အခဲများကြောင့်
စာရေးသူများထံက
ခွင့်ပြုချက် မတောင်းခံနိုင်သည်ကို
နားလည်ခွင့်လွှတ်ပေးကြစေလိုပါသည်။

www.burmesesclassic.com